
www.burmeseclassic.com



# ရွှေမေတ္တာ ခံယူမည့်သားတွေမို့

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com

ရွှေမြေဘွဲ့ခံယူမည့်သားတွေမို့...

မောင်ညီမှိုင်း(သန်လျင်)

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၀ ၂၈၉၀၃၀၇
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၄၇၀၀၅၀၇
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၇ ခုနှစ်၊ ဇူလိုင်
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
အာကာ
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပယ်နီ
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန့်ရတီလမ်း
ရတနာကျွန်းနိုင်သာ၊ သုဝဏ္ဏ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)
အမှတ် ၇၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့
တန်ဖိုး
၁၀၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# (၁)

**နှိပ်စက်ခံရသော ဘိုးဘိုးကြီးပေါက်စီ**

ဒီအကြောင်းတွေကို အထုပ်ဖြေရင်ဖွင့်ပြရတာ အလွန့်အလွန်ကို ဝမ်းသာလှသဗျာ။ သိန်း (၁၀၀) ကျော် အမွေရထားတဲ့ ယောက္ခမ သေတာထက်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ် ခင်ဗျ။

ကျုပ်ကလည်း အသက်ကလေး ရလာပြီကိုး။ အရင်တုန်းက အချစ်တုံးကလေးတွေ နမ်းလို့မဝဖြစ်ခဲ့ရတဲ့ ကျုပ်ပါးနှစ်ဖက်လည်း အဆောင့်ခံရတဲ့ ဒန်အိုးလို ပိန်ချိုင့်ပြီး မြစ်လက်တက်တွေ၊ ပပ်ကြားအက်တွေအားပြိုင်စီးလို့၊ အက်ညို့။

သည်တော့ကာ ကိုယ်ပျိုရွယ်နုပျိုစဉ် ကာလတစ်လျှောက်တုန်းက နှူးခဲ့၊ ပေါ်ခဲ့၊ စွန့်ခဲ့၊ အစွန့်ပစ်ခံခဲ့၊ ချောက်ကျခဲ့၊ အရှက်ဝက်ဝက်ကွဲခဲ့ရတဲ့ဘဝဖြစ်စဉ်တွေ့ကို မသေခင် နောင်လာနောက်သား အမွေခံမျိုးဆက်သစ်များ အမှတ်တရရှိစေခြင်း၊ အတုခိုးနိုင်စေခြင်းအလို့ငှာ ယခုလို ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရခြင်း ဖြစ်ပါသဗျား။

သို့ကလို ထောင်းရင်းက သူများ ပေါင်တွင်းကြောလည်း အားပါးတရဆွဲလိမ်ရတာ အားနာလှပ့ါ ဟီး ဟီး ဟီး။

ရယ်စရာ ပြောတာပါဗျာ၊ နံရိုးနံကြား၊ ချိုင်းကြိုချိုင်းကြား၊ ချက်ကြိုချက်ကြားက မှန်သောသစ္စာစကားနဲ့ ပြောရရင် မောင်မှိုင်းတို့အဖွဲ့ နွံဝင်တွင်ကျန်ရစ်အောင် ဘယ်ကလောက် ချောက်၊ တွင်း၊ ကျဖ်း၊ ချိုင့်နက်နက်

www.burmeseclassic.com



ထဲ ကျခဲ့ရသလဲ။ အဲဒါကို လက်တွေ့ ပေါ်ချင်သူများ၊ ဖတ်မှတ်နာကြား အလွတ်ကျက် အာဂုံဆောင်ပြီး ငါတို့ရှေ့က ပေါ်သုခမိန် ဂန္ထဝင်မောင်မှိုင်းလို မဖြစ်ကြစေဖို့ စေတနာ၊ မေတ္တာ နောက်ထား အဲလေ စ,လာပြီ၊ ရှေ့ထားပြီး ပြောကြချင်တာလည်း အဓိက အကြောင်းတစ်ကြောင်းပါ။

ဆိုရင် ကျုပ်ရဲ့ နဂိုမူလ အစပထမ ကနဦး မင်္ဂလာပန္နက်တင်စဉ်က ဂန္ထဝင်မောင်မှိုင်းလို့ 'အန္တတ္တသညာပြုခဲ့တာ ဘုရားစူးမိုးကြိုးပစ် သေဖော်သေဖက် ပေါ်ဖော်ကြောင်ဖက်များအားလုံး အသိပါဗျာ။ အချို့ သက်ရှိထင်ရှား ပေါ်ကောင်းကြတုန်းပါ။

သို့သော်လည်းတဲ့။

ရှေးဘဝ ရေစက်ပါရမီ နုံချာခဲ့လေတော့ကား ဂန္ထဝင်မောင်မှိုင်းကနေ သမိုင်းအဆက်ဆက် သားအစဉ်မြေးအဆက် တွင်ကျန်ရစ်အောင် (ဂုံ့ဝင်မောင်ဗျိုင်း) ရယ်လို့ ကြေကွဲဝမ်းနည်းစရာ ဖြစ်သွားပုံလေးကို နောက်ပိုင်းမှာ ငိုချင်းချပါ့မယ်။

ဒီအကြောင်းတွေကို ဖုန်ခါရေဆေး ပြောရရင်လေ။

ပြဇာတ်မင်းသမီးချောလေး ရွှေကြည်မွှေးကို ပြန်သတိရနေသလို၊ စိန်အေးကြူတို့၊ အောင်ရွှေကြီးတို့၊ ပုသိမ်မောင်သောင်းယဉ်တို့ကိုလည်း မည်းညစ်နေတဲ့ ဆယ်ပြားစေ့ ဖွေးလက်လာအောင် မြေကြီးမှာ ဖနောင့်နဲ့ပွတ်သလို ပွတ်ကြိတ်ပစ်ချင်ရဲ့။

မိန်းမတစ်ယောက်ရဖို့ စွန့်ဖို့အရေး ချေလိုက်ရတဲ့ယတြာ၊ မေးလိုက်ရတဲ့နတ်၊ ကြည့်လိုက်ရတဲ့ဗေဒင်၊ ပစ်လိုက်ရတဲ့ ခါးစာနှယ် တန်ဖိုးတွေ ပြန်တွက်ရင် ဘယ်နည်းမှာလဲလို့။ နောက်ဆုံး ကောင်းစားသွားတော့ ရေနံ့အောက်ဝိဇ္ဇာဥ် ပယောဂဆရာကြီး အာဖျံ့ရှိုး ဆရာမောင်ပွေးဆင့်ပဲ ကောင်းစားသွားရော။

အဖေ၊ အမေ သေသာသွားတယ်။ သူ့သား ဗုဒ္ဓဟူးနဲ့ ကြာသပတေးစပ်ကြား သားကြီး၊ အထွန်းဖွားကြီး မိန်းမမရဘဲ ခေါင်းအုတ်ခဲကျိုးနဲ့ထားတဲ့ ခွေးနာကြီးလို အူ့တူ့တူ၊ ပေါင်တောင်တောင်၊ ကြောင်တောင်တောင်၊ ခေါင်းတယမ်းယမ်း၊ လည်တဆန့်ဆန့်၊ မေတရှုံ့ရှုံ့နဲ့ ငန်းဖမ်းနေတဲ့ မျက်ခွက်ကို အားရပါးရ မြင့်မသွားရှာဘူး။



www.burmeseclassic.com

www.burmeseclassic.com



ချွေးမ ရှာမရတာနဲ့ လမ်းထိပ်က ဖမ်းလာတဲ့ ချွေးမလေး ကျုပ်ကို ဖြုတ်ပြန်ပြေ လက်ဆောင်ပေးခဲ့တယ်။

ခုတော့ အဲဒီ ချွေးမကမွေးတဲ့ ချွေးသားအုပ် မျိုးဆက်တစ်အုံတစ်မနဲ့ ကျုပ်လူပျိုကြီးလုပ်ပြီး နောင်လာနောက်သား ပေါဒီပလိုမာ-ယုံချင်သူများကို ပေါအူကြောင်ကြား ကျုရှင်ပေးပြီး ဂန္ထဝင်ပေါဘိုးအေကြီး ဖြစ်နေရပေါ့ဖြစ်ခဲ့ရပေါ့။

ဒါကြောင့် အိပ်ရာဝင်တိုင်း အလွမ်းသီချင်းလေးတစ်ပုဒ်ကို မယ်ဒလင် နှုတ်ခမ်းပုံလေးနဲ့ တီးဆိုပြီးမှ အိပ်ရာဝင်လေ့ရှိပါတယ်။ ဘုရားစူးဗျာ၊ လွမ်းလွန်းလို့ပါ။

ခုလည်း ပြောရင်းဆိုရင်း ရင်ထဲက လွမ်းချင်သလိုလို၊ ငိုချင်သလိုလို၊ မူးမူးပေါက်ချင်သလိုလို ဖြစ်လာခဲ့ပြီမို့ မယ်ဒလင်လေးကို ကောက်ကိုင်ပြီး ကာလသားဘဝကတည်းက လွမ်းတိုင်း ဟစ်နေကျ အလွမ်းသီချင်း စေစစ်ကြီးကို ခုနစ်သံချီနဲ့ ဟစ်လိုက်ပါတယ်။

❑

ဒီနေရာကစပြီး ကျုပ်တို့ရဲ့ ငယ်ဘဝ ပျော်စရာကောင်းပုံများကို ပြောင်းကျင်းချင်တယ်ဗျာ။ နောက်ပိုင်း ဇာတ်တော်ကြီးကျမှ ကျုပ်တို့ အဆောင်းကနင်း၊ အိုးနင်းခွက်နင်း ချောက်ကျခဲ့ရတာတွေကို အားရပါးရ ရှုးဆင်ကြပေါ့ ဟုတ်လား။

ကျုပ်တို့ ကာလသားပေါက်စအရွယ်တုန်းက တန်ဆောင်တိုင်မီးထွန်းပွဲတော်ဟာ တယ်ပျော်စရာကောင်းသကိုးဗျ သိလား။

သန်လျင်မြို့ ဆိုတာက အထင်ကရ မြို့ကြီးလေဗျာ။ ဇာတ်အငြိမ့်နိုင်ငံ လူလားသဘင်လားမြောက်ရာ ဘူမိနက်သန်အရပ်ကိုး။ သဘင်ရည်သည်ဝတဲ့ အရပ်ပေကိုး။

တန်ဆောင်တိုင်မီးထွန်းပွဲ နီးလာရင် ကျုပ်တို့ ကာလသားပေါက်စတွေ အရမ်းပျော်ကြတယ်၊ ကျုပ်တို့နေတဲ့ ထန်းပင်ကုန်းရပ်ကွက် နံဘေးက မြို့မတောင်ရပ်ကွက်ဆိုတာ ရှိတယ်ဗျ။ အဲဒီရပ်ကွက်က ကာလသားခေါင်းကြီးများဖြစ်ကြတဲ့ ကိုမြမောင်တို့၊ ကိုထွန်းရင်တို့၊ ဦးအောင်မြင့်တို့၊



www.burmeseclassic.com

www.burmeseclassic.com



ကိုပေါက်စီတို့ ဆိုတာက ရာသီအခါပွဲများကို စည်ကားသိုက်မြိုက်အောင် ကျင်းပပြုလုပ်ရာမှာ တယ်တက်ကြွကြသကိုး။

သူတို့မှာ သာရေးနာရေးအသင်းရှိတယ်၊ စာကြည့်တိုက်ရှိတယ်၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ဖို့မြေ ဗဟိုလမ်းမကြီးမှာ စင်ကြီးထိုးပြီး ကျင်းပတာ။ အဲဒီတုန်းက ကိုမြမောင် (ယခု-ကွယ်လွန်) ဆိုရင် အပြောကောင်းအဟောကောင်း တကယ်စတားပေါ့ဗျာ။

အနောက်ပိုင်းမှာဆိုရင် ဝါးလှကြည် (တက္ကသိုလ်-ဆွေလှိုင်မင်း)တို့၊ ဆရာဦးမြသောင်းတို့ သီလဝါသားအုပ်စုက စင်တင်ပြဇာတ်ကြီးများ အခါပွဲရာသီမှာ က,နေတာရယ်။

ပြောရရင် အခု မျက်မှောက်ခေတ် သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲကိုကြည့်ပြီး တကယ့်ကို အားမရဘူးဗျာ။

ကြည့်စမ်းပါဦးဗျာ။ မြေကြီးမှာ ဖယောင်းတိုင်ထွန်းစိုက်ပြီး ဗာဒံရွက် သုံးရွက် ဖိုနောက်ဆိုင်ကာ မီးထွန်းကြသတဲ့။ (ခွေးက အဲဒါကို ရှူရှူးပန်း သွားသေးတယ်။)

အော်တိုမက်တစ် လျှပ်စစ်မီးလုံးမီးသီးတန်း အချို့ကိုတော့ ပိုက်ဆံရှိတဲ့ အိမ်များရှေ့မှာ ထွန်းထားတာ တွေ့ရပါရဲ့။ အဲဒီအိမ်ထဲ ကိုယ်ဝင်ကြည့်လို့ ရတာမှမဟုတ်တာဘဲနော့။ ကျုပ်တို့က ဝင်ကြည့်ချင်တာ တော်ကြာ သူတို့သမီးချော လာငမ်းပါတယ်ဆိုပြီး ခွေးနဲ့ရှူးတိုက်ရင် ကိုယ်ကျိုးနည်းဦးမယ်။ မြို့တွင်းအရပ်ထဲ ဘာတီးဝိုင်းမှ အရင်လို ဖျော်ဖြေရေး ပဒေသာကပွဲ လုံးဝ မရှိတော့ဘူး။ ဆီမီးမြင်းမိုရ်ပွဲတို့၊ ဝက်ပါပွဲတို့ ဆိုတာ ဝေလာဝေးပဲ။ ခု လူငယ်တွေ ဘာမှန်းတောင် မသိကြတော့ဘူး။

ချောက်သယောင်းကြီး၊ ပျင်းတွဲတွဲ တန်ဆောင်တိုင်ကြီး၊ အဲဒါကြည့်ပြီး တန်ဆောင်တိုင် တစ်နှစ်ပြီးတစ်နှစ် ကျော်ခဲ့ရတာ နှမြောလှသဗျာ။ ရိုးရာဓလေ့ ပျောက်တယ်ဆိုတာ အဲဒါ ပြောတာပေါ့။

ကျုပ်တို့ ငယ်ငယ်တုန်းက အိမ်တိုင်းဓေ့ စက္ကူဆီစိမ်မီးပုံး ထွန်းကြတယ်။ လမ်းတိုင်းမှာ ဝါးတိုင်စိုက်၊ အုန်းဆန်ကြိုးသွယ်ပြီး မီးပုံးရောင်စုံတွေ ထွန်းလိုက်ကြတာ။ သိင်္ကြန်ဂိုရ်ပြည် ဘုရားကြွလာတာကို ကြိုနေတဲ့အတိုင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ပျော်စရာကောင်းတဲ့ တန်ဆောင်တိုင်အကြောင်း စ,ပြောမယ်ဗျာ ဒီလိုဗျ။

ကျုပ်တို့မြို့ရဲ့ အချက်အချာလမ်းမကြီးက ဖို့မြေလမ်းမကြီး။

အဲဒီမှာ မြို့မတောင်ရပ်ကွက်က မီးထွန်းပွဲတော်ကို အဓိကဦးဆောင်ပြီး လုပ်ကြတာ။ ကြည့်စမ်းဗျာ- တန်ဆောင်မုန်းလဆန်း (၁၀)ရက်လောက်တတည်းက ဗဟိုလမ်းမကြီးတစ်လျှောက် ဝါးလုံးတိုင်ပေါင်းများစွာ စိုက်ပြီးပြီ။ ကြိုးတန်းတွေသွယ်ပြီးပြီ။ မြောက်အိုးတွေ စ,ကြားနေရပြီ။ အိုးစည်ဒိုးပတ်သံ၊ အသံချဲ့စက်နဲ့လှည့်ကြေညာသံတွေ ကြားနေရပြီ။

အဖိတ်နေ့ညလည်းရောက်ရော ရောင်စုံစက္ကူပုံးတွေကို ကာလသားတွေရော အပျိုချောတွေပါ လိုက်ချိတ်ထွန်းထားလိုက်ကြတာ လမ်းမကြီးကို လင်းထိန်နေတာပဲ။ မီးငြိမ်းမခံကြဘူးနော်။ လူတွေကလည်း ပျားပန်းခပ်ပဲ။ ဈေးဆိုင်တွေလည်း နေရာတိုင်းမှာ စားချင့်စဖွယ်စုံလို့။ လက်ညှိုးထိုးမလွဲဘဲ။

စည်ကားလိုက်တာနှယ်။ အဲဒီလို စည်ကားရတဲ့အထဲမှာ မီးထွန်းပွဲသက်သက်ချည်းကြောင့်လည်း မဟုတ်ဘူး ခင်ဗျ။ အဲဒီမှာ ကြည့်ချင်စရာပွဲတွေလည်း ပါသေးသကိုး။

ပထမအဖိတ်နေ့ညမှာ ဝေဿန္တရာဇာတ်တော်ကြီးကို သက်ရှိ လူသားသရုပ်ဆောင်တွေနဲ့ ရုပ်သေခင်းကျင်းတာလေ။ တကယ်မိတယ်ဗျာ၊ ရှားရော။ နောက်နေ့ညကျတော့ မင်းကုသဇာတ်ကို ခင်းတယ်။ တစ်ကွက်ကိုတစ်ခန်း။ တစ်ခန်းကို ဆယ်ပေပတ်လည် သုံးဖက်လုံး ကျူထရံကာပြီး လေးပေမီးချောင်းများထွန်းလို့ မြေစိုက်သရုပ်ဖော်ကြတာလေ။

ဝေဿန္တရာ သီရိပစ္စယ ဆင်ဖြူတော်လှူခန်း၊ တိုင်းပြည်မှထွက်တော်မူခန်း၊ ဇူဇကာပုဏ္ဏားကို မယားလုပ်သူက အိမ်ဖော်ကျေးကျွန်ရှာခန်း၊ ဇာဏ်ာနဲ့ ဇာလီကို ပုဏ္ဏားနှိပ်စက်ခန်း၊ မဒီဒေဝီ သစ်သီးချူခန်း စသည့်ဖြစ်တော်စဉ် ဇာတ်ဝင်ခန်းတွေက လမ်းဝဲယာတောက်လျှောက် ခင်းကျင်းသရုပ်ဆောင်ပြထားကြတာ။

နံပါတ်အခန်းက မြို့စောင့်ဘိုးဘိုးကြီးအခန်းပဲ။ အဲဒီကနေ့မှ ဝေဿန္တရာဇာတ်ကို ပြည်တော်ပြန်ဝင်ခန်းအထိ သရုပ်ဖော်တယ်။ လူသားအစစ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သရုပ်ဆောင်ထားတာဆိုတော့ မသိရင် ကျောက်ရုပ်တွေလား မှတ်ရတယ်။ ရှေ့က စာတန်းကိုဖတ်ပြီး ကဏ္ဍာနဲ့ ဇာလီကို ဇူစကာမုဏ္ဍာသထံ လှူစဉ် စသည်ဖြင့် အော်ဖတ်ပြီး သရုပ်ဆောင်နေတာကို အနီးကပ် တိုးငှေ့ကြည့်ရတာ။ မြို့လူထုကလည်း အရမ်းသဘောကျကြတယ်။

ဒီမှာ ကျုပ်တို့ ကာလသားအုပ်စု ပိုပြီး သဘောကျတဲ့အခန်းက နံပါတ်တစ်အခန်းက မြို့စောင့်ဘိုးဘိုးကြီး သရုပ်ဆောင်ပြခန်းပဲဗျ။ သဘောကျ မနောခွေ့ရတဲ့အထဲမှာ ပါဝင်သရုပ်ဆောင်နေသူများက ကိုယ့်အသိ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေ၊ အိမ်နီးနားချင်းတွေဆိုတော့ ကြည့်ပြီး ပြုံးကြရယ်ကြ၊ အားပေးကြ၊ နောက်ကြပြောင်ကြပေါ့ဗျာ။

သူတို့ကလည်း သရုပ်ဆောင်နေစဉ်မှာ ဣန္ဒြေကြီးတယ်ဗျာ။ မပြုံးမရယ် ခပ်တည်တည်ပဲ။ ငိုရမယ့်အခန်းငိုဟန်၊ လန့်ရမယ့်အခန်းလန့်ဟန်။ ဘယ်လို စစနောက်နောက် လုံးဝ မရယ်ဘူး။ ကျုပ်တို့ကလည်း သိတယ်မဟုတ်လား။ ငကဲတွေ၊ လူနောက်တွေလေ။ ဓာတ်သိတွေပါနေတော့ နောက်ပြောင်တာပေါ့။

ဒီမှာ မဒ္ဒီဒေဝီအဖြစ် သရုပ်ဆောင်နေသူ အစ်မကြီးကို အဒေါ်ကြီးတစ်ယောက်က နဖူးပေါ် လက်ကလေးကာလို့ ကြည့်ရင်းက ဘာပြောတယ်မှတ်လို့တုံး။

"အံမယ် - ငါ့နှယ် မဒ္ဒီဒေဝီဆိုလို့ ဘယ်သူများလဲမှတ်တယ်၊ လက်စသတ်တော့ ထန်းပင်ကုန်းက မုန့်ဟင်းခါးရောင်းတဲ့ မိသန်းချစ်ကိုး။ ဟား ဟား ဟား ဟား၊ မိသန်းချစ် ညည်းက ခုတော့လည်း ထိုင်မသိမ်းတွေ၊ ချိတ်ထဘီတွေ၊ ဘယက်ဒွာဒရာတွေနဲ့ ရှင်ဘုရင်ကတော်ဖြစ်ပြီး ကောင်းစားနေတာပေါ့လေ။ နေပါဦး၊ မနေ့ကလည်း ညည်း ငါ့ဆီယူထားတဲ့ နေ့ပြန်အကြွေး ငါးဆယ် လာမဆပ်ဘူး။ ဒီနေ့ညတော့ ရှိစေပေါ့အေ၊ နက်ဖြန်မိုးလင်းရင်တော့ ညည်း လာဆပ်ဖြစ်အောင် ဆပ်နော်။ မဒ္ဒီ အဲ အဲ မိသန်းချစ် ကြုံတုန်း ပြောရဦးမယ်။ မိသန်းချစ်ရေ ညည်းယောကျာ်း တင်မောင်ဦး တစ်ယောက်တော့ စောစောက ဖဲရှုံးလို့တဲ့။ ညည်း မုန့်ဟင်းခါးဒန်းကန် ငါးချပ် သွားပေါင်လေရဲ့ ကောင်မရဲ့။ အဲဒါလည်း သွားမရွေးလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလည်း ရှေ့တည့်တည့်က ပြောလိုက်ရော မဒ္ဒီဒေဝီ မသန်းချစ်ခမျာ သတိလက်လွတ် ခေါင်းဆတ်ခနဲလှည့်ပြီး -

"ဟင် - တကယ်လား ဒေါ်တုတ် ဟင် ဟင်"

"ဟဲ့ ဟဲ့ မသန်းချစ်၊ သရုပ်ဆောင်နေတုန်း စကားမပြောနဲ့လေ။ (၁၅) မိနစ်စေ့မှ ပြောပေါ့ဟ"

ဖြုန်းခနဲ ကြားလိုက်ရတော့ မဒ္ဒီဒေဝီ (မသန်းချစ်) ရင်ဖို ဒေါသထွက်သွားတာပေါ့။ သူ့မယောကျ်ား တင်မောင်ဦးက ဖဲသမားကိုး။ သူက ဝါသနာအရ ဒီမှာ သရုပ်ဆောင်ဝင်ကူညီနေတုန်း သင်းက နောက်ပိုင်းမှာ အခွင့်ကောင်းယူလို့ မုန့်ဟင်းခါးပန်းကန်တွေပေါင်ပြီး ဖဲရိုက်တယ်ကြားရတော့ မဒ္ဒီဒေဝီက ဆင်ဖြူတော်လှူ ရေစက်ချခန်းမှာ စိတ်မဝင်စားနိုင်ဘဲ မျက်ကလူးဆန်ပြာမေးတော့ ကပွဲကြီးကြပ်တဲ့ ဦးမင်္ဂလာကြီးက ဝင်သတိပေးရရော။

အဲဒီမှာပဲ ရေစက်ကရားကိုင်ထားတဲ့ မသန်းချစ်က ဘာပြောတယ်မှတ်လို့လဲ။

"သင်းကို ငါအိမ်ပြန်ရောက်ရင် သွားတစ်ချောင်းမှ မကျန်အောင် လုပ်မယ်။ နံရိုးနဲ့ အသားကို တစ်ပုံစီပုံပြီး အသားကို မုန့်ဟင်းခါးဟင်းရည်ထဲ ထည့်ချက်ပစ်မယ် သန်းချစ်တဲ့ဟေ့"

ဖြစ်ပုံများနှယ်ဗျာ၊ ငွေတိုးချေးထားတဲ့ ဒေါ်တုတ်တို့ မွှေလိုက်ရင် အဲဒီလိုဖြစ်ရော။ ဒီမှာ ရှင်ဘုရင်ဝေဿန္တရာလုပ်တာက ဘယ်သူမှတ်လို့ ဆံသား အကြီး မယုံရဲ့ သားအငယ်ကောင် ဆန်နီကြီးရယ်။ လူကလည်း အလေးမ,သမားဆိုတော့ ဖြူဖြူခဲ့ခဲ့ကြီး။

သီရိပစ္စယာဆင်ဖြူတော်ကို မဒ္ဒီဒေဝီနဲ့ ရေစက်ခွက်သွန်းပြီး လှူနေတဲ့အခန်းမှာ ပုဏ္ဏားညီများနဲ့၊ အလှူခံပုဂ္ဂိုလ်များနဲ့ အကျအန အိုက်တင်ပေါ်ပါ မှင်မောင်းကောင်းကောင်း သရုပ်ဆောင်တာ။

အဲဒါလည်းမြင်ရော အရက်ရောင်းတဲ့ မကုလားမက ဆန်နီ (ဝေဿန္တရာ) ကို သေသေချာချာ စိုက်ကြည့်လိုက်တယ်။ ဝေဿန္တရာ (ဆန်နီ) ကလည်း အရက်ရောင်းတဲ့ မကုလားမကို ဖြုန်းစားကြီး အနီးကပ် မြင်လိုက်ရရော တုန်သွားပါရော။

www.burmeseclassic.com

www.burmeseclassic.com



"အလိုလေးလေး၊ ဝေဿန္တရာဆိုလို့ ဘယ်သူများလဲမှတ်တယ်။ မယုံသား ဆန်နီကိုးဟိုးဟိုး၊ တောင်ရှည်ပုဆိုး၊ ဖော့ဖြူလုံးနဲ့၊ စလွယ်တွေဘာတွေနဲ့ ကောင်းစားနေတာကိုး။ ငါ့မှာတော့ လူကြုံနဲ့ အတန်တန်မှာလိုက်ရတာ။ မောင်ဆန်နီ နင့်သူငယ်ချင်း ငမှိုင်းပြောတော့ ပန်းတနော်သွားတယ်ဆို။ ဘယ်လို ကိုဆန်နီကြီးရဲ့၊ ရှင်သောက်ထားတဲ့ အရက်ကြွေးအားလုံး (၇၅) ကျပ်ရှိနေပြီ။ ဘယ်အချိန် လာဆပ်မှာလဲ ပြောလေ ပြောပါ။ အကြွေးသောက်တုန်းက ဒီမျက်ခွက်မျိုး မဟုတ်ဘူး။ ရှင်ဘုရင်လုပ်ရမှ ခပ်တည်တည်ကြီးနဲ့ ငါ့များ စိုက်ကြည့်လို့။ နင် မနက် အကြွေးလာဆပ်ရင်ဆပ်၊ ဒါမှမဟုတ်ရင် အခုဝတ်ထားတဲ့ တောင်ရှည်ယူခဲ့။ ငါးဆယ်အပိုဆောင်းပေးမယ် ကြားတယ်နော်။ ငါ့အကြောင်းလည်း မင်း သိပါတယ် မောင်ဆန်နီ။ ဟင်း ဟင်း ဟင်း ကုလားမတဲ့ တစ်မတည်းရှိတယ် သိလား"

ကြည့်နေသူတွေက ဒေါ်ကုလားမရဲ့ အပြောကြောင့် ပွဲကျသွားကြတယ်။ ရှင်ဘုရင် ဆန်နီလည်း မျက်နှာကြီးနီရဲပြီး ရေစက်ချတဲ့ကရားအမတ်တစ်ဦး ခေါင်းပေါ် လွတ်ကျသွားခဲ့တယ်။

ဒီကောင်ကလည်း ဒီကောင်ဗျ။

အရက်ကို ဒေါ်ကုလားမဆိုင်မှာ အကြွေးသောက်တယ်။ သောက်ပြီးရင် အကြွေးက တော်တော်နဲ့ လာမပေးဘူး။ စနေ၊ အင်္ဂါ ရွှေ့တယ်။ ဒေါ်ကုလားမက လူကြုံနဲ့မှာနေတာကြာပြီ။ ကျုပ်က ဆန်နီ ပန်းတနော်သွားတယ်လို့ ညာထားရတာ။ ခုတော့ ဝေဿန္တရာဘဝနဲ့ ရေစက်ပြန်ဆုံမှတော့ ကျုပ်ဘယ်တတ်နိုင်မလဲဗျနော။

အားလုံးထဲမှာ ပရိသတ် သဘောအကျဆုံးက မြို့စောင့်ဘိုးဘိုးကြီး သရုပ်ဆောင်သူပဲဗျ။ အံမယ်- မြို့စောင့်ဘိုးဘိုးကြီးအဖြစ် သရုပ်ဆောင်ကရော ဘယ်သူလဲ သိလား။ ရပ်ကွက်ထဲမှာ အုန်းသီးပေါင်မုန့်၊ ပဲပေါင်မုန့်အော်ပြီး လိုက်ရောင်းတဲ့ ဖဲသမား ကိုပေါက်စီကြီးကိုဗျ။

ဘယ်တုန်းကမှ အင်္ကျီမဝတ်တဲ့ ကိုပေါက်စီရယ် ခုကြည့်စမ်း ဆိုရင်း အင်္ကျီအဖြူခါးရှည်နဲ့၊ ရွှေရောင်လက်ကျပ်နဲ့၊ ခေါင်းပေါင်းအဖြူကြီးပေါင်းလို့၊ တောင်ရှည်အဖြူကလည်း ဖွေးနေတာပဲ။ နဂိုမျက်နှာလေးတောင့်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ နွှတ်ခမ်းမွှေးအတုဖွားဖွားကြီးနဲ့ ခုံခုံကြီး။ ညာလက်ကလည်း ထိပ်မှာ ဘုပါတဲ့ တောင်ဝှေးကြီးကို ထောက်ကိုင်ထားပြီး ဘယ်လက်ဝါးကို ဖြန့်ထားတယ်။ သူ့ရှေ့ ဒူးမိတ်မှာ မြို့စောင့်ဘိုးဘိုးကြီးဆိုတဲ့ စာတန်းကို ကပ်ထားတယ်။ ခုံပေါ်မှာလည်း အုန်းငှက်ပျောပွဲနဲ့ရယ်။

"ဟာ - မြို့စောင့်ဘိုးဘိုးကြီးဆိုလို့ ဇာတ်ထဲက ထွားလာတဲ့ ပုဂ္ဂိုလ်မှတ်တယ်၊ လက်စသတ်တော့ တို့ကောင်ကြီး ဘူကြီးပေါက်စိကိုးဟ ဟား ဟား ဟား ဟား"

"ဗျို့- ကိုပေါက်စိကြီး၊ လက်ဝါးဖြန့်နေတာက ဘာလဲ၊ ဖဲထုပ်တောင်းနေတာလား"

ရင်းနှီးသူ ငယ်ပေါင်းသူငယ်ချင်း လူရွယ်တွေက ဘယ်လို အနှောင့်ရှေ့ကနေ ပြောင်ပြောင်နောက်နောက်ပြောပြော သူက တစ်ချက်တလေး မရယ်ဘူး၊ မပြုံးဘူး။ အမှန်က အဲဒီလို လူရှေ့မှာ ရုပ်သေသရုပ်ဆောင်ရတာ တကယ်မလွယ်တာဗျ။ ဝါရင့် ဇာတ်သမားတွေ သရုပ်ဆောင်ရင်တော့ တစ်မျိုးပေါ့ဗျာ။

ခုဟာက နေ့စဉ်မြင်နေကျဆိုတော့၊ အကြောင်းသိတွေဆိုတော့ မနောက်ဘဲနဲ့ကို မနေနိုင်ဘူး။ လျှာထဲမှာ သင်းတို့ကြည့်ပြီး ယားကျိကျိဖြစ်နေကြတာရယ်၊ ဘိုးပေါက်စိလိုလူစားကျတော့ ကြိုက်သလိုပြောလေ။ သူ့ချိုင်းတို့၊ ခါးတို့သာ သွားမတို့နဲ့။ တို့ရင် ယောင်ပြီးဆဲရော။ ကျန်တာတော့ မဖြုံဘူး။ ပြုံးတောင်မပြုံးဘူး၊ တယ်မှင်ကောင်းပဲဗျ။

ဒီမှာ အရက်ခပ်ထွေထွေနဲ့ ကိုပေါက်စိရဲ့ သော်ဖော်သူငယ်ချင်းဖြစ်တဲ့ ကိုကျောက်ဒိုးကြီးက -

"ဪ - ငါ့သူငယ်ချင်း ပေါက်စိ ပေါက်စိ။ မနေ့ကပဲ ဒေါ်ကုလားမ တို့ဆိုင်မှာ အရက်အတူသောက်ကြသေးတယ်။ ခုတော့ ညတွင်းချင်း နတ်ဖြစ်သွားလေခြင်း သူငယ်ချင်းရဲ့ အီး အီး အီး။ မင်းနဲ့ငါ ဘဝခြားပြီ ပေါက်စိရေ ဟီး ဟီး ရှုတ် ရှုတ်၊ ပေါက်စိ သူငယ်ချင်းအချစ်ဆုံးကြီး၊ မင်း မင်း ငါ့ကို မှတ်မိသေးရဲ့လား။ ငါ ကျောက်ဒိုးလေ၊ ကိုပိန္နဲ့ မပြားကြီးသား ကျောက်ဒိုးလေ သူငယ်ချင်းရဲ့ ဟီး ဟီး ဟီး"

ကိုကျောက်ဒိုးက မူးပြီး ဘိုးဘိုးကြီး (ပေါက်စိ)ကို မပြောတို့ ငိုနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုပေါက်စီက လုံးဝ စကားမပြောဘူး၊ မျက်တောင်မခတ်ဘူး၊ တောင်ဝှေးကြီးထောက်ပြီး အရှေ့စူးစူးကို စိုက်ကြည့်နေဆဲပဲ။ သူ့ရှေ့က ကာလသားကာလသမီး ကလေးလူကြီးများကတော့ သူ့အိုက်တင်နဲ့ ဣန္ဒြေကို သဘောကျပြီး ချီးမွမ်းကြလို့။

“အင်းပေါ့လေ၊ မင်းက နတ်ရုက္ခစိုးဖြစ်သွားတော့ သောက်ဖော်သောက်ဖက်ချင်းတောင် အဖတ်မလုပ်ချင်တော့ဘူးကိုး။ ကိုင်းကိုင်း ဒီလို ကြည့်နေလို့ကတော့ မဖြစ်ဘူး၊ ဟော့ မောင်မှိုင်း၊ ဒီတောင်ကြီး ကလေ (နှပ်ညှစ်လိုက်ပြီးနောက်) လူ့ဘဝတုန်းက ဆေးလိပ် သိပ်ကြိုက်တာကွ၊ နေဦးနော် ပေါက်စီ၊ အဲ အဲ ဘိုးဘိုးကြီး”

သို့ကလိုပြောပြီး အိတ်ကပ်ထဲက ဆေးလိပ်တစ်လိပ်ကိုထုတ်ပြီး မီးညှိလို့ -

“အဘိုး ခင်ဗျား၊ သားတော်ကြီး အဲ အဲ ညီဘွားကြီး စီးကရက်များ ရှိသေစွာ ဆက်ပါသည် ခင်ဗျား။ ပြောမှားဆိုမှား ရှိခဲ့ပါကလည်း ခွင့်လွှတ်ပါ ပေါက်စီ၊ အဲ အဲ အဘိုး ခင်ဗျား။ ဒါ နှစ်လိပ် တစ်မတ်ပေးရပါတယ်။ အလွန်ကို သဒ္ဓါကြည်ညိုလွန်းလို့ အကြွေးဝယ်လာပြီး ဆက်ပါသည် ခင်ဗျား”

အဲဒီလိုပြောပြီး ဘိုးဘိုးကြီး (ကိုပေါက်စီ) ပါးစပ်ကိုဖြဲလို့ စီးကရက်ကို အတင်းထိုးထည့်တော့ ကိုပေါက်စီ (ဘိုးဘိုးကြီး) ခမျာ ဘာမှမငြင်းသာဘဲ စီးကရက်ကို ခဲနေလိုက်ရတယ်။ ဒါကို မိန်းမရွယ် အပျိုဖျန်းအချို့က မြင်ကြတော့ -

“ဟောတော့ မြို့စောင့်ဘိုးဘိုးကြီးက စီးကရက်ခဲလို့တော့ ဟီး ဟီး ခွီး ခွီး”

အဲဒီမှာပဲ မကြာခင် စီးကရက်မီးက တိုတိုလာခဲ့တယ်။ ကိုပေါက်စီကလည်း မဖွာရဲဘူး၊ ဖွာလိုက်ရင် နှာခေါင်းပေါက်က မီးခိုးထွက်သွားမယ်။ အငွေ့ကို မျိုချရင်လည်း သီးဦးမယ်။ ဒါရိုက်တာ ကိုမင်းလာက လုံးဝ မလှုပ်ရဘူးဆိုထားတာကိုး။ သူ ဆယ့်ငါးမိနစ် မြန်မြန်ပြည့်ပါစေဖို့ ကြိတ်ပြီး ဆုတောင်းနေရတယ်။ စီးကရက်ကလည်း တိုလာလေ နှုတ်ခမ်းတွေ ပူလာလေ ဖြစ်နေပြီ။ တဖြည်းဖြည်းနဲ့ နှုတ်ခမ်းနားကို ကပ်လာပြီး လူ



www.burmeseclassic.com

www.burmeseclassic.com



လည်း နဖူးက ချွေးပြန်နေပြီ။ နှုတ်ခမ်းမွေးအတုကြီး မီးစွဲပြီး ဘိုးဘိုးကြီး မျက်ခွက် မီးလောင်ကိန်းဆိုက်တော့မယ်။

ဟူး - တော်ပါသေးရဲ့၊ ပွဲကြီးကြပ်သူတစ်ဦး ရောက်လာပြီး စီးက ရက်တိုကို ပါးစပ်က ဖြုတ်ပေးလိုက်ပေလို့။ ဒီမှာ ပွဲကြပ်က အဲဒီလို မလုပ်ကြဖို့ မေတ္တာရပ်ခံတယ်။ ပွဲကြပ်လည်း အခြား ပြခန်းဘက်ရောက်သွားရော ကိုပေါက်စီရဲ့သူငယ်ချင်းတစ်ဦးက တောင်ဝှေးထိပ်ပေါ်မှာ ဖယောင်းတိုင်တစ်တိုင် မီးထွန်းပူဇော်သွားပါရော။ မကြာဘူး၊ ဖယောင်းတိုင်အရည်က မီးကြောင့် ပျော်ကျပြီး ကိုပေါက်စီလက်ပေါ် စီးကျပါလေရော။ ပူလွန်းလို့ ကိုပေါက်စီ (ဘိုးဘိုးကြီး) တုန်နေတယ်။ တော်ပါသေးရဲ့ဗျာ။ အမြင်မတော်သူတစ်ယောက်က မီးမှုတ်ငြိမ်းသွားပေလို့ရယ်။ အင်း စဉ်းစားရင်း ကိုပေါက်စီရဲ့ဒုက္ခကလည်း မသေးလှဘူးဗျ။ တော်တော့်ကို ဒုက္ခပေးတဲ့ လူရှုပ်တွေရယ်ဗျာ။

ဘယ့်နှယ် မီးငြိမ်းလို့မှ မကြာသေးဘူး၊ ကိုပေါက်စီနဲ့ တွဲသောက် ဖော်သောက်ဖက်တစ်ယောက် ရောက်လာပြန်ရော၊ ကိုပေါက်စီကို အနီးကပ်ပြီး မှုးမှုးနဲ့ ကြည့်တယ်။

"ဩော် - ငါ့သူငယ်ချင်း နတ်ရုက္ခစိုးကြီး ဘိုးဘိုးကြီး ဆာရှာရော့မယ်။ ည (၁၀) နာရီတောင် ထိုးနေပြီ။ တစ်ခုခုတော့ ကပ်ဦးမှ"

ဆိုပြီး ကိုပေါက်စီ ဖြန့်ထားတဲ့ လက်ဖဝါးပေါ် လက်ဖက်ရည်ဆိုင်က ကြော်ပြီးခါစ စမူဆာအပူကြီးသုံးခု တင်သွားခဲ့လိုက်တာ။ စမူဆာက လက်ဝါးပေါ်မှာ အငွေ့တထောင်းထောင်းနဲ့။ ခများ ပူလွန်းလို့ လက်ဝါးကြော၊ လက်ဖျံကြောကို တင်းတောင့်နေတာပဲ။ သူကိုယ်တိုင်ကလည်း နောင်တတွေ ရနေတယ်။ ငါတော့ မြို့စောင့်ဘိုးဘိုးလုပ်မိတာ မှားပြီပေါ့။ ဒီလောက် ဝိုင်းဒုက္ခပေးကြမှန်း မသိလို့ လုပ်မိတာ။ ခုတော့ မှားပြီ။ ဒါပေမင့် ကြိတ်ပြီး ခံနေရှာတယ်။

လူနောက်လူပြောင်တွေကြောင့် ရယ်ချင်စိတ်နဲ့ ဒေါသကို အံကြိတ်မျိုသိပ်နေရတာပဲ။ ဒီမှာပဲ မင်းကောင်းလွန်း၊ ခံ့ညားလွန်းလို့ တကယ့် ဘိုးဘိုးကြီးလို့ ယုံမှတ်ပြီး ပူဇော်ဆုတောင်းသူတွေလည်း ရှိကြရဲ့ခင်ဗျ။ အချို့က သူ့ရှေ့ခုံပေါ်က ကန်တော့ပွဲမှာ အမွှေးတိုင်ပူဇော်သွားကြတယ်။ မိန်းမ

www.burmeseclassic.com



အချို့က ရေမွှေးပုလင်းထုတ်ပြီး ရေမွှေးဖျန်းသွားတော့ ဘယ်တုံးကမှ ရေမချိုးတဲ့ ကိုပေါက်စီကြီးထံက ကိုယ်သင်းနံ့များ ပျံ့သင်းလို့ ကြိုင်လှိုင်လို့ အပေါ့။

အမယ်အိုတစ်ဦးကဆိုရင် ဦးပေါက်စီ (ဘိုးဘိုးကြီး) ခေါင်းပေါင်းကြားမှာ ငါးကျပ်တန်တစ်ရွက်ထိုးပြီး လက်အုပ်ချီလို့ ကန်တော့သွားရှာတယ်။ ဘာကြာလဲ မိန်းမကြီးအချို့ကလည်း ငါးကျပ်တန်၊ ဆယ်တန်၊ ဆယ့်ငါးကျပ်တန် စသည်များ စိုက်ထိုးပြီး -

"သားတော်များ၊ သမီးတော်များကို စောင့်ရှောက်ပါ အဘိုး" လို့ ပြောဆို ဆုတောင်းသွားကြတယ်။

အိမ်နီးနားချင်းက ကလေးအချို့က -

"ဒီညတော့ ဦးပေါက်စီကြီး ထောပြီဟေ့" လို့ ဝိုင်းအော်ကြရော။

ဒီမှာပဲ ကိုပေါက်စီယောက်ဖ စံကုလားဆိုသူကလည်း ကျပ်တန်လေးတစ်ရွက်ကိုင်ပြီး -

"အဘိုး ညီဘွားကြီး ဒုက္ခရောက်နေပါတယ်။ ဒီည လက်ဖက်ရည်နဲ့ နံပြားထောပတ်သုတ်လည်း မစားရသေးပါဘူး။ ဒါကြောင့် ငွေတစ်ကျပ် လှူပါတယ်။ ညီဘွားကို ချက်ချင်း မစကြည့်ရှုပါ အဘိုး ခင်ဗျား"

သို့ကလိုပြောပြီး ဘိုးဘိုးကြီးပေါက်စီ ဦးခေါင်း ခေါင်းပေါင်းကြားက ကျပ်တန်တစ်ရွက်ကို လက်အုပ်ချီပြီး ရိုရိုသေသေ ထိုးဆိုက်လိုက်တယ်။ စိုက်ထိုးလို့လည်းပြီးရော ဆယ့်ငါးကျပ်တန်တစ်ရွက်ကို ဖြုတ်ယူသွားတယ်။ ဒါကို ကလေးတွေက မြင်သွားကြတော့ -

"ဦးပေါက်စီကြီး၊ ကိုစံကုလား ကျပ်တန်နဲ့ ငါးကျပ်တန်လဲသွားပြီဗျို့"

"ဟုတ်တယ် အဘိုး၊ ဟေ ဟော ပြေးပြီ ပြေးပြီ အဘိုးရေ"

"အဘိုး တောင်ဝှေးနဲ့ လိုက်ရိုက်ပါလားဗျ၊ ဆော်လိုက်စမ်းပါဗျာ"

ကိုပေါက်စီကြီးက သူ့ယောက်ဖ စံကုလားကို မျက်စောင်းထိုးကြည့်တယ်။ ပါးစပ်ကလည်း မပြောသာဘူး။ ကျုပ်တို့ကလည်း မဖြစ်အောင်လို့ဗျ။ နေနှင့်ဦးပေါ့ စံကုလားရာလို့သာ စိတ်ထဲက ကြိတ်ကြိမ်းဝါးနေရတယ်။

ဒီမှာပဲ ဖြန့်ထားတဲ့ လက်ဖဝါးပေါ်ကို လူပြောင်တစ်ယောက်က

www.burmeseclassic.com



ဖဲသုံးချပ် တင်သွားပြန်ရော။ ယောက်ျားကြီးငယ်အချို့တာ ဘိုးဘိုးကြီး ပေါက်စီ လက်ဝါးပေါ်က ဖဲသုံးချပ်ကိုကြည့်ပြီး -

"ခုထက်ထိ ဘူကျတုန်းပါပဲလား ဘိုးဘိုးကြီးပေါက်စီရေ"

လို့ပြောပြီး တဝါးဝါးတဟားဟား ရယ်ကြရော။

(၁၅)မိနစ်စေ့တော့ ဘိုးဘိုးကြီးပေါက်စီ အနားရပြီး ကုလားထိုင်ပေါ်မှာ ထိုင်လို့ အညောင်းဆန့် အမောပြေရတယ်။ သူတစ်ကိုယ်လုံးမှာလည်း ချွေးတွေကို ရွှဲနစ်လို့။ သူ့တူဝမ်းကွဲတစ်ဦး အနားကနေ ယပ်ခတ်ပေးနေတယ်။ အမောဖြေရင်းက ခေါင်းပေါင်းကြားက ငါးကျပ်တန်၊ ဆယ်တန်တွေကို ဖြုတ်ပြီး ပါးစပ်ကလည်း သူ့သူငယ်ချင်းအချို့ကို ကြိတ်ပြီး ကလော်တုတ်ပါရော။

"ဘာဖြစ်လို့လဲဟ ပေါက်စီကြီးရ"

"ဘာဖြစ်ရမလဲဗျ၊ ဟို ခွေးကောင်ကျောက်ဒိုးရယ် စီးကရက် ဆက်သတဲ့။ ရိုးရိုးဆက်သွားရင် ကိစ္စမရှိဘူး။ ခုဟာက စီးကရက်ဖင်မှာ ပရွတ်ဆီတွေသုတ်ပြီး တပ်ပေးသွားတော့ အပေါ်ပူအတွင်းပူနဲ့ ကျုပ်ငရဲမီးမျိုထားရသလို ဖြစ်နေရတယ် ဖိုး. . ."

"ဟား ဟား ဟား ဖြစ်ရလေ ပေါက်စီရာ"

"ဒီကြားထဲ ဟိုကောင် အမျိုးယုတ်တစ်ကောင်က တောင်ဝှေးပေါ် ဖယောင်းတိုင် ထွန်းသွားတယ်။ ဖယောင်းတိုင် အရည်ပျော်ကျတော့ ရေနွေးနဲ့ လောင်းခံရလို ဖြစ်နေတယ်။ ပူလွန်းလို့ အံကြိတ် ခံစားနေရတုန်း ရှိသေးတယ်ဗျာ။ ခွေးပုဆိုတဲ့ကောင်က လက်ဝါးပေါ် စမူဆာအပူကြီး သုံးခုတင်သွားတော့ ဘယ်လက်ရော၊ ညာလက်ပါ မီးခဲကိုင်ထားရသလို ဖြစ်နေရော။ တစ်ခါ ဟိုအဘွားကြီးအုပ်စု လာဆက်လို့ ဆယ်တန်၊ ငါးကျပ်တန်လေး မြင်ရပြီး ဒီညတော့ အမြည်းကောင်းကောင်းနဲ့ သောက်ရပြီ မှတ်တာ။ ယောက်ဖ အကောင်းစား စံကုလားက ကျပ်တန်နဲ့ ဆယ့်ငါးကျပ်တန် လဲသွားသေးတယ်။ မြွေပွေးကိုက်သေမယ့်ကောင်တွေ ထို့"

"ဒါဆိုလည်း လက်ထဲက တောင်ဝှေးနဲ့ ဆောင့်လိုက်ပါလားဗျ"

"ဆောင့်လည်း မြေကြီးချိုင့်ပြီး တောင်ဝှေးကျိုးရုံပဲ ရှိမယ်။ ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့ သေမှာ မဟုတ်ဘူးတဲ့” ခင်ဗျား။

❑

တဖြည်းဖြည်းနဲ့ ဗိုမြေလမ်းမကြီးမှာ လူတွေက ပြည့်ကျပ်နေတာပဲ။ တစ်မြို့လုံးက ရှိရှိသမျှ ဝါတွင်းသုံးလေးလ အိမ်တွင်းအောင်းနေတဲ့ အပျို ရိုင်း အဖျိုဟိုင်းတွေလည်း ပလူတွင်းကထွက်သလို ထွက်လာကြသလိုပဲ။ ဘယ်ကြည့်လည်း အချောအလှ၊ ညာကြည့်လည်း သဘောကျ။ ရှေ့ကြည့် လည်း ပြုံးတုံ့တုံ့ နောက်ကြည့်လည်း လုံးတုံးတုံး၊ ခုံးတုံးတုံး၊ မောက်တောက် တောက်၊ ကောက်တောက်တောက် အရောင်စုံအသွေးစုံ၊ အရွယ်စုံဆိုက်စုံ ဗျ သိလား။ မျက်စိကို ချာလပတ်ယမ်းနေတာပဲ အဟီး။

ကျုပ်တို့များ ဂေါ်ရတာ မျက်စိလက်မှုလည်ဘူး။ နောက်ပြန်၊ သမင် လည်ပြန်ဂေါ်ရင်း ရှေ့လူမေးစေ့နဲ့ တိုက်မိရာက ခြေဖဝါးအနင်းခံရတဲ့ အကြိမ်လည်း မနည်းဘူး။ ဒီမှာ စိန်အေးကြူက ဘာပြောလဲ သိလား။

“သိပ်လည်း မဂေါ်နဲ့ မောင်မှိုင်းရ”

“ဘာဖြစ်လို့လဲ”

“မျက်လုံး ဘက်ထရီအားကုန်ရင် ငါတို့ ဘယ်ဆိုင်မှာ သွင်းလို့ရမှာ လဲ။ နောက် နှစ်ရက်ကြီးများတောင် ကျန်သေးဥစ္စာ။ ချွေချွေတာတာ ဂေါ်ပါ သူငယ်ချင်းရယ် ဟား ဟား ဟား။ ဟော့ ဟော့ ဟိုမှာကြည့် စမ်း အဲဒါ အဲဒါ မြို့ဟောင်းအလယ်က ခင်ခင်ကြူ မဟုတ်လား။ လှ လှ လှ. . . အမလေး သေပါပြီဗျ”

စိန်အေးကြူဆိုတဲ့ ကောင်နှယ်ဗျာ။ သူများပြောတော့ ချွေတာငမ်း ချွဲ့။ သူက ဂေါ်တဲ့နေရာမှာ လည်ပင်း စပရိန်ဖြစ်အောင် ဂေါ်တဲ့ငမ်းတဲ့ ကောင်။ ခုလည်း (၉)တန်း(အေ)က ခင်ခင်ကြူလည်းမြင်ရော ဂေါ်ဇီလာ လည်ပြန်ငမ်းရာက ရှေ့က ကုလားကြီးနဲ့ တိုက်မိပြီး မှောက်ခုံကြီးလဲရော။ အဲဒီမှာ လူတွေ တိုးနေတာဆိုတော့ သူ့ကျော တက်နင်းသွားကြတာပေါ့။

“ဟ - နောက်က ဘာကြီးလဲဟဲ့၊ ပျော့စိစိကြီး”

“မွေးပွဲကော်ဇောခင်းထားတာလားမှ မသိဘဲ။ နင်းလို့ကောင်းလိုက် တာ ကဲ ကဲ”



www.burmeseclassic.com

www.burmeseclassic.com



"နေကြပါဦး ဖယ်ကြပါဦး၊ ခေါက်ဇော မဟုတ်ဘူး လူဗျ လူ လူ"

လူအနင်းခံရတယ်ဆိုတော့ သွားရင်းလာရင်း ပရိသတ်က ဝိုင်းကြည့်ကြတာပေါ့။ အဲဒီမှာ ခင်ခင်ကြူတို့၊ မသန်းမြတို့ အုပ်စုကလည်း စူးစမ်းတဲ့ မျက်လုံးများနဲ့ အနားကို ရောက်လာတယ်။

"ဘယ်သူ အနင်းခံရတာလဲဟဲ့"

"ထန်းပင်ကုန်းက အေးကြူလို့ ပြောကြတာပဲ"

"ဟောတော့ ကိုးတန်း(ဘီ)က မျက်လုံးပြူးပြူး၊ ဗိုက်ရွဲရွဲ သုံးနှစ်ကျစိန်အေးကြူလား၊ ဖြစ်ရလေဟယ် ဘယ်လိုဖြစ်တာတဲ့တုံး"

"ဒီကောင်နဲ့ ငမှိုင်းက နေမဝင်ခင်ကတည်းက ခေါက်တုံ့ခေါက်ပြန် လိုက်ငမ်းနေတာ ခေါ်တောကောင်တွေ။ ခုလည်း မျက်လုံးကျွတ်ကျလို့ ကုန်းကောက်ရင်း အနင်းခံရတာတဲ့"

"ဘယ့်နှယ်နေသေးလဲဟင်၊ သေ သေသွားပြီလား"

"သေတော့မသေသေးဘူး။ ကျောကုန်းပေါ်မှာ ခုံဖိနပ်ရာ၊ ဒေါက်ဖိနပ်ရာ၊ ခြေတော်ရာများသွားလို့ အသက်ငင်နေတယ် ပြောတာပဲ"

"ဖြစ်မှဖြစ်ရလေကွာ၊ တကယ်လို့ သေသွားရင်တော့ ဒီကောင့်မျက်သုံးကို ထုတ်ယူထားရမှာပဲဟေ့"

"ဘာလုပ်ဖို့လဲဗျ"

"ငမ်းဆေးကြီးဖော်ရာမှာ ဒီမျက်လုံးအမှုန့်ကြိတ်ပြီး ပျားရည်နဲ့ နယ်စားချင်လို့"

"ဟား ဟား ဟား၊ အေးကြူတို့ကတော့ ဖြစ်လိုက်ရင် ကမ္ဘာကျော်ကွာ"

သို့ကလို ခာတ်သီတွေက ကျုပ်တို့နှစ်ဦးကိုကြည့်ပြီး ဝိုင်းဖွဲ့ကြပါရော။ ကျုပ်မလည်း မျက်နှာပူပူ၊ ခြေမသွေးသံရဲရဲနဲ့ သင်းကိုဆွဲပြီး ဇူစကာဒွတ္တားအခန်းပြရာ အနီးမှာ ခဏနားရတယ်။

"မင်း လုပ်တာနဲ့ အရှက်ကွဲပါပြီ အေးကြူရာ တောက် . . ."

"အား - ကျွတ် ကျွတ်၊ ဆော ဆောရီးကွာ ယောက်ဖရာ၊ ခင်ခင်ကြူကို မြင်လိုက်ရတော့ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားပြီး ကုလားပြေးတဲ့တောင်နဲ့ ဆောင့်မိသွားတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်က မင်း ပွဲချင်းပြီး သေသွားဖို့ကောင်းတယ် အေးကြူ ထွီ"

အဲဒါနဲ့ ခြေသည်းလန်သွားတဲ့ ခြေမကို လက်ကိုင်ပဝါ ဆုပ်ဖြဲ စည်းလိုက်ပြီး ဇူစကာပုဏ္ဏားနဲ့ ကဏှာ၊ ဇာလီတို့ အခန်းကို ဝင်ကြည့်ကြတယ်။ အဲဒီ ပြကွက်မှာလည်း ပွဲကြည့်ပရိသတ်က အများကြီးပဲ။

ကြည့်လေဗျာ၊ ဇူစကာပုဏ္ဏားက ခုနစ်နှစ်အရွယ်လောက်ရှိတဲ့ သျှောင်ပေစူး၊ ဆံရစ်ဝိုင်းကိုယ်စီ ကောင်လေးနဲ့ ကောင်မလေးနှစ်ယောက်ကို နွယ်ကြိုးနဲ့ လက်ပြန်ချည်တုပ်ပြီး သစ်ကိုင်းနဲ့ ရိုက်နှက်နှိပ်စက်နေတဲ့ အခန်းပေကိုး။

ဇူစကာပုဏ္ဏားလုပ်သူကလည်း ဟန်မာန်ကို ပါလွန်းပ့ါဗျာ။ ကလေးနှစ်ယောက်ကလည်း ပုဏ္ဏားကြိုးဆောင့်ဆွဲလိုက်တိုင်း မျက်နှာလေး ရှုံ့မဲ့ငိုပြီး မောင်နှမနှစ်ယောက် ခေါင်းချင်းကပ်ငိုတဲ့ သရုပ်ဆောင်ပြကွက်ဗျ။ ပုဏ္ဏားက တစ်ချက်ရိုက်လိုက်တိုင်း ကျောလေးတွေကော့ပြီး မျက်ရည်လည်ရွှဲနဲ့ နောက်ပြန်လှည့်ကြည့် အသနားခံတဲ့ဟန်နဲ့ လှည့်ကြည့်တဲ့ဟန်၊ အပေါ်မှာ စာတန်းက ဇူစကာပုဏ္ဏား ကဏှာနဲ့ ဇာလီကို နှိပ်စက်ညှဉ်းပန်းခန်းတဲ့။

ပုဏ္ဏားကရော ဘယ်သူမှတ်လို့တုံး။

နာမည်ကျော် ကိုအောင်ငြိမ်းကြီးဗျ။ ကိုအောင်ငြိမ်းဆိုတာ မျက်ခွက်တင် တစ်တောင်လောက်ရှည်တယ်။ သွားတွေကလည်း ကွမ်းစားလွန်းလို့ မည်းညစ်လို့။ ကျုပ်တို့ခေတ်က ပေါင်မုန့်တစ်လုံးက လူ့ခေါင်းလောက်ရှိတယ်။ အဲဒီလို ပေါင်မုန့်ကို ဆုပ်ညစ်၊ အတောင့်လုပ်ပြီး သောက်ရေနဲ့ တစ်ချက်တည်း မျှောချတာ ဆယ်လုံးလောက်ကုန်တယ်။ လောင်းကြေးစားကြေးလုပ်တာ။

ဘယ်တော့မှလဲ အင်္ကျီမဝတ်ဘူး။ ရေထမ်းရောင်းတယ်။ အလှူနာခံရေးရှိရင် ထမင်းချက်၊ ရေခပ်၊ ထင်းခွဲ၊ ခေါင်းသွင်း၊ ကျင်းတူး အလှူစုံလုပ်တဲ့လူကြီး။ အလှူအိမ်မှာ သူ ထမင်းစားရင် ပန်းကန်ဆေးတဲ့ဇလုံကြီးနဲ့ နှစ်ဇလုံကုန်အောင်စားတာ။ ရေသောက်ရင်လည်း မောင်းထောင်ချိုင့်တစ်လုံးအပြည့် ကုန်အောင်သောက်တယ်။ အသားမည်းမည်း၊ ခါးကုန်းကုန်း၊ ပေါင်မှာလည်း ထိုးကွင်းမင်ကြောင်တွေနဲ့။ အသံကြီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



တိန်းမှဟိန်း၊ တော်ရုံ ကလေးဆိုးများ အငိုမတိတ်ရင် 'ဟိုမှာ အောင်ငြိမ်းကြီး လာနေပြီ' သာ ပြောလိုက်၊ ကြောက်လွန်းလို့ ချက်ချင်း ငိုသံတိတ်ရော။

အရပ်တကာ ခွေးတွေကလည်း အဲဒီ ကိုအောင်ငြိမ်းကိုမြင်ရင် တစ္ဆေသရဲကို မြင်ရသလို ဝိုင်းဟောင်ကြလိုက်ကိုက်ကြတယ်။ အဲဒီ တစ္ဆေသရဲလို သူကြီး ကိုအောင်ငြိမ်းကို အင်္ကျီကျောပြောင်၊ နှုတ်ခမ်းမွေးအဖြူ၊ မျက်လုံးအဖြူ ပုဏ္ဏားဖော့လုံးပေါင်းပြီး နို့ကုလားဝတ်တဲ့ ဒိုတီမိတ်ပါးအဖြူကို ခါးတောင်းကျိုက်၊ ပခုံးစလွယ်သိုင်းကြိုးအဖြူနဲ့ ဆင်ထားတော့ တကယ့်ကို စာတ်တွေထဲက ပုဏ္ဏားကြမ်းအတိုင်းပဲ။

ပရိသတ်က အကြည့်များလေ သူက ခေါင်းကိုငုံ့ကာ၊ ပါးစပ်ကို ရွှံ့ထာနဲ့ ကြိုးတုပ်ခံထားရတဲ့ ကလေးနှစ်ယောက်ကို ကြိုးဆောင့်ဆွဲ သစ်ကိုင်းရိုက်လေလုပ်။ ကလေးနှစ်ယောက်က တကယ့်သနားစရာကောင်းအောင် မျက်ရည်ကျပြငို။

အိုဗျာ - လာသမျှ ကလေးလူကြီးအားလုံး ဒီသရုပ်ဆောင်ကွက်ကို မြင်ရတိုင်း ဇာလီနဲ့ ကဏှာ (ကလေးနှစ်ယောက်) ကို သနားကြသလို၊ နှိပ်စက်နေတဲ့ ဇူစကာပုဏ္ဏား ကိုအောင်ငြိမ်းကို လှမ်းပြီးအမြင်ကပ်ကြရော၊ ဆဲကြရော။ လူကြည့်များလေ သူ့ကို ဝိုင်းဆဲလေ၊ ရိုက်လေလုပ်လို့ မနေနိုင်တဲ့ အဒေါ်ကြီးတစ်ဦးက -

"သိပ်မရိုက်ပါနဲ့ ပုဏ္ဏားကြီးရယ်၊ ကလေးတွေ သေကုန်ပါ့မယ်"

လို့ အသံကတုန်ကယင်နဲ့ပြောတော့ မျက်ခွံမှာ ထုံးသုတ်၊ နှုတ်ခမ်းမွေးအဖြူနဲ့ ဇူစကာပုဏ္ဏား (ကိုအောင်ငြိမ်း)က နောက်ပြန်လှည့်ကြည့်ပြီး ထပြောတဲ့ အဒေါ်ကြီးကို လက်ထဲက သစ်ကိုင်းနဲ့ ရိုက်မယ်လည်းလုပ်ရော အဒေါ်ကြီး လန့်ပြီး ပြေးပါလေရော။

ဒီမှာ ကိုအောင်ငြိမ်း(ဇူစကာ) အိမ်ခြေရင်းက ကိုအုန်းမောင်ကြီးက-

"ဒီနေ့ညတော့ မင်းရိုက်ချင်တိုင်း ရိုက်ပေါ့ကွာ။ ကိုယ့်သားသမီး မဟုတ်တိုင်း မင်းနှိပ်စက်နေ ဟုတ်လား။ အိမ်ပြန်ရောက်မှ မင်းမိန်းမ နက်ထည်ကို ပါးချည်းလိုမ့်ရိုက်ခိုင်းမယ်" တဲ့။

အဲဒီလိုလည်း ပြောလိုက်ရော၊ ဇူစကာ အောင်ငြိမ်းက ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ညာယမ်းလိုက်ပြီး မြေကြီးကို ဖနောင့်နဲ့ပေါက်လို့ ကလေးနှစ်ယောက်ကို သစ်ကိုင်းနဲ့ ရိုက်ပြန်ပါရော။

ဒီမှာပဲ အရက်မူးနေတဲ့ ဗိုလ်ချုပ်ရွာက ကိုသာဒင်ကြီး ရောက်လာလေရော။ သူက လူအုပ်ကို တိုးဖယ်ပြီးကို ဝင်လာတာ။ ပါးစပ်မှာလည်း မီးရဲနေတဲ့ ဆေးပေါ့လိပ်ကြီးကို ခဲထားလို့၊ သူက ပုဏ္ဏားအောင်ငြိမ်းကို စိုက်ကြည့်ပြီး -

"အောင်ငြိမ်းရာ သိပ်မရိုက်ပါနဲ့ကွာ။ တစ်ညလုံး သရုပ်ဆောင်ရမှာကွ"

ဒီမှာ ဇူစကာပုဏ္ဏားကိုအောင်ငြိမ်းက ဇာတ်ထဲက ပုဏ္ဏားလို ခေါင်းလေးနဲ့ မျက်စောင်းထိုးပြီး ပြန်ကြသွားကြလို့ နှင်လွှတ်ဟန်ပြုလိုက်တယ်။ ပြီးတော့ ဒေါသတကြီး ရိုက်ဟန်ပြုပြန်ပါရော။ ကြည့်နေသူတွေဟာ ကလေးငယ်နှစ်ဦးကို သနားကြတာပေါ့။ ကလေးနှစ်ယောက်ကလည်း တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ရှိုက်လို့။

"အောင်ငြိမ်း မင်းပြောလို့ မရဘူးလား"

ကိုသာဒင်ကြီးက ကလေးနှစ်ယောက်ကို ကြည့်ပြီး သနားရာက ပုဏ္ဏားကို ဒေါကန်လာရော။

"ငှဲ ငှဲ ငှဲ သူ့အဖေ ဝေတန်တျာဆီက အလှူခံနီးကီးလာခဲ့တာလေ။ အိမ်က ချစ် ချစ်နီးကီးက ထဘီလျှော်ခိုင်းနီးကီးမလို့၊ အဲ ငှဲ ငှဲ ငှဲ ငိုး ငိုး ဟီး ဟီး ဟီး အနာကျတေမဲ့ အာယုတ်တမာရေးတွေ ညံ့ညံ့လျှောက်နီးကီးစမ်း၊ လျှောက်နီးကီးစမ်း သယ် . . ."

သူများတကာက ရုပ်သေအဖြစ် သရုပ်ဆောင်တာ။ ဒီမှာ ကိုအောင်ငြိမ်းက အသံထွက်လှုပ်ရှားမှုပါလုပ်ပြတော့ သဘာဝက အရမ်းကျနေတာပေါ့။

"ပြောမရတဲ့ ခွေးမသား သွားရော့လဟာ"

ဒီမှာပဲ ကိုသာဒင်ကြီးဟာ ဇူစကာပုဏ္ဏား (ကိုအောင်ငြိမ်း)ရဲ့မည်းပြောင်နေတဲ့ ကျောကုန်းကျောပြောင်ကြီးပေါ်ကို သောက်လက်စ ဆေးလိပ်တို မီးရဲရဲကြီး ပစ်တင်လိုက်ပါရော။

"အောင်မယ်လေး သေပါပြီဗျ၊ လာကြပါဦး အမလေး အား အား"



www.burmeseclassic.com

www.burmeseclassic.com



ဇူစကာပုဏ္ဏားကျောပြင်ပေါ်မှာ ဆေးလိပ်မီးဖွာနေတွေတင်ပြီး ထွန့်ထွန့်လူး ခုန်ပေါက်နေတာကို ကြည့်နေသူတွေက ဝမ်းသာကြ၊ လက်ခုပ်ဝိုင်းတီးကြ။ မှတ်ထား သူ့အလှည့်ကျတော့ အော်လိုက်တာ သေမင်းငင်တဲ့အတိုင်းပဲနဲ့ ဆူညံသွားတာပဲ။

ဒီမှာ ပွဲထိန်းတွေ အမြန်ရောက်လာပြီး မနည်းကို မေတ္တာရပ်ခံရတယ်။ ကိုအောင်ငြိမ်းကလည်း ကျောကုန်းကို ထွန့်လိန့်ပြီး အခုချိန်ကစလို့ သူ ပုဏ္ဏားမလုပ်တော့ဘူးလို့ အကြောက်အကန်ငြင်းဆန်ပါရော။ လူကြီးတွေကလည်း သရုပ်ဆောင်ကောင်းတဲ့သူ့ကို မနည်းဝိုင်းချော့ရတယ်။ နောက်ဆုံး အရက်တစ်လုံးလည်း ပေးပါ့မယ်။ ငါတို့လည်း အနားကစောင့်ကြပ်ပေးပါ့မယ်လို့ ပြောမှ ခမျာ ကြောက်ကြောက်လန့်လန့်နဲ့ ဇူစကာပုဏ္ဏားအဖြစ် ပြန်သရုပ်ဆောင်ရတော့တယ်။

ဆိုလိုတာက ကျုပ်တို့ ငယ်ငယ်ခေတ်က အနုပညာပိုးက ဆင်းရဲချမ်းသာမရွေး လူတိုင်းရဲ့ နှလုံးသားရင်တွင်းမှာ တွဲခိုနေတာ၊ ချစ်မြတ်နိုးစွာ ခံယူထားကြတာ။ မြို့ဟာ ပျော်စရာတစ်လှေတစ်မနဲ့ ရာသီပွဲတော်ဆိုင်းကို မျှော်နေကြသကိုး ခင်ဗျ။

▮▮▮



www.burmeseclassic.com

www.burmeseclassic.com

# (၂)

**မြို့ပူမယ်မောင်**

ဒီလိုနဲ့ မျှားမကြာခင် အနာဂတ် သဘင်အနုပညာလောကမှာ တဟုန်းဟုန်းတောက်လာမယ့် မြို့ပူမယ့်ကောင် အလောင်းအလျာတစ်ဦးကို တစ်ည ဟံသာဝတီခရိုင်၊ ဆေးလုံးကြီးကျေးရွာ ရွာလယ်ပိုင်းမှာ အဘ ဦးသာဟန်၊ အမိ ဒေါ်မြရီတို့က ထူးခြားစွာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါတယ်။

အဲဒီတုန်းက ဆေးလုံးကြီးကျေးရွာ ဆလုံဘုရားပွဲမှာ ရုပ်သေးဝင်တဲ့ည။ နေ့စေ့လစေ့နဲ့ မိခင်ဒေါ်မြရီဟာ ရုပ်သေးမှမကြည့်ရရင် ဒီကလေး မမွေးဘူးဆိုလို့ လင်တော်မောင် ဖိုးသာဟန်က ရုပ်သေးစင်ရှေ့နားအရောက် ပို့ပေးခဲ့ရတယ်။

ရုပ်သေးစင်ပေါ်က 'မင်္ဂလာရယ်မှ မဏ္ဍိုင်ရယ်. . . . လေ' ပဲရှိသေးတယ်။ ဒေါ်မြရီ ဗိုက်ကထဲက ငနဲလေးက ကချင်သလို၊ ခုန်ချင်သလို အငြိမ်မနေ လူးလွန့်လာတာနဲ့ ငြိမ်ငြိမ်နေလို့ ဟန့်သည့်ကြားက ပွဲခင်းထဲတွင် မနေနိုင်မအောင့်နိုင်ဘဲ မီးဖွားမလိုဖြစ်လာတာနဲ့ အရေးပေါ် ဖျာတွေ၊ စောင်တွေကာပြီး ပွဲခင်းထဲရောက်နေတဲ့ ရွာလက်သည် ဒေါ်ဖွားတိန်ခေါ်ပြီး မီးဖွားရပါရောလား။

အကျိုးနည်း- ရုပ်သေးစင်က အဆိုရော၊ ဆိုင်းပါ ခဏရပ်ထားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မွေးသမှ ယောကျ်ားလေးဗျာ။ ဝဝတုတ်တုတ် အာပြဲလေး။ ငိုလိုက်တာလည်း အာဂလောင်ကို ခြစ်လို့။ အဲဒီညက ဒေါ်မြရီ ရုပ်သေးမကြည့်လိုက်ရဘူး။ လူအုပ်နဲ့ ပွေ့ချီပြီး အိမ်ပြန်ပို့ပေးရတယ်။ အားရပါးရ ကြည့်မတဲ့လို့ အားခဲထားတာ။ သင်းကို ပွဲခင်းထဲမှာ မီးဖွားလိုက်ရတာနဲ့ ဒီတစ်နှစ်လွတ်ကရော။ ဒေါ်မြရီ ပွဲခင်းထဲ မီးဖွားတဲ့ သတင်းဟာ ဆေးလုံးကြီးရောင်းသာမကဘူး၊ ရှာနီးချုပ်စပ် ချောင်းစောက်၊ တာဝ၊ ငါးမြေမက လာတဲ့ ပွဲကြည့်ပရိသတ်များပါ အံ့သြသွားကြတယ်။ ရုပ်သေးစင်ပေါ်က ရုပ်သေးမင်းသားကြီး ဦးအလက်ာထိန်က လော်စပီကာနဲ့ ချက်ချင်း နာမည်ပေးလိုက်တယ်။

'မောင်ပွဲခင်' တဲ့။

ရုပ်သေးပွဲခင်းထဲမှာ အရေးပေါ် မီးဖွားပြီး ရုပ်သေးမင်းသားကြီး ဦးအလက်ာထိန် အမည်ပေးခဲ့တဲ့ မောင်ပွဲခင်း ဆိုတာ တော်ရုံလူ ဟုတ်ရိုးလား ခင်ဗျာ။

ယနေ့ သန်လျင်ရွှေမြို့တော်ကြီးမှာ တရှိန်းရှိန်း တဟုန်းဟုန်း ဇာတ်ပွဲထိုးပြီး ကသောင်းကနင်း အိုးနင်းခွက်နင်း လောက်လေးနှင့်ပင် အခွင်းခံရသော ကျွန်ုပ် ဂံဠုဝင်မောင်မှိုင်းပေပေါ့ ခင်ဗျာ။ ဟား ဟား ဟား ရာဇဝင်နဲ့လာခဲ့တဲ့ မြို့မေတ္တာခံယူမယ့် သားအစစ်ပေပေါ့။

လူလားမြောက်တော့ မြို့ပေါ် ပြောင်းခဲ့ရတယ်။ (မပြောင်းရင်လည်း ရွာမှာသေမှာပဲ။ သူပုန်တွေကလည်း သောင်းကျန်းလွန်းလိုက်သမှ ရွှေငွေဥစ္စာမပြောနဲ့ ကြက်ငှက်ကျွဲနွားသာမက ဝတ်ပြတ်လာရင် အိမ်အောက်က ခွေးပိန်မပါ ဖမ်းပြီး ဆန်ပြုတ်လုပ်သောက်တဲ့ ကာလပျက်ကြီးကိုး။)

လူလားမြောက်လို့ သန်လျင်ဆံတော်ရှင် ကျိုက်ခေါက်ဘုရားပွဲရောက်တော့ ဘုရားပွဲဈေးတန်းက အိုးစည်ကို လက်ညှိုးထိုးပြတယ်။ ဇာတ်သလေးက စပြတာပေါ့။ မွေးကတည်းက အနုပညာဓာတ်ခံလေးက အချင်းကနေ ဝင်သွားခဲ့သကိုးလေ။ လူဖြစ်ကတည်းက အမေနဲ့အဖေရဲ့ ချုပ်ကို သီချင်းအော်ဆိုသိပ်ရတယ်။ သီချင်း ဆယ့်ငါးပုဒ်လောက်ဆိုပြီး အမေ လျှာထွက်နေမှ ကျုပ်က အိပ်မောကျတယ်။ အဖေက ဘာပြောမှတ်လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



"မြရီ နင်နဲ့ငါ လယ်အလုပ်ရပ်ပြီး တစ်ဇတ်ဇတ် လုပ်ရင်လုပ် ဒါမှမဟုတ်ရင် တစ်ငြိမ့်ငြိမ့် လုပ်ကြစို့"

ဒီမှာ အမေက ဘယ်လို အစီပွာယ်ပေါက်သွားသလဲ မသိဘူး။ အဖေ့ကို သနပ်ခါးတုံးနဲ့ ကောက်ပေါက်ပြီး က်လော်တုတ်တယ်။ ပြီးတော့ ကျုပ်မွေးလာလို့ သူတို့အသံ လူကြားသတဲ့။ ကျုပ်ကလည်း လူလားမမြောက်သေးခင်ကတည်းက ချော့သိပ်လို့ သီချင်းထပ်ရင် မကြိုက်ဘူးဆိုဘဲ။ ဂျီကျသတဲ့။ မအိပ်ဘူးတဲ့။

အဲဒါ အဖေခမျာ ရွာတီးဝိုင်းခေါင်းဆောင် ဦးကျော်ခင်တို့၊ ဦးလေးသာညာဏ်တို့ဆီ သီချင်းအသစ်သွားတက်ရသတဲ့။ (ရွာအဆိုတော်လုပ်ဖို့မဟုတ်ဘူးနော်)။

အမေက ကြုံရင် ပြောတယ်သိလား။

"နင်ဟာလေ မိဘနှစ်ပါးကိုသာမက လူတကာကို ဒုက္ခအမျိုးမျိုးပေးတဲ့အကောင်တဲ့။ ဒီလိုမှန်းသိရင် နင့်ဝမ်းထဲက ဇာတ်ပိုးကို အဲဒီအရွယ်ကတည်းက ဓားနဲ့ခွဲထုတ်လို့ရရင် ခွဲထုတ်ပစ်ချင်တာတဲ့ အဟဲ။

ဘုရားပွဲက ပြန်လာတော့ အိုးစည်တစ်လုံးရရော။ ဟန်ကျလိုက်တာ အိမ်မှာ အိုးစည်ကို နေ့ရောညရော တီးပါရောလား။ တစ်နေကုန်ကို တီးတာ။ ဘယ်လောက်တီးသလဲဆိုရင် အိမ်ဆွမ်းခံကြွတဲ့ ကိုယ်တော် နားပိတ်ပြီး ချက်ချင်း ပြန်ကြွသွားတယ်။

အဟောင်ကြမ်းတယ်ဆိုတဲ့ ခေါင်းရင်းအိမ်က ခွေးနက်ကြီးစိတ်တိုအိုးစည်သံကြားတဲ့အချိန်ကစပြီး အိမ်က ထွက်သွားလိုက်တာ ကျုပ်အိပ်လို့ အိုးစည်နားတော့မှ ပြန်လာသတဲ့။ ဒါတောင် ခွေးက ကျုပ်ကို စိတ်မချလို့ ခေါင်းထောင်လှည့်ကြည့်လုပ်ပြီး ထမင်းစားဆိုပဲ ခင်ဗျ။

ပတ်ဝန်းကျင်က ဂျပန်ခေတ် ဗုံးကြဲတာထက်ကို နားမခံသာလို့ သူကြီးအိမ် သွားတိုင်ကြတယ်။ အိုးစည်ကို သိမ်းရင်သိမ်း၊ မသိမ်းရင် ကျုပ်ကို ထိတ်တုံးခတ်ပါတဲ့ အဟန့်။

တစ်ခါကလည်း သက်ကြီးရောဂါနဲ့ အမောဖောက်နေတဲ့ ဘကြီးကိုကြက်တော အိမ်ရှေ့မှာ သီချင်းသုံးပုဒ်ဆိုတီးပြီး လမ်းလျှောက်သွားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ရယ် ညနေနေဝင်မှာ ဘကြီးကြက်တော ပိုအမောဖောက်ပြီး ဆုံးသွားသတဲ့။ ဘကြီးကြက်တောသမီးက ကျုပ်ကို 'သေမင်း' လို့ ဘွဲ့အမည်သစ်ပေးပြီး ဘကြီးကြက်တောသမက် ကိုစိန်အာလူးက ကျေးဇူးတင်တယ် မောင်မှိုင်းဆိုပြီး ငှက်ပျောသီးငါးလုံး လာဆုချသွားတယ်။ အဲဒါ ပထမဦးဆုံး ကျုပ်ရတဲ့ အနုပညာကြေးပဲ သိလား။

(အခု ကျုပ်အသက် ငါးဆယ်ကျော်ပြီ၊ လူပျိုကြီးဘဝနဲ့ အိုးစည်တီးတုန်းပဲ။ အခု ပိုပြီး လက်ကျမြန်လာတယ်။)

တစ်နေ့တော့ ကျုပ်က စဉ်းစားတယ်။ သားရေကြက်ထားတဲ့အိုးစည်ဟာ အောက်တလည်း အပေါက်ဖွင့်ကြီးနဲ့ ဘယ့်နှယ်လုပ် အသံမြည်နေသလဲ။ ဒါကို ကလေးဘဝပေမင့် သိပ်သိချင်တယ်။ အသံက တီးလိုက်ရင် အထဲက မြည်နေတာ။ ဘယ်နားက မြည်တာလဲ။ အသံထွက်ရင် အမှန်က အောက်ပေါက်က ထွက်ရမယ်။ မဟုတ်ဘူး မြည်တော့ အပေါ်က မြည်နေတာ။ အဲဒါ သိပ်သိချင်လို့ စဉ်းစားနေတာ ရက်မနည်းဘူး။ အိုးစည်ဖင်ပေါက်ကို နားနဲ့ကပ်ပြီး တီးကြည့်တယ်၊ မြည်တယ်၊ နားနဲ့ခွာပြီး ခွင့်တီးကြည့်တယ် ဒါလည်း မြည်နေတာပဲ။ ဒါဆို အသံက အထဲမှာ ရှိတိုရှိရမယ်။ အိုးစည်သံဟာ အလုံးလား၊ အပြားလား၊ လေးထောင့်လား ကျုပ် သိချင်နေတယ်။ အမေ့လည်း ဒီကိစ္စ မမေးချင်ဘူး၊ အဖေ့လည်း မမေးချင်ဘူး။ ဒီလိုမေးလိုက်ရင် ကျုပ်သိက္ခာကျသွားနိုင်မယ်လို့ ကျုပ်က ကလေးဘဝကတည်းက ယူဆခဲ့သကိုး။

ဒါနဲ့ အိမ်မှာ ဘယ်သူမှမရှိတုံး ကြက်သွန်လှီးတဲ့ဓားနဲ့ အိုးစည်အပေါ် သားရေကို ခွဲဖွင့်ပြီး အသံကို လိုက်ရှာလိုက်တယ်။ ဟောဗျာ သားရေလည်းကွဲရော အသံဘယ်ရောက်သွားမှန်း မသိဘူး အံ့ရော။ လက်နဲ့ တီးကြည့်တော့ ဘတ် ဘတ် ဘတ်ပဲ မြည်နေရော။ ဟုတ်ပြီ - ဒီကောင် ကျုပ်ကို လန့်လို့ ကြောက်လို့ အတွင်းထဲမှာ ခိုကပ်ပုန်းနေတာ ကျိန်းသေပြီ။

ဒါနဲ့ အဖေ ထင်းခွဲတဲ့ ဓားမကြီး ပြေးယူပြီး အိုးစည်ကို ထက်ခြမ်းခွဲလို့ အသံကိုလိုက်ရှာလိုက်တယ်။ အိုးစည်သာ ထင်းဖြစ်သွားတယ်ဗျာ။ အသံကို လိုက်ရှာလို့ကို မတွေ့ဘူး။ ခုနကပဲ ဒီအသံရှိသေးတယ်ဗျာ။ အခု

www.burmeseclassic.com



မရှိတော့ဘူး။ သင်း ဘယ်ပျံသွားလဲ မသိဘူး။ အနီးအနား လိုက်ကြည့် ဘယ် မရှိဘူး၊ ဘော့ အသံပြန်လာလို့ ခေါ်ကြည့်တယ် သင်းမလာဘူး။ ဒီလိုနဲ့ စိတ်အိုက်နေတုန်း အမေ ရောက်လာရော -

"ဟောတော့ ငမိုး ဒါ ဒါ ဘယ်လိုလုပ်လိုက်တာလဲဟင်"

"ဘာတို့လဲ အမေ"

"အိုးစည်အကောင်းကြီးကို နင် နင် ဘာလို့ ဓားနဲ့ခွဲပစ်ရတာလဲ"

"ကျွန်တော် အိုးစည်အသံကို လိုက်ရှာတာ အမေ"

"ဘာ- ဘာပြောတယ် ငမိုး၊ ပြန် ပြန်ပြောစမ်း ပြောစမ်း"

အမေဟာ ထင်းချောင်းဘဝရောက်နေတဲ့ အိုးစည်ကို တစ်လှည့်၊ ဓားမကြီးအနားချပြီး စဉ်းစားနေတဲ့ ကျုပ်ကိုတစ်လှည့် ကြည့်ပြီး အသွားများ ဆတ်ဆတ်တုန်လို့ ဒေါသတွေ မျက်နှာပေါ်မှာ ပလူပျံနေတယ်။

"အိုးစည်အသံ ဘယ်နားက ထွက်တာလဲ ဘယ်နေရာမှာရှိတာလဲ သိချင်လို့ ဓားနဲ့ခွဲရှာကြည့်တာ အမေ"

"တွေ့လား တွေ့. . . ရဲ့လား"

"ဟင့်အင်း - ဘယ်ရောက်သွားမှန်း မသိဘူး"

"ဟဲ့ ငနာကောင်၊ နင်ဟာ ငါတို့ကို တစ်သက်လုံး ကောင်းကျိုးမပေးဘူး။ အိုးစည်အသံဟာ ဒီလိုရှာလို့ရမလားဟဲ့ ငတုံးရဲ့။ ကိုင်း ကိုင်း. . . ကဲ . . . ကဲ . . . သေ. . . သေဟ"

"ဖြောင်း. . . . ဖြောင်း"

"အမလေးဗျာ"

"ဒေါက် . . . ဒေါက် . . . . ဒေါက်"

"ဂွပ်"

"အမေရေ ကြောက် ကြောက်ပါပြီဗျ အား အား အား"

"အတတ်ဆန်းဦး ကမြင်းကြောထဦး သေဟ သေ"

"ဝုန်း"

"ဖြောင်း"

"ခွပ်"

"ဒေါက် ဒေါက်"



www.burmeseclassic.com

www.burmeseclassic.com



အမေ့ရဲ့ လက်ဝါး၊ လက်ခေါက်၊ ဖနောင့်နှင့်အတူ ကြေးဖလား ရေခွက်တွေက ကျုပ်ခေါင်းပေါ် ကျောပေါ်ကို ဖယ်ဆက်သလို ပတ်ဝိုင်းကို မွှေတီးလိုက်လိုက်သလို ဆလန်တိုက်ကျလာခဲ့တယ်။ ကျုပ်လေ နာလွန်းလို့ အော်လိုက်ရတာ၊ ငိုလိုက်ရတာ ခေါင်းရင်းအိမ်က အဘွားဒေါ်သုန်တို့က လာဝင်ဆွဲလို့၊ နို့မို့ အမေဟာ ကျုပ် အိုးစည်ကို တစ်စစီလုပ်ပစ်သလို ကျုပ်ကိုလည်း အမေ တစ်စစီများ လုပ်ပစ်မလား မသိဘူး။ တော်ပါသေးရဲ့ ခင်ဗျာ၊ အဘွားဒေါ်သုန်တို့ ကောင်းပေလို့၊ နို့မို့ ယခုလို ဇာတ်သဘင် လောကရဲ့ မြို့ပူတဲ့ကောင်၊ မြို့မေတ္တာခံယူမယ့်ကောင်ဘဝ ရောက်လာမှာ ဟောင်း မဟုတ်ဘူး။

"ဟဲ့ မြရီရယ်၊ ကလေးဥစ္စာ မသိနားမလည်လို့ လုပ်တာပဲဟဲ့၊ တော်ပါတော့"

"ဒါ ဒါ ကလေးလား၊ အဘွား မသုန်ရယ်။ ဟင်း ကြံကြီးစီရာတော် အိုးစည်ကို ခားနဲ့ခွဲပြီး အသံရှာသတဲ့တော့။ ဟီး ဟီး ဟီး ဘယ်ကမ္ဘာမှာမှ မကြားဘူးပေါင်တော်။ ဟဲ့ ငမိုင်းရဲ့၊ ခုတော့ ငွေငါးဆယ်ကျော် ပေးခဲ့ရတဲ့အိုးစည် ထင်းဖြစ်သွားပြီဟဲ့ သေနာကျလေးရဲ့ ဟီး ဟီး။ အဘစိန်ဗေဒါတို့၊ အဘဦးဘမောင်တို့ ကျွန်မဘဝကို လာကြည့်ကြပါဦးတော့ ဟီး ဟီး ရှုတ် ရှုတ် ဟီး ဟင့် အီး"

အမေဟာ နှမြောလွန်းလို့ သို့ကလို နာမည်ကျော်ဆိုင်းပညာရှင်ကြီးများကို တိုင်တည်ပြီး ရင်ထုငိုရှာတယ်။ အဖေရောက်လာတော့ အဖေ့ကို ဒေါသနဲ့ အော်တိုင်ပြောပြီး ငိုပြန်ပါရော။ အဖေက တစ်စစီ ပြန့်ကျဲနေတဲ့ အိုးစည်ကိုကြည့်ပြီး ဝါးလုံးကွဲရယ်တယ်။ ရယ်ရင်းက ဘာပြောမှတ်လို့ တုံး။

"တိတ်ပါ မြရီရာ၊ မင်းသားဟာ အောင်ဗလတို့၊ ဖိုးစိန်တို့၊ ရွှေမန်း တင်မောင်တို့လို ဒါမှမဟုတ် ရွာစားကြီး စိန်ဗေဒါတို့၊ စံတော်ချိန် စိန်ဘမောင်တို့လို တောက်မယ့်မီးခဲတရဲရဲပဲဟဲ့။ ဒီလို သားကောင်း ရတနာမျိုး မွေးရတာ ဂုဏ်ယူလိုက်စမ်းပါ" တဲ့ ခင်ဗျာ။

အဟီးဟီး- ပညာရှိလိုက်တဲ့ အဖေ့နှယ်ဗျာ။ ဒါကြောင့် ကျုပ်က အဖေ့ကို ချစ်တာဗျ။ ပြောရရင် ကျုပ်ရဲ့ အရွယ်နဲ့မလိုက် သူတော်သနပြ



www.burmeseclassic.com

www.burmeseclassic.com



မှုတွေဟာ ဤမျှလောက်နဲ့ မရပ်ခဲ့ဘူး ခင်ဗျ။ သိလား- လူထုပညာရေးမှူး ဆရာလေး ဦးလှမြိုင်ကတော့ ကျုပ်ရဲ့ ထူးခြားတဲ့ စွမ်းဆောင်ရည်များကို ကြည့်ပြီး သိပ္ပံပညာရှင် အာခီမီးဒီးစ်တို့၊ ပလေတိုတို့ သေလို့များ ဝင်စားသလားမသိဘူးလို့ ပြောခဲ့သဗျ။

တစ်နေ့ ဆွမ်းအုပ်သွားပို့ရာကို လိုက်သွားရင်း ရွာဦးကျောင်းဆရာတော် ဦးဇင်းကျောက်အိုးက ကျုပ်ရဲ့လက္ခဏာကို ကြည့်ရှုစစ်ဆေးတယ်။ ရွာကျော်ဖြစ်နေသူကြီးရဲ့ လက္ခဏာကိုပေါ့ဗျာ။

"ဟဲ့ မြရီ၊ နင့်သားဟာ အလကားကောင် မဟုတ်ဘူး ဒကာမကြီးရဲ့"

"ဘယ်လိုများ ထူးခြားလို့ပါလဲ ဘုရား"

"ဒီကောင်က ဗေဒင်သဘောအရဆို အထွန်းဖွားဟ"

"အထွန်းဖွားမှာပေ့ါဘုရား၊ ပွဲခင်းထဲ မွေးတာကိုး"

"ဟဲ့ - အဲဒါပြောတာ မဟုတ်ဘူး၊ အနာဂတ်မှာ ထွန်းကားကျော်ကြားမယ့် လက္ခဏာရှင်လို့ ပြောနေတာဟဲ့"

"ဘယ်လို ကျော်ကြားမှာလဲ ကိုယ်တော်ဘုရား၊ သူခိုးဓားပြအဖြစ်နဲ့လား၊ ပညာရှိသူတော်ကောင်းအဖြစ်နဲ့လား ဘုရား"

"ဒီကောင်ကြီးရင် စာရေးဆရာသော် လည်းကောင်း၊ ဇာတ်သဘင်သမားသော် လည်းကောင်းဖြစ်မယ့် အနုပညာလက္ခဏာ ပါတယ်။ ဉာဏ်လမ်းကြောင်း ပွင့်နေတယ် ဒကာမကြီးရဲ့"

"အိုးစည်တော့ လေးစိတ်ကွဲပြီး ထင်းဖြစ်သွားပါပြီ ဘုရား"

"ဟေ"

"ကြေးလင်းကွင်းဝယ်ပေးတာလည်း ပါတာနီနဲ့ လဲစားလိုက်ပါသေးတယ်ဘုရား"

"ဗုဒ္ဓေါ- အာဂပါလားဟဲ့ဟင်"

"ပလွေမှုတ်ချင်လို့ ဝယ်ပေးပါ ပူဆာတာနဲ့ ပလွေဝယ်ပေးလိုက်ပါတယ်။ ပလွေအခေါင်းထဲ ရေထည့်မှုတ်လို့ ပျက်ခဲ့ပါရောလား အရှင်ဘုရား"

"အလိုလေးလေး၊ ငါ့ကျောင်းမှာ သင်းကို လာမထားနဲ့နော် ဒကာမကြီး"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါ ဘောလုံးဝယ်ပေးပြန်တော့ ဘောလုံးထဲဘာရှိလို့ဒီလောက် ခုန်ရတာလဲဆိုပြီး ဓားနဲ့ခွဲကြည့်သတဲ့ ဘုရား"

"ဘုရား ဘုရား"

"နောက်နှစ် ဘုရားပွဲက နွားရုပ်ဝယ်ပေးပြန်တော့ အမဲသားပေါ် ရောင်းမယ်ဆိုပြီး ဓားနဲ့လှီးပစ်လိုက်လို့ တစ်ရာ့ငါးဆယ်ပေးရတဲ့ နွားသိုးရုပ်ကြီး မီးလှုံပစ်ရတဲ့အဖြစ်ရောက်ရော ဘုန်းဘုန်းကြီး ဘုရား"

"အိမ်း အိမ်း အိမ်း၊ တောက်မယ့်မီးခဲတရဲရဲကို ဒကာမကြီးရယ်၊ သည်းခံပြီး မွေးပါကွယ်။ တစ်နေ့နေ့တစ်ချိန်ချိန် သင်းကြောင့် မိဘ နှစ်ပါး ဂုဏ်သတင်း ကျော်စောမှာပါကွယ်"

"မှန်ပါ့ဘုရား၊ အချုပ်ထဲလိုက်မတွေ့ရ၊ သူကြီးအိမ် လျော်ကြေးလိုက် မပေးရရင် တော်ပါပြီ ဘုရား။ အခုတော့ အိမ်မှာ နောက်ဆုံးကျန် တဲ့ ကြေးစည်ကို မျက်စောင်းထိုးနေပါတယ် ဘုရား"

ဆရာတော်ဘုန်းကြီး ဦးကျောက်အိုးဟာ ကျုပ်ကိုကြည့်ပြီး လန့်သွား တယ်။ ဒါနှင့်အတူ ကောင်းကောင်းမွန်မွန် လိမ်လိမ်မာမာနေဖို့၊ လူကြီး စကား နားထောင်ဖို့ ဆုံးမစကားများ မိန့်ကြားခဲ့တယ်။ သည့်နောက် ဆရာတော်ကြီးကို ဦးကုန်းချပြီး သားအမိနှစ်ဦး ဆွမ်းဟင်းများလဲလှယ်လို့ အိမ်ပြန်လာခဲ့လိုက်ကြတယ်။

လမ်းလည်းရောက်ရော ဖြုန်းဆို မိုးဖွားကလေးတွေ ကျလာပါလေ ရော။ အဲဒီမှာ အမေက ယွန်းပန်းကြီး ခေါင်းပေါ် ရွက်ရင်း -

"မြန်မြန်ပြေးဟဲ့ ငမိုင်းရဲ့၊ မိုးက သည်းမယ့်ပုံဟဲ့"

"မပူပါနဲ့ အမေရ"

"ဘာလို့ မပူရမှာလဲ၊ မိုးက လိုက်လာနေပြီ၊ ခမောက်ပါမလာဘူး ပြေး"

"ဒီမှာ ထီးရှိပါတယ်ဗျ"

"ဟင်- ဘယ် ဘယ်မှာလဲ"

ဒီမှာ- ကျုပ်က ဘုန်းကြီးဆောင်းတဲ့ထီးကိုဖွင့်ပြီး စတိုလ်နဲ့ ခေါင်း ဆောင်းပြလိုက်ရော အမေ့မျက်လုံးပြူးသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ - ငမှိုင်း နင် နင် ဒီ ဒီဘုန်းကြီးထီးကြီး ဘယ်က ယူလာတာလဲ ဟင်"

"ဘုန်းကြီးကျောင်းလှေကားမှာ ထောင်ထားတာတွေ့တာနဲ့ ဆွဲလာတာဗျ"

"ဟဲ့ - အကူသိုလ်ကောင်၊ ငရဲကို ဖောက်ထိုးဆင်းမယ့်အကောင်။ ကြည့်စမ်းတော် ဘုန်းကြီးကျောင်း တစ်ခါလေး ခေါ်သွားပါတယ်။ အပြန်မှာ ဘုန်းကြီးထီး ခိုးလာတယ်လို့ သေဟဲ့ သေဟဲ့"

အမေဟာ ကျုပ်လက်ထဲက ဘုန်းကြီးထီးကြီးကို ဆတ်ခနဲ လှမ်းယူ ပိတ်လိုက်ပြီး ကျုပ်တင်ပါးကို ညာခြေနဲ့ တအားဆောင့်ကန်လိုက်တယ်။ အမေ့ကန်ချက် ဘယ်လောက်ပြင်းသလဲ မသိဘူး။ ကျုပ် လမ်းနံဘေး ဗွက်ထဲမှာ မှောက်ရက်ကျသွားတယ်။ ပါးစပ်နဲ့ မျက်စိထဲ ရွှံ့ရည်တွေဝင်ပြီး ဘာမှ မမြင်ရသလို ဖြစ်နေတယ်။ ဒီမှာပဲ အမေဟာ ဘုန်းကြီးထီးကြီး ချိုင်းကြားညှပ်လို့ ရွာဦးကျောင်းကို နောက်တစ်ခေါက် သုတ်ခြေတင် ပြန် သွားခဲ့ရတယ်။

သွားရင်းကနေ ဒေါသနဲ့ နောက်ပြန်လှည့်ကြည့်ပြီး -

"အိမ်ရောက်မှ နင့်ကို အမှုန့်ချေပစ်မယ်" တဲ့ လှမ်းအော်တယ်။ မြတ်စွာဘုရားအဆူဆူတို့ ကယ်တော်မူကြပါဦး ဘုရား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

(၃)

**အဆိုကျော် ဂန္တဝင် မောင်မှိုင်း**

ကျုပ် စင်ပေါ်စတက်ခဲ့တဲ့ဘဝ စပြောရရင် ကိုးတန်းကျောင်းသား ဘဝကပေါ့ဗျာ။ သီတင်းလည်းကျွတ်ရော အထက (----) မှာ ဆရာကန် တော့ပွဲ လုပ်တယ်ခင်ဗျ။ အဲဒီမှာ အနုပညာအသင်း ကျောင်းသားကြီးများ က ဖျော်ဖြေရေးအစီအစဉ်အနေနဲ့ တစ်ခန်းရပ်ပြဇာတ်တို့၊ တစ်ပင်တိုင် ဇာတ်တို့၊ အငြိမ့်တို့၊ သီချင်းအဆိုတို့ ထည့်ကြတယ်လေ။

တစ်နေ့ အနုပညာအသင်းက ကျောင်းသားကြီးတွေ ကျုပ်တို့ ကိုး တန်းအခန်းကို ရောက်လာပြီး အတန်းပိုင်ဆရာမကြီး ဒေါ်ခင်ပေါ်ကို -

"ဆရာမကြီး၊ ဆရာမကြီးတို့အခန်းက ဒီနှစ် အာစရိယပူဇော်ပွဲမှာ သီချင်းဆို ဖျော်ဖြေချင်တဲ့ ကျောင်းသားကျောင်းသူ ဝါသနာရှင်များ ရှိပါသလားလို့ လာမေးတာပါ ခင်ဗျ"

"ဖျော်ဖြေရေးပါတယ်လားကွယ့်"

"ဟုတ်ကဲ့ ခင်ဗျ၊ ပျော်ပျော်ရွှင်ရွှင် စည်စည်ကားကားလည်း ဖြစ် အောင် တစ်ခန်းရပ်အငြိမ့်၊ အဖွဲ့လိုက်အဆို၊ တစ်ဦးချင်းအဆိုရော စီစဉ်ထားပါတယ် ခင်ဗျ။ ဝါသနာပါရင် မည်သူမဆို ပါဝင် သီချင်း ဆိုနိုင်ပါတယ် ခင်ဗျ အဲဒါ. . ."

"တဲ ဟော့ - ဒီနှစ် အာစရိယပူဇော်ပွဲမှာ ဖျော်ဖြေရေး အစီအစဉ် ပါသတဲ့ကွယ့်။ မင်းတို့အထဲက ဆိုချင်ကချင် ဝါသနာပါသူရှိရင်



www.burmeseclassic.com

www.burmeseclassic.com



အခု စာရင်းပေးနိုင်သတဲ့၊ ဘယ်သူဆိုချင်ကချင်ကြသတုံး"

ကျောင်းသားကျောင်းသူ (၆၀) ရှိတဲ့ အခန်း တိတ်နေတယ်။ အချို့ကလည်း ခေါင်းချင်းဆိုင်ပြီး တိုးတိုးတိုးတိုးနဲ့။ အချို့က နင်ဆိုပါလား၊ ငါဆိုပါလားနဲ့ ကြိတ်မြှောက်ပေးနေကြတယ်။ အနုပညာအသင်းက ကျောင်းသားကြီးတွေကလည်း ဘယ်သူများ စာရင်းပေးမလဲလို့ ငဲ့လင့်ပြီး အတန်းသားများကို မျှော်လင့်ကြီးစွာ လိုက်ကြည့်နေတယ်။

"ဟဲ့- မကြီးခင် တစ်ပုဒ်လောက် ဆိုလိုက်ပါလား"

"အမ်မလေးလေး မ. . . မလုပ်ပါရစေနဲ့ ဆရာမကြီး"

ဒီမှာ နောက်တန်းက တစ်ယောက်က လှမ်းပြောလိုက်တယ်။

"ကြီးခင်က ရန်တွေ့ဖို့ပဲရတာ ခင်ဗျ"

သို့ကလို ပြောလိုက်တော့ မကြီးခင်က နောက်ပြန်လှည့်ကြည့်ပြီး (----) တွေလို့ မေတ္တာပို့တယ်။

"ဒါဆို မသန်းမြရော"

"မဆိုတတ်ဘူး ဆရာမကြီး အဟီး"

"မသန်းမြက အတင်းပြောသူများအသင်းမှာ နာယကခင်ဗျ"

မသန်းမြ ခေါင်းပုဝင်သွားရာကနေ နောက်ဘက်ကို လှည့်ကြည့်ပြီး လက်ဝါးကို ထောင်ပြလိုက်ရပြန်ရော။

"ယောကျ်ားလေးတွေထဲကရော သောင်းလှိုင်နဲ့ မော်လမြိုင်သားအကြား စိုးဝင်းတို့ရော၊ ကော်ရစ်တာမှာတော့ မုန့်စားဆင်းရင် နင်တို့ဆိုနေကျ မဟုတ်လား"

သောင်းလှိုင်နဲ့ ရွှေသွားမော်လမြိုင်သားစိုးဝင်း မလှုပ်ရဲကြဘူး။ ဒီကောင်နှစ်ကောင်ကလည်း မုန့်စားလွှတ်တာနဲ့ ကိုးတန်း(စီ) အခန်းက တရုတ်မလေး မကျင်စန်းရီကို ပိုးပြီး အခန်းပြတင်းဝ ကော်ရစ်တာကနေ သီချင်းတွေ စောင်းဟစ်နေတဲ့ မောင်ငမ်းမွေးတွေလေ။ ကိုးတန်းကျောင်းသားများသာမကဘူး၊ ဆရာ၊ ဆရာမတွေရော၊ ကျောင်းစောင့်ဒွါ်ပါ အကုန်သိ ဥစ္စာ။

"သောင်းလှိုင် ဘယ်လိုလဲ ဒါအစွမ်းပြရမယ့်အချိန်ပဲ"

"သိ သီချင်းတွေ မေ့ မေ့ကုန်လို့ ဆရာမကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဝါး ဟား ဟား ဟား ဟား. . . ."

"ဟီး ဟီး ဟီး ဟီး ဟေး ဟေး ဝါး . . ."

"ဟိုမော်လမြိုင်သား ရွှေသွားကြွား စိုးဝင်းရော"

"အစနဲ့ အဆုံးပဲ ရတယ် ဆရာမကြီး၊ အလယ်အပိုဒ်တွေ မရဘူး ခင်ဗျ"

"ဟား ဟား ဟား ဟား ဝါး သေလိုက်ပါ စိုးဝင်းရာ"

"မှတ်သားလောက်ပေ့ဗျာ၊ ဝါး ဟား ဟား ဟား ဟီး ယား"

"ဟေး ဟေး ဟေး ဟေး ရှိ"

ကျောင်းသားတွေရော ကျောင်းသူတွေပါ သင်းတို့ နှစ်ဦးအပြောကြောင့် ပတ်တုတ်မရအောင် ပွဲကျသွားကြတယ်။ ဒီအချိန်မှာ ကျုပ်နဲ့ ပုသိမ်မောင်သောင်းဟန်နဲ့က ခေါင်းချင်းဆိုင်တိုင်ပင်လို့ကောင်းနေချိန်။

မောင်သောင်းယဉ်ဆိုတာက ပုသိမ်သား၊ အရပ်ကလန်ကလားကြီး၊ (နောင်ကား ပုသိမ်မောင်သောင်းယဉ် အမည်ဖြင့် ကဗျာ၊ သီချင်း၊ ဝတ္ထုများ ရေးသားကာ မြန်မာ့အသံမှာ အဆိုတော်ပြားများရခဲ့သူ ဖြစ်သည်။) ကျုပ်တို့က သူ့ကို နာမည်မခေါ်ဘူး၊ ပုသိမ်ထီး၊ ပုသိမ်ကြီး၊ ကိုဟာလဝါ စသည် ခေါ်ကြတယ်။

"ပုသိမ်ကြီး မောင်ရင် ဆိုပါလား"

"မင်းဆိုရင် ငါပါ ဆိုမယ်လေ-မောင်မှိုင်းရ ဘယ့်နှယ်"

"ဒါဆို စာရင်းပေးလိုက်ကွာ"

"ဟေ - တွတ်ထိုးနေတဲ့ ဟိုနှစ်ယောက် မောင်သောင်းယဉ်နဲ့ မောင်မှိုင်း မင်းတို့နှစ်ယောက်ကတော့ ကဗျာလေးစာလေး ဝါသနာအခံ ရှိတာ ဥစ္စာ။ ကိုယ့်ဆရာသမားများ ကန်တော့ပွဲမှာ အနုပညာသံစဉ်လေးနဲ့ ကန်တော့ ဂါရဝပြုရတာ နည်းတဲ့ကုသိုလ်ကံလားဟဲ့ ပြော"

ဒီမှာ ပုသိပ်မောင်သောင်းယဉ်က မတ်တတ်ရပ် ရင်ကော့ပြီး -

"ကျွန် . . . တော် ဆို . . . ဆိုမယ်၊ ဆ. . . ရာမကြီး"

"ဝေး - ပုသိမ်ထီးကွ"

"မသောင်းယဉ် အဲ အဲ မောင်သောင်းယဉ်ကွ"

"ဟာလဝါကြီးကွ ရှိ . . . ရှိ . . . ရှိ"



www.burmeseclassic.com

www.burmeseclassic.com


"ဖြန်း . . . ဖြန်း . . . ဖြန်း"

အချို့က စာရေးခုံကိုပုတ်ပြီး အားပေးကြတယ်၊ အချို့က လက်ခေါက်မှုတ်ကြတယ်။ ဆရာမကြီးက စားပွဲကို ကြိမ်လုံးနဲ့ရိုက်ပြီး -

"ဟဲ့ ဟဲ့- မအော်ကြနဲ့လေ၊ ဘေးခန်းတွေ စာသင်နေတယ်။ ငါတပည့် မောင်သောင်းဟန်က သတ္တိကောင်းသားပဲ။ လူဆိုတာ အဲဒီလို ပွဲဝင်ရဲရတယ်ကွယ့်။ ကဲကဲ- ကလေးတို့၊ မောင်သောင်းဟန်အမည် မှတ်လိုက်ပါကွယ်"

အနုပညာအသင်း ကျောင်းသားကြီးများက မောင်သောင်းယဉ်အမည်ကို စာအုပ်မှာ မှတ်လိုက်ကြတယ်။

"ကိုသောင်းယဉ်၊ ဘာသီချင်းဆိုမှာလဲ ခင်ဗျ သီချင်းအမည်ပေးပါ"

"အဲ အဲ သီချင်းအမည်က အဲ . . . ဟို . . . . ဟိုဒင်းဗျာ၊ ဟို . . . ဟိုဒင်း . . ."

"မြန်မြန်ပြောလိုက်ပါကွာ၊ အရေးထဲများ ထစ်နေရတယ်လို့"

ကျုပ်က ဒေါသနဲ့ သူ့ကို တွတ်လိုက်တယ်။ ကြည့်ပါဦး၊ သီချင်းဆိုမယ့်လူတဲ့ စကားပြောတာ ထစ်နေတယ်။ စင်ပေါ်မှာ ဒီလို ထစ်နေရင် အဟားခံရမှာ။ သင်းကို အတော် ပညာပေးမှရဦးမှာပါဗျာ။ ဟိုကောင်တွေ စံကုလားတို့၊ မောင်လှိုင်တို့၊ စိုးဝင်းတို့အုပ်စုနဲ့တွေ့လို့ ပြောင်းဖူးရိုးနဲ့ ပစ်ရင် အရှက်ကွဲရော။

"ကိုသောင်းယဉ် သီချင်းနာမည် ဘာလဲ"

"ဟို ဟို . . . ပါ . . . တော် . . . မူ . . . ပါ"

"ဝါး ဟား ဟား ဟား၊ ပါတော်မူတဲ့ဟေ့"

"ဟီး ဟီး ဟီး ဝါး ဟား ဟား ဟား ဟား"

မကြီးခင်တို့၊ မသန်းမြတို့ မိန်းကလေးအုပ်စုက 'ပါတော်မူ' လို့ ပြောသံလည်း ကြားရော ဝါးလုံးကွဲအော်ပြီးရယ်ကြတယ်။ ရယ်လိုက်ကြသာ မျက်စိကို ပိတ်နေတာပဲ။

"အလွမ်းသီချင်းလား၊ အချစ်သီချင်းလား ခင်ဗျာ"

"အ . . . အ . . . လွမ်း . . . သီချင်း . . . ပါ"

"ဟီး ဟီး ဟီး ဖြစ်ရလေခြင်းဟယ် ရွှတ် ရွှတ် အဟိတ် . . ."


www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား တကယ်လွှမ်းပြီပေါ့လေ၊ အဲဒီနေ့ကျရင် ဒန်ဖလားပါ ယူခဲ့နော်၊ မယ်ဒလင်ကြိုးလည်း ပြတ်နေဦးမယ်။ နား ကန်းနေရင် ကောင်းမယ်ဟေ့ အဟီးအဟီး"

မကြီးခင်တို့အုပ်စုရယ်ဗျာ၊ သီချင်းခေါင်းစဉ်လေး ပေးရုံပဲရှိသေး တယ်။ အဲဒီလိုကို ဝိုင်းဝန်းမြှောက်စားကြတာရယ်။ သူတို့အားလုံးကလည်း ပုသိမ်ကြီးအကြောင်း သိနေကြတာကိုး။ ဒီလို တစ်နေ့မဟုတ်တစ်နေ့ လမ်းမှာကိုလည်း ရိပ်မိနေကြပြီးသား။ လူသိရှင်ကြား ဟစ်မယ်ဆိုတာ သဘောပေါက်ပြီးသား။ ဘယ်နေ့မှန်းမသိပေမင့် ခုတော့ သိရပြီ။ ဒါက အကြောင်းရှိတယ်။

သူ (ပုသိမ်) ပိုးနေတဲ့ ကိုးတန်း (ဒီ) က ခင်ချမ်းမြေ့ ဟိုတစ်နေ့က ခင်နောက်လိုက်သွားတာကိုး။ ပုသိမ်ကြီးက ခင်ချမ်းမြေ့ကို အရမ်းချစ် တာပါဗျာ။ ခင်ချမ်းမြေ့က သေးသေးကွေးကွေး ပုပုလေး။ ဒါပေမင့် ချစ်စ ရာကောင်းတယ်။ အသားဖြူဖြူ သမင်မျက်လုံးလေးနဲ့၊ ရယ်လိုက်ရင် သွား တက်ကလေးဖွေးနေတာ မြင်လိုက်ရရင် ကျုပ်တို့ကျောင်းသား ကာလသား များ ခလုတ်တိုက်လဲရတယ်။ ပိုးသာပိုးနေတာ ခင်ချမ်းမြေ့ကို ချစ်တယ်လို့ သူ ဖွင့်မပြောရဲဘူး။ ဒီမှာ ပုသိမ်ကြီးက မုန့်စားဆင်းချိန် ရောက်တာနဲ့ ကြီးမေတို့ ခေါက်ဆွဲသုပ်ဆိုင်က ခေါက်ဆွဲသုပ် တစ်နေ့တစ်ပွဲ ဝယ်ဝယ် ပြီး လက်ဆောင်ပို့တယ်။

ခင်ချမ်းမြေ့ကလည်း အားနာလိုက်တာ ကိုကိုသောင်းရယ်ဆိုပြီး ယူ သွားလိုက်တာ နေ့စဉ်ပဲ။ ပြီးရင် သူငယ်ချင်းတွေနဲ့ အားရပါးရ အုပ်ပါ သေးရော။ တစ်ခါတလေ ဖာလူဒါ၊ တစ်ခါတစ်ရံ လက်ဖက်သုပ်၊ နောက် နှ ချဉ်ငန်စပ် မထပ်စေရဘူး။ သဒ္ဒါအရာမှာ ဝေဿန္တရာ။ ပိုးရာမှာ တော့ နောက်ပိုး၊ ရှေ့ပိုး၊ အလယ်ပိုးကြီး။ သဒ္ဒါလိုက်တာ။

ပုသိမ်ကြီး ကိုယ့်လည်း ကွမ်းတစ်ယာလောက် ဝယ်ကျွေးစမ်းပါ သူ ငယ်ချင်းရာဆိုရင် ပိုက်ဆံမရှိဘူးတဲ့။ ပိုက်ဆံဟာ ရွှေထက်ရှားတယ်တဲ့။ ငွေဆိုတာ ရေလိုမသုံးရဘူးကွတဲ့ဗျ။ သူ့ကောင်မလေး ခင်ချမ်းမြေ့အတွက် ဆိုရင် ဖောင်တိန်ကိုပေါင်တယ်။ ပုဆိုးကိုပေါင်တယ်။ သူ့အမေ ချွေးခံ အကျီအိတ်ထဲ ပိုက်ဆံ အလစ်သုတ်ခဲ့ပြီး ကျွေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု အဲဒီ ခင်ချမ်းမြွေလေးက စာသင်နေရင်တန်းလန်းက လင်နောက်လိုက်သွားပါရောဲ လိုက်သွားတဲ့လူက တော်ရုံတန်ရုံလူဆို ဖြေသာပါသေးရဲ့။ ခုဟာက သန်လျင်မြို့က မောင်ဗမာဘွဲ့ရ ဟဲဗီးဝိတ် အလေးမ,သမား ကိုချစ်တီးရှောင်ဆိုတဲ့လူနဲ့ လိုက်ပြေးတာ ကျွတ် ကျွတ် ကျွတ်။

ချစ်တီးရှောင်ကလည်း နည်းတဲ့ငနဲကြီး မဟုတ်ဘူး။ နွားမတမ်းကို မ,ပြနိုင်တယ်။ ထွားထွားကားကား မြင့်မြင့်ကြီး။ အဲဒီသတင်းကြားပြီးကတည်းက ပုသိမ်မောင်သောင်းယဉ် ရင်ဆို့လို့ ခမျာ ထမင်း လုံးဝမစားနိုင်ဘူး။ မနက်ရော၊ ညပါ ရေချည်း ခွသောက်နေရတယ်။ မေးတော့ ရင်ပူလို့ ပြောတာပဲ။ လူလည်း အတော့်ကို ပိန်ကျသွားတယ်။ စာသင်ခန်းထဲမှာ လင်းတကြီး တုပ်ကွေးဖြစ်နေသလို မျက်ကွင်းဟောက်ပက်နဲ့ ငေါင်စင်းစင်းကြီး။ ဆရာမက စာမေးရင် ဟင်၊ ဟင်နဲ့ အူကြောင်ကြောင် ဖြစ်နေတယ်။ ခေါ်ရင်လည်း လှည့်ကြည့်ချင်မှ ကြည့်တယ်။

ကျုပ်တို့ သူ့ ဦးနှောက်ပျက်သွားပြီ မှတ်တာ။ သူ့အမေ ဒေါ်စိန်သောင်းက အချိန်မီ ဝါးကျောင်းဘုန်းကြီးနဲ့ သွားပြလို့ သက်သာသွားတာ ရယ်၊ ဒီအကြောင်းကို ကျုပ်တို့ ကိုးတန်းက အားလုံး အခန်းတိုင်း သိနေတော့ ရယ်ကြတာပေါ့။ ကြည့်ဦးလေ၊ အခုဆိုပဲ အလွမ်းသီချင်းက ပါတော်မူတဲ့။ ရှေးခေတ်ဟောင်းသီချင်း။

ကျောင်းသူကျောင်းသားတွေ ဝိုင်းရယ်တော့ ပုသိမ်ကြီးက မျက်နှာကြီး အောက်ငုံ့ပြီး ကြေကြေကွဲကွဲ သက်ပြင်းချတယ်။ အချိန်အတန်ကြာတယ်။ ဒါနဲ့ ကျုပ်က သင်း ငိုနေတယ်မှတ်လို့ ကျုပ် သုံးလက်စ လက်ကိုင်ပဝါကို လှမ်းပေးလိုက်တော့ သင်းက စိတ်ဆိုးမာန်ဆိုးနဲ့ ဆတ်ခနဲ လှမ်းယူပြီး မကြီးခင်တို့ဘက်ကို လွှင့်ပစ်လိုက်ပါလေရော။

"အမ်မယ်လေးတော့"

"ဟဲ့ ဟဲ့- ဘာဖြစ်လို့လဲ ကြီးခင်။ ဘာဖြစ်လို့လဲ"

လက်ကိုင်ပဝါကြီးက မကြီးခင့်ခုံပေါ်ကို ဆက်ရက်ပျံနားသလိုဝဲကျသွားရော။ ဟိုက တစ္ဆေခြောက်တယ်မှတ်ပြီး လန့်အော်ပါရော။ ဆရာမကြီး လှမ်းမေးတော့ မကြီးခင့် စကားပြန်မပြောနိုင်ဘူး။ တဝေ့ဝေ့နဲ့ ထိုးထိုးအန်နေတယ်။ သူ့အန်တော့ သူ့မန်ဘေးက မသန်းမြလည်း မနေ



www.burmeseclassic.com

www.burmeseclassic.com


နိုင်ဘူး အန်နီရော။

"ဟဲ့- ကလေးမတွေ၊ ဘာဖြစ်ကုန်ကြတာတုံးဟဲ့"

"အစာအဆိပ်သင့်သလား မသိဘူး ဆရာမကြီး"

မော်နီတာ (အသင်းခေါင်းဆောင်) ကိုမြကြီးက ဆရာမကြီးကို လှမ်းကြည့်ပြီး စိုးရိမ်တကြီး လှမ်းပြောလိုက်တယ်။

"သူတို့ကလည်း အလကားရရင် အကုန်စားတာ ဆရာမကြီးရဲ့"

"ဘုန်းကြီးငါးပါး ကြွပင့်ရင် ကောင်းမယ်နဲ့တူတယ်"

"သူတို့က မိတ်များတယ် ဆရာမကြီး၊ မုန့်ဟင်းခါးကျွေးရင် အချိန်တစ်ရာမှ ရမယ်"

လူက မသေသေးဘူး၊ လုပ်ငန်းက စီစဉ်နေကြပြီ။ ဒီမှာ နှစ်ကျကျောင်းသား ခင်ရွှေကြီးက -

"ကျွန်တော်တော့ လူပြုစားတယ်လို့ ထင်တာပဲ ဆရာမကြီး၊ ကျွန်တော်တို့ ပယောဂနိုင်တဲ့ စက်မှုဆရာ ဆရာကြီး ဦးမြသောင်းကို သွားခေါ်လိုက်ရမလားဟင်"

သည်မှာပဲ မကြီးခင်က အန်ရင်းတန်းလန်း -

"နင့် နင့် နှမသာ လူပြုစားခံရမှာဟဲ့ ကုလားပိန်ရဲ့ ဝေါ့. . . ဝေါ့။ အမလေး ဒီ ဒီမှာ ကြည့် ကြည့်ပါဦး ဆရာမကြီးရဲ့၊ နောက်ကနေ ဟို (---)တွေ ပစ်လိုက်တဲ့ လက်ကိုင်ပဝါ ဝေါ့ ဝေါ့ အမလေး ဝေါ့"

"ဟဲ့- လက်ကိုင်ပဝါ ပစ်တာများ ခေါင်းပေါက်သွားလို့လား"

"မ မဟုတ်ဘူး လက်ကိုင်ပဝါမှာ နှပ်တွေ ဝေါ့ ဝေါ့ . . ."

"ဟင် - ဟောကောင်တွေ အဲဒါ ဘယ်သူ့လက်ကိုင်ပဝါလဲ ပြော"

"မောင်မှိုင်း လက်ကိုင်ပဝါပါ ဆရာမကြီး ခင်ဗျ"

ဒီမှာ အမြဲတမ်း သူတစ်ပါး ချောက်ကျရေးကိစ္စမှာ အာသွက်လျှာသွက်နဲ့ ရွှေကြိုလုပ်လေ့ရှိတဲ့ တရုတ်ကြီး မောင်စိန်က ရှိရှိသေသေ ထရပ်လက်ပိုက်ပြီး မူလတန်းကျောင်းသားစတိုင်လ်နဲ့ ပြောလိုက်ရော -

"ဟဲ့ မောင်မှိုင်း"

"ခင် ခင်ဗျာ ဆ ဆ ရာမကြီး"

"ဟိုလက်ကိုင်ပဝါ မင်းလက်ကိုင်ပဝါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ်၊ အဲ အဲ- မဟုတ်၊ အဲ- ဟုတ်ကဲ့ ခင်ဗျ"

"ဒီလောက် ရှုံစရာ အန်ချင်စရာကောင်းအောင် နှပ်တွေ ပေကျံနေတဲ့လက်ကိုင်ပဝါကို ဘာဖြစ်လို့ မိန်းကလေးတွေဘက် လွှင့်ပစ်ရတာလဲ၊ ထစမ်း"

"ဟို ဟို ဒီ ဒီလိုပါ ခင်ဗျာ၊ ဟို အဲ ဒီလို ရှိပါတယ် ခင်ဗျာ၊ မောင်သောင်းယဉ် ငိုနေတယ်မှတ်လို့ မျက်ရည်သုတ်ရအောင် စေတနာနဲ့ ပေးတာကို သူက စိတ်ဆိုးစိတ်ကောက်ပြီး လွှင့်ပစ်လိုက်ရာက အဲဒီ ကျိုးကန်း အဲ အဲ ယောင်လို့ မကျိုးစိန်. . ."

"ဘာ"

"အဲ အဲ- မကြီးခင်တို့ ခုံပေါ်ကို ရောက်သွားရတာပါ ခင်ဗျ"

"ကောင်စုတ်ကလေးတွေ နာတော့မှာပဲ၊ လာ အခု နင့်လက်ကိုင်ပဝါ နင်လာကောက်လှည့်။ ထွက်လေ၊ လာလေ ဘာကြောင်နေတာလဲ"

"ဟို ဟို ကြောက်. . . ကြောက်လို့. . . ပါ ခင်ဗျ"

"ဘယ်သူ့ကို ကြောက်နေတာလဲ"

"ဟို ဟို- မကျိုးစိန်. . . "

"ဘာပြောတယ်"

"ဘွားဘွား ခင်ဗျ၊ မကြီးခင့်ကို ကြောက်လို့ပါ ခင်ဗျ"

ဒီမှာ မကြီးခင်က -

"ခုမှ ကြောက်မနေနဲ့၊ အနားရောက်ရင် တွေ့မယ်"

"အမ်မလေး၊ ဆ ဆရာမကြီး ကယ်တော်မူပါ ခင်ဗျ ဟီး ဟီး. . ."

"ကြီးခင့် ဘာမှမပြောနဲ့။ လာ ကိုယ့်ပစ္စည်း ကိုယ်လာကောက်"

ကျုပ်ဗျာ တစ်သက်နဲ့တစ်ကိုယ် မိန်းကလေးများ ခုံတန်းရှေ့မှာ ရပ်လည်း မရပ်ဖူးဘူး၊ သွားလည်း မသွားဖူးပါဘူးဗျာ။ ခုတော့ သကောင့်သား ပုသိမ်မောင်သောင်းယဉ် ကောင်းမှုကြောင့် သူတို့ခုံရှေ့သွားရတော့မယ်။ ဒီအချိန်မှာ ကုလားပိန်ခင်ရွှေက ငိုချင်းတစ်ပုဒ် ဟဲလိုက်တယ်။

"အမယ်မင်းရယ်တဲ့မှ သွားရတော့မယ် မကြီးခင့်ရဲ့ ဟီး. . .ဟီး"

"ဝါး ဟား ဟား ဟား ဟား . . ."

"ဟား ဟား ဟား ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ငိုချင်းကြောင့် ဆရာမကြီးသာမကဘူး၊ အနုပညာအသင်းက ကျောင်းသားများပါ အားလုံး ရယ်ကြရာ ကျုပ်သွားရင်းက ဒူးတွေတုန်နေတယ်။ ကျောဖွဲ့က ကြက်သီးတဖြန်းဖြန်းထလာတယ်။ မတော် မကြီးခင့်က ပေတံနဲ့ ခေါင်းများ ခုတ်လိုက်မလား၊ မသန်းမြက ကွန်ပါဘူးနဲ့ နားအုံကို ထုလိုက်လေမလား။ စိုးတထိတ်ထိတ်နဲ့ဗျ။ ဒါနဲ့ မကြီးခင့်တို့ နားရောက်လာပြီး လက်ကိုင်ပဝါကို မယူရဲယူရဲ ဆတ်ခနဲ လှမ်းကောက်ပြီး ပြန်အလှည့်အပြေး ခုံစောင်းနဲ့ ခါးရိုးတိုက်မိပြီး ဝုန်းခနဲ မှောက်ရက်ကြီး လဲပါရော။ တော်တော်နဲ့ မထနိုင်ဘူး၊ မကြီးခင်တို့ရဲ့ လက်ခုပ်သံကလည်း ကမ္ဘာ့ဖလားဘောလုံးပွဲ အားပေးသလိုပဲ။

နာလိုက်တာဗျာ၊ အဲဒီမှာ စိန်အေးကြူဆိုတဲ့ကောင်က စိန်အောင်မင်းရဲ့ သီချင်းတစ်ပုဒ်ကို အော်ဆိုလိုက်တယ်။

"လှမ်းကြွပါစို့ ပြည်တော်ပုံကို ပြည်တော်ပုံကို၊ သေ မသေခင် ခါးရိုးတွေက နာ။ မြန်မြန်သေမည် သေမည် မသေခင် ပုပ်စော်ကန်"

တောက် - အရမ်းကို ကြေကွဲတယ်ဗျာ၊ ဒါ ဒါ ပုသိမ် ဒုက္ခပေးလို့ဗျ ဒုက္ခပေးလို့ ထွီ။

ပြောရရင် အဲဒီနေ့က ကျုပ်ကလည်း သီချင်းဆိုဖို့ အမည်စာရင်းသွင်းလိုက်တယ်။ သီချင်းအမည်က အဲဒီအချိန်က နာမည်သိပ်ကြီးနေတဲ့ အဆိုတော် တပ်ကြပ်ကြီးညွန့်ခင်ရဲ့ အငိုင်းတို့ သပြေတောရွာသီချင်း။ သို့ကလို စာရင်းပေးလိုက်တော့ မကြီးခင်က ဘာပြောမှတ်လဲ။

"ဆရာမကြီး အဲဒီနေ့ ကျွန်မတို့အုပ်စု လုံးဝ မလာဘူး"

"ဟဲ့ဟဲ့- မလာလို့ ဘယ်ဖြစ်မလဲ၊ ကိုယ့်အခန်းက အဆိုတော်တွေ ကိုယ်တိုင် ချီးမြှင့်အားပေးရမှာ ဥစ္စာ၊ လာရမှာပေါ့"

"မလာဘူး ဆရာမကြီး၊ အားပေးတာကတော့ အသေအလဲ အားပေးမယ်၊ အဲဒီနေ့ကျရင် ဈေးထဲကနေ လောက်စာလုံး အလုံး ငါးရာနဲ့ သားရေခွ (၉) လက် လူကြုံနဲ့ ပို့ပေးလိုက်မယ်" တဲ့။

ကောင်းကြသေးရဲ့လား အရပ်ကတို့။

သည်မှာပဲ စိန်အေးကြူက -

"အဲဒီနေ့မှာ ဖျာရော၊ ကုလားထိုင်ပါ ရောင်းကောင်းတယ်ဗျ၊ ခုက



www.burmeseclassic.com

www.burmeseclassic.com



တည်းက မကြီးခင်တို့ မှောင်ခိုဈေးနဲ့ မမိအောင် ဖျာ၊ ကုလားထိုင် ကြို ဝယ်ထားရမှ စိတ်ချရမယ်"

ဒီမှာ မသန်းမြက လှည့်ကြည့်ပြီး -

"ကားနဲ့ လာကြို ဖျာအလကားပေးတောင် လုံးဝပဲဟော့"

ကုလားပိန် ခင်ရွှေကလည်း ကွန့်လိုက်သေးတယ်။

"ဒီအဆိုတော် နှစ်ဦးကို ဆိုမယ့်နေ့မနက်မှာ မာမီစိန်တို့ အလှုပြင် ဆိုင်မှာ မျက်နှာကို အုန်းခြစ်နဲ့ခြစ်ပြီး မိတ်ကပ်ဖို့ အလှုပြင်မှာ လာရှုလှည့်ကြပါ" တဲ့။

မာမီစိန်ဆိုတာ နာမည်ကျော် မိန်းမလျာကြီးဗျ။ အမလေး- လုပ်ကြပါဦး။ ဒါနဲ့ သီချင်းနာမည်ပေးလိုက်တော့ စိန်အေးကြူက လှမ်းမေးလိုက်တယ်။

"အဝိုင်းတို့ သပြေတောရွာဆိုတော့ လေယာဉ်ကွင်းရှိမှာပေါ့နော်"

သူ့အမေးကို မျက်မှေ့ စံကုလားက အာသွက်လျှာသွက် ဝင်ဖြေလိုက်ရာ -

"လေယာဉ်ကွင်း မရှိဘူး ခင်ဗျ၊ ဟောင့်ဝစ်ဇာအမြောက်လုပ်တဲ့ စက်ရုံ ရှိတယ်" တဲ့။

ကောင်းကြသေးရဲ့လားဗျာ ဟင်။ မဆိုတော့လည်း မဆိုလို့တဲ့၊ ဆိုမယ်လို့ စာရင်းပေးတော့ သို့ကလို ရွှတ်တီးရွှတ်တ ဝင်ဖောက်ကြတယ်။

အဲဒီမှာပဲ သောင်းလှိုင်က ထမေးပြန်ရော -

"မှတ်တမ်းတင်ဓာတ်ပုံတို့၊ သတင်းကားတို့ ရိုက်ဦးမလား ခင်ဗျာ"

မော်နီတာ ကိုမြကြီးက အနုပညာအသင်းကိုယ်စား ပြောလိုက်တယ်။

"မှတ်တမ်းတင်ဓာတ်ပုံတော့ မရိုက်ဘူး၊ စင်ပေါ်က ပြန်အဆင်းမှာ ညို့သကျည်းကို ဖြတ်ရိုက်ဖို့ ဒီနေ့ပဲ တောတက် ဝါးသွားခုတ်မယ်" တဲ့လေ။

အင်း . . .

မြို့မေတ္တာ ခံယူမယ့်သားတွေမို့ ဟိုး . . . ဟိုး . . . ဟိုး . . ။ အများကတော့ဖြင့် မျှော်ကြပြီ ဟီး . . . ဟီး . . . ဟီး . . ။ အများကတော့ မျှော်ကြပြီ



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျ ဟ. . . ဟ. . . ဟ။ မျှော်ကုန်ကြပြီ။

❑

ဒီလိုနဲ့ပဲ အာစရိယပူဇော်ပွဲ ကျင်းပဖို့ ရှစ်ရက်ပဲ လိုတော့တယ်။ ကျုပ်နဲ့ ပုသိမ်မောင်သောင်းယဉ်ကြီးကလည်း အသံကောင်းအောင်ဆိုပြီး မောင်သောင်းယဉ် ဘကြီး ဦးစိန်ကတုံး အကြံပေးတဲ့အတိုင်း လောက်သေ ရွက်တွေကို သုံးခွက်တစ်ခွက်တင်ကျိုပြီး ရေသောက်သလို မကြာခဏ သောက်ကြတယ်။ အသံကို ချွေတာကြတယ်။ အခြားလူ၊ ဘယ်သူ့ကိုမှ စကားမပြောဘူး။ ဒါပေမင့် နေ့စဉ် သီချင်းဆိုတော့ လေ့ကျင့်ဖြစ်ကြ တယ်။

ပုသိမ်မောင်သောင်းယဉ်က ရာဝင်အိုးကြီးထဲမှာ ဝင်ငုတ်တုတ်ထိုင် ပြီး ဒေါ်စိန်ပါတီရဲ့ ပါတော်မူသီချင်းကို ငိုသံပါနဲ့ အော်ဆိုလေ့ကျင့်တယ်။ တစ်ခုတော့ ကောင်းတယ်ဗျ၊ ဘယ်သူမှ အတီးမပါဘူး။ ကိုယ့်အသံ ကိုယ့် စည်းဝါးနဲ့ကိုယ် အလွတ်ဟစ်ရမှာ။ မောင်သောင်းယဉ် ရာဝင်အိုးထဲ ဝင် ဟစ်ရင် ကျုပ်က အပြင်ကနေ အသံသွားအသံလာကို နားထောင်ပေးရ တယ်။ မှားနေရင် ပြောပေးရတယ်။

သူပြီးတာနဲ့ ကျုပ်က နို့ဆီဘူးဖင်ကို အပေါက်ဖောက်ပြီး ရှေ့က စက္ကူပိတ်ထားတဲ့ မိုက်ခရိုဖုန်းအတုကိုကိုင်ပြီး တပ်ကြပ်ကြီးညွှန့်ခင်ရဲ့ အဝိုင်းတို့ သပြေတောရွာသီချင်း ဆိုရတယ်။

"အဝိုင်းတို့ သပြေတောရွာ ဝက်တွေပေါပြီး မျှောမျှားလှတာ"

"ဟ - မောင်မှိုင်း၊ ကိုရင်ကလည်း စကတည်းက သောက်တလွဲ ဖြစ်နေပြီဟ။ အဝိုင်းတို့ သပြေတောရွာ ခုနေမှားတော့ တစ်မူပြောင်း လို့လာပါကွာ ငမှိုင်းရာ"

"အေး - ဟုတ်သားဟ ပုသိမ်ကြီးရ၊ မဆိုတာကြာတော့ သီချင်း အမှန်စာသားမေ့ပြီ၊ သီချင်းအပျက်ပဲ နားစွဲနေသကွ သူငယ်ချင်း ရ။ အဟဲ ဟဲ ဟဲ- ဘာတဲ့ အဝိုင်းတို့ သပြေတောရွာ ခုနေမှားမှ တစ်မူပြောင်းလို့လာ၊ လယ်ယာမြေတစ်ခေတ်ဆန်းလို့ ရှောက်သီး တစ်လုံးကို ပြားခြောက်ဆယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငမှိုင်း တော်တော့ကွာ၊ ဖွီး ဘယ်ကလာ ရှောက်သီးတစ်လုံး ပြား ခြောက်ဆယ်ရမှာလဲကွ"

"ဒါဖြင့် ဘာ ဘာလဲဟင်"

"မရရင်လည်း မဆိုနဲ့ကွာ၊ အတန်းနာမည်ပျက်ပြီး ဆရာမကြီးပါ အလုပ်ထွက်သွားလိမ့်မယ် တော်တော့"

"လုပ်ပါကွာ ပုသိမ်ကြီးရာ၊ ကိုယ်အလွတ်မရလို့ပါ"

"လယ်ယာမြေ တစ်ခေတ်ပြောင်းလို့ စိုက်ပျိုးခင်းတွေ တိုးမြှင့်လာကာ ကွ"

"ဩော် - အေးအေး ဟုတ်ပေသားပဲ၊ ပြန်ဆိုမယ်နော် လယ်ယာမြေ တစ်ခေတ်ပြောင်းလို့ စိုက်ပျိုးခင်းတွေ တိုးမြှင့်ကာ ရွှံ့တွေဗွက်တွေ နဲ့ မပေါ်သဓာ ရာဇဂြိုဟ်ပြည်အပြန်. . ."

ပုသိမ်ကြီးဟာ ရာဝင်အိုးထဲ ခေါင်းငုံ့ဝင်ပြီး ကျုပ်ကို ဆဲတော့တာပဲ သိလား။

"ဘာလို့လဲ ပုသိမ်ကြီးရာဟင် ဟင်၊ ငါဆိုတာ မှားနေရင် သူငယ် ချင်းက ပြင်ပေးမှပေါ့။ သူငယ်ချင်းက စာသားအလွတ်ရနေတာ ဥစ္စာ"

"စိတ်ညစ်တယ်ကွာ ငမှိုင်းရာ၊ အားလုံး ပေါက်ကရချည်းပဲ။ မှတ် ထားကွ ဒီလို၊ စိုက်ပျိုးခင်းတွေ တိုးမြှင့်လာ ကျောင်းကန်ဘုရားတွေ နဲ့ သာသာယာယာ ပျော်စရာရွှင်စရာကွ။ ဘယ့်နှယ် ရွှံ့တွေဗွက် တွေနဲ့ မပေါသဓာ ရာဇဂြိုဟ်ပြည်အပြန်ရမှာလဲကွ။ တော်တော့ ကွာ ငါ နက်ဖြန် သီချင်းစာသားရေးခဲ့မယ်။ အိမ်ရောက်ရင် အလွတ် ကျက်။ ထွက် ထွက် လက်ဖက်ရည်ကို လစ်ကြစို့။ မင်းကတော့ ဒီ အတိုင်းဆို ပြောင်းဖူးရိုး ကျိန်းသေနေပြီ"

အဲဒါနဲ့ နို့ဆီဘူးမိုက်ကြီး ရာဝင်အိုးထဲထားခဲ့ပြီး ပုသိမ်ကြီးတို့ လမ်း ထိပ်က လက်ဖက်ရည်ဆိုင်ကို နှစ်ဦးသား ထွက်လာခဲ့လိုက်တယ်။ အဲဒီမှာ အချိန်ဖြုန်းလိုက်ကြတယ်။

နောက်နေ့ -

ကျောင်းလည်းရောက်ရော ကျောင်းဆင်ဝင်နံဘေးက ကျော်ဌြာ သင်



www.burmeseclassic.com

www.burmeseclassic.com



ပုန်းရှေ့မှာ ကျောင်းသားကျောင်းသူတွေ ဝိုင်းအုံနေလို့ ကျုပ်တို့နှစ်ဦး ကြော်ငြာသင်ပုန်းရှိရာကို ဝင်လာကြည့်လိုက်ကြတယ်။ ဒီမှာ သင်ပုန်းပေါ်မှာ ကပ်ထားတဲ့ ကြော်ငြာစာကိုဖတ်ပြီး ကျောင်းသားကျောင်းသူတွေ လွှတ်သဘောကျနေကြတာကိုး ခင်ဗျ။

အဲလိုဖတ်ပြီး ပြန်အလှည့်အကြည့်မှာ ကျုပ်နဲ့ ပုသိမ်မောင်သောင်းယဉ်ကြီးကိုလည်း မြင်သွားရော ပါးစပ်ပိတ် တဟီဟီရယ်ပြုပြီး ထွက်သွားကြပါရောဗျာ။ ဆန်းတာကတော့ တကယ်ဆန်းနေတာပဲ။ ဘာကြောင့်ကျုပ်တို့ကြည့်ပြီး ရယ်သွားကြတာလဲ။ ဒါနဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြတယ်။

ပုဆိုးလည်း အပေါက်မရှိပါဘူး ခင်ဗျာ၊ ဒါနဲ့ သင်ပုန်းနားတိုးပြီး ပါဝါမပါတဲ့ မျက်မှန်ကိုယ်စီကိုပင့်လို့ ဖတ်လိုက်ရော အောင်မယ်လေး တိုယ်ကျိုးတွေနည်းကုန်ပါပြီဗျာ။

"လေးစားစွာ (ခြောက်လျော်၍) ဖိတ်ကြားအပ်ပါသည် ဗုဒ္ဓဘာသာ အနွယ်ဝင် သူတော်စင်အပေါင်းတို့ ခင်ဗျား။

(-----) မြောက် အာစရိယပူဇော်ပွဲ၌ ကျွန်ုပ် ဘိလပ်ပြန် ပုသိမ်က မောင်သောင်းယဉ် (အိန္ဒိယအသံ) ဓာတ်လုံး ခုနစ်လုံးရ အဆိုကျော်နှင့် ကျွန်ုပ် (ကြားပြန်-မောင်မှိုင်း) တို့ ပါတော်မူသီချင်းနှင့် နားထိုင်းတို့ အမေတောရွာ သီချင်းကို အာဂုံဟစ်မည်ဖြစ်ပါ၍ ကြားကြသမျှ ဝေနေယျ သုခိတ၊ ဒုက္ခိတ၊ (၃၁)ဘုံသား အားလုံး သံပုံးတီး၍ ဝမ်းမြောက်ဝမ်းသာ အားပေး ချီးမြှင့်ကြပါရန် ရှိခိုးဦးတင်ကြို၍ ဖိတ်ကြားအပ်ပါသည် ခင်ဗျား။

ပုံ / ဘိလပ်ပြန်ပုသိမ်မောင်သောင်းယဉ် (ဓာတ်လုံး ခုနစ်လုံး)

ကြားပြန် -မောင်မှိုင်း (ဆေးလုံးကြီးကျေးရွာ)" တဲ့။

"တောက် - ဒါ ဒါ ဘယ်သူ့လက်ချက်လဲကွ ပုသိမ်ကြီး ဟင်"

"ဘယ်သိမှာလဲကွ၊ ငါလည်း မင်းနဲ့အတူတူ ရောက်တာ ဥစ္စာ"

နောက်ရောက်လာတဲ့ ကျောင်းသားတွေကလည်း အဲဒီကြော်ငြာဖတ်ပြီး တဝါးဝါး တဟားဟားနဲ့။

"နားထိုင်းတို့အမေတောရွာတဲ့၊ ဟ- သီချင်းအသစ်နဲ့ တူတယ်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ခါမှလည်း မကြားဖူးဘူး"

"ကြားပြန် ဆိုပါလား"

"ကြားပြန် မောင်မှိုင်းဆိုတာ ဘယ်ဇာတ်ကလဲကွ၊ ကျားပျံလည်း မဟုတ်ဘူး။ ကြားပြန်ဆိုတော့ နားထဲဂွမ်းဆို့လာမှ ဖြစ်မယ်နဲ့တူရဲ့ဟ"

"ပုသိမ်မောင်သောင်းယဉ်ကလည်း မြန်မာ့အသံမဟုတ်ဘူး၊ အိန္ဒိယအသံတဲ့။ ခေတ်ပြားရတာ မဟုတ်ဘူး၊ ခေတ်လုံးခွန်စ်လုံးဆိုပဲ။ သူ့အဘိုး အင်္ဂလိပ်ရတ်ဆရာကြီးကများ ပေးခဲ့ရော့လား"

"နေပါဦး၊ ဘာတဲ့ ဘိလပ်ပြန်တဲ့။ ဘယ်တုံးကများ သွားလိုက်ပါလိမ့်"

"ဦးလတ်ရဲ့ မောင်သောင်းဖေနဲ့များ အိတ်ဆွဲပါသွားလားမှ မသိဘဲ"

ကျုပ်တို့ဗျာ ကြားရသည့်အသံများကြောင့် ရှက်လွန်းလို့ သိလား၊ ဘာမှ ပြန်မပြောနေတော့ဘူး။ သင်ပုန်းပေါ်က စာရွက်ကို တစ်စစီ ဆွဲဖြဲပြီး အမှိုက်ပုံးထဲကို ဒေါ်ပွပွနဲ့ လွှင့်ပစ်ထည့်လိုက်တယ်။

"ဒါ မဟုတ်မှလွဲရော၊ စိန်အေးကြူတို့၊ သောင်းလှိုင်တို့၊ ကုလားပိန်ခင်ရွှေတို့ လက်ချက်ပဲနေမှာကွ"

"အေးကွာ၊ အတော် ကောင်းကျိုးမပေးတဲ့ကောင်တွေကွ ဖွိ. . ."

အတန်းထဲရောက်လို့ အသာအကဲခတ်လိုက်တော့ သူတို့အုပ်စုက ခပ်တည်တည်ပဲ။ သူတို့ ဘာမှမသိသလိုဘဲ။ မကြီးခင်တို့အုပ်စုကတော့ တဝါးဝါးနဲ့။ ကျုပ်တို့ကြည့်ပြီး ရယ်ကြလှောင်ကြလို့။ ဟိုကောင်တွေ အုပ်စုကလည်း ကျုပ်တို့ဘက်လှည့်တာနဲ့ ဂွီခနဲ အချက်ပြပြီး သူတို့ချင်း ကြိတ်ရယ်နေကြတယ်။ တောက် - ခံပြင်းလိုက်ပါဘိနဲ့ဗျာ။

အဲဒီလိုနဲ့ပဲ ဆရာကန်တော့ပွဲနေ့ကြီး ဆိုက်ရောက်လာပါလေရော။

ခန်းမထဲမှာ အသံချဲ့စက်ရော ဆိုင်းသံဗုံသံပါ ဆူညံလို့။ ကျောင်းသူကျောင်းသားတွေအားလုံး ဒီနေ့ လွတ်လပ်စွာ ဝတ်ဆင်လို့ရသမို့ ခန်းမထဲမှာ ရောင်စုံလိပ်ပြာတွေ ပျံသန်းနေသလိုပဲ။ အလှလေးတွေကို မျက်စိမလွှဲတမ်း တွေ့မြင်နေရတယ်ဗျ။

ကျုပ်လူ ပုသိမ်မောင်သောင်းယဉ်ကလည်း သူ့အဘိုးရဲ့ ရွှေတောင်လုံချည် ခေါက်ရိုးကျိုးကြီးကို အခန့်သားဝတ်ပြီး ဘိုကေ့ကက်ခြမ်းခွဲ ဆီ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျောင်းသားကျောင်းသူများမြင်ရအောင် မတ်တတ် ခဏခဏရပ်ပြီး လုံးပြပြနေတယ်။

ကျုပ်ကလည်း ကျုပ်အဖေ လူပျိုတုန်းကဝတ်တဲ့ ဗန်ကောက်ပုဆိုး ဝတ်ထားတယ်။ ဘယ်ဘက် လက်သူကြွယ်မှာလည်း ဘိုးဘွားအစဉ်အ တ် အမွေထားခဲ့တဲ့ တစ်ကျပ်သားလောက်ရှိတဲ့ ရွှေလက်စွပ်ကြီးဝတ် တော့ ကျောင်းသူကျောင်းသားတွေက ပုသိမ်ကြီးထက် ကျုပ်ကို ပို ရှိုက်ကြတော့ပေါ့ဗျာ။ စံကုလားတို့အုပ်စုက သူဌေးသား၊ သူဌေးသား ကျုပ်ကို လူလယ်ကောင်မှာ ဝိုင်းစကြနောက်ကြတယ်။ ဒီကြားထဲ ဝမ်းကွဲ မကြီး မတင်မြရဲ့ ရေမွှေးပုလင်းခိုးလာပြီး ကျောင်းအိမ်သာထဲမှာ ရွှမ်းရွှမ်းပက်လိုက်တော့ လူတစ်ကိုယ်လုံး ရေမွှေးကန်ထဲက ပေါ်လာ လိုပဲ။ ရွှေလက်စွပ်ကြီး မြှောက်မြှောက်ပြီး မိန်းကလေးများရှေ့မှာ ခေါက် ခေါက်ပြန် လမ်းသလားဖြစ်နေတော့ မကြီးခင့်က မကြားတကြား လှမ်း ပြောတယ်။

"မသာနဲ့ နားတောင်းနဲ့ တခြားစီပဲ" တဲ့။

မသန်းမြကလည်း ဘန်ကောက်ပုဆိုးတရွှမ်းရွှမ်းအသံကြားတော့-

"ဘယ်အချိန် ချေးပန်းဦးမလဲ" တဲ့။

ခင်ခင်ကြူက နှာခေါင်းကို ပွရှုံ့ပွရှုံ့လုပ်ရင်း -

"ခွေးသေးစော်နံလိုက်တာဟယ်၊ နေရာရွှေ့ကြစို့" တဲ့။

သူများသားသမီး ကောင်းစားတင့်တယ်နေတာကို မရှုစိမ့်ကြဘူး သေ။ ပြောကြပါစေ ပြောနိုင်ကြပါစေ။ ခန္တီစ သည်းခံခြင်းသည် အောင် ခြင်းရာ၏လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားထားသည့် ဥစ္စာ။ အလုပ်နဲ့ သက်သေပြပြီးရင် မောင်မှိုင်း ဘာကောင်လဲ။ ပုသိမ်မောင် သောင်းယဉ် ဘာကောင်လဲ။ သိသွားကြမှာပါ။ အဲဒီအချိန်ကျမှ ကိုတိုမှိုင်း အောက်တိုလေးရေးပေးပါ၊ အိမ်လည်း လာလည်ပါလို့ လုပ်ကြည့်စမ်းပါလား ကွန်း။

သို့ကလို စဉ်းစားရင်းက ကျုပ် မရိသတ်ထဲကို အမောတကော မျက် ထုံးကစားလိုက်တယ်။

ဟော -တွေ့ပါပြီဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ကျုပ် ကြိတ်ပိုးနေတဲ့ ကိုးတန်း (ဒီ) က မခင်သူဇာလေ။ ကျုပ်ကိုကြည့်ပြီး ရယ်လို့ဗျ အဟီး။ ဒါနဲ့ ကျုပ်က သူ့အနား မယောင်မလည် သွားရပ်လိုက်ရော သူမရဲ့ သူငယ်ချင်း ခင်ခင်ကြူက -

"အပေါင်ဆုံးတွေ ဝယ်လာတာ နေမှာပေါ့အေ" တဲ့။

ကောင်းကြသေးရဲ့လားဗျာဟင်။ ရေမွှေးတစ်ပုလင်းလုံးကို ကုန်အောင် တစ်ကိုယ်လုံး ဖျန်းလာတာကိုး။ တစ်ယောက်က လှပ်ချလိုက်သေးတယ်။

"ငါးပိစိမ်းစား အပုပ်နံ့ကြီး" တဲ့။

"မဟုတ်ပါဘူးအေ။ ကြွက်သေပုပ်နံ့၊ လင်းတချေးရောထားတဲ့အနံ့ဟ"

ရက်စက်ကြပါပေရဲ့၊ မွှမ်းရက်ကြပါပေရဲ့။ နောက်ဆုံး ဟန်ပုံမပေါ်တာနဲ့ ပုသိမ်မောင်သောင်းယဉ်နဲ့ စံကုလားတို့၊ စိန်အေးကြူတို့အုပ်စုအနားမှာ သွားထိုင်နေလိုက်တယ်။

"စံကုလား"

"ဘာတုံးကွ"

"ငါ ငါ သီချင်းဆိုရင် လက်ခုပ်နာနာကျယ်ကျယ်တီးပေးပါကွာနော်"

"ဒီလိုနဲ့ ရကြေးလားကွ ငမိုင်းရ၊ လက်အနာခံလို့ ဟွန်း"

"ဒေါ်အမီနာဆိုင်မှာ ကြံရည်တိုက်မယ်လေကွာ"

"အေး - ဒီလို သိတတ်ရင်တော့ ငါတို့အားလုံး လက်ဝါးတွေ ရောင်ကိုင်းနေအောင်တီးဖို့ စိတ်သာချ။ ပြီးရင် မင်းကတိတည်ပါစေနော်"

"စိတ်ချပါကွာ။ ရော့ ရော့၊ စရန်ငွေ ငါးဆယ်ယူထားနှင့်"

စံကုလားတို့အုပ်စုဟာ ငွေငါးဆယ်လည်းရရော အူကိုမြူးနေတာပဲ။ ကုလားပိန်ခင်ရွှေကလည်း မိုက်နားကို သိပ်မကပ်နဲ့လို့ စေတနာစကားချက်ချင်း ဆိုလာတယ်။ စံကုလားက ပရိသတ်ကို ကြောက်စရာမလိုဘူး အထူးသဖြင့် မကြီးခင်တို့၊ မသန်းမြတို့အုပ်စုကို လုံးဝ ဂရုစိုက်စရာမလိုဘူး သတိပေးတယ်ဗျ။ စိန်အေးကြူကလည်း အကြောင်းရှိရင် သူ့မျက်နှာသာ လှမ်းကြည့်တဲ့။ ကောင်းကျိုးပေးမှာလား၊ ဆိုးကျိုးပေးမှာလားတော့ မသိဘူး မျက်ခုံးတော့လှုပ်လှုပ်ပဲ။ ဒီလိုနဲ့ အခမ်းအနားကို အလွန်အသံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ကျောင်းသူတစ်ဦးရဲ့ မြတ်ဆရာ ကန်တော့ပွဲသီချင်းနဲ့ စဖွင့်လိုက်တယ်။ ဆရာဦးအေးငွေတို့၊ ဇာတ်ဆရာကြီး ဆရာဦးမြသောင်းတို့ရဲ့ အတီးအမှုတ်နဲ့ ဖွင့်လိုက်တာ စာသားကလည်းကောင်း၊ အသံကလည်း အရသာသံ၊ ရုပ်ကလေးကလည်း ခင်တွယ်မြတ်နိုးချင်စရာလေး။ သည့်နောက် ကျောင်းအုပ်ဆရာမကြီးက အားလုံးကိုယ်စား ဆုပေးစကား ချီးမြှင့်တယ်။ ကန်တော့ပွဲပြီးတော့ ဆရာကြီး၊ ဆရာမကြီးများက စားသောက်ခန်းကိုကြွ၊ အနားယူကြတယ်။

သည်ကစပြီး ဧည့်ခံဖျော်ဖြေရေး အစီအစဉ်ကို စတင်ပါတော့တယ်ခင်ဗျာ။ စ,တာက အက။ (၇) တန်းက မအေးသီတာလေးရဲ့ တစ်ပင်တိုင်အက (ယိုးဒယားကန်တော့ခန်း)။ ပြီးတော့ သကြ်န်အကလိုအကမျိုး ကတယ်။ အဲဒီအကအပြီးမှာ (၁၀) တန်းကျောင်းသားကြီးများရဲ့ အိုးစည်ဝိုင်း။ တစ်ပင်တိုင်မင်းသားကြီးဟာသ။ ပြီးတော့ ရှစ်တန်း (အေ) က မောင်ချစ်ဝင်းက မျက်လှည့်ပြသွားတယ်။ ကဏ္ဍတစ်ခုပြီးတိုင်းပြီးတိုင်း လက်ခုပ်သံတွေဆိုတာ မြိုင်နေတာပဲဗျာ။ တကယ့်ကို ပျော်စရာကြီး သိလား။

ဒီမှာ ကြိုက်နှစ်သက်သူများက ဆုတော်ငွေများ ချီးမြှင့်ကြသေးတယ်။ အေးသီတာလေးဆို ရင်ဘတ်မှာရော လက်မောင်းမှာပါ ဆုတော်တွေတို သီးလို့။ အဲဒါလည်းပြီးရော တစ်ကိုယ်တော် တီးဝိုင်းမပါ၊ အသံချည်းသက်သက် ဖျော်ဖြေအစွမ်းပြမည့်သူများအလှည့်ဆိုပြီး ကျုပ်တို့အလှည့်ကို ရောက်လာပါရော။ ရင်တွေဆိုတာ တဒိုင်းဒိုင်းနဲ့ခုန်လို့၊ အနုပညာဘဝအရဲ့ ရင်ခုန်သံဆိုတာနဲ့တူရဲ့ဗျ။

ဟော - အခမ်းအနားမှူးရဲ့ အစီအစဉ်ကြေညာသံ ထွက်လာပြီ။

"ကျောင်းတော်သူကျောင်းတော်သား အနုပညာချစ် ပရိသတ်အပေါင်းတို့ ခင်ဗျား၊ အခုချိန်ကစပြီး တစ်ကိုယ်တော် သီချင်းဖျော်ဖြေမှုများကို အတီးမပါ ကိုယ်ပိုင်ဒေသံစွမ်းရည်ဖြင့် သီဆို ဧည့်ခံဖျော်ဖြေပါတော့မယ် ခင်ဗျာ။ ပထမဦးဆုံး အလှည့်ကျသူကတော့ ပဥ္စမတန်း (အေ) က မောင်ဇော်ဖေ ဖြစ်ပါတယ်ခင်ဗျား။ မောင်ဇော်ဖေက လူရည်ချွန်သီချင်းနဲ့ စတင် ဖျော်ဖြေတော့မှာမို့ မောင်ဇော်ဖေ စင်ပေါ်သို့ ကြွပါ ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ ကုလားလေးလို အသားမည်းမည်း၊ နှာခေါင်းကောက်ကောက်၊ ပါးဖောင်းဖောင်း၊ ဗိုက်ရွဲရွဲလေးနဲ့ ချာတိတ်လေးတစ်ယောက် စင်ရှေ့ကို ရောက်လာတယ်။

"သားကတော့ ပဉ္စမတန်း (အေ) က ဆရာကြီး ဦးညိုမှိုင်းရဲ့တပည့် မောင်ဇော်ဖေ ဖြစ်ပါတယ် ခင်ဗျာ။ သားဆိုမယ့် သီချင်းကတော့ အဆိုတော် သန်းထွန်းလေးရဲ့ သီချင်းပဲ ဖြစ်ပါတယ် ခင်ဗျာ။ အမှားရှိရင်လည်း သည်းခံ နားဆင်ပေးကြပါလို့ မေတ္တာရပ်ခံခဲ့ပါတယ် ခင်ဗျာ"

အဲဒီနောက် မောင်ဇော်ဖေလေးက အသံစူးစူးလေးနဲ့ သီချင်းကို စ,လိုက်တယ်။

"အသက်အရွယ် နုငယ်သေးတဲ့ ကျွန်တော်တို့အရွယ် ဆယ်ကျော်သက်အညီ . . ."

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ကောင်းလှချည်လားဟေ့"

ကောင်းမှ ကောင်းဗျာ၊ စဖွင့်တာနဲ့ကို လက်ခုပ်သံလျှံသွားတာပဲ။ တကယ့်ကို သန်းထွန်းလေးအသံနီးပါးအတိုင်းပဲ။ ကြိုက်လွန်းလို့ ဆုတော်ငွေများ ချီးမြှင့်လိုက်တာ ဘယ်နည်းမှုလဲ။ အဲဒီမှာ မကြီးခင်ကလည်း ဆယ်တန်ငါးရွက် တက်ချီးမြှင့်သဗျ။ (ကျုပ်ဆိုတဲ့အလှည့်များ မကြီးခင်တို့၊ မသန်းမြတို့ အဲဒီလို ငွေသားများ လာချီးမြှင့်ရင် ကျုပ် ဘယ်လိုနေရမလဲ မသိဘူး။ တွေးတွေးပြီး ရင်တွေခုန်နေလေရဲ့ အဟီး။) ချာတိတ်လေးလည်း ဆိုပြီးရော လက်ခုပ်သံတွေဆိုတာ ခန်းမထဲမှာ ဟိန်းသွားတာပဲ။ ဇာတ်ဆရာကြီး ဦးမြမောင်ကလည်း ပြုံးလို့။

ဟော - လာပါပြီခင်ဗျာ။

"လေးစားရပါသော ကျောင်းတော်သူကျောင်းတော်သားအပေါင်းတို့ ခင်ဗျား၊ အခုချိန်ကစပြီး ကိုးတန်း (အေ) မှာ ဘိလပ်ပြန် ပုသိမ်မောင်သောင်းယဉ်က ပါတော်မူသီချင်းနဲ့ ဖျော်ဖြေပါတော့မယ် ခင်ဗျာ။ ဒါကြောင့် ပုသိမ်မောင်သောင်းယဉ် စင်မြင့်ပေါ်သို့ ကြွပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်ကြီးဟာ သူ့အကြောင်းသူသိလို့လားမသိဘူး၊ နေကာမျက်မှန်အမည်းကြီးတပ်ပြီး ထရပ်လိုက်တယ်။

"ပုသိမ်ကြီးကွ"

"ဘီလပ်ပြန် မောင်သောင်းယဉ်ကွ ရှိ . . ."

"ခါတ်လုံး (၇) လုံးရ မောင်သောင်းယဉ်တဲ့ဟေ့ ရှိ ရှိ ရှိ"

ကြော်ငြာသင်ပုန်းပေါ်က အရှိန်က မသေသေးဘူးဗျ။ ဝိုင်းအော်ကြတယ်။ ဒါနဲ့အတူ ကြံရည်ဖိုးရထားတဲ့ သောင်းလှိုင်တို့၊ ကုလားပိန်ခင်ရွှေတို့ စံကုလားတို့ အုပ်စုကလည်း တန်ဖိုးနှင့်အညီ လက်ခုပ်သြဘာများတီးချီးမြှင့်ကြတယ်။ လက်ခုပ်သံများဟာ ပုသိမ် စင်ပေါ်မှာ မဆိုရသေးဘူး၊ အောက်မှာ ကျွက်ကျွက်ညံနေတယ်။

"ပုသိမ်ကြီး စင်ပေါ်တက်လေကွာ"

ပုသိမ်ကြီးက ရပ်နေရာက တစ်လက်မမှ မရွေ့ဘူး၊ ငူငူကြီးဗျ။ ကျုပ်အထင်တော့ စင်ပေါ်မတက်ဘဲ အိမ်တန်းပြန်ချင်ပုံပဲဗျို့။

"ဟေ့ကောင်၊ သွားလေ မတ်တတ်ကိုယ်တော်ကြီးရဲ့"

"ကိုသောင်းယဉ် သီဆိုရန် စင်ပေါ်ကို တက်ခဲ့ပါ ခင်ဗျာ"

အခမ်းအနားမှူးက ဒုတိယအကြိမ် ခေါ်နေပြီ။ ပုသိမ် ချွေးပြန်နေတယ်။ ဒူးချင်းလည်း ရိုက်နေတာ တဂေါက်ဂေါက်နဲ့။ ဒီမှာ စံကုလားကတောင်းတွန်းလွှတ်လိုက်တော့မှ စင်မြင့်ပေါ်တက်တဲ့လှေကားကို မျက်မှန်အမည်းကြီးတပ်ပြီးအတက်မှာ ချော်လဲပြီး အောက်ပြုတ်ကျပါလေရော။

"ဝါး ဟား ဟား ဟား"

"ဘာကျသွားလို့ ကုန်းကောက်တာလဲဟေ့"

"မျက်မှန်ချွတ်ပါဗျ၊ မျက်နှာကို နဂိုအတိုင်း မှတ်ထားချင်လို့ပါ"

ပုသိမ်ဟာ ရှက်ရှက်နဲ့ ရွှေတောင်ပုဆိုးကြီးမ,ပြီး စင်ပေါ်ကို လေးဘက်ကုန်းတက်လိုက်တယ်။ ရပ်လိုက်တော့ ထော့နင်းထော့နင်းနဲ့။ ညို့တဲ့မျက်နှာလည်း ရောင်သွားတာကိုး။ ဒါပေမင့် ပုသိမ်က သတ္တိတော့ မသေဘူးဗျ။ မျက်မှန်အမည်းကြီးကို လုံးဝမချွတ်ဘူး။ ဒါကလည်း သူ့အကြောင်းနဲ့သူ့ကိုး။

စပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း . . . အ. . . ဟမ်း"

"ဒေါက် . . . ဒေါက်. . . ဒေါက်. . ."

သူက မိုက်ကရိုဖုန်းရှေ့မှာ အသံစမ်းတယ်။ အဟမ်း ပြီးတော့ မိုက်ကို အခါနှစ်ဆယ်လောက် ခေါက်တယ်။ ခေါက်ပါများတော့ မိုက်ကလည်း ထွက်သွားရော။

"သိပ်မခေါက်ပါနဲ့ဗျို့၊ မိုက်ခွက်ပိန်သွားမှာစိုးလို့ပါ ခင်ဗျ"

ပွဲခင်းအလယ်ကောင်က အသံတစ်ချက် ထွက်လာမှ သူ မိုက်ကို အခေါက်ရပ်လိုက်တယ်။

"လေး လေးစားအပ်ပါသော ဆ. . . ရာကြီး ဆ. . . ဆရာ. . မကြီးများနှင့် ကြောင်တော်သူ. . . ကြောင်တော်သား. . ."

"ကျောင်းတော်သူ ကျောင်းတော်သားပါကွ ဘိလပ်ပြန်ရ"

"ဆောရီး ခင်ဗျာ၊ ဆောရီး။ ကျောင်းတော်သူကျောင်းတော်သား အပေါင်းတို့ခင်ဗျာ။ ကျွန်တော်ကတော့ ကိုးတန်း (အေ) ခန်းက မြစ်ဝကျွန်းပေါ် သားလေး ပုသိမ် မောင်. . . မောင်သောင်းဟန်ပါ ခင်ဗျ"

"သိတယ်၊ သိတာ ကြာပြီ။ ဘိလပ်ပြန်ပုသိမ်မောင်သောင်းယဉ်လို့ ပြောပါ"

"မာတ်လုံး (၇) လုံးရတာလည်း ထည့်ပြောပါဗျို့"

ဒုက္ခမှ တကယ့်ဒုက္ခပါဗျာ၊ လူနောက်လူပြောင်တွေလည်း ပါနေသေး သကိုးဗျ။

"အခု ကျွန်တော်ဆိုမယ့်သီချင်းက အဆိုတော်ကြီး ဒေါ် စိန်ပါတီရဲ့ ပါတော်မူသီချင်း ဖြစ်ပါတယ်။ ဒီသီချင်းကို ဘာကြောင့် သီဆိုရ သလဲ ဆိုတော့. . ."

"သိတယ် ဘိလပ်ပြန်ကြီး၊ ကျုပ်တို့ အကုန်သိပြီးပြီ။ ရှိုးမထည့်ပါနဲ့ သီချင်းပဲဆိုပါ။ နောက်လူတွေ ကျန်နေသေးလို့ပါ"

သို့ကလို ဝိုင်းအော်သံများကြောင့် သူဟာ မျက်မှန်အမည်းကြီးကို ပင့်လိုက်ပြီး -

"ထောင့်နှစ်ရာလေးဆယ့်ခုနစ်ခုနှစ်မှာ အတည်၊ ဟန်ဆောင်မှန်း

www.burmeseclassic.com



လဆုတ် ရှစ်ရက်နေ့ကို မမေ့နိုင်ပါသည်။ ယနေ့တိုင်သာတည်၊ ရေမြေရှင်ကို ယူငင်လို့သွားကြတော့၊ ဪ - လူရှင်အများတို့က ကြေကွဲကြလို့ ရေနည်းငါးပုံအညီ။ ဪ သီပေါရာဇာ ပါတော်မူရှာပြီ"

"ခင်ချမ်းမြေ့ ပါတော်မူပြီလုပ်ပါ ပုသိမ်ထီးရာ"

စံကုလားက အောက်ကနေ မကြားတကြား လှမ်းအော်တော့ ပုသိမ်ကြီးက ဆိုရင်းတန်းလန်းက စိုက်ကြည့်လိုက်တယ်။ ကြည့်ရင်း -

"တို့အရှင် တို့သခင်ကို မျှော်မှန်းရည် ယနေ့တိုင် မ . . မေ့ . . . နိုင်ပါတော့ . . . သည်"

ဆိုနေရင်းကနေ အလေးမသမားကြီးနဲ့ လိုက်သွားတဲ့ သူ့ချစ်ရသူ ခင်ချမ်းမြေ့ကို သတိရလာလို့ လက်ကိုင်ပဝါထုတ်ပြီး နှပ်ချေးကို အားရပါးရ ညှစ်တယ်။

"ဗိုလ်ပေါ်မှာ မောင်နှံတင်လို့၊ တောင်ပျံပလ္လင် ဇာတာနန်းက မြန်းရရှာပြီ၊ အဟင်း အာဠဝီတံခါးအထုတ်မှာဖြင့်၊ ရာဇသမုဒ်ကို မဆောင်နိုင်ပြီ။ မဟာမြတ်မုနိကိုယ်တော် ဖူးမြော်ချင်ရက်ကယ်နဲ့၊ ဦးတော် မတင်ရရှာပြီ။ ဪ - သီပေါရာဇာ ပါတော်မူ . . . ရှာ . . . ပြီ . . . ဟီး . . . ဟီး . . . အဟင့် . . . ဟီး။ တို့အရှင် တို့သခင်ကို မျှော်မှန်းရည် ယနေ့တိုင် မမေ့နိုင် . . . အောင် . . . ဟီး . . . ဟီး . . . ဟီး"

ဟောဗျာ- ဆိုနေရှင်းကနေ ပုသိမ်ကြီး စင်ပေါ်မှာ ငိုပါလေရော။ ငိုရင်းရှိုက်ရင်းကနေ သူက ပြဇာတ်မင်းသားများလို ဒိုင်ယာလော့ခ်တွေ သွင်းပါလေရော။

"ကျွန် ကျွန်တော် ဒီ . . . ဒီ . . . သီချင်းကို ဆုံးအောင် မဆိုပါရစေနဲ့ဗျာ။ ဆိုရင်း ဆိုရင်း ရင်ထဲမှာ လှိုက် . . . လှိုက် ဝမ်းနည်းလွန်းလို့ပါ အ . . . ဟင့် . . . ဟင့် . . . ။ ဒီ . . . ဒီ . . . မျှနဲ့ပဲ နိဂုံးချုပ်ပါရစေခင်ဗျာ အဟင်း . . . ဟီး"

ပြောရင်းက နှပ်တွေကို လက်ကိုင်ပဝါနဲ့ တအားညှစ်သုတ်ပြီး စင်ပေါ်ကနေအဆင်း ရွှေတောင်ပုဆိုးအောက်အနားနဲ့ ထောင်နေတဲ့ လေ့ာအားအစွန်းနဲ့ငြိပြီး ဖင်ထိုင်ရက်လဲကျပြန်ပါရော။ ဘယ်ပြောကောင်းမလဲ

www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ရယ်လိုက်ကြတာမှ ဝက်ဝက်ကွဲပဲ။ မျက်နှာပေါ်က မျက်မှန်အမည်းကြီးလည်းလွင့်ပြီး မိန်းကလေးများထိုင်နေတဲ့ ရှေ့တန်းကို ကျသွားပါရော။

ဒါနဲ့ စံကုလားနဲ့ ကျုပ်က ကပျာကယာ သွားပွေ့ထူပြီး ကျုပ်တို့အနားမှာ နေရာချပေးရတယ်။

"ဘာလို့ ဆုံးအောင် မဆိုရတာလဲ ပုသိမ်ကြီးရာ"

"ငါ . . . ငါ ဆိုနေရင်း သ. . . တိ. . . သတိရလွန်းလို့ပါကွာ"

"ဘယ်သူ့ကိုလဲ၊ ရတနာဂီရိရောက် သီပေါမင်းနဲ့ စုဖုရားလတ်ကိုလား"

"မဟုတ်ဘူး ခင်. . . ချမ်း. . . မြှကို"

တောက် - သေလိုက်ပါတော့ ပုသိမ်ကြီးရာ၊ အရှင်နှစ်ပါးလွမ်းလို့မှတ်တယ်။ လက်စသတ်တော့ လင်နောက်လိုက်သွားတဲ့ သူ့ရည်းစားကို လွမ်းလို့ကိုး။

"တိတ်ပါ သူငယ်ချင်းရာ၊ ဟိုခမျာ သားဦးတောင် ရှင်ပြုတော့မယ်လို့ ကြားတယ်၊ တစ်ရာနဲ့ဖြေရင်ဖြေ ဒါမှမဟုတ် ငါးဆယ်နဲ့ ဖြေပါကွာ"

"တရားနဲ့ဖြေလုပ်ပါ ငမှိုင်းရာ၊ ခမျာ ဝမ်းနည်းနေရတဲ့ကြားထဲ"

"ဟင်း ဟင်း ဟီး ဟီး ဟီး ရှုတ်"

"တိတ်ပါ သူငယ်ချင်းရာ၊ မငိုပါနဲ့ကွာ အချစ်ဆိုတာ . . ."

"ဟီး . . . ငါမငိုလို့ မဖြစ်ဘူး သူငယ်ချင်းတို့ရဲ့၊ ဟီး ဟီး ရှုတ်. . . အဟင့် ဟီး . . ."

"ဘယ်လောက်များ ခံစားနေရလို့လဲ သူငယ်ချင်းရာ ဟင် ဟင်"

"ငါ့အဘိုးရဲ့ ရွှေတောင်ပုဆိုးကြီး ပြ. . . ပြ. . . သွားပြီ၊ အိမ်ရောက်ရင် ငါ . . ငါ အသတ်ခံရတော့. . . မယ်ကွ၊ ဟီး. . . ဟီး . . . အင့်. . . ဟီး"

"ဒုက္ခပါပဲကွာ၊ ဒါကတော့ မင်း သေသင့်ပါတယ် ပုသိမ်ကြီးရာ သေ သေ သေ"

ဒီအချိန်မှာ စင်ပေါ်က ကြေညာသံတစ်ခု ပေါ်လာပါရော။

"လေးစားအပ်ပါသော ကျောင်းသူကျောင်းသားအပေါင်းတို့ ခင်ဗျာ



www.burmeseclassic.com

www.burmeseclassic.com



ယခု အလှည့်ကျသူကတော့ ကိုးတန်း(အေ) ခန်းက အဆိုကျော် ကြားပြန် မောင်မှိုင်းပါ ခင်ဗျာ"

"ဝေး . . . ဝေး"

"ဖြောင်း ဖြောင်း ဝဆစ် ရှီး. . ."

စံကုလားတို့၊ သောင်းလှိုင်တို့ကလည်း ကြံရည်ဖိုးနဲ့ကို တန်ပါပေရဲ့ ဗျာ။ တီးလိုက်တဲ့ လက်ခုပ်ဆိုတာ နားကို အူနေတာပဲ။

"ကြားပြန် မောင်မှိုင်း သီဆိုမယ့်သီချင်းကတော့ ကြပ်တပ်ကြီးညွန့် ခင်ရဲ့. . ."

"တပ်ကြပ်ကြီး ညွန့်ခင်ပါဗျ ဟေ့လူရ"

အေးကြူက အောက်ကနေ ကျူးအော်ပြောလိုက်တယ်။

"အဲ အဲ ဆောရီးခင်ဗျာ ဆောရီး၊ တပ်ကြပ်ကြီးညွန့်ခင်ရဲ့ အဝိုင်းတို့ သပြေတောရွာ သီချင်းပဲ ဖြစ်ပါတယ်။ ကြားပြန်ဆရာမှိုင်း သီဆို ရန် စင်မြင့်ပေါ်သို့ ကြွပါ ခင်ဗျာ"

ကျုပ်က ပုသိမ်မောင်သောင်းယဉ်လို မကြောက်ဘူး။ ငယ်ဇ အပေါ် ခံရှိပြီးသားဥစ္စာ။ ရင်ကော့ပြီး ဘန်ကောက်ပုဆိုးတရွှမ်းရွှမ်းနဲ့ စင်ပေါ်ကို တက်လိုက်တယ်။ ပြီးတော့ ရွှေလက်စွပ် တဝင်းဝင်း တလက်လက်နဲ့ မိုက်ခရိုဖုန်းကို ခေါက်လို့ အသံစမ်းလိုက်တယ်။

"ဒေါက် ဒေါက် ဒေါက် ဒေါက် ဒေါက် . . ."

"ဟဲလို ဟဲလို ဝမ်း တူး သရီး ဖိုး။ မကြီးခင်၊ မသန်းမြ ရောက်ပါပြီ လား၊ ဟဲလို ဟဲလို ရောက်ရင် အကြောင်းပြန် ဟဲလို ဟဲလို"

"ရှိတယ် အနာကောင်ရေ ဒီမှာဟဲ့"

မိုက်ကို ရိုးရိုးအသံမစမ်းဘဲ ဟဲလို မကြီးခင်ကို မသန်းမြတို့ ရောက် ပြီလား မေးတော့ အကြောင်းသိတွေက ရယ်ကြရော။

ဒီမှာ မကြီးခင်က ပရိသတ်ကြားကနေ သားရေဖိနပ်ကို မြင်သာ အောင်ထောင်ပြပြီး ဒီမှာရှိတယ်လို့ ပြန်ကြားတော့ ရယ်လိုက်ကြတာ ဆို တာ တဝေါ်ဝေါ်နဲ့ဗျာ ခွိခွိ။

"ဟဲလို ဟဲလို"

"ဒေါက် ဒေါက် ဂုံ ဂုံ စံကုလား၊ အေးကြူ၊ သောင်းလှိုင်၊ ပုသိမ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ရယ်ဒီ"

"ဆိုပါတော့ဗျို့၊ မဆိုရင်လည်း အမြန်ဆင်းပါတော့"

"ကြားပြန်ကြီး ဘန်ကောက်ပုဆိုး လာပြန်ပေးပါတဲ့"

အဲဒီအချိန်မှာပဲ အသံစမ်းလွန်သွား၊ အခေါက်လွန်သွားလို့ မိုက်ကရိုဖုန်းက ဗုံအောက်ကို လျှောကျသွားပါရော။ ဒါနဲ့ အသံချဲ့စက်ဖွင့်တဲ့ ဆရာက အရေးပေါ် လာပြင်ပေးပြီး အံကြိတ်တောက်ခတ်သွားလေရဲ့။

"လေးစားအပ်ပါသော ရွှေပွဲလာ ပရိသတ်အပေါင်းတို့ခင်ဗျာ၊ အထူးသဖြင့် ရွှေမေတ္တာအစဉ်ထားကြတဲ့ အစ်မကြီး မကြီးခင်တို့ ပရိသတ်များ ခင်ဗျာ"

"အနာကောင် ဆိုမှာကို မဆိုဘူး၊ ငါတို့ကို လှည့်ရှေ့နေတယ်၊ ခုတ်လိုက်သေပါစေတော်"

"ကျွန်တော်သည် ပုသိမ်မောင်သောင်းယဉ်လို အဆိုတော် မဟုတ်ပါဘူး ခင်ဗျာ။ အခုဆိုမည့် သီချင်းကိုလည်း အလွတ်မရသေးပါဘူးဆိုတာ မှားသွားခဲ့ရင်. . ."

"စိတ်ချ လေးခွနဲ့ပစ်မယ်ဟေ့"

"အဲ- အဟဲဟဲ ဂလိုမလုပ်ကြပါနဲ့ ခင်ဗျာ၊ သည်းခံဖြည့်စွက်ပြီး နားဆင်ကြပါလို့ မေတ္တာရပ်ခံချင်ပါတယ် ခင်ဗျာ"

ဒီအချိန်မှာပဲ စင်ပေါ်ကို မိန်းကလေးတစ်ယောက် တက်လာတယ်။ သေသေချာချာကြည့်လိုက်တော့ မိန်းမအစစ်မဟုတ်ဘူး။ မိန်းမလျှာလိုဝတ်ထားတဲ့ ကျောင်းသားတစ်ဦး။

"အတို့ကို ဟို. . . ဟို. . . ညီ. . . ညီမ . . . ပန်းစည်း. . . လာလာ. . ဆက်တာပါ. . . အဟင့်"

"ဩ - ဂလိုလား ပေး . . . ပေး. . ."

ဂုဏ်ပြု ပန်းစည်းဆက်တယ်ဆိုလို့ ကျုပ်က ဝမ်းသာသွားခဲ့တာပေါ့ဗျာ။ အကျိုးနည်းဗျာ ဆက်လာတဲ့ ပန်းစည်းက တကယ့် ဝန်းအစစ် မဟုတ်ဘူး။ ပိစပ်ရွက်တွေနဲ့ ညောင်ပိန္နဲရွက်အခက်တွေဗျာ။ ကျောင်းသူကျောင်းသားများဟာ မြင်ကွင်းကို ကြည့်ပြီး ရယ်ကြရော။ ဘယ်နှယ့်ဗျာ ကျုပ်ကို တေးသံရှင် အဆိုတော် မမှတ်ဘဲ ဆိတ်သိုးကြီးများ မှတ်နေသ



www.burmeseclassic.com

www.burmeseclassic.com



လား မသိပါဘူး။ အဲဒါနဲ့ပဲ သင်းကလေး လာဆက်တဲ့ ပိစပ်ရွက်နဲ့ ညောင်ပိန္နဲအစည်းကြီးကို ရင်မှာ မြတ်နိုးစွာပိုက်ပြီး အဝိုင်းတို့ သပြေတောရွာ သီချင်းကို စ,ဟစ်လိုက်တယ်။

"အဝိုင်းတို့ သပြေတောရွာ ဝက်တွေပေါပြီး ကြွက်များလှတာ"

"ဟေ့ကောင် ငမှိုင်း၊ မှားနေတယ် မှားနေတယ်"

"ဟင်"

ကျုပ်နှယ်ဗျာ၊ ဝမ်းသာလုံးတွေဆို့ပြီး စထွက်ကတည်းက မှားလေတော့ ပုသိမ်ကြီးက အောက်က အော်ရော။

"ဆောရီး ခင်ဗျာ ဆောရီး၊ အဝိုင်းတို့ သပြေတောရွာ ခုနေများမှ အသွင်ပြောင်းလို့လာ၊ လယ်ယာမြေ တစ်ခေတ်ဆန်းလို့ ရှောက်သီးတစ်လုံးကို ပြားခြောက်ဆယ် . . ."

"ဟေ့ကောင် ဘာတွေလျှောက်ဆိုနေတာလဲ။ မရရင် ပြန်ဆင်း"

"ပြားခြောက်ဆယ် မဟုတ်ဘူးဟေ့၊ တစ်ကျပ်ဖိုးသုံးလုံးဟ ဟား ဟား ဟား"

"ဆောရီး ခင်ဗျာ ဆောရီး၊ အဝိုင်းတို့ သပြေတောရွာ ခုချိန်များမှာ အသွင်ပြောင်းလို့လာ၊ လယ်ယာမြေ တစ်ခေတ်ဆန်းလို့ စိုက်ပျိုးခင်းတွေ တိုးမြှင့်ကာ ကျောင်းကန်ဇရပ်တွေနဲ့ ပျော်စရာရွှင်စရာ မြေရှင်ရာရှင် သူ့ကျွန်စနစ်ကို တွန်းလှန်ပစ်ကာ အသွင်သစ်ဘဝသစ်နဲ့ ငါးသလောက်ပေါင်းကို အရိုးထွင်လို့ စားကာ"

စောစောက ကျုပ်ကို အထင်သေးခဲ့တဲ့ မကြီးခင်တို့အုပ်စုဟာ တဝါးဝါးနဲ့။ ခင်ခင်ကြူဆိုရင် ရယ်ရင်းကနေ မေးလွဲသွားလို့ မသန်းမြက ပါးရိုက်လိုက်မှ ဂွပ်ခနဲ ပြန်တည့်သွားသတဲ့။

ပုသိမ်မောင်သောင်းယဉ်လည်း ကျုပ်ကိုကြည့်ပြီး စိတ်ညစ်နေရှာတယ်။ စံကုလားကတော့ အရမ်းသဘောကျပြီး တစ်ခုခုလုပ်ဖို့ သောင်းလှိုင်ကို တိုင်ပင်နေတယ်။ အရေးကြီးတာက ဒုတိယအပိုဒ်ပဲ။ ပထမအပိုဒ်ကတော့ အိုးနင်းခွက်နင်းနဲ့ ကျော်ခဲ့ပြီးပြီ။ အဲဒီမှာ ဒုတိယအပိုဒ်ကို အရေးထဲ မေ့နေပြန်ရော။ ဒါနဲ့ လက်ထဲက ပိန္နဲရွက်စည်းကြီးကို ညှစ်ချလိုက်ပြီး ဖောင်တိန်မင်နဲ့ အစမှတ်ထားတဲ့ လက်ဝါးပေါ်က စာသားကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ဒုက္ခပဲ၊ စာလုံးတွေ မရှိတော့ဘူး။ ချွေးနဲ့ ပျက်သွားပြီ။ အဲဒီမှာ ကျုပ် ဘာဆက်ဆိုလို့ဆိုရမှန်းမသိတော့ဘူး။

ဒါနဲ့ ဣန္ဒြေမပျက် စောစောကအပိုဒ်ကိုပဲ ပြန်ဟစ်လိုက်တယ်။

"အဝိုင်းတို့ သပြေတောရွာက ဝက်များလို့ ကြွက်ပေါလှတာ၊ လယ်ယာမြေ တစ်ခေတ်ပြောင်းလို့ စိုက်ပျိုးခင်းတွေတိုးမြှင့်ကာ ကျောင်းကန်ဇရပ်တွေနဲ့ မဟော်သဓာ အညာပြန်လေရှာ။ မြေရှင်ရာရှင်သူ့ကျွန်စနစ်ကို တွန်းလှန်ပစ်ကာ အသွင်သစ်ဘဝသစ် ငါးသလောက်ပေါင်းကို အရိုးထွင်လို့စားတာ. . ."

"ရှီး. . . ရှီး ကြားပြန်ကွ"

"ဘဲရီးဂွတ် ချီးယားစ် နိတ်စ်ဝမ်း မိုင်ဖရင့် . . ."

"နောက်အပိုဒ်ကို ကူးပါ ကိုကြားပြန်ရ ရှီရှီ. . ."

အောက်က မျက်နှာပြောင်ကာလသားများကလည်း သို့ကလို အော်ဟစ် အားပေးနေတယ်။ အေးကြူနဲ့ မောင်သောင်းယဉ်က တွေ့ကရာ လျှောက်ဆိုနေလို့ စိတ်အကြီးအကျယ်ညစ်နေတယ်။ အနုပညာအသင်းက ကျောင်းသားကြီးများကလည်း ရိယာဇယ်လုပ်တုန်းက ဆိုတာတစ်မျိုး၊ အခုဆိုတာက တစ်မျိုးဖြစ်နေလို့ အံ့သြလို့အံ့သြ၊ အံ့ကြိတ်လို့အံ့ကြိတ်။

ကျုပ်ကလည်း ရိုဟာဇယ်တုန်းက သီချင်းစာရွက်ကိုင်ဆိုတာဆိုတော့ နဂိုစာသားအမှန် ဆိုခဲ့တာပေါ့။ အခု အလွတ်ဆိုရတော့ သီချင်းစာသားတွေ မေ့ကုန်ရော။ လက်ဝါးပေါ်က စာသားလည်း ပျက်နေပြန်၊ ဒီတော့ ဟန်မပျက် ကြုံရာရရာ စာသားတွေဖြည့်ဆိုရတော့တာပေါ့။

ဒီလိုနဲ့ ဒုတိယအပိုဒ်ကို ဆိုရင်းကနေ စဉ်းစားတယ်။ ဘယ်လိုမှ စဉ်းစားလို့ မရဘူး။ ဒါနဲ့ မထူးပါဘူး ဆိုရင်းနဲ့တော့ အသိဝင်လာကောင်းတယ်လို့ ထင်ပြီး ပထမအပိုဒ်ကိုပဲ ပြန်ကျော့လိုက်ပြန်တယ်။ ဒါပါနဲ့ဆို ပထမအပိုဒ်ကို ပြန်ပြန်ကျော့နေတာ ငါးကြိမ်ရှိသွားပြီ။ အဆုံးကျရင် ငါးသလောက်ပေါင်းကို အရိုးနှင်လို့စားတာချည်းပဲဖြစ်နေတယ်။ လူတစ်ကိုယ်လုံးလည်း ဇောချွေးတွေပြန်နေပြီ။ ဒူးနှစ်လုံးလည်း တုန်ပြီး အရိုးခြင်းရိုက်နေပြီ။ ကိုယ့်နားကတောင် ပြန်ကြားနေရတယ်။

"နောက်အပိုဒ် ကူးပါဗျို့၊ ညနေစာလွတ်တော့မယ်..."

www.burmeseclassic.com

www.burmeseclassic.com



"မရရင်လည်း ဆင်းတော့ ကြားပြန်ကြီး"

"ကူး . . . ကူး . . . ပါ . . . တော့မယ် ခင် . . . ဗျာ၊ ဘာတဲ့ အ . . . ဝိုင်း . . . တို့ သ . . . . အား"

ခုနစ်ကြိမ်မြောက် ပြန်အကျော့မှာ စံကုလားက လုံး၀ သည်းမခံနိုင်လို့ အောက်ကနေ သားရေကွင်းနဲ့ ကျုပ်ပါးစပ်ထဲကို ပစ်သွင်းလိုက်တယ်။ အဝိုင်းတို့ သပြေပဲ ရှိသေးတယ်။ သားရေကွင်းက ဟစ်နေတဲ့ ကျုပ်ပါးစပ်ထဲကို တန်း၀င်ပြီး အာသီးမှာ သွားငြိနေပါရော။

"အဟွတ် . . . အဟွတ် . . . အ . . . ဟွတ်"

"အဟမ်း . . . အဟတ် . . . အ . . . ဟွတ် အမ် . . မလေး"

"ဟပ်ချိုး အဟတ် အဟော့ . . အဟွတ် . . ဝေါ့ . . . အော့ . . အဟက်"

အာသီးမှာ ချိတ်နေတဲ့ သားရေကွင်းကို ဟပ်ထုတ်လို့ မရဘူး။ အဲဒီမှာ ချောင်းကဆိုး၊ လည်ပင်းကယား။ ဒီမှာ ကိုယ့်လည်ပင်းကိုညှစ် ပါးစပ်ထဲ လက်ထိုးပြီး သားရေကွင်းကို ကလော်ထုတ်နေဆဲမှာပဲ ဝတ်ထားတဲ့ ဘန်ကောက်ပုဆိုးက ပြေကျပြီး ကျွတ်ကျသွားပါလေရော။

"ဝါး ဟား ဟား ဟား ဟေး ဟေး ကြားပြန်ကွ"

"ဟာ - ပေါင်မှာ ပွေးတွေနဲ့ ရွှံ့စရာကြီးဟ ဝေါ့"

"ဟာ"

"ဟယ် . . ."

"ဟင် - အမလေးတော့"

"ဟော့ကောင် ပုဆိုးကျွတ်နေတယ် ကျွတ်နေတယ်"

ပုသိမ်ကြီး အောက်နေ အော်ပြီး လက်ညှိုးထိုးပြလို့ ငုံ့လည်းကြည့်လိုက်ရော-

ဟိုက် - ကျုပ်ခါးမှာ ပုဆိုးမရှိတော့ဘူး၊ ဘောင်းဘီတိုလေးပဲ ကျန်တော့တယ်။ ဘန်ကောက်ပုဆိုးက ကြမ်းပြင်ဇာတ်စင်ပေါ်မှာ ပုံကျလို့။

"ဆင်း ဆင်း မြန်မြန်ဆင်းပါတော့ဟ"

ဒါနဲ့ ပုံကျနေတဲ့ ဘန်ကောက်ပုဆိုးကို ကုန်းကောက်နေစဉ်မှာပဲ သားရေကွင်းတွေရော၊ ပြောင်းဖူးရိုးတွေရော၊ ဆီးငန်စေ့တွေရော၊ ခဲကြီးလှော်



www.burmeseclassic.com

www.burmeseclassic.com



တွေပါ စင်ပေါ်ကို အုပ်ဖွဲ့တက်လာခဲ့တယ်။ ကျုပ်နဖူးရော၊ ခေါင်းရော ရင်ဘတ်တွေပါ လာမှန်ကြပါလေရော။

ဒါနဲ့ ပုဆိုးကို ပြင်ဝတ်လိုက်ပြီး နောက်တစ်ကြိမ် ပြန်ကျော့မလို့ သုပ်ဘုန်းမှာပဲ အခန်းမှူးက တွန်းချတာနဲ့ စင်အောက်ကို ပြန်အဆင်း ခဲသူတားသစ် တော့်နင်းမိပြီး မှောက်ရက်အောက်ကိုထိုးကျပြန်ပါရော ဘူး။ ယဲကုလျှောကျလာတာက အရေးမဟုတ်ဘူး၊ လန့်ပြီး သေးပါထွက် တော့ ပြောင်ပြောင်ရွှေဖလားရောင် ဘန်ကောက်ပုဆိုးကြီး သေးတွေ စိုရွှဲကုန်ပါရော။ လက်ခုပ်တွေထရုပ်တီးပြီး တသောသော ရယ်သံများမှာ ကျုပ်ဘယ်လိုလုပ် မျက်နှာပြရမှန်း မသိဘူး။

ကျုပ်ပိုးနေတဲ့ ကောင်မလေးကို သနားလေမလားလို့ လှမ်းကြည့် လိုက်တော့ သူက မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး အူနှိပ်ရယ်နေလေရဲ့။

မကြီးခင်တို့အုပ်စုကလည်း နောက်တစ်ပုဒ်လုပ်ပါဦးလို့ အော်ဟစ် အားပေးကြတယ်။ ကျုပ်မျက်နှာ ဘယ်လိုပြရမှန်းမသိလို့ ပုသိမ်တို့ အုပ်စု ရှိရာကို ပြန်လာတော့ ငနဲတွေ တစ်ယောက်မှ မရှိတော့ဘူး။ ရှက်လို့ ထပြေးကုန်ကြပြီ။

ကျုပ်တစ်ကိုယ်လုံး ချွေးတွေရော သေးတွေပါ ရွှဲနေတယ်။ ချွေးသုတ် ပေးမယ့်လူ မရှိဘူး၊ ထိုင်ပါ နားပါ အမောပြေ ရေအေးအေးချမ်းချမ်း တစ်ခွက်သောက်လှည့်ပါ ခရီးဦးကြိုမယ့်သူ နတ္ထိ။ ဒါနဲ့ အထဲမဝင်တော့ ဘူး။ အလယ်မင်းလမ်းအတိုင်း မျက်စိကို လက်ဝါးနဲ့ကာပြီး အနန္တော အနန္တငါးပါးအာရုံပြုလို့ အပြန်။

ငနဲလေးတစ်ယောက်က အော်တိုစာအုပ်လေးကိုင်ပြီး လမ်းမက ပိတ်ရပ်လို့။

"အစ်ကို ကြားပြန်ကြီး အမှတ်တရလက်မှတ်လေး ထိုးပေးပါခင်ဗျာ" တောက် - အရေးထဲမှာဗျာ နော။

မသန်းမြကလည်း အသံစူးစူးနဲ့ လှမ်းအော်လိုက်သေးရဲ့။

"ဘယ်ရပ်ကွက်မှာ နေလဲဟင်၊ ခုတ်ပုံပါရင် တစ်ပုံလောက် ပေးခဲ့ ပါလား"

ပြောရင်း ခွက်ထိုးခွက်လန် ရယ်ကြတယ်။ လမ်းမှာ ခလုတ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတိုက်၊ လဲကျလို့လဲကျ၊ အဲဒီမှာပဲ ဘယ်သူက လက်ကမြင်းကြောထ လိုက်လဲ မသိဘူး၊ ကျုပ်တင်ပါးကို စက္ကူအမြီးရှည်ကြီးတပ်ပေးလိုက်တာ သူက အမြီးတန်းလန်းကြီးနဲ့ မျောက်ဘဝရောက်ရပြန်ရော။ အဲဒီနေ့က မျောက်ကြားပြန်ငမိုက်လို့ ဘွဲ့အသစ်ပေးလိုက်ကြသေးရဲ့။

ဆရာမကြီးကလည်း ဒေါပွပြီး ကျုပ်ကို ကျောင်းလုံးဝမတက်ဖို့ ရာဇ သံပေးတာနဲ့ ကျုပ်အမေရယ် မနည်းတောင်းပန်ရတယ်၊ ဝါသနာပါရမီက အဲဒီလိုကို ထူးတာပါဗျာ။

နောင်နှစ် အာစရိယပူဇော်ပွဲအချိန်ကာလ ရောက်တိုင်း ကျုပ်ကို ကျောင်းလှိုင်တို့က သီချင်းဝိုင်းဆိုခိုင်းကြတယ်။ အတန်းပိုင်ဆရာမကြီး က ကျုပ်တို့ကို သီချင်းဆိုရင် ကျောင်းကထုတ်ပစ်မယ်လို့ ဝမ်နင်ပေးထား လို့ ကျုပ်မွေးရာပါ အနုပညာဗီဇခါတ်ခံလေးကို ကြိတ်မှိတ်မျိုသိပ်ပြီး နေရတယ်။

ဒီလိုမှမဟုတ်ဘဲ သီချင်းသာ ဆက်ဆိုဖြစ်ရင် အမေတို့လည်း ဒီ မြို့က ပြောင်းပြေးသွားနိုင်သလို ဒါမှမဟုတ် ကျုပ်တို့ရဲ့ ကျေးဇူးရှင် အ တန်းပိုင်ဆရာမကြီး ကျောင်းကထွက်ပြီး မုန့်ဟင်းခါးရောင်းတဲ့အလုပ် လုပ် ချင်လုပ်သွားနိုင်ဖွယ်ရှိလေရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## (၄)

**ယှဉ်ပြိုင်ကာစရာ နှမကညာလိုသဗျ ဟား ဟား ဟား**

အစကနဦးမှာ ဆိုခဲ့သလိုပေါ့ဗျာ၊ မြို့မတောင်ရပ်ကွက်က တန်ဆောင်တိုင်မှာ လှူရုပ်သေပြခန်းနဲ့ စည်စည်ကားကား အောင်အောင်မြင်မြင် လုပ်သွားတာကိုကြည့်ပြီး ကျုပ်တို့ ထန်းပင်ကုန်းရပ်ကွက်က ကာလသားကြီးများလည်း အနုပညာပိုးကြွလာကြသဗျ။

ဘာကြာလဲဗျ၊ ဒီနှစ်သကြ်န်မှာ ကျုပ်တို့ရပ်ကွက်က အရပ်ပြဇာတ်ကမယ်ဆိုတဲ့သတင်း ထွက်ပေါ်လာပါလေရော။ သို့ကလို အရပ်ပြဇာတ်ကြီး ကမယ်ဆိုတဲ့ သတင်းကြားကြတော့ တစ်ရပ်ကွက်လုံး ပျားအုံတုတ်နဲ့ထိုးလိုက်သလို၊ ကျီးကန်းအုပ် လေးခွမှန်သလို အုတ်အော်သောင်းတင်းဖြစ်ကုန်ကြပါရော။

ကိုးမုခ်ရှင်ဘုရားမှာရုံအစည်းအဝေးက ပြန်လာတဲ့ ဘကြီးဦးစံရကို ဟုတ်ရဲ့လားလို့ ဝိုင်းမေးကြတယ်။

"ဟုတ်တယ် လာမယ့်သကြ်န်မှာ တို့ရပ်ကွက်က အရပ်ပြဇာတ်ကြီး ကကြမယ်"

သည့်စကားလည်းကြားရော အရပ်က ဝမ်းသာအားရစကားတွေ ဆိုကြပါရော။

အချို့က နက်ဖြန် အိမ်ပြောင်းမယ်တဲ့။

အချို့က သကြ်န်တောက်လျှောက် စစ်ကိုင်းချောင်မှာ တရားသွား



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နေမယ်တဲ့။

အချို့က ရွာကျောရပ်ကျောကိန်းတော့ မြင်တယ်လို့ နိမိတ်ဖတ်ကြတယ်။

မတောကြီးတို့အိမ်ကတော့ အကယ်လို့ အလှူလာခံရင် အမေဈေးသွားတယ်လို့ပြောဆိုပြီး ခေါင်းမြီးခြုံအိပ်နေမယ်လို့ သားသမီးများနဲ့ စည်းဝေးရိုက်ထားသတဲ့။

ပွဲက မကဖြစ်သေးဘူး၊ မကခင်ကတည်းက အရပ်က ဒီလို ကြိုတင်နိမိတ်မြင့်မြှောက်စားကြတယ်ကိုး။ အဘဦးကျော်သောင်းက -

"ဘုရားနတ်လမ်းလေး ခင်းချင်နေတာ ဒီနှစ်ဟန်ကျပြီ။ အုတ်ခဲကျိုးလှည်းနှစ်စီးတိုက်လောက်လိုနေတာ၊ အတော်ပဲဟော့ ပြဇာတ်ကပြီးလို့ မိုးလင်းရင် လှည်းနဲ့သွားတိုက်ဖို့ ပြင်ထား"

ဆိုပြီး ဂေါပကအဖွဲ့ကို ကြိုပြောတာဆိုပဲ။

စုံစမ်းကြည့်တော့ သည်နှစ် သကြံန်ပြဇာတ်ကို ကြီးကြပ်စီစဉ်မယ့်သူက ကိုဝင်းပြောင်ကြီးတဲ့။ ကိုဝင်းပြောင်ကြီးက စာစပ်ပေစပ်လည်း မဆိုးဘူး။ သီချင်းအဆိုလည်း ဝါသနာပါတဲ့လူ။ အပြောအဟောလည်းရတယ်။ အဲ - အရေးအကြောင်းရှိရင် စကားထစ်နေတာနဲ့ စီခနဲဆို ခံရပြီးသားပဲ။ ဇာတ်ရည်နားရည်ဝတယ်။ အလှူခံမဏ္ဍပ်မှာ ဥပါသကာစကား၊ အလှူခံစကား မိုက်နဲ့ပြောရင် သူပဲ ဒိုင်ခံပြောတာ။ ဝဲကတော့ ကုတ်သလားမမေးနဲ့။ လူတစ်ကိုယ်လုံး ဝဲခြောက်တွေကို ဘိုးစဉ်ဘွားဆက် အမွေစုထားသလိုပဲ တစ်ကိုယ်လုံးပြည့်လို့။

လူကလည်း လူပျိုသိုးကြီး၊ မိန်းမပိုးရာမှာ သူ့ကို ဘယ်သူမှ မမီဘူး။ သူပိုးပြီဆိုရင် အဲဒီမိန်းမ ချက်ချင်း နောက်တစ်ယောက်နဲ့ လိုက်ပြေးရော။ အဲဒီကြားက လျှောက်ပြန်သံပေး ပြန်ပြေးခွေးဟောင် ခြေအေးဝမ်းရောင်နဲ့ ထိုက်ရှာပိုးသေးရဲ့။

အချို့ အမျိုးသမီးများက သူအပိုးသန်တာကိုကြောက်ပြီး အိမ်ပြောင်းသွားကြသလို အချို့ကလည်း သူ့ဒဏ်ကြောက်လို့ ရရာယောကျ်ား ကောက်ယူလိုက်တာပဲ။ အဲဒီ ငမ်းကြောသန် ကိုဝင်းပြောင်ကြီးက ဒါရိုက်တာလုပ်မယ်လို့တဲ့။ ပြဇာတ်က လွတ်ကိုကောင်းမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်စာရေးဆရာက မျက်လုံးမှေးမှေးနဲ့ မင်္ဂလာသောင်းရယ်။ (နောင်အခါ သူသည် သန်လျင်ညွန့်ဦး ဟူသောအမည်ဖြင့် ရေဒီယိုဇာတ်ပြားရ အဲဆိုရှင်ဖြစ်သကဲ့သို့ ယခုတိုင် သူပိုင်ဇာတ်ကိုထောင်၍ နယ်လှည့်ကပြလျက်ရှိသည် - စကားချပ်) တရုတ်ကပြားဗျ။

သူကလည်း တစ်မူထူးခြားပါပေတယ်။ အရုပ်ထဲမှာ ရည်းစားစာမျိုးစုံရေးပြီး ကာလသားတွေကို တစ်စောင် ငါးကျပ်နှုန်းနဲ့ ရောင်းစားတာ ရုံးအုပ်ကြီး လစာထက်တောင် စီသေးရဲ့။ သီချင်းကိုလည်း အာပြဲကြီးနဲ့ ရှာလန့်အောင် အော်ဆိုလိုက်သေးတယ်လေ။

ချိုးကျူးစရာကောင်းတာက သင်းကြီးက စာဖတ်နာတယ်၊ ပုံပြောကောင်းတယ်၊ ညဘက် မီးကင်းစောင့်ရင်း ကာလသားကြိုက်ပုံပြင်များ ပြောပြရင်လေ ဘယ်သူမှ မအိပ်ကြတော့ဘူး၊ ဒီလိုလူရယ်။

ဇာတ်ဝင်သီချင်းရေးမယ့်သူက ခါးကုန်းကုန်း၊ ခေါင်းကြီးကြီး၊ ကြွက်နားရွက်လို နားရွက်ကားကားနဲ့ လက်ဖက်အလွန်စားတဲ့ ဝိဇ္ဇာစိုးဆိုတဲ့ ပုဂ္ဂိုလ် (သူကလည်း နာမည်ကျော် သီချင်းရေးဆရာနဲ့ တီးဝိုင်းခေါင်းဆောင် ဖြစ်နေပြီ။)

တီးဝိုင်းတာဝန်ခံက ရသေ့စံသိန်းတဲ့။ ကောင်းကြပေ့ဗျာ။ သူ့အဖွဲ့မှာ တယောထိုးတဲ့လူက ခေါင်းဖြူ ကိုကြည်းရယ်၊ အသက် (၅၀) ကျော်နေပြီ။ လူငယ်တွေနဲ့ သောက်လိုက်စားလိုက်ဆိုလိုက်။ သူ့ဟွန်းတယောလက်သံကလည်း နာမည်ကျော်ပဲ။ ခေါင်းဖြူကိုကြည် ဟွန်းတယောကြီးထိုးပြီဆိုရင် အိမ်ကြိုအိမ်ကြား၊ လက်ကြိုလမ်းကြားက ရှိရှိသမျှ မြေကြွက်ကြီးငယ်၊ ကြွက်စုတ်၊ ကြွက်ဝမ်းပူ၊ ကြွက်ဖလောင်း အကုန်ထွက်လာကြရော။ သူ့တယောသံကို နယ်ကအမျိုးတွေ ပျော်ပွဲစားလာကြတယ်မှတ်ပြီး ဒေသခံကြွက်တွေက ပြေးကြိုကြတာရယ်။ ခေါင်းဖြူကိုကြည်းမှန်းလည်း သိရော ခြေမကိုကိုက်ပြီး ထွက်ပြေးရော။ နောက်တယောထိုးရင် ကုလားထိုင်ပေါ် တင်ပျဉ်ခွေထိုင်ပြီး ကြွက်ပြေးဂါထာကို သုံးခေါက်ရွတ်ပြီးမှ ထိုးရတယ်တဲ့။

ဒီအဖွဲ့က ရပ်ကွက်ထဲမှာ နာမည်ကျော်တွေပဲ။

ဘယ်ကလောက်များ နာမည်ကျော်သလဲဆိုရင် ည (၁၀) နာရီ လူ



www.burmeseclassic.com

www.burmeseclassic.com



ခြေတိတ်ချိန်ရောက်ရင် ရသေ့စံသိန်းဆိုသူက ဒုံမင်းကြီးကို ပုဆိုးကွင်းသိုင်းသည့်လွယ်ပြီး လမ်းလျှောက်လျက်က တီးတယ်။ မယ်ဒလင်ကို ကိုကြွက်သိုးက တီးတယ်။ ကိုကြွက်သိုးကလည်း မယ်ဒလင်မှာ ရွှေတံဆိပ်ရပဲဗျ။ တစ်ခါများ မင်္ဂလာဆောင်အိမ်မှာ မင်္ဂလာသောင်းက မြမန်းဂီရိကို သီဆိုပြီး ကိုကြွက်သိုးက တီးတယ်။ မိုက်က အသံထွက်လာတော့ အတီးက 'အပျိုကြီး မမတို့ရယ် တစ်ကိုယ်တည်း ငွကျတယ်၊ ငွကျလှတယ်' သီချင်းဖြစ်နေတယ်။ အဲဒီလို သောက်တလွဲတွေ။

အဲဒါလည်း မင်္ဂလာသောင်းက မြမန်းဂီရိကို ဆက်ဆိုသွားတယ်။ ခပ်တည်တည်ပဲ။ သူက ဆိုရင်းက ဘာပြောမှတ်လို့လဲ၊ ကိုကြွက်သိုး လက်သံက ဂီတာသိန်းမောင်လက်သံအတိုင်းပဲတဲ့။

ဘာကြာလဲ၊ မင်္ဂလာဆောင်အိမ်ပေါ် ခဲတွေကျလာလို့ လမ်းထဲက အရပ်လူကြီးတွေက ကိုကြွက်သိုး မယ်ဒလင်ကို သိမ်းသွားသလို မိုက်ကရိုနန်းကိုလည်း တစ်ည ဖြုတ်သိမ်းလိုက်ရတယ်။ မင်္ဂလာသောင်းကိုလည်း တောင်ဘက် တစ်အိမ်ကျော်မှာ အသည်းအသန် လူမမာရှိနေလို့ (၇) ရက်တိတိ သီချင်းမဆိုပါနဲ့လို့ မှာသွားတယ်။ ဒီလို သတိပေးရက်သားနဲ့မှ မလိုက်နာ ဆက်ဆိုနေလို့ လူမမာသေသွားရင် မင်းကြောင့်ပဲလို့ ထပ်သတိပေးခဲ့ရတယ်။

လူမမာရဲ့ သားအကြီးကောင်က ငှက်ဆိုးထိုးတာကို မလန့်ပါဘူး ဦးဌက္ကကြီးတို့ရယ်တဲ့၊ သူတို့နှစ်ဦးရဲ့ အတီးနဲ့ အဆိုကို ကြားတာနဲ့ အမေက မျက်ဖြူလန်ပြီး တက်ရောတဲ့။ ကောင်းရောလားဗျာဟင်။ ဒါနဲ့ စောစောတုန်းက ဆက်ပြောရဦးမယ်။

တစ်ည သူတို့အုပ်စု လူတွေအိပ်ခါနီးမှာ ရပ်ကွက်ဗဟိုလမ်းမကြီးက နေစပြီး သူတို့ တီးဝိုင်းနဲ့ ဘုရားလှည့်သလို လှည့်တီးကြတယ်။

မင်္ဂလာသောင်းနဲ့ တေးရေးဆရာဝိဇ္ဇာစိုးက သီချင်းကို သံပြိုင်ဆိုကြတယ်။ ဆိုတဲ့သီချင်းက ဘာသီချင်းမှတ်လို့လဲ။'

'ရွှေဘုန်းတော်တိုးပါလို့ ရွှေမိုးတွေရွာ၊ နိုင်ငံတော် ပြည်အရေးဆောင်သာလှတယ်လေး' ဆိုတဲ့ သီချင်းကို အသံပြကြီးတွေနဲ့ ဆွဲဆွဲငင်ငင် ဆိုလိုက်ပုံက ဒီလို ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဘုန်းတော်. . . ဟော် . . . ဟော်. . . ဟော် တိုး. . . ဟိုး. . . ဟိုး. . . ဟိုး. . . ပါလို့၊ ရွှေမိုးတွေ . . . ဟေ. . ဟေ. . ရွာ. . . ဟာ. . . ဟာ. . . ဟာ။ နိုင်ငံတော်ပြည်အရေးက သာ. . . လှ. . . ဟ. . . ဟ. . . တယ်. . . လေး. . . ဟေး. . . ဟေး. . . ဟေး. . . တဲ့။

ထန်းပင်ကုန်း (၁) လမ်း ကင်းတဲမှာ လူစုပြီး ပုဆိုးလေးတွေ ကိုယ်စီ ခေါင်းမြီးခြုံလို့ လမ်းမကြီးအတိုင်း တီးမှုတ်ဆိုလာကြတာ သည့်နောက် ရပ်ကွက်ကို ပတ်ကြမယ်ပေါ့။

ပြောခဲ့သလို အချိန်က ည (၁၀) နာရီ။

ဒီလိုနဲ့ ထန်းပင်ကုန်း (၅) လမ်းလည်းရောက်ရော မိန်းမကြီးတစ်ဦး နဲ့ ကလေးနှစ်ယောက်က မီးခွက်ကြီးတစ်ခုကိုင်ပြီး အထုပ်ကလေး နှစ်ထုပ် နဲ့ ကြိုစောင့်နေတယ်။

ဝိဇ္ဇာစိုးကလည်း လူလုံးလူရိပ်မြင်လိုက်ရတော့ အားပေးချင်လို့ ထွက် ကြည့်တာနေမှာပါဆိုပြီး အသံကို မြှင့်ဆိုလိုက်တယ်။

"ရွှေဘုန်းတော်. . . ဟော်. . . ဟော်. . . ဟော် တိုး. . . ဟိုး. . . ဟိုး. . . ဟိုး. . . ပါလို့၊ ရွှေမိုးတွေ ဟေ. . . ဟေ. . . ရွာ. . . ဟာ. . . ဟာ. . . ဟာ"

ဒီအချိန်မှာ အထုပ်တွေကိုင်ထားတဲ့ မိန်းမကြီးက ပုဆိုးခေါင်းမြီးခြုံ ပြီး သီဆိုတီးမှုတ်နေတဲ့ သူတို့ရှေ့က ပိတ်ရပ်ပြီး ဝိဇ္ဇာစိုးလက်ထဲကို ကိုင် ထားတဲ့ အထုပ်ကမ်းလိုက်တယ်။ အဲလို ကမ်းလိုက်ရင်း ပါးစပ်ကလည်း ပြောလိုက်တယ်။

"စောစောလေးလာခဲ့ရင် ဟင်းပါရသပေါ့ကွာ၊ ခုဟာက အိပ်ခါနီး ဖြစ်နေတော့ ထမင်းကျန်ဟင်းကျန်ပဲ ရှိတော့တယ်။ ငါးပိရည်နဲ့ ချဉ်ရည်ဟင်းလေးပဲ ပါသကွယ့်။ ဒီညတော့ ဒါပဲ ဝေစားကြကွယ် နက်ဖြန် စောစောလေး လာခဲ့ပါ။ ချန်ထားလိုက်ပါ့မယ်"

အဲလိုပြောပြီး သားအမိသုံးယောက် အိမ်ထဲပြန်ဝင်သွားကြပါလေ ရော။

သူတို့ ထင်တာက အဆိုတော် ဘယ်သူလဲ၊ ဂီတညာရှင် ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



လဲ သိချင်လို့ ထွက်ကြည့်တယ်ထင်တာ။ မဟုတ်ဘူး၊ အမှန်ဖြစ်နေတာက တိုယ်ပျက်နေတဲ့ ကိုယ်ရေပြားရောဂါသည်အုပ်စု လူမြင်မခံဝံ့လို့ အိပ်ခါနီးကျမှ သီချင်းဆိုပြီး လှည့်တောင်းတာမှတ်ပြီး ထမင်းကျန်ဟင်းကျန်တွေ ထွက်ပေးတာ။

ရသေ့စံသိန်းက ဒေါ်တွေပွပြီး ဒုံမင်းကြီးကို ပေါက်ခွဲမယ်လုပ်ပါရော။

"ဒါ ဒါ သက်သက်မဲ့ လူကိုစော်ကားတာကွ၊ စော်ကားတာ"

ဒီမှာ ကာလသားခေါင်း ကိုဝင်းပြောင်က စံသိန်းကို ချော့ရတယ်။

"သည်းခံပါ ရသေ့ကြီးရာ၊ မင်းတို့ငါတို့ကလည်း အနူတွေ ကိုယ်ရေပြားရောဂါသည်တွေလို ခေါင်းမြီးခြုံတွေဖွင့်ပြီး ဆက်တီးကွာ။ နို့မို့ အနူတွေမှတ်ပြီး ထမင်းကျန်ဟင်းကျန် ထွက်ပေးနေဦးမယ် လုပ်၊ လုပ်. . . တီး"

ဒါနဲ့ ခေါင်းမြီးခြုံတွေဖွင့်ချပြီး ပြောင်ပြောင်တင်းတင်း သီဆိုတီးမှုတ် လှည့်လာလိုက်ကြတယ်။ (၇) လမ်းထိပ်ရောက်တော့ ကိုဝင်းပြောင်က-

"ဝိဇ္ဇာ သီချင်းပြောင်းဆိုကွာ"

"ဘာသီချင်းဆိုရမလဲ ကာလသားခေါင်းမင်းရဲ့"

"နန်းတော်ရှေ့ဆရာတင်ရဲ့ အောင်နိမိတ်ကိုဆို။ အဲဒါ ကျက်သရေမင်္ဂလာရှိတယ်"

"ကာလသားခေါင်းမင်းခိုင်းမှတော့ လုပ်ရသပေါ့ဗျာ ကိုင်း - ဘာတဲ့၊ . . . ကျက်သရေ. . . မင်္ဂလာ ဟား. . . ဟား. . . ဟား၊ နေ့တိုင်း ညတိုင်း ဟိုင်း. . . ဟိုင်း. . . ဟိုင်း. . . ဟိုင်း. . . ကောင်း. . . ပေါင်း. . . ပေါင်း. . . တဲ့၊ ပြော်. . . ကောင်းတဲ့စကားကို ဟို . . . ဟို. . . ဟို. . . ဟို. . . ဟို၊ ကျွန်တော် မောင်ဝိဇ္ဇာစိုးကလေးက ပြောကြားချင်ပါရဲ့ ဟဲ့. . . ဟဲ့. . . ဟဲ့. . .၊ သောတရှင်. . . ဟင်. . . ဟင် အများ. . . ဟား. . . ဟား. . . ဟား၊ သောတရှင် အများ ဟား. . . ဟား. . . ဟား ရယ်. . . ဟယ်. . . ဟယ်. . . ဟယ်. . ."

"အူ . . . ဝူး. . . ဝူး. . . ဝူး. . . အူး. . . "

"အိန်. . . အိန်. . . ဂိန်. . . ဂိန်. . . အိန်"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်. . . အိမ်. . . ဝူ. . . အူ. . . အူ. . . အူ. . ."

(၇) လမ်းထိပ်အရောက်မှာ ခြေဆင်းလေးပဲ ဆိုရသေးတယ်။ ခွေး (၁၀) ကောင်ကျော်လောက်ဟာ အိမ်အောက်နဲ့ လမ်းကြားများက အလျှိုလျှို ပြေးထွက်လာကြပြီး သူတို့ကိုကြည့်လို့ သံပြိုင်အူကြပါရော။ အူကြသမျှ တစ္ဆေသရဲများကို တွေ့လိုက်ရသလို အူကြတာ။ ဒီမှာ ခေါင်းဖြူကိုကြည်းက ဝါးယောထိုးတံနဲ့ လိုက်ရိုက်တယ်။ ဝိဇ္ဇာကတော့ ခွေးအူသံများကို လွှမ်းသွားအောင် အသံမြှင့်လိုက်တယ်။

"ဩော်. . . မှန်. . . ချိန်. . . ဆလို့. . . ဓမ္ဘာကာ. . . ဟား. . . ဟား. . . ဟား"

"ဝိုး. . ."

"ဖောင်း. . ."

"အောင်. . . မယ်. . . လေး. . . သေ. . . ပါပြီ. . . ဗျ"

"ဝိုး. . . ဝိုး. . . ဝိုး. . ."

"ဒေါင်. . . ဒေါင်. . . ဒေါင်. . . ဗုန်. . . ဂလုံး. . ."

"ဟ ဟ ပစ်တယ်ဟ၊ ခွနဲ့ ပစ်နေတာဟ၊ ဝိဇ္ဇာ ဝပ် ဝပ်"

ဘယ်က ပစ်လိုက်မှန်း မသိဘူး၊ မှန်း. . . မှန်း. . . ချိန်. . . ဆလို့ ရှိသေးတယ်။ လောက်စာလုံးတစ်လုံးက အဆိုတော်ဝိဇ္ဇာစိုးရဲ့ နားထင်ထိ လာမှန်ပြီး အမလေးတ,လို့ တစ်ပတ်လည်ပြီး လဲကျသွားရော။

ဒါနှင့်အတူ ရှေ့ဆင့်နောက်ဆင့်ပါပဲ၊ မှောင်ထဲကနေ လောက်စာလုံးတွေ ပိတုန်းအုပ်တပ်ချီလာသလို ပျံလာသလို ဝင်လာလိုက်တာ ရသေ့စံသိန်းက ဒုံမင်းကြီးမ,ပြီး ဗိုင်းအဖြစ်နဲ့ ကာလို့ပြေး၊ ကိုကြွက်သိုးကလည်း တဝီးဝီးပျံလာသမျှ လောက်စာလုံးများကို သူ့မယ်ဒလင်အိုးနဲ့ ပတ်ယမ်းပြီး မျက်နှာကိုကာလို့ ပြေးပါရော။

ကာလသားခေါင်းမင်း ကိုဝင်းပြောင်ကလည်း လဲကျ ညည်းညူနေတဲ့ ဝိဇ္ဇာစိုးကို ဆွဲထူပြီး မာရသွန်လိုက်ကြတာ ဟူး- ကင်းတဲလည်းရောက်ရော အားလုံး လျှာထွက်နေကြတယ်။ ဝိဇ္ဇာစိုးရဲ့ ညာဘက်နားထင်မှာ လည်း အာလူးသီးကြီး ဖူးရောင်လို့။ တယောဆရာကြီး ခေါင်းဖြူကိုကြည်း ခများလည်း နောက်စေ့နားမှာ တောင်ငူကွမ်းသီးလောက်ရှိတဲ့ အဖု

www.burmeseclassic.com

www.burmeseclassic.com



ပြောင်တင်းနေတာပဲ။ ခမျာ ကင်းတဲပေါ်မှာ လဲနေတယ်။

"ကို. . . ကြည်း ဘယ့်နှယ်နေသေးလဲ ဟင်. . ."

ကိုဝင်းပြောင်က တပည့်လက်သားများကို စိုးရိမ်ကြီးစွာ လှုပ်လို့ မေးရှာတယ်။

"ငါ့မိန်းမ နာမည်ပါ မေ့ချင်သလိုလို ဖြစ်နေတယ်ကွာ အား. . . ကျွတ်. . . ကျွတ်"

"တဖြည်းဖြည်းတော့ သတိရလာမှာပါ သူ. . . သူငယ်ချင်းရာ၊ ဝိဇ္ဇာ . . . ဝိဇ္ဇာ၊ ဟာ- သေ. . . သေများသွားပလား၊ ဝိဇ္ဇာ အခြေအနေ ဘယ်လိုလဲ၊ ဘယ်လို. . . နေ. . . သလဲ ဟင် ဟင်"

"ငါ . . . ငါ လူပေါင်းမှား. . . ခဲ့ပြီ ဝင်းပြောင်၊ ငါ. . . မှားခဲ့ပြီ ဟီး. . . ဟီး. . ."

"မငိုပါနဲ့ သူငယ်ချင်းရာ၊ မအောင်မြင်ခင်မှာ ဒီ. . . ဒီလိုပါပဲကွာ၊ အောင်. . . မြင်တဲ့ တစ်နေ့. . . နေ့ကျရင် လောက်. . . စာ. . . လုံးအစား မိတ်. . . မိတ်ဆက်. . . စာ. . . စာတွေ ရောက်. . . လာမှာပါကွာ၊ တိတ် တိတ် ဦးဖွ ဦးဖွ ပျောက်စေ"

ရသေ့စံသိန်းကလည်း ပိန်ချိုင့်သွားတဲ့ ဒုံမင်းနောက်ကျောကိုကြည့်ပြီး -

"ဒီ. . . ဒီည ကျွန်ုပ်တို့. . . ကံ အလွန်ဆိုးပါတယ် လူကလေး ဝင်းပြောင်"

ဒီမှာ ကြပ်ပူတိုက်နေတဲ့ မဂ်လာသောင်းဘက်ကိုလှည့်ပြီး -

"မဂ်လာသောင်း၊ ငါ့လူရော ကံကောင်းရဲ့လားဟင်"

"ကံကောင်း မကောင်းတော့ မ. . . သိဘူး၊ ချိုစောင်းမှာ ငါးကျပ်သားလောက် အဖုကြီး အထိမခံနိုင်ဘူး၊ အ. . . ဘုရား. . . ဘုရား"

"ရင်နာတယ် ဝင်းပြောင်၊ ငါ အရမ်းရင်နာတယ်"

ရသေ့စံသိန်းက ဒုံမင်းကြီးများကို လက်နဲ့စမ်းရင်းက အဝေးကို ငေးမျှော်ကြည့်ပြီး ကြေကွဲဆို့နင့်စွာ ဆိုလိုက်တယ်။ ဒီမှာ ပြန်ထိုင်နိုင်တဲ့ ဝိဇ္ဇာကြီးက ပက်လက်ကြီး ညည်းနေတဲ့ တယောကိုကြည့်ရင်း နောက်စေ့က အဖုကြီးကို လက်ဝါးနဲ့အုပ်လို့ အရောင်ကျမန္တန်နဲ့ မန်းမှုတ်ပေးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို နာနေလို့လဲ ရသေ့ကြီးရဲ့၊ ရင်ဘတ်ကို မှန်သွားသေးလို့လား"

"ဖွိ - ဒီလိုရှိတယ် ဝင်းပြောင်၊ ဒါ ဒါ အနုပညာကွ၊ ဂီတအနုပညာ။ ပဉ္စသိခ်နတ်သားတောင် ဘုရားရှင်ကို စမ္မတေးဖွဲ့သီ ပူဇော်ခဲ့တဲ့ ဂီတအနုပညာ။ အခုတော့ကွာ စထွက်ကတည်းက အနူတွေမှတ်ပြီး ထမင်းကျန်ဟင်းကျန်ပေးတာခံရတယ်။ နောက်နေ့ညကျရင် စောစောလာခဲ့နော်တဲ့ ဖွိ. . ."

"ခေါင်းမြီးခြုံထားတော့ ငါတို့မှန်းမသိလို့နေမှာပေါ့ကွာ"

"ထားပါတော့ ထားပါတော့၊ ခေါင်းမြီးခြုံဖွင့်ပြီး ဆက်တီးတော့ ခွနဲ့ ချောင်းပစ်တာက လူမှားတာတဲ့လားကွာ ဟင်၊ ကာလနာခေါင်း ပြောလေကွာ"

"စိတ်ကိုလျှော့ပါ ရသေ့ကြီးရာ၊ ငါတို့ မြန်မာအသံက လွှင့်ခွင့်မရသေးလို့ပါ။ နှစ်ကြိမ်သုံးကြိမ်လောက် လွှင့်ခွင့်ရသွားရင် အားလုံးဖြုံပြီး လေးစားလာကြမှာပါ။ ခုကိစ္စက ဟိုးရှေးဘဝက အကုသိုလ်ဝဋ်ကြွေးလက်ကျန်ဆပ်စရာကျန်လို့ ဒီည အကျေဆပ်လိုက်တယ်လို့ မှတ်ပြီး တရားနဲ့သာဖြေပါ ရသေ့ကြီးရာ။ ဒီကိစ္စ နက်ဖြန် မိုးလင်းရင် ငါ စုံစမ်းပေးပါ့မယ်ကွာ။ လာကွာ နည်းနည်းလောက် သွားသောက်ကြစို့။ လာ ထကြ"

သည့်နောက် မသန်းကစ်တို့ အရက်ဆိုင်သွားနှိုးပြီး ဒုံမင်းကြီး တစ်ညပေါင်လို့ အရက်တစ်လုံးသောက်ကြတယ်။ ခေါင်းဖြူကိုကြည်းတာ အရက်တစ်ခွက်ကို မော့လိုက်တယ်။

"ကိုကြည်း ဘယ်နှယ့်နေသေးလဲဗျ"

"နောက်တစ်ည ဆက်တီးရင် လည်ချောင်းထဲကို လောက်စာလုံးဝင်ဆောင့်မှာ ကျိန်းသေပဲ ဝင်းပြောင်" တဲ့။

❑

ပြောရရင် ကျုပ်တို့ရဲ့ ရွှေဆောင်နွားလားဥသဘ ကာလသားခေါင်းဆောင်ကြီး ကိုဝင်းပြောင်တို့က ဂီတလက်သံမှာ အဲဒီလို ထွေဝင်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခဲ့တာပါ။ အခု သူတို့က ဦးဆောင်ကြီးမှူးပြီး တန်ခူးလ မဟာ သင်္ကြန်မှာ ပြဇာတ်ကမယ်ဆိုတော့ ကြားကြားသမျှက တုန်လှုပ်ကြတာ ပေါ့။

တစ်နေ့ည -

(၇) နာရီလောက်မှာ ကိုဝင်းပြောင်တို့ မင်္ဂလာသောင်းတို့ အုပ်စုရယ် ကိုသံချောင်းရဲ့ လက်တွန်းလှည်းပေါ်မှာ လော်စပီကာကို ကြိုးနဲ့ချည်ပြီး အရပ်ထဲ တစ်လမ်းဝင်တစ်လမ်းထွက် နှိုးဆော်ကြပါရော။

"လေး. . . လေး. . . စား. . . အပ်ပါသော ထန်း. . . ထန်း. . . ပင် ကုန်းရပ်ကွက်၊ အဲ အဲ- ထန်း. . . ပင်ကုန်း ရပ်ကွက်အတွင်းရှိ အ. . . နု. . . ပညာ ချစ်သူအပေါင်း ဟောင်း. . . ဟောင်းတို့ ခင်. . . ဗျာ"

ထစ်ထစ်ငေါ့ငေါ့၊ မပီကလာပီကလာနဲ့ အသံကို လော်စပီကာက ကြားလိုက်ရတော့ ဂျာရစ်တို့၊ ပုဆိုးကွင်းသိုင်းတို့၊ နှပ်ချေးတွဲလောင်းတို့၊ ဒိုးစွန်းဖုတ်တို့က ပြေးထွက်ကြည့်ကြတယ်။ ရပ်ကွက်ထဲ ခွေးတွေကလည်း ကာလသားခေါင်း ကိုဝင်းပြောင်တို့မှန်းသိရော မျက်မှန်းတန်းမိပြီး ဟိုက ဒီက ထွက်လာလိုက်ကြတာ အကောင်လေးငါးဆယ်လောက် ရှိမယ်။ ဟောင်လိုက်ကြတာနဲ့ ရပ်ကွက်ထဲ ဓားပြဝင်သလား မှတ်ရတယ်။

စကားတစ်လုံးနဲ့ တစ်လုံးကြားမှာ နှစ်ညအိပ်မျှ နားနေပြီး ဟစ်နေ တဲ့ ဘုရားရှိခိုးနေတဲ့ အမေက -

"ဟဲ့ ငမိုင်း၊ အဲဒါ ဘယ်သူ့အသံလဲဟဲ့"

"ကာလသားခေါင်း ကိုဝင်းပြောင်လေ အမေရဲ့ ဘာဖြစ်လို့လဲ"

"တစ်လောက လေဖြတ်တယ်ဆိုတာ သူလား"

"ဘယ်က ဟုတ်ရမှာလဲ၊ အဲဒါ သူ့အိမ်နားက ကိုဘဲဥရယ်၊ ဘာဖြစ် လို့လဲ အမေ"

"အဲဒီကောင်၊ ဘယ်သူ ဝင်းပြောင် ဟုတ်လား၊ အသံက လေဖြတ် တော့မယ့်အသံပဲ"

အမေက နားကြားပြင်းကပ်လို့ မေတ္တာပို့ရှာတယ်။ အမေက ပို့ရ ည်ရ သားရေခွနဲ့ လောက်စာလုံးကို အသင့် အနားမှာချပြီး ရှေ့ဆွဲကြမ်း

www.burmeseclassic.com



သောက်နေတယ်။

"ယခုနှစ် မ. . . မ. . . ဟာ. . . သကြ်န်မှာ ကျွန်. . . ကျွန်တော်တို့ ထန်း. . . ပင်. . . ကုန်းမှ တိုးတက်. . . သော လူ. . . လူငယ်များက အရပ်ပြဇာတ်တော်ကြီး တစ်. . . ပုဒ်နဲ့ ညလုံးပေါက်မိုးအလင်း ကပြ . . . အသုံးတော်. . . ခံ. . . ခံကြမှာ ဖြစ်သမို့ ဇာတ်လိုက် မြင်းသား အဲလေ ဆောရီး ခင်. . . ဗျ၊ ဇာတ်လိုက်မင်းသား. . . မင်းသမီးလုပ်လိုသူ ကာလသားကာလသမီးများ၊ လူ. . . ကြမ်းလုပ်လိုသူ တစ်ခုလပ် မုဆိုးဖိုများ၊ မင်းသမီး. . . အရမ်း လုပ်. . . ချင်သူ. . . "

"အရန်လုပ်ချင်လို့ပြောပါ ဝင်းပြောင်ရာ ရှီးမှပဲ"

"အဲ အဲ- ဆောတီး ခင်. . . ဗျာ၊ မင်း သမီးအရန် လုပ်ချင်သူ မိန်းကလေးများ. . . စနေနေ့ည (၇)နာရီ ကိုးမုခ်. . . ရှင်. . . ဘုန်း. . . တော်ကြီးကျောင်း မ. . . မှာရှိသို့ . . . လာ. . . ရောက်စာရင်းပေး. . . အရွေးချယ် . . . ခံနိုင်ပါ. . . ကြောင်း ကြိုးတင်အဲလေ ကြိုတင် အကြောင်းကြား. . . "

"အကြောင်းကြားကွ၊ တောက်"

"အဲ အဲ ထပ်ပြီး ဆောတီး. . . ပါ ခင်ဗျာ၊ အ. . . အကြောင်းကြားအပ်. . . အပ်. . . အပ်"

အရေးထဲ ထစ်နေတယ်။ အဆုံးသတ်လို့ မရဘူး။ ဒီမှာ ဝိဇ္ဇာစိုးကြီးက ကာလသားခေါင်းကိုဝင်းပြောင်ရဲ့ ခါးကိုတို့လိုက်ပြီး-

"အပ်ချည်လုံးလို့ ပြောလိုက် ပြောလိုက်"

"အပ်ချည်လုံး. . . အပ်ပါတယ်. . . ခင်. . . ဗျာ"

"ဝါး ဟား ဟား ဟား. . . "

"စကားလည်း မပီဘူးဟ"

"ဘာတွေ အော်နေမှန်း သိပါဘူးတော်၊ ဆောရီးလည်း ဆောတီးတဲ့ ဟား ဟား ဟား ဟား"

ကြွက်သိုးတို့၊ လုရှိ၊ ပေတိုးနဲ့ ဝက်ထော်တို့ ကလေအစ်သိုက်ကသူတို့အုပ်စုကိုကြည့်ပြီး ရယ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ၊ ယောင်တတ်ရတဲ့ကြားထဲ၊ အဲ အဲ အကြောင်းကြား အသိပေး ဖိတ်ခေါ်ပါတယ် ခင်. . . ခင်ဗျာ"

အဲဒီလို အသံချဲ့စက်ကြီးနဲ့ နားမချမ်းသာအောင် ဂဂျီးဂဂျောင် အကြောင်းကြားစကားတွေ ထစ်ထစ်ငေါ့ငေါ့နဲ့ အော်ပြီးနောက် ကနဦး အောင်မြင်မှုအဖြစ် မသန်းကစ်တို့ အရက်ဆိုင်မှာ ထိုညက (၁၂) နာရီ ထိုးတဲ့အထိ အရက်သောက်ပြီး ရှေ့ရေးကို ဆွေးနွေးကြတယ်။

စနေနေ့ညလည်းရောက်ရော -

ရပ်ကွက် ဘုန်းကြီးကျောင်းဓမ္မာရုံထဲမှာ လူငယ်၊ လူလတ်၊ လူကြီး၊ မုဆိုးဖို၊ မုဆိုးမ၊ မုဆိုးမဖို့တဖို (မုဆိုးမဖို့တဖို ဆိုသည်မှာ မိန်းမသေရန် ရာခိုင်နှုန်းကိုးဆယ် သေချာနေပြီး နောက်မိန်းမကို မျှော်လင့် စိတ်ကူး ယဉ်နေသူများကို ဆိုလိုပါသည်- စကားချပ်) တစ်ခုလပ်၊ နှစ်လင်ကွာ၊ သုံးလင့်ကွာ၊ လေးလင်ပြောင်းတို့ပါမကျန် ပြည့်နှက်နေတယ်။ လူကများ လွန်းလို့ နို့စို့ကလေး အချို့က အော်ငိုကြတယ်။ ဒီကြားထဲ ခွေးပါခေါ် လာသူက ပါသေးရဲ့။

မသန်းကစ်ကလည်း အရက်ကြွေးလာမဆပ်တဲ့ ဆန်နီဘတုတ်ကို ကလော်တုတ်နေတယ်။ ကပွဲဖြစ်မြောက်ရေးခေါင်းဆောင် ဦးဘစုကလည်း လွယ်အိတ်ကြီးတကားကားနဲ့။ လွယ်အိတ်ထဲမှာ အရက်ဖြူပုလင်း ခေါင်း ကထွက်လို့။

"လူရွေးပွဲ စပါတော့ဗျို့၊ အိုက်လှောင်နေပြီ"

"ညနေစာ မစားဘဲ လာခဲ့တာကွ၊ မြန်မြန်ရွေးကြပါ ဘစုရ"

"အေးပါကွာ မောင်ချိန်ရာ၊ အကဲဖြတ်တွေ မစုံသေးလို့ပါ ခဏလေး ပါ"

တစ်ရပ်ကွက်လုံးနီးပါးများ ရောက်လာသလား မသိဘူး၊ ဓမ္မာရုံကို ပြည့်ညပ်လို့။ အင်းပေါ့လေ၊ ထန်းပင်ကုန်းရပ်ကွက်ရဲ့ ရာဇဝင်မှာ ကိုယ်ပိုင်ဇာတ်၊ ကိုယ်ပိုင်အနုပညာဆိုတာ တစ်ခါမှ မပေါ်ဘူးသေးတော့ ဆန်းနေတာပေါ့။ ဒီပြဇာတ်မင်းသားလူရွေးပွဲမှာ ကျုပ်တို့အုပ်စုလည်း ပါတယ်။

အဟဲဟဲဟဲ ကျုပ်ရယ်၊ စိန်အေးကြူရယ်၊ မင်းကြည်လှိုင်ရယ် ဟို ကြည်ပြာအောင်သက်ချိုမျိုးလင်းရယ် ပါတယ်။ ပုသိမ်မောင်သောင်းယဉ်



www.burmeseclassic.com

www.burmeseclassic.com


ကတော့ အခြေအနေအရ လူလိုမှပဲ ဝင်ပါမယ်တဲ့။

မကြာဘူး၊ ဖိုင်တွဲတွေကိုယ်စီနဲ့ အကဲဖြတ်အဖွဲ့ဆိုသူတွေ ရောက်လာကြရော။ အကဲဖြတ်အဖွဲ့ထဲမှာ ကာလသားခေါင်း ကိုဝင်းပြောင်၊ စာရေးဆရာ မင်္ဂလာသောင်း၊ တေးရေးဆရာ ဆရာဝိဇ္ဇာစိုးနဲ့ တယောဆရာကြီး ခေါင်းဖြူကိုကြည်းတို့ ပညာရှင်ကြီးများအုပ်စုရယ်ကိုး ခင်ဗျ။

ကျုပ်က ကိုဝင်းပြောင်ကိုတွေ့တော့ မေးဆတ်ပြလိုက်တယ်။ ဒီမှာကျုပ်ဆရာ ကိုဝင်းပြောင်က အထာပေါက်တယ်။ မသိမသာ ခေါင်းညိတ်ပြတယ်။ ကျုပ်ကလည်း မွေးရာပါဗီဇအရ ဝါသနာရှုပိုးထိုးနေသူကိုး။ ကျောင်းအာစရိယပူဇော်ပွဲမှာ အောင်မြင်မှုသရဖူဆောင်းပြီးကတည်းက ကြားပြန်မောင်မှိုင်းရယ်လို့ နာမည်တစ်လုံးနဲ့ အကျော်ဇေယျဖြစ်နေသူကိုး ဗျ။ ကျုပ်နောက်မှာလည်း ချစ်ပရိသတ်တွေ ရှိနေသားဥစ္စာ။ ကြောက်ရွံ့စိတ်၊ ရှက်စိတ် အလျှင်းမရှိဘူး။

ကျုပ်ပြဇာတ်မင်းသား ဝင်ရွေးခံမယ်လို့ကြားတော့ ကျုပ်အဖေက အမေ့ကို ပြောတယ်။

"ငါ ရွာပဲ ပြန်ပြောင်းတော့မယ် မြရီ"

"ဘာဖြစ်လို့လဲ ကိုသာဟန်"

"နင့်သား ဟိုကောင် ပြဇာတ်မင်းသား ဝင်ရွေးမလို့တဲ့"

"ဒီအရပ်မှာ ပြဇာတ်မင်းသား ဖြစ်သွားရင် ဂုဏ်ရှိတာပေါ့တော်"

"ဂုဏ်မရှိဘဲ ခဲရှိလာရင် ဘယ့်နှယ်လုပ်မလဲ"

"အိုတော်- ရှင်တောင် ကျုပ်နဲ့ မညားခင်က ရွာထဲမှာ အရှက်မရှိ ဦးရွှေရိုး က,သေးတာပဲ မဟုတ်လား၊ ဒါတော့်သား ရှင့်သားပဲ။ ဖအေ့ခြေရာနင်းမှာပေါ့ တကတဲ"

"မင်း ဒီကိစ္စ မတားတော့ဘူးလား"

"တားလည်း ရမှာမှ မဟုတ်တာ။ ပုသိမ်မောင်သောင်းယဉ်တို့၊ မင်းကြည်လှိုင်တို့၊ စိန်အေးကြူတို့လည်း ပါသတဲ့။ ရပ်ရေးရွာရေး လူမှုရေး တော်မကူညီချင်နေ မနှောင့်ယှက်နဲ့။ သူတို့လူငယ်တွေလုပ်နေတာ လုပ်ပါစေ။ တစ်နေ့ နိုင်ငံကျော်သွားရင် ကျုပ်တို့လည်း ပြဇာတ်မင်းသား အဖေအမေနဲ့ ချွေးမလောင်းတွေ ဝိုင်းဝိုင်းလည်


www.burmeseclassic.com

www.burmeseclassic.com


နေမှာ"

"ဒီမှာ မြရီ၊ နင့်သားရုပ်ကို နင်ပြန်ကြည့်ဦး၊ ဒီရုပ်နဲ့ ပြဇာတ်မင်းသား ဘယ်လိုလုပ်ဖြစ်မှာလဲ"

"သွားခေါ်တာလေးများ အရေးလုပ်လို့တော်၊ ဟွန်း"

ဟုတ်ပါ့ဗျာ၊ ကျုပ်ကလည်း အဖေပြောချင်စရာပါပဲ။ ရှေ့သွားက ခေါ်ပြီး အရုပ်က ပုသေးတယ်။ ပါးစပ်ကပြူပြီး နားရွက်က ကြွက်နားရွက်လိုလို၊ ဆင်နားရွက်လိုလို ကားနေပြန်၊ စကားများပြောရင် မရယ်ရဲဘူး။ ရယ်လိုက်ရင် အပေါ်သွား (၁၆) ချောင်းနီးပါးက ကနားဖျင်းထိုးသလို ရှေ့ထွက်ပြီး ပါးစပ်က နားရွက်တက်ချိတ်နေရော။

ချော့လို့မရ၊ ငိုလွန်းမက ငိုနေတဲ့ကလေးရှေ့ ကျုပ်ရုပ်ပြီး ရယ်ပြလိုက်ရင် အဲဒီကလေး ချက်ချင်း အငိုတိတ်ရော။ ကလေးတင်မကဘူး၊ ကလေးအမေပါ တက်မလိုသတိလစ်မလို ဖြစ်သွားရော။ ပယောဂဆရာကြီး ရေအောက်ဝိဇ္ဇာဦးပွေးဆင့်ကဆိုရင် 'ငါသရဲတစ္ဆေ မကြောက်ဘူးတဲ့။ ငမိုးဆိုတဲ့ကောင် ငါ့ရှေ့မှာရယ်ပြရင် လိပ်ပြာလွင့်မလို ဖြစ်ရတယ်' တဲ့။

အဲဒီလိုကို ရုပ်ရှိုန်နဲ့ စပ်လျဉ်းလို့လည်း ကျုပ်က ဂရိတ်စူပါစတား။

"ရှင် စဉ်းစားလေ၊ မြို့တော်သိန်းအောင်ရော လှလို့လား၊ အသားမည်းမည်း မျက်လုံးပြူးပြူးကြီး။ ဟို ဘီအီးဒီစီအောင်သိုက်လား၊ အောင်သိန်းလား ဗိုက်ကြီးကိုရွှဲလို့။ မိချောင်းစိန်ဆိုရင်လည်း တစ်ကိုယ်လုံးယားလို့ ရေပက်ပေးနေရတယ်။ သူတို့တောင် နိုင်ငံကျော် ပြဇာတ်မင်းသား၊ နောက်ပိုင်းမင်းသားဖြစ်နေကြတာ။ ကျုပ်သား သွားခေါ်တာ အဆန်းလား။ ဒါကလည်း မတော်တဆ မှောက်ရက်လဲရာက သွားတွေ မိုးပေါ်ခဏမော့ကြည့်နေတာ။ တစ်နေ့ သွားတွေညောင်းလို့ အတွင်းပြန်လှည့်ဝင်သွားရင် မိတ်ဆက်စာတွေ မနည်းဘူးလာမှာ"

ကျုပ် အမေ သိပ်တော်တယ်ဗျာ။ ကျုပ် အမေတော်ရကျိုးနပ်တယ် သိလား။ ဒီလိုကို ကျုပ်ဘက်က ရဲရဲဝံ့ဝံ့ရပ်တည်ပြီး ယုံကြည်မှုအပြည့်နဲ့ ထုတ်ယူတာ။ ဒါနဲ့ပဲ ဖက်ယှဉ်ပြောမရတဲ့အဆုံး ရှက်လှချည့်ရဲ့ မမြင်ရ


www.burmeseclassic.com

www.burmeseclassic.com


မကြားရတာက အကုသိုလ်စိတ်ကင်းတယ်ဆိုပြီး အဝတ်အစားအချို့ လွယ်အိတ်ထဲထည့်လို့ ရွာကို လစ်ထွက်သွားပါလေရော။

ကျုပ်တို့မှာ မှန်သောစကားပြောရရင် အနုပညာမျိုးရိုးက အနည်းငယ်မှ မရှိဘူး။ ဆိုခဲ့သလို အဖေကလည်း ငယ်စဉ်က အိုးစည်ဝိုင်းမှာ မင်းသား ဦးလေးဦးသာဘဏ်ကလည်း ရွာမှာ အဆိုတော်ရယ်၊ ရွာမင်္ဂလာဆောင်မှာ ဘင်ဂျိုတီးပြီး သီချင်းဟစ်လို့ နောက်တစ်ကျော့များ ပြန်ဆိုရင် အချပ်လေးမျက်နှာက ခဲမိုးရွာလေ့ရှိတယ်။

အလှူမှာ ရှင်လောင်းလှည့်လို့ ရွဲလိုက်ရင်လည်း ဦးလေးသာဘဏ်ပဲ။ ဦးလေးသာ ရွဲလို့အော်လိုက်ရင် မြင်းလန့်ပြေးရော။ တစ်ခါ ရှင်လောင်း မြင်းဖက်ဖက်ပြီးကို ပါသွားဖူးတယ်။

အဲဒီလို အနုပညာသဘင်မျိုးရိုးက ဆင်းသက်လာတဲ့ကျုပ်ဟာ တွံတေးသိန်းတန်ရဲ့ ထွေးညိုပြဇာတ်ကို အာဂုံဆောင် အလွတ်ကျက်တာက လား။ ကျုပ် ကင်းကျတဲ့ညမှာ ထွေးညိုဇာတ်ထုပ်ကို တစ်ယောက်တည်း အော်ခင်းရင် ခွေးအကောင်ငါးဆယ်ကျော် ဝိုင်းအူ၊ ဝိုင်းဟောင်တယ်။ ကင်းတဲအနီးက အိမ်အချို့က သံပုံးထတီးကြတယ်။ အခန့်မသင့်ရင် ကင်းတဲပေါ် ခဲကျတယ်။

ဒါကြောင့် ကင်းမှူးက ကျုပ် ကင်းကျတဲ့ညကျရင် ပလတ်စတာနဲ့ ပါးစပ်ကို ပိတ်မယ်ဆိုပြီး ကြိမ်းထားတယ်။

အခု ပြဇာတ်မင်းသားရွေးကြမယ့်နေရာမှာ ကျုပ်နဲ့ အမိက ယှဉ်ပြိုင်ရမယ့်သူက နှစ်ဦးပဲ ရှိနေတယ်။ တစ်ဦးက မင်းကြည်လှိုင်၊ ဒီကောင့်ကို ကျုပ်က လုံးဝ ဂရုမစိုက်ဘူး။ ဒီကောင့် ကိုယ်သားကိုယ်ရေက သပိတ်လုံးက အဘိုးခေါ် ရအောင်ကို မည်းမှောင်နေတာ။ အိုးဖင်နဲ့လည်း ဆွေမျိုးအရင်းခေါက်ခေါက်၊ ကျုပ် ဂရုစိုက်ရမှာက စိန်အေးကြူပဲ။

ဒီကောင့်အဘိုးက နာမည်ကျော် ဇာတ်ကြီးတစ်ဇာတ်က လူရွှင်တော်ကြီး ခင်ဗျ။ နာမည်က ဦးကြာညောင်တဲ့။ ဒီကောင်က သူ့အဘိုးရဲ့ ဇာတ်စာတွေ၊ ဟာသပြက်လုံးတွေကို အတော်အတန် ရထားတယ်။ ရွှေ မန်းတင်မောင်သီချင်းတို့၊ ဦးစိန်အောင်မင်းသီချင်းတို့လည်း အသံပြကြီး နဲ့ အော်အော်ဆိုနိုင်တယ်။ မျက်ခွက်ကလည်း သူ့အဘိုးမျက်ခွက်ကြီးလို

www.burmeseclassic.com



ပဲ။ မျက်နှာက ပြောင်ပ့ါဗျာ။

သင်းမှာ အစိက အားနည်းချက်က ဝ,လွန်းတာပဲ။ ဝ,သမှ ဗိုက်အိုးဘင် အစိတ်ဝင်အိုးလောက် ရှိတယ်။ မသိရင် သောက်ရေအိုး မျိုချထားသလို ပူစူထွက်နေတာ။ ဒီကြားထဲ နှုတ်ခမ်းက ဝက်နှုတ်ခမ်းလို အပေါ်လန်လို့။ ပညာက ကိုးတန်းငါးနှစ်ကျ။

ကျုပ်ကတော့ အင်္ဂလိပ်-မြန်မာ ကိုးတန်းအောင်ပြီးသား။ အသားဖြူတယ်၊ လူလုံးကျစ်တယ်၊ ပြောစရာက အဲအဲ- ရှေ့သွားကနားဖျင်းထိုးနေတာပဲ။ မရယ်ဘဲ ပါးစပ်စေ့ထားရင် ရုပ်ရှင်မင်းသားညွန့်ဝင်းနဲ့ ခပ်ဆင်ဆင်ပါ။ အဲအဲ- မတော်တဆ ရယ်လိုက်ရင်သာ သူများမပြောပါနဲ့၊ မှန်ထဲက ရယ်နေတဲ့ ကိုယ့်ရုပ်ကိုယ်ကြည့်ပြီး သမ္မုဒ္ဒေအမြန်ရွတ်ရတယ်။ နို့မို့ ကိုယ့်ဘာသာကိုယ် သွေးတက်ပြီး သတိလစ်သွားနိုင်ပေသကိုး။

ဒီပွဲမှာ ပြဇာတ်မင်းသားအရွေးခံရဖို့အရေး ကျုပ်ဆရာ ကိုဝင်းပြောင်တို့၊ မင်္ဂလာသောင်းတို့ကိုလည်း နည်းနည်းပါးပါး ကပ်ပေါင်းပြီး အအကြံအဖန်လေး လုပ်ထားရတယ်။

"ပြဇာတ်မင်းသား ရွေးပွဲစမှာမို့ အားလုံး တိတ်ကြပါ ခင်ဗျာ"

"ဝေး ဝေး . . ."

"ဖြောင်း . . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"ရှီ . . . ရှီး. . . ရွှတ်. . ."

"တိတ်ကြပါ ခင်ဗျ"

"ဟဲ့ - ကြွက်သိုး၊ ရှေ့နားနည်းနည်းတိုးပါဟဲ့"

"ဟိုလံဘားကြီး ထိုင်ကြည့်ပါဗျို့"

"ဟဲ့ဟဲ့- သောက်ပလုတ်တုတ်၊ ငါ့ လာကိုင်တာ ဘယ်သူတုံး"

"အမလေး ကျွန်မ. . . ချိုင်း. . . ချိုင်း နှိုက်တယ်တော့။ ဘကြီးစုဘကြီးစု . . ."

စိတ်ညစ်စရာလည်းကောင်း၊ ပျော်စရာလည်းကောင်းလေရဲ့ဗျာ။ အသံပေါင်းစုံ ကျွက်ကျွက်ညံနေတယ်။ ဦးဘစုက ရပ်နေတဲ့ကလေးတွေကို ဘုတ်တစ်ချောင်းနဲ့ ထိုင်ခိုင်းရတယ်။ ပေါင်တွင်းကြော အနင်းခံလိုက်ရတဲ့ ပဲပြုတ်သည် ဒေါ်မိန်းကလေးက ထရပ်ပြီးဆဲလို့ ဒီမှာ ဘကြီးစုက လက်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချီပြီး မေတ္တာရပ်ခံရပြန်ရော။ အရေးထဲ ထန်းပင်တက်တဲ့ ကိုအုန်းမောင်ကြီးက လူကြားထဲ မူးအန်လို့ အန်ဖတ်ပေခံရသူတွေက ကိုအုန်းမောင်ကြီးကို ဘွန်းလဲ့ပြီး ကျောထုနေတဲ့ကိစ္စ ဖျန်ဖြေရသေးတယ်။

အဲ- ဗွာခံပရိသတ်များက အလွန် တက်ကြွနေကြပေသကိုး။ အဆူအဆန်းအဖြစ် အုံညြနေကြပေသကိုး။ ဒီလိုနဲ့ ဟိုဘက်ကိုအုပ်ရင် ဒီဘက်ကဆူ ဒီဘက်ကိုဟန့်ရင် ဟိုဘက်က ဆဲဆူနဲ့ မကြာခင် ပရိသတ်ငြိမ်သွားခဲ့တယ်။

ဒီမှာ ကာလသားခေါင်းလည်းဖြစ်၊ ဒါရိုက်တာ ဇာတ်စီးလည်းလုပ်မယ့် ကိုဝင်းပြောင်က တင်ပါးပေါ်က ဝဲများကိုကုတ်ရင်း ဖိုင်ကြီးကို ဟန်ပန်နဲ့ ဖြန့်လှန်လို့ ရပ်လိုက်တယ်။

"အဟမ်း အဟမ်း သူစုံကြပြီလားဟေ့"

ဘယ်သူမှ အံသံထွက်မလာဘူး။

"စာရင်းကြိုပေးထားတဲ့လူ စုံပြီလား"

ဒုတိယအကြိမ် အထစ်အထစ်နဲ့ အော်လိုက်ပြန်တယ်။

"ကျုပ်ကို ကြည့်ဖို့လာတဲ့ လူတော့စုံပြီ"

ဒေါ်ကြွက်မဆိုတဲ့ မိန်းမကြီးက လူအုပ်ကြားက လှမ်းအသံပြုတော့ ကိုဝင်းပြောင် ကြောင်သွားတယ်။

"စောင့်နိုင်ရင် စောင့်ကြပါဦးကွာ၊ ငါ့မိန်းမ သနပ်ခါးလိမ်းနေလို့ပါ။ သူပဲ ကျန်ပါတော့တယ်၊ ငါးမိနစ်လောက်ပါ"

အဲဒါသာကြည့်ဗျာ၊ မေးတာကတခြား ဖြေနေကြတာက တခြား။ ဒါရိုက်တာလက်သစ် ကိုဝင်းပြောင် သူ့ဆံပင်ကို လက်ငါးချောင်းနဲ့ ဖွကုတ်ပြီး ဦးစွာ စိတ်ညစ်သွားတယ်။

"ကျုပ် မေး . . . မေးတာက ခင် . . . ခင်ဗျားတို့ကို မ . . . မဟုတ်ဘူး။ ပြဇာတ်ထဲပါမယ့် လူတွေကို မေး. . . မေး. . . တာ"

"သိဘူးလေတော်၊ ကျုပ်တို့ မေးတယ်မှတ်လို့ပေါ့ ဟီး ဟီး ဟီး လူမစုံလည်း လာတဲ့ ပရိသတ်ထဲက မင်းသားမင်းသမီး ရွေးလိုက်ပေါ့ ဟား ဟား ဟား ဟီး ဟီး"

"အုန်းမောင်ကြီးကို မင်းသား တင်ပါဗျို့"

www.burmeseclassic.com

www.burmeseclassic.com


"မင်း. . . သမီး မချော. . . ရင် မ. . . လုပ်ဘူးကွ"

"ဝါး ဟား ဟား မင်းက မင်းသားဝင်းဗိုလ်နဲ့ တူသကိုး"

"တိတ်ပါတော့ဗျာ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်။ လူရွေးပွဲ . . . စ. . . မယ်၊ အခု . . . စာရင်းပေးထားတဲ့ လူနာမည်ကို ခေါ်မယ်။ ရှိရင်ရှိလို့ပြောပါ၊ ပြီးရင် ထရပ်ပြပါ။ ဒီနေ့ည မလာတဲ့လူ စာရင်းက ဖယ်. . . ဖယ်. . . ပစ်ပါ့မယ်"

"စိန်ဝင်းကြောင်"

"ရှိ"

"ငေါ်သောင်း"

"အဟမ်း . . . ရှိ"

"ထရပ်ပြပါ"

ဒီမှာ ငေါ်သောင်းဆိုတဲ့ မေးနှစ်ထပ်နဲ့ ငနဲတစ်ကောင် မနည်းထရပ်ပြလိုက်တယ်။

"ဟာ- လူမှ ဟုတ်ရဲ့လားဟ၊ အာရီဗိုးနားက ဝက်မျိုးများလား"

"ရာဝင်အိုးကို အဝတ်ပတ်ထားသလိုပဲကွာ"

"ဟုတ်ပ့ါဗျာ၊ ဝလိုက်တာ တစ်နေ့ ထမင်းဘယ်နှပုံများ စားလဲ မသိဘူး။ ကုပ်တိုပြီး မျက်လုံးကိုပိတ်လို့"

"မင်းကြည်လှိုင်"

"မရှိတရှိ"

"ဘာကွ"

"အဲ အဲ ရှိ ရှိ အစ်ကိုကြီး ဟီး ဟီး"

"ကြည်ပြာလောင် သက်ချိမျိုးလင်း အမလေး မော့လိုက်တာဗျာ၊ ဘယ်သူလဲကွ"

"အသင့်ရှိပ့ါ ကိုကြီးပြောင် ခင်ဗျား"

"ကြည်ပြာလောင် အဟွတ်အဟွတ် သက်. . . ချို. . . မျိုးလင်း ဟုတ်လား၊ နာမည်လား၊ သီချင်းလား၊ ခေါင်းစဉ်လား"

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော့်နာမည်ပါ ရေလုံးဝမရောပါဘူး။ ဒီနာမည်က ရွာဦးကျောင်းဘုန်းကြီးပေးခဲ့တာပါ။ တနင်္လာသား အဓိပတိ

www.burmeseclassic.com



ဖွားပါ။ မနက် (၇) နာရီ (၁၅) မိနစ် (၆) စက္ကန့်မှာ. . . ”

“တော်တော့ကွာ မင်းနာမည်ခေါ်ရတာနဲ့ လူက အသက်ထွက်တော့မယ်။ မျိုးလင်းဆိုရင် တော်ပြီပေါ့။ တကတဲ- ရှည်ကိုရှည်ဘယ်ဟုတ်ဟုတ်ဘူး မောလိုက်တာဗျာ ဘုရား ဘုရား”

“ဟို ဟို မျိုးလင်း နှစ်လုံးတည်းဆို မ. . . မကောင်းလို့ပါ ခင်ဗျ”

“ဘာမကောင်းတာလဲ ပြော”

“အဲ အဲ မျိုးလင်း ဆိုတာ မြင်း. . . အဲအဲ သိုးလို့အဓိပ္ပာယ်ရနေပါခင်ဗျ”

အရပ်ကလည်း ခြောက်ပေလောက်ရှိမယ်။ မျက်နှာကလည်း စပ်ဖြဲဖြဲနဲ့။ ဒါရိုက်တာကို သူက ငုံ့ကြည့်ပြီး ဒါရိုက်တာက သူ့ကို မော့ကြည့်နေရတယ်။ အရပ်တင်ရှည်တာ မဟုတ်ဘူး၊ နှာခေါင်းကလည်း ပဲလင်းမြွေ သီးလို ရှည်ကျလို့။

“အဲဒီ လံဘားကြီးကို ကားဆွဲခန့်ပါဗျို့”

“ကားဆွဲတော့ မလုပ်ကြပါနဲ့ဗျာ၊ ရုပ်ကလေးကို သနားကြပါ”

“သစ်ကုလားအုပ် မီးဖွားတဲ့အခန်းမှာ ထည့်လိုက်ဗျ ကိုဝင်းပြောင်ရ”

“ကဲကဲ- မျိုးလင်း၊ ဘယ်ဘက်မှာ သွားထိုင်”

ငနဲက ပရိသတ်ကို ငါးနှပ်ခြောက်ပြုံး ပြုံးပြီး ထိုင်လိုက်တယ်။

“အောင်မယ်လေး သေ. . . သေပါပြီဗျာ၊ အ. . . အ. . မလေးဗျ”

ဒီကောင် တင်ပါးကို လက်ဝါးနဲ့အုပ်ပြီး ထွန့်ထွန့်လူးလို့ အော်နေတယ်။

“ဟေ့ကောင် မျိုးလင်း၊ ဘာဖြစ်လို့လဲ မြွေကိုက်လို့လား။ အလန့်တကြား”

ဒီမှာ စံကုလားက ဝင်ပြောလိုက်တယ်။

“မြွေကိုက်တာ မဟုတ်ဘူး အစ်ကိုကြီး၊ ဆေးလိပ်မီးပေါ် ထိုင်ချမိလို့”

“ဝါး ဟား ဟား ဖြစ်ရမယ်၊ ဖြစ်ရမယ် မြင်းသား မြင်းသား”

အရပ်ကြီး ကလန်ကလားနဲ့ ပီတိတွေဖြစ်နေတုန်း ဟိုကောင် စိန်အေးကြူက သူထိုင်အချမှာ သောက်လက်စ စီးကရက်အတို့ အောက်ခု



www.burmeseclassic.com

www.burmeseclassic.com



ဆးလိုက်တော့ အရှည်ကြီးမျိုးလင်း သေလုမျောပါး အော်နေရရာ ခမျာ င်းသားရွှေပွဲတောင် ဆက်ဝင်နိုင်ပါ့မလား မသိဘူး။ ပုဆိုးလည်း မီးတွမ်း ဖြ ပေါက်သွားလို့၊ ငိုမဲ့မဲ့ဖြစ်လို့။

"တစ်ခါတည်း ပွဲချင်းပြီးသေသွားဖို့ ကောင်းတယ်ကွာ၊ ဖွီ နောက် တစ်ယောက် စိန်အေးကြ။"

"ရွှေတော်မှောက် ညီဘွားအခစားရောက်ကြောင်းပါ ဘုရား"

"တယ်ဆိုတဲ့စာပါလားကွ ဟေ"

"လေလုံးကတော့ မင်းသားကြီးလေလုံးပဲဟ"

သို့ကလို (ရှိ) လို့ မပြောဘဲ ရွှေတော်မှောက် ညီဘွားအခစားရောက် ကြောင်းပါဘုရား ဆိုတာကို ဇာတ်မင်းသားကြီးလေသံနဲ့ ပြောလိုက်တော့ ရိသတ်က အရမ်းသဘောကျသွားတယ်။ သူ့ဘကြီးဦးဘစုကလည်း သူ့ ာတိုကြည့်ပြီး အားရကျေနပ်စွာ ပြုံးလိုက်တယ်။ ဒါရိုက်တာကတော့ တွန့်ပလွန်လိုက်သွားရော။

"မောင်မှိုင်း"

"နေ့တစ်မျှ လပမာလိုလို ရွှေလသာသလိုလိုနဲ့ ဟောဒီ ထန်းပင် ကုန်းရပ်ကွက်က ဒေသစာဆိုလေး အောင်တံဆိပ်ခတ်နှိပ်ဖို့ ပရိ သတ်ရှေ့ရောက်ကြောင်းပါ။ ပုလင်းမဆောင်တဲ့ ဒါရိုက်တာအစ်ကို ကြီး ကျေးဇူးရှင် ဆရာကိုဝင်းပြောင် ခင်ဗျား"

"ရှီး ရှီး ရှီး . . . မောင်မှိုင်းကွ"

"ဖြောင်း . . . ဖြောင်း. . . ဖြောင်း. . . ဖြောင်း"

"မိုက်တယ်ဟေ့"

"တယ်ဆိုတဲ့စာပါလားကွ။ ဘယ်ကခိုးချတာတုံး ငမှိုင်းရ"

"အဲဒီလူကိုပဲ မင်းသားတန်းခန့်လိုက်ပါဗျို့၊ လူရွေးမနေပါနဲ့တော့"

"ဟဲ့- အဲဒါ ဘယ်သူ့သားတုံးဟ၊ စာနဲ့ကဗျာနဲ့ပါလား"

" (၅) လမ်းထဲက ကိုသာဟန်၊ မမြရီတို့သား သွားခေါ်လေးလေ"

"ပြော် - ဟို ရယ်လိုက်ရင် နားရွက်ပါးစပ်တက်ချိတ်နေတဲ့ ကောင် လေးလား"

ဖွီ၊ ကျုပ်ကိုများဗျာ ကိုသာဟန်၊ မမြရီသားဆို တော်ပြီပေါ့။ သွားခေါ်

www.burmeseclassic.com

www.burmeseclassic.com



လေးလားလို့ လုပ်လိုက်သေးတယ်။ ပြီးတော့ နောက်ဆက်တွဲဝိသေသတွေနဲ့ မွှန်းလိုက်ကြသေးရဲ့။ လျှာရှည်တဲ့ မိန်းမတွေဗျာ ထို့။

ကျုပ်အကြောင်း သိနေတဲ့ စာရေးဆရာမင်္ဂလာသောင်းရော၊ ကိုဝင်းပြောင်ရော၊ ဝိဇ္ဇာစိုးတို့ကပါ ဖြုံသွားကြတယ်။ စိန်အေးကြူကတော့ လက်ခုပ်သံများ ခံယူရရှိနေတဲ့ကျုပ်ကို အံ့ကြိတ်ပြီး စိုက်ကြည့်နေတယ် သိလား။ မသန်းချစ်တို့၊ ခင်မူယာချစ်တို့ ညီအစ်မကလည်း ပြုံးပြုံးကြီး ဝိုင်းကြည့်လို့။

"တော်တော့်ကို လျှာရှည်တဲ့ကောင်ကွာ"

"ငမိုးရိပ်မိကျောင်းနဲ့ သမီးယောက်ဖလားမှ မသိဘဲ"

"ကဲကဲ - တိတ်ကြပါတော့ဗျာ။ အားလုံး ငါးယောက် ဟုတ်လားကိုင်း အမျိုးသမီးသရုပ်ဆောင် လုပ်မယ့်သူထဲကရော မသန်းချစ်ရောက်ပြီလားဟေ့"

"ရောက်ပါပြီရှင်"

မသန်းချစ်ကတော့ အများသိကြတဲ့အတိုင်းပဲ။ မြို့မတောင်တန်းဆောင်တိုင်မှာ ရုပ်သေသရုပ်ဆောင်ဖူးသလို ကျောင်းကပွဲ၊ အရပ်ကပွဲများမှာ တစ်ပင်တိုင်အက၊ အငြိမ့်က ကနေကျ။ ရုပ်သိပ်မချောပေမင့် သရုပ်ဆောင်က အတော့်ကိုကောင်းတော့ ဒီမြို့မှာတော့ သူက စတားပဲ။

"မဝါဝါဝင်းငွေ"

ပရိသတ်က အလွန်လှတဲ့ နာမည် ခေါ်လိုက်သံကြောင့် အားလုံး တိတ်ပြီး နာမည်ရှင်ကို သိချင်တဲ့မျက်လုံးများနဲ့ မျှော်လင့်နေကြတယ်။ အဲဒီမှာ ကျုပ်တို့လည်း ပါတယ်။ လှလိုက်တဲ့နာမည်နှယ်ဗျာ။

"မဝါဝါဝင်းငွေ ရှိလား"

"ဟဲ့- ဝါဝါ၊ ထလိုက်လေ ခေါ်နေပြီ"

"ရှက်တယ် အစ်မရဲ့၊ အဟင့်ဟင့်"

"အံမယ်- စာရင်းပေးတုန်းကတော့ ပေးပြီး၊ ထအခုထ"

မသန်းချစ်က သူ့မအနီးရှိ မိန်းကလေးတစ်ဦးကို တွန်းထခိုင်းလိုက်တော့ ဝဝ၊ မည်းမည်း၊ ခြေသလုံးဆင်ခြေထောက်၊ ပါးစုံ့တွဲတွဲ၊ ခေါင်းလုံးကြားကားကောက်ကောက် မောက်မောက်လန်လန်၊ ဝက်နှာခေါင်းလန်နေ

www.burmeseclassic.com

www.burmeseclassic.com



သလိုမျိုး နှာခေါင်းကြီးနဲ့ မိန်းမတစ်ယောက် ရှက်ရွံ့ဟန်နဲ့ ထရပ်လိုက်တယ်။

"ညည်းက ဘယ် . . . ဘယ်သူလဲ"

"ကျွန် . . . မ ကျွန်မ အဟင့် . . . ဟင့် ကျွန်မ ဟင့်"

"နာမည်က အဟင့်လား၊ ဒီမှာ စာရင်းပေးမထားပါဘူး"

"ဟုတ်ဘူးရှင့်၊ အဟင့် ဟင့် မီး နာမည်က ဟို ဟို လေ ဝါဝါဝင်းငွေ"

"ဟော- မင်း . . . မင်းလား ဝါဝါဝင်းငွေ၊ မြတ်စွာဘုရား ကယ်တော်မူပါဘုရား"

"ဝါး ဟား ဟား မိုက်တယ်ဟေ့"

"သန်လျင်မယ်နဲ့တူတယ်ဟဲ့"

"ဟား ဟား ဟား စားလို့သောက်လို့ မကောင်းရှာဘူးနဲ့ တူပါရဲ့နော့"

"ကိုယ်လုံးကိုယ်ပေါက်အနေအထားအရ ဟိုကောင် ကြည့်ပြာလော့င်သက်ချိုမျိုးလင်းနဲ့ နှစ်ပါးသွားကဖို့ ကောင်းတယ်နော်"

ဒီမှာ ဒါရိုက်တာကိုဝင်းပြောင်က သူရွေးရမယ့် မင်းသမီးအလောင်းလျာကို ကြေကွဲဝမ်းနည်းဟန်၊ ကြောက်ရွံ့ထိတ်လန့်ဟန်နဲ့ စိုက်ကြည့်ပြီး-

"ဝါဝါဝင်းငွေ အစစ်ပါနော်"

"ဟုတ်"

"အ . . သက်က . . ရော"

"ငါးဆယ် အဲလေ ယောင်လို့ မီးအသက်က ဆယ့်ခွန်နှစ်နှစ် နှစ်ရက်လျော့"

"တစ်မျိုးပါလား"

"ဟုတ်"

"ဟို . . . ဟိုလေ ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေနဲ့ ဘာတော်သလဲဟင်"

"အဒေါ်"

"အဒေါ် တကယ်"

"အဲ အဲ မီးတို့ အဒေါ်အိမ်နဲ့ ဝါဝါဝင်းရွှေအိမ်နဲ့ တစ်လမ်းတည်းလို့ပြောတာပါ၊ အဟင့် အဟင့် ခစ် ခစ် ခစ်"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ခင်လန်ဗရာဝက်နှာခေါင်းက ရေမြင်းတင်ပါးကို ဘယ်ညာလှုပ်ရင်း ဒါရိုက်တာကို ကြွာပေးညှနေလို့ ဒါရိုက်တာ လူပျိုသိုးကြီး သတိလစ်မလို ဖြစ်သွားတာနဲ့ ဦးဘစုက နောက်ကနေ ထိန်းပြီး ရေမန်းလိုလို ရေနဲ့ တောက်ပေးလိုက်မှ ကိုဝင်းပြောင် ပြန်သတိရလာတယ်။

"မြတ်စွာဘုရား ကယ်တော်မူပါဘုရား၊ တပည့်တော် အကြီးအကျယ်မှားပြီနဲ့တူပါရဲ့ဘုရား၊ ကိုင်း ကိုင်း အားလုံး ထိုင်ကြပါ၊ ခုချိန်ကစပြီး ပြဇာတ်မင်းသား စရွေးမယ်။ အခု အစမ်းသရုပ်ဆောင်ရမယ့် အခန်းက တွံတေးသိန်းတန်ရဲ့ ထွေးညိုဇာတ်ထဲက ဘကြီးမှုန်နဲ့ ကိုသိန်းတန် ညောင်ညိုပင်အောက်မှာ ပြန်ဆုံစကားပြောတဲ့အခန်းပဲ။ ဒီမှာ မင်းကြည်လှိုင်က ဘကြီးမှုန် လုပ်ရမယ်။ ဂေါ်သောင်းက ကိုရင်သိန်းတန်လုပ်။ မင်းတို့ ဒီဇာတ်လမ်းကို ကြားဖူးတယ်၊ ရတယ် မဟုတ်လား"

"ရပါတယ်"

"နောက်ခံဘာက်ဂြူဇစ်ကို ရသေ့စံသိန်းတို့အဖွဲ့က တီးပေးလိမ့်မယ်။ ရရင်စ,မယ်။ အိုက်တင်ရော၊ စကားပြောသံပါ မှန်မှကောင်းမှ ရွေးမယ်နော်။ အားလုံး ရယ်ဒီ ဝမ်းတူး သရီးဖိုး . . ."

အားလုံး တိတ်ဆိတ် ငြိမ်သက်သွားချိန်မှာပဲ ရသေ့ကိုစံသိန်းတို့ဝိုင်းက တီးလုံးစဝင်လိုက်တယ်။ ဒီမှာ ကိုရင်သိန်းတန်အဖြစ် သရုပ်ဆောင်မယ့် ဂေါ်သောင်းက ပုဆိုးကွင်းထဲမှာ ဘုန်းကြီးကျောင်းက အုန်းသီးကြီးတစ်လုံး ထည့်ပြီး စစ်ကျောပိုးအိတ်လိုလွယ်လို့ ရွာဆီကို သူခိုးချွတ်နင်းဟန်နဲ့ ဝင်လာလိုက်တယ်။ ပြီးတော့ တောင်ကြည့်မြောက်ကြည့် ချောင်းသလို လုပ်နေတယ်။

"ဟော့ကောင် ချစ်သူရှိတဲ့ရွာကို ပြန်လာတာနော်၊ ကြက်ခိုးမလို့ဟန်မျိုး မလုပ်နဲ့"

ပုသိမ်မောင်သောင်းယဉ်က လှမ်းသတိပေးလိုက်တာနဲ့ ဂေါ်သောင်းကပျာကယာ အိုက်တင်ပြင်ပြီး ရွာဆီကို လှမ်းမျှော်ကြည့်ရင်း-

"ဩော် ထွေးညို ထွေးညို၊ ကိုယ် ရွာပြန်လာတာကို ထွေးညို မသိသေးဘူးနော်။ သိများသိရင် အားရပါးရ ခွေးလှေ့နဲ့ ရှူးတိုက်လိုက်

www.burmeseclassic.com



မယ့်ဖြစ်ခြင်း ထွေးညိုရယ်"

"ပြေးကြိုလိုက်မယ့်ဖြစ်ခြင်းပါ ဂေါ်သောင်းရာ တောက်. . ."

"အဲ အဲ ပြေးကြိုလိုက်မယ့်ဖြစ်ခြင်းကွယ်၊ အင်း- ရွာကို မြင်ရတော့ ငယ်ဟောင်းနှောင်းဖြစ် ပြန်သတိရပြီး သီချင်းလေးတစ်ပုဒ်လောက် ဆိုချင်စမ်းပါဘိ"

သို့ကလိုပြောရင်း တီးဝိုင်းကို အထာနဲ့လှမ်းကြည့်လိုက်ချိန်မှာ ရသေ့တိုစံသိန်းကြီးက ထွေးညိုသီချင်းကို အစပျိုးပေးလိုက်တယ်။ ဒီမှာ ဂေါ်သောင်းက ဘာကောက်ဆိုလိုက်မှတ်လို့လဲ။

"အောင်ခြင်းရှစ်ပါး မြွက်ကြားခဲ့တာ ဗုဒ္ဓမြတ်စွာ အသေအချာ ဟာ ဟာ . . ."

"ဝါး ဟား ဟား ဟား အလွတ် အလွတ်"

"သောက်တလွဲချည်းပဲဟေ့"

"ဘာ့ဆိုင်လို့လဲကွ ဂေါ်သောင်းရ၊ နိမ်းဂျာဟေးကျောင်း မာလကားကျောင်း"

ပရိသတ်က 'ပန်းစပယ် နန်းအလယ် မပေါ်ခိုက်တာမို့ အလိုက်တော် ဟန်တင့်ရုပ ခံပွင့်ကို ကုံးကြတယ်' ကြားချင်တာ။ ဒီမှာ မဆီမဆိုင် ဒေါ်မေရှင်ရဲ့ အောင်ခြင်းရှစ်ပါး သီချင်းဝင်လာတဲ့အတွက် ဂေါ်သောင်းကို စိုင်းအော်လှောင်ပြောင်ကြရော။ ဂေါ်သောင်း ခွေးတွေပြန်ပြီး ပုဆိုးကို ခဏခဏ ပြင်ဝတ်နေရင်း -

"ဟေ့ကောင် ဂေါ်သောင်း"

"ခင် ခင်ဗျာ- ကို. . . ကြီး . . . ပြောင်"

"မင်း မင်း ပန်းစပယ်သီချင်း မရဘူးလား"

"မနေ့က ရတယ် ကိုကြီးပြောင်ရ၊ အ အခုမှ မေ့ . . . မေ့သွားလို့"

"ကောင်းပါပေ့ကွာ၊ ကြာတယ်ဟေ့ ဘကြီးမှုန်ဝင်တော့"

ဒီမှာ မင်းကြည်လှိုင်က အသားမည်းမည်းမို့ ထုံးနဲ့ နှုတ်ခမ်းမွေးရေးခြယ်ပြီး ဘုန်းကြီးထီးရိုးအကျိုးကို ညာဘက်လက်နှင့် တောင်ဝှေးလိုထောက်ပြီး ခါးကုန်းကုန်းကုန်းကုန်းနဲ့ ချောင်းဆိုးလို့ ထွက်လာတယ်။

"အဟွတ် အဟွတ် အဟွတ် အဟွတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘွတ်"

"ဟာ - တော်တော်ယုတ်မာတဲ့ကောင်ကွာ၊ ထွီ ဝေါ့ အေ့"

ချောင်းဆိုးရင်း လေလည်သွားတယ်။ အနားမှာထိုင်နေတဲ့ စိန်အေးကြူက အောင့်အန့်ပါလေရော။ ကိုရင်ဿိန်းတန် (ဂေါ်သောင်း)က မင်းကြည်လှိုင်ကို လှမ်းကြည့်ပြီး -

"အလို- ဟိုညောင်ညိုပင်အောက်က ကုန်းကုန်းကုန်းကုန်းနဲ့ဟာ မတောကြီးအိမ်က ဇီးနဲ့ ကျွဲမကြီးလား မသိဘူး"

"လုပ်လိုက်ကွ ဂေါ်သောင်းရ ဝါး ဟား ဟား ဟား"

"ခွေးမသား၊ ဘကြီးမှုန်ကွ ဘကြီးမှုန် ဒါရိုက်တာ ဒါရိုက်တာ"

"ဘာလဲ ဘကြီးမှုန် အဲ ကြည်လှိုင်"

"ဒီကောင့်ကို ထုတ်ပစ်ပြီး နောက်တစ်ယောက် ပြောင်းဗျာ"

"ဘာ ဘာဖြစ်လို့လဲ မင်းကြည်လှိုင်ရာ ဟင်"

"ကျုပ်ကို ဘကြီးမှုန်မှန်း သိရဲ့သားနဲ့ ခုတော့ဗျာ သင်းပြောလိုက်ပုံက မတောကြီးအိမ်က ဇီးနဲ့ကျွဲမကြီးလား မသိဘူးတဲ့ တောက် ဟင်းဟင်း"

"သည်းခံပါ မင်းကြည်လှိုင်ရာ၊ မင်းက အသားမည်းနေတော့ ယောင်ပြီး. . ."

"ဒါ သက်သက်မဲ့ စော်ကားတာ၊ လူကြားထဲမှာ ကျုပ်ကို အခွက်ရှဲ့အရှက်ခွဲတာဗျ၊ ကျုပ် ကျုပ် လုံးဝ မခံနိုင်ဘူး"

ပြဇာတ်က ဉ္စင်ပေါ်မှာ မကရသေးဘူး၊ ခုမှ ဇာတ်လိုက်မင်းသားရွေးတုံးပဲ ရှိသေးတယ်။ ပြဿနာကစပြီ။ မင်းကြည်လှိုင်ဘက်က တွေးတော့လည်း မှန်တာပဲဗျ။ ခုဟာက သရုပ်ဆောင်အမူအရာနဲ့ အသံသွားအသံလာကိုကြည့်ပြီး ရွေးရမှာ။ ဒါကို ဘကြီးမှုန်လား မသိဘူးလို့ ပြောရမှာ။ အဲဒါ သိသိနဲ့ မတောကြီးအိမ်က ဇီးနဲ့ ကျွဲမကြီးလား မသိဘူးလုပ်တော့ ပရိသတ်က ဟားကြတာပေါ့။ ဒီတော့ ကြည်လှိုင် ဒေါပွရော။

(အမှန်က ကျွဲနဲ့ တကယ့်ကို တူပါတယ်ဗျာ၊ ဘုရားစူးရပါစေရဲ့ ကြည့်လေ နှုတ်ခမ်းမွေးကို ထုံးနဲ့သုတ်ထားသတဲ့။ နဖားကြိုးတပ်ထားတဲ့အတိုင်းပဲ။)

www.burmeseclassic.com



"ဂေါ်သောင်း"

"ခင် ခင်ဗျာ ကိုကြီးပြောင်"

"မင်း ဒီဇာတ်ထုပ်ကို ကြားဖူးတယ် မဟုတ်လား"

"ဟတ် ဟတ်ကဲ့ခင်ဗျ"

"ကလေးတွေတောင် အလွတ်ရနေတာ။ ဒါ ပြောင်စရာနောက်စရာ မဟုတ်ဘူး။ ဒီတစ်ခါမှားရင် မင်းဂိုးတော့ မှတ်ထား။ ဘကြီးမှုန် ဘကြီးမှုန် ပြန်စ"

"ဟုတ် ဟုတ်ကဲ့ခင်ဗျ၊ အလို ဟိုရှေ့က ညောင်ညိုပင်အောက်က အဘိုးအိုဟာ ရွာက ဘကြီးမှုန်နဲ့တူရဲ့၊ ဘကြီးမှုန်၊ ဘကြီးမှုန်"

ဒီနေရာမှာ မင်းကြည်လှိုင်က မှင်ကောင်းတယ်။ ဘုန်းကြီးထီးရိုးကြီးထောက်ပြီး မျက်စိကို လက်ဝါးနဲ့ကာရင်း ခါးကုန်းကုန်း အသံတုန်တုန်

"ဝေ- ဘယ်. . သူ. . . တုံး. . . ဟုံး ဟုံး၊ မောင်ရင် ဘယ်. . သူတုံး ကွယ့် ဟင်"

"ဘကြီးမှုန် ကျွန်တော့်ကို မမှတ်မိတော့ဘူးလား"

"အသံတော့ ကြားဖူးသလို. . . လိုပဲ မောင်ရယ်၊ လူကိုတော့ မ မှတ်မိဘူး၊ ဘယ်သူလဲ ရွာတောင်ပိုင်းက လှချစ်သားလား"

"ဟုတ်ဘူးလေ အဘရယ်၊ ကျွန်တော် ရုပ်ရှင်သရုပ်ဆောင်လူကြမ်း ချိုးဗူးရဲ့ညီသုံးဝမ်းကွဲ အောင်ဘုပါ"

"ဝါး ဟား ဟား၊ ဟေး ဟေး ဟေး"

"ဝူး ဟူး ဟူး ဝါး ဟား ဟား ဟား"

"ဇော်စွဲမယ့်ဇာတ်ပဲဟ။ ခဲမလောက်တီးဝိုင်းနဲ့တော့ ဟန်ကိုကျလို့"

ဒီမှာပဲ ဒါရိုက်တာကိုဝင်းပြောင် ဒေါသတကြီး ပြေးထလာပြီး -

"ဟေ့ကောင် ဂေါ်. . . သောင်း"

"ဗျာ ဗျာ- ကို . . . ကိုကြီး ပြောင်"

"မင်း မင်း သွားတော့ သွားတော့"

"ဘယ် ဘယ်ကို သွား သွားရမှာလဲ ဟင် ဟင်"

"ဟို - ညောင်သုံးပင်သုသာန်ကို သွားတော့။ မင်း မင်းသား ရွေး

www.burmeseclassic.com

www.burmeseclassic.com



မယ့်စာရင်းမှာ မပါတော့ဘူး။ ဂျောင်း ဂျောင်း မြန်မြန်ဂျောင်း"

"ဟို ဟို ဟို ကိုကြီးပြောင် နောက်. . . နောက်ကို. . . ကျွန်. . . ကျွန်တော် . . ."

"သွားတော့၊ ရှင်းရှင်းပဲ မင်းကိုပြောမယ် သွားတော့"

ကိုကြီးပြောင်က ဂေါ်သောင်းကို ကော်လာကကိုင်ပြီး အပြင်တွန်းထုတ်လိုက်တယ်။ ဒီမှာ ပရိသတ်ထဲ ထိုင်ကြည့်နေတဲ့ ဂေါ်သောင်းအမေ ဒေါ်ကျင်သောင်းက -

"သေချင်းဆိုး ကာလနာရယ်၊ ကျွန်တော် မောင်သိန်းတန်လေလို့ ပြောရမှာကိုများ လူကြမ်းချီးပူးရဲ့ညီသုံးဝမ်းကွဲ အောင်ဘုတဲ့။ တောက်- ဝင်းပြောင်မို့လို့သာပေါ့၊ ငါသာ ဒါရိုက်တာဆိုရင်လား ခုံဖိနပ်နဲ့ ပါးရိုက်မောင်းချတယ်။ နေနှင့်ဦးပေါ့၊ အိမ်ရောက်မှ ငါ့အကြောင်း သိရမယ်။ မင်းကြောင့် ငါပါ နာမည်ပျက်ရော"

ဒီမှာ ကိုဝင်းပြောင်က အရှည်ကြီးကို လှမ်းခေါ်လိုက်တယ်။

"ကြည်ပြာလောင်သက်ချိုမျိုးလင်း"

"ရှိ"

"မင်းနာမည်ခေါ်ရတာ ငါ မြန်မြန်သေလိမ့်မယ်။ ကြည်ပြာ အဲ အဲ မြင်း သိုး ဟုတ်ပေါင် ဘယ်သူ မျိုးလင်း။ မင်းအခု ကိုသိန်းတန်နေရာဝင်။ ရတယ်မဟုတ်လား"

"စပျော့ပါ ကိုကြီးပြောင်ရာ အဟင့်အဟင့်"

ဒီမှာပဲ အင်မတန် မင်းသားဖြစ်ချင်လွန်းလှတဲ့ အရှည်ကြီးလံဘား ကြည်ပြာလောင်သက်ချိုမျိုးလင်း (ယခုအချိန်မှစ၍ မင်ကုန်မှာစိုးသောကြောင့် မျိုးလင်းဟု ရေးသွားပါတော့မည် ခင်ဗျား။ စကားချပ်) သရုပ်ဆောင်ဝင်လိုက်တယ်။ ကိုရင်သိန်းတန်နဲ့မတူဘဲ ငှက်ကုလားအုပ်နဲ့ တူနေတယ်။

"ဘကြီး ဘကြီးမှုန် ဘကြီးမှုန် မဟုတ်လားဟင်"

"အေးကွယ်၊ အဲ့ဒါ ဘကြီးမှုန်ပါ လူကလေးက ဘယ်သူလဲဟင်"

"ကျွန်တော် မောင်သိန်းတန်လေ ဘကြီးမှုန်ရဲ့ မောင်သိန်းတန်"

"ဟင်- မင်းက မောင်. . . သိန်း. . . တန်၊ ဟိုဘက်ရွာက ရွှေခိုးလို့



www.burmeseclassic.com

www.burmeseclassic.com



ထောင်နှစ်နှစ်ကျသွားတဲ့ မိချော်မေသား သိန်းတန်လား"

"ဝါး ဟား ဟား ဟား ကြည်လှိုင်ရာ"

"ဘကြီးမှုန်ဟေ့၊ ဖောက်ပြီဟေ့ ဟား ဟား ဟား"

"ဟာ - ဘကြီးမှုန်ကလည်း လုပ်ပြန်ပြီဗျာ၊ အဲဒါ ကျိုက်အင်းကျေးရွာက ဒေါ်ချစ်ပုသား ခြေတိုသိန်းတန်ဗျ။ ကျွန်တော်က စစ်ထဲလိုက်သွားတဲ့ ဒီရွာသား မောင်သိန်းတန်ပါ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"အရှည်ကြီးကွ"

"ရှီ ရှီ ရှီ သွားမစမ်းနဲ့ မင်းကြည်လှိုင်ရေ၊ မရဘူးကွ ရှီ ရှီ"

ပရိသတ်က အရှည်ကြီး အကင်းပါးပုံ၊ ဖြတ်ထိုးဉာဏ်ကောင်းပုံကို သဘောကျပြီး ဩဘာပေးကြရော။ ဦးဘစုတို့ ကိုဝင်းမြောင်တို့ကလည်း ဖြတ်ထိုးဉာဏ်ကောင်းတဲ့ အရှည်ကြီးကို အားရသွားကြတယ်။ အမှန်က မင်းကြည်လှိုင်က အလစ်မှာ အရှည်ကြီးမျိုးလင်းကို နှက်လိုက်တာ။ ဉာဏ်စမ်းလိုက်တာ။ ဒါကို ဟိုကောင်က သိတယ်။ ဒေါ်ချစ်ပုသား ခြေတိုသိန်းတန်လို့ လုပ်ချလိုက်တော့ ကြည်လှိုင် ဂန့်ရော။

"ဩ - လူကလေးက စစ်ထဲလိုက်သွားတဲ့ တို့ရွာက မောင်သိန်းတန်ကိုး၊ ဝလို့လှလို့ပါလား။ (ဒီမှာ ပရိသတ်က ငဖောင်ရိုးသိန်းတန်ကို ကြည့်ပြီးရယ်ကြရော။) နှစ်တွေလည်း ကြာပေါ့ မောင်သိန်းတန်ရယ်၊ ဒါနဲ့ ရွာကို ဘာပြန်လာလုပ်တုံးကွယ့်"

"ခွင့်ရလို့ ပြန်လာတာပါ ဘကြီးမှုန်ရဲ့။ ဒါနဲ့ ဘကြီးမှုန် ဟို ဟို ထွေး. . . ထွေးညိုတစ်ယောက်ရော ရှိသေးလားဟင်။ နေရောကောင်းရဲ့လား ဘကြီးမှုန်ရယ်ဟင်လို့"

"ထွေး. . . ညို"

"ဟုတ်ကဲ့ ထွေးညိုလေ"

"ထွေး . . . ညို၊ ထွေး. . . ညို"

ထွေးညိုလည်းဆိုရော မင်းကြည်လှိုင်က ရှိုက်သံထည့်၊ ရဘေ့တို့ တီးဝိုင်းကလည်း အံ့ဩဟန်တီးလုံးအဖြစ် ဒုံမင်းကြီးများကိုလှိမ့်ဗျ။

"ထွေးညို . . . ရှိတယ် မဟုတ်လား ဘကြီးမှုန်၊ မြန်မြန်ပြောပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com


"ရှိတယ်. . . ရှိတယ်"

"ရှိတယ် ဟုတ်လား၊ ဝမ်းသာလိုက်တာဗျာ၊ အခု သူ သူ ဘယ်မှာလဲ ဟင် ဘကြီးမှုန်ရဲ့"

"ဒီမှာ - ရော့ . . ."

"ဝါး ဟား ဟား ဟား၊ ဝါး ဟား ဟား ဟား"

"ဟီး ဟီး ကြည်လှိုင် ကြည်လှိုင်"

"လုပ်ချက်ကတော့ ကမ်းကုန်ပါဘဲ မင်းကြည်လှိုင်ရာ"

ပရိသတ်ဆိုတာ ပက်ထုပ်လို့မရဘူးဗျာ၊ ဦးဘစုဆိုတာ ဘကြီးမှုန် (ကြည်လှိုင်) ကို ဆဲလိုက်တာ မိုးမွှန်နေတာပဲ။ ဒါရိုက်တာကလည်း ကိုယ့်နဖူးကိုယ်ရိုက်နေရတယ်။ ဇာတ်က အရှိန်ရတာရယ်၊ ထွေးညို ဘယ်မှာလဲမေးရော ဘကြီးမှုန် (ကြည်လှိုင်)က ဘာလုပ်မှတ်လို့လဲ။ တိုက်ပုံအကျႌအတွင်းအိတ်ထဲကနေ တောချက်အရက်ပုလင်းကြီးကိုထုတ်ပြီး အရှည်ကြီး (သိန်းတန်) လက်ထဲ ထည့်ပေးလိုက်တာ။ အရှိန်ရနေတဲ့ဇာတ် ပျက်ကရော။ ဒီတောချက်အရက်ပုလင်းကလည်း အဖွဲ့ခေါင်းဆောင် ဦးဘစု လွယ်အိတ်ထဲက အလစ်သုတ်ထားတဲ့ အရက်ပုလင်း၊ ထွေးညိုဆိုတာ (ချက်အရက်ကိုပြောတာ)။ ရှာန်ဝင်နေတဲ့ အရှည်ကြီးကလည်း ဦးဘစု သောက်တဲ့ ချက်အရက်ပုလင်းကြီးကိုင်ပြီး ဘာလုပ်ရမှန်းကို မသိတော့ဘူးဗျာ။ အရက်သမားကိုအုန်းမောင်ကြီးက 'အရှည်ကြီး ဦးလေးကို တစ်ငုံလောက်ကမ်းစမ်း' တဲ့၊ ကောင်းရော။

ဒါနဲ့ မျက်နှာပြောင်တဲ့ မင်းကြည်လှိုင်ကို နောက်ကနေ ဆောင့်ကန်မောင်းထုတ်လိုက်ပြီး မင်းကြည်လှိုင်နေရာမှာ စိန်အေးကြူကို ချက်ချင်းလူစားထိုး သရုပ်ဆောင်ခိုင်းလိုက်ပြန်တယ်။

စိန်အေးကြူဟာ စရည်းအိုးလိုလို၊ စဥ့်အိုးလိုလို ကိုယ်လုံးကိုယ်ခန္ဓာရှိသော်လည်း ပေါ့ပါးသွက်လက်တယ်။ မျက်နှာကျလည်းကောင်းတယ်။ ဒီကောင့်အဘိုးက လူရွှင်တော်ကြီးဆိုတော့ ဇာတ်ဝင်အပြောတွေမှာ နားရည်ဝနေတယ်။ ဒီဇာတ်ထုပ်လည်း သူက အလွယ်ရနေတော့ ပိုင်တာပေါ့။

"စမယ်၊ ရယ်ဒီ ဝမ်း တူး သရီး ဖိုး ထွက်"

"ဘကြီးမှုန် ထွေးညို . . . ထွေး. . . ညို. . . ရောဟ"


www.burmeseclassic.com

www.burmeseclassic.com



"ထွေး . . . ညို ထွေး. . . . ညို"

"ထွေးညိုကို ကျွန်တော် အရမ်းတွေ့ချင်နေတယ်။ မြန်မြန်ပြောပါ ဘကြီးမှုန်ရ"

"မောင်သိန်းတန် မင်း မင်း အလာကောင်းပေမယ့် အခါနှောင်းသွားပြီ"

"ဗျာ - ဘာ ဘာဖြစ်လို့လဲဟင် ဘကြီးမှုန် ဘာဖြစ်လို့လဲ"

"ထွေးညို ဟင့် ဟင့် ထွေးညို ပြီးခဲ့တဲ့ လဆန်းသုံးရက်နေ့ကပဲ အဟင့်"

"လဆန်းသုံးရက်နေ့က ဘာဖြစ်သွားလို့လဲ၊ ကျွန်တော် ရင်တွေ ထိတ်လိုက်တာဗျာ။ သူ ဘာ ဘာဖြစ်သွား သလဲ"

"ဘကြီးမှုန်နဲ့ မင် မင် မင်္ဂလာဆောင်ပြီးပြီ"

"ဝေး ဟေး ဟေး ဟား ဟား ဟား"

"လုပ်လိုက်ကွ၊ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲတော့"

"အပိုင်လိုက်တာ အေးကြူရ"

"စိန် . . . အေး . . . ကြူ"

ကိုကြီးပြောင်က ဒေါသနဲ့ ကျုံးအော်လိုက်ရော။ စိန်အေးကြူလေ ကိုကြီးပြောင်ကို လက်အုပ်ချီထိုင် ထိုင်ကန်တော့ပြီးနောက် -

"ဆောရီး ဆောရီး ကိုကြီးပြောင် ယောင် ယောင်သွားလို့ပါ ခင်ဗျာ။ မင်း မင်း အလာကောင်းပေမယ့် အခါနှောင်းသွားပြီ မောင်သိန်းတန်ရယ်"

"ဘာဖြစ်လို့လဲ ဘကြီးမှုန်ရယ် ဟင် ဟင်"

"ထွေးညို၊ ထွေးညို လူယုတ်မာ သာဒင်တို့လက်ချက်ကြောင့် ဘဝပျက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားပြီ မောင်သိန်းတန်ရဲ့ ဟီး ဟီး ဟီး"

ကောင်းလိုက်တာဗျာ။ ဒီကောင် စိန်အေးကြူရယ် ပြောရင်းက မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငိုချလိုက်တယ်။ သရုပ်ဆောင်ပီပြင်လွန်းလို့ ရှိသတ်ငြိမ်ကျသွားပေါ့။ သူ့ဘကြီး ဦးဘစုကလည်း မေးဆတ်ပြီး ရင်ဘတ်ကို လက်နဲ့ပုတ်လို့ အဲဒါ ငါ့တူလို့ ကြွားနေလိုက်ရဲ့။ တီးဝိုင်းလေလည်း



www.burmeseclassic.com

www.burmeseclassic.com


အမှိုင်းလေးတီးပေးနေတော့ အေးကြူက ရှိုက်ပြီး မျက်ရည်သုတ်လို့။

"ထွေးညို ထွေးညို သာဒင်တို့စနက်ကြောင့် ဘဝဆုံး အသက်ဆုံး သွားပြီ ဟုတ်လား။ ဖြစ်ရလေ ထွေးညိုရယ်။ ဘကြီးမှုန်ရယ်၊ ဒါ ဒါဟာ မြေရှင်ယာရှင် စနစ်ဆိုးကြောင့်ပဲ ဘကြီးမှုန်။ ကျွန်တော်တို့ အဲဒီ မြေရှင်ယာရှင်စနစ်ဆိုးတို့ကို အမြစ်ပါမကျန် တွန်းလှန်ပစ်ရ မယ် ဘကြီးမှုန်။ ကျွန်တော် ဒီနေ့ ဒီအချိန်ကစပြီး တွန်းလှန်ပစ် ဖို့ အဓိဋ္ဌာန်ပြုတယ်ဗျာ"

"အိုကေ - ကတ်"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"စိန်အေးကြူကွ"

"အရှည်ကြီးကွ၊ မြင်းသိုးကွ"

"လံဘားကြီး မြင်း . . . အဲ အဲ မျိုးလင်းတဲ့ဟေ့"

ပရိသတ်က အော်ဟစ်ပြီးကို အားပေးကြတာ။ အချို့ကလည်း စိန် အေးကြူ ပြဇာတ်မင်းသားဖြစ်မှာပဲတဲ့။ အချို့ကလည်း လံဘားမျိုးလင်း စကားပြောကောင်းလို့ လံဘားကြီး ကျိန်းသေပဲလို့ တစ်ပေးကြတယ်။

"စိန်အေးကြူက အလွမ်းကောင်းပေမင့် လူက ဝက်ပုပ်ကြီးဖြစ်နေ တာ ဆိုးတယ်ဟ"

"အိုလေ - ဟို မြင်းသိုး အဲ အဲ မျိုးလင်းဆိုတဲ့လူက စကားပြော ကောင်းပေမင့် အရုပ်က ခြောက်ပေကျော်ဥစ္စာ။ ပြဇာတ်မင်းသမီး နဲ့ ဘယ်လိုလုပ်တွဲလို့ရမှာလဲ"

"ရတာပေါ့ဟ"

"ဘယ်လိုရမှာလဲ လုပ်ပါဦး"

"မင်းသမီးလည်မျိုကို ချိန်းဘလောက်နဲ့ဆွဲဆန့်ပြီး အရပ်တူအောင် လုပ်ရမှာပေါ့" တဲ့။

"ကိုင်း ကိုင်း - မင်းတို့နှစ်ယောက် မောသွားပြီး ခဏနားကြ။ အခု အလှည့်ကျတာက မောင်မှိုင်းနဲ့ မသန်းချစ် ထ"

မသန်းချစ်လို့ အသံကြားတာနဲ့ လူတွေက လက်ခုပ်တီးကြရော မသန်းချစ်က နာမည်ရှိပြီးသားကိုး။ ဒီမှာ မသန်းချစ် ပေါက်ကြား တင်


www.burmeseclassic.com

www.burmeseclassic.com



မောင်ဦးက သူ့မိန်းမနဲ့ကျုပ်တွဲပြီး သရုပ်ဆောင်ရမယ်လည်းဆိုရော ကျုပ်တို့ မျက်ထောက်နီကြီးနဲ့ကြည့်ပြီး သူ့ခါးပုံစကြားက ပစ္စည်းတစ်ခုကို ကျုပ်မြင်သာအောင် လှစ်ပြလိုက်တယ်။

အဲဒီ ပစ္စည်းလည်း မြင်လိုက်ရရော ကျုပ်ရင်ခေါင်းထဲ ဒိတ်ခနဲ ဖြစ်ပြီး ကျောထဲက ကြက်သီးတဖြန်းဖြန်းထပါရော။ ဒူးနှစ်ဖက်လည်း ဆတ်ဆတ်တုန်လာတယ်။ မသန်းချစ်ယောကျ်ားက ဘာလုပ်ပြမှတ်လို့လဲ သိလား။ အရိုးအသွား (၁၀) လက်မလောက်ရှိတဲ့ ကြက်သွန်လှီးဓားမြှောင် ခင်ဗျ၊ ဓားမြှောင်။

အကျိုးနည်း၊ ဒုက္ခတော့ရောက်ပြီနဲ့ တူပါရဲ့ဗျား ပြဇာတ်မင်းသားမဖြစ်ဘဲ အူထွက်ပြီးမျှား သေရမလား မသိဘူး။ ဒါနဲ့ ကိုးဆယ်တန်တစ်ရွက် အသာထုတ်ဝှက်ပြီး သူ့အနား ကျို့ကျို့ရို့ရို့လေးတိုးသွားလို့ ကိုတင်မောင်ဦး အရက်သောက်ဖို့ ကန်တော့တာပါပြောပြီး ပေးလိုက်ရော။ ငနဲကြီးက -

"အဟီး အဟီး ဟီး အစ်ကိုက ကျီစားတာပါ မောင်မှိုင်းရာ၊ ငါ့မိန်းမ မသေရင်ပြီးရော၊ သဘောရှိ" တဲ့ ဖွီ။

"ကိုင်းဟေ့ - မောင်မှိုင်းနဲ့ မသန်းချစ်လာ၊ မင်းတို့နှစ်ဦး အခု သရုပ်ဆောင်ပြရမယ့်အခန်းက တွံတေးသိန်းတန်ရဲ့ စိုးစိုးမိုးမိုး ပြဇာတ်ထဲက အစ်မလုပ်သူမိုးမိုးနဲ့ ကိုသိန်းတန် နောက်ဆုံး နှုတ်ဆက်စကားပြောခန်း၊ မိုးညိုဘက် ကျောင်းဆရာသွားလုပ်မို့ပြောတဲ့အခန်း ရမလား"

"ရပါတယ် ဆရာသောင်း"

"မသန်းချစ်ကရော"

"ရတယ် ဆရာ"

"ကိုင်း - စ"

ဇာတ်လမ်းအဝင်မှာ မသန်းချစ်က အလွမ်းသီချင်းတစ်ပုဒ်ကို ဆိုလိုက်တယ်။ နောက်ခံ အလွမ်းလေးက ပို့ပေးနေတော့ ပရိသတ် စောစောတုန်းကလိုပဲ ငြိမ်နေတာပဲ။ သီချင်းပြီးတော့ ဒိုင်ယာလော့ခ်ဝင်တယ်၊ ဒီမှာပဲ ကျုပ်က -



www.burmeseclassic.com

www.burmeseclassic.com



"မမမိုး"

"ဟင်- မောင်သိန်းတန်ပါလား၊ မအိပ်သေးဘူးလားကွယ်"

"အိပ်လို့မရသေးပါဘူး မမမိုးရယ်၊ ဩော်- မမမိုးကို ပြောစရာရှိလို့"

"ဘာများပါလိမ့် မောင်သိန်းတန်"

"ကျွန်တော် မနက်ကျရင် မိုးညိုဘက်မှာ ကျောင်းဆရာတာဝန်နဲ့ ခရီးသွားရတော့မယ် မမမိုးရယ်။ မမမိုးတို့ မိသားစုရဲ့ ကျေးဇူး ကျွန်တော့်အပေါ်မှာ အများကြီးရှိပါတယ်။ ကျွန်တော့်တစ်သက် ဒီကျေးဇူးကို မမေ့ပါဘူး မမမိုးရယ်။ ကျွန်တော် နှုတ်ဆက်ခဲ့၊ ကန်တော့ခဲ့ ပါတယ် မမမိုး"

"သာဓု၊ သာဓု၊ သာဓု မောင်သိန်းတန် ရောက်ရာအရပ်မှာ ကျန်းမာအောင်နေနော်။ မမမိုးဆီကိုလည်း စာမပြတ်ထည့်ပါကွယ်။ ကဲကဲ သွားအိပ်တော့။ မနက်အစောကြီး ထရမှာ သွား"

"ဟုတ်ကဲ့ မမမိုး"

သို့ကလိုပြောပြီးအထွက်မှာ မမမိုး (မသန်းချစ်)က ကျုပ်သွားလေရာကို လှမ်းမျှော်ကြည့်ရင်း -

"ဩော် - မောင်သိန်းတန် မောင်သိန်းတန်၊ လိမ္မာရေးခြားရှိလိုက်တဲ့ ဘိ မောင်လေးရယ်" ဆို သက်ပြင်းချ၊ ခေါင်းယမ်းလိုက်တယ်။

"အိုကေ"

"ရှီ . . . ရှီ . . . မသန်းချစ်ကွ"

"အဲ့ဒါ ငါ့မိန်းမကွ ဟား ဟား ဟား"

ပရိသတ်က လက်ခုပ်တီးတော့ မသန်းချစ်ယောက်ျား တင်မောင်ဦးက မတ်တတ်ရပ်ပြီး မူးမူးနဲ့ ထအော်နေလို့ ပုသိမ်မောင်သောင်းယဉ်က မနည်းထိုင်ခိုင်းရသေးတယ်။

"ကိုင်း - မသန်းချစ် ခဏနား၊ ဝါဝါဝင်းငွေ ထ၊ ဟဲ့ - ကောင်မလေး လာလေ"

"အဟင့် အဟင့်"

"အမ်မာ အရေးထဲ မူလကျီသွန်နီလုပ်နေတယ်၊ လာ မြန်မြန်"

ဝါဝါဝင်းငွေဆိုတဲ့ အသားမည်းမည်း၊ ပါးစုံ့တဲ့တွဲ၊ တင်ကားဖင်



www.burmeseclassic.com

www.burmeseclassic.com



တောက် ရာဝင်အိုးကြီးလည်းထရော ပရိသတ်က ဝေါခနဲ ရယ်ကြရော။ ရှေ့ဆုံးက အပျိုအုပ်စုနဲ့ ကလေးတစ်သိုက်ကလည်း အဝါရောင်ဖော့ ပေါ် အောက် ဝမ်းဆက်နဲ့ မိတ်ကပ်တွေ ပိန်းနေအောင်လိမ်းပြီး ဝက်နှာခေါင်း လို လန်နေတဲ့ နှုတ်ခမ်းမှာ နှုတ်ခမ်းနီ အပြာရောင်ဆိုးထားတဲ့ ဝါဝါဝင်းငွေ ကို မြင်တော့ အုတ်အော်သောင်းတင်း အားပေးကြတယ်။

"အဲဒါ ဝါဝါဝင်းရွှေ ညီမတဲ့ဟ"

"မဟုတ်ပါဘူး ကြွက်နီရဲ့၊ ရုပ်ရှင်မင်းသမီး ခင်သီတာထွန်း ညီမပါ တဲ့"

"ညည်းတို့ပြောတာ အားလုံးမှားတယ်။ လူရွှင်တော် ဦးပလာတာရဲ့ တူမ မှတ်ထား"

"မသိဘဲနဲ့ မပြောစမ်းပါနဲ့ မိသိုင်းရာ၊ အဲဒါ ရွှေလုံးနဲ့ ဒေါ်သေးသေး တို့ရဲ့ညီမအငယ်ဆုံးဟဲ့ မှတ်ထားကြ"

"ဟင် - ဟုတ်လား၊ ဒါကြောင့် ဝတာကိုးနော်။ မျိုးရိုးလိုက်တာနဲ့ တူပါရဲ့နော်။ မင်းသားကို ဖက်နမ်းမယ့်အခန်းမှာဆိုရင် ဟိုသွား ခါက အီးထွက်သေမှာ မြင်ယောင်သေးတာ။ ငါတို့လည်း ပေဦး မယ်။ နောက်နား နည်းနည်းဆုတ်နေမှဟ"

ကျုပ်ရှေ့မှာ သို့ကလို ဝေဖန်နေကြတာဗျ။ နည်းနည်းမှ အားနာ ခြင်းတရား မရှိကြဘူးဗျာ၊ ရှားရော။ ဒီအချိန်မှာပဲ ကျုပ်ဟာ ဝါဝါဝင်းငွေ ရဲ့မျက်နှာကို လှမ်းကြည့်ပြီး တင်မောင်ဦးဓားထက် ကြောက်နေမိတယ် သိလား။ သူမကလေ ဒါရိုက်တာ ကိုဝင်းပျော်ရှေ့မှာ ခေါင်းငုံ့လိုက်၊ ဆင်ကိုယ်လုံးကို ဘယ်ညာလှုပ်လိုက်၊ ဖောင်းတားစို့အစ်နေတဲ့ ပါးစပ်ကို ပိတ်ပြီး တခစ်ခစ်နဲ့ရယ်လိုက်၊ မျက်စိတစ်ဖက်မှိတ်ပြီး ရေမြင်းကြီး တန်စွန်း ရွက်တောင်းသလို ပါးစပ်ဖြဲပြလိုက်နဲ့ မာယာလေးဆယ်ကို အကုန်ထုတ် ပြနေတယ်။

ဒီမိန်းမသာ မတော်တဆ မင်းသမီးဖြစ်ပြီး စင်ပေါ်မှာ ကျုပ်နဲ့တွဲ ရမယ်ဆိုရင် ကျုပ် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်တော့မယ်ဗျာ။ ဘုရား စူး၊ မိုးကြိုးပစ် ရစေရဲ့။

"ဒီမှာ ဝါဝါဝင်းငွေ၊ မင်းတို့နှစ်ဦး အခု သရုပ်ဆောင်ရမယ့်အခန်း



www.burmeseclassic.com

www.burmeseclassic.com



က ကိုသိန်းတန်က ခရီးသွားဖို့ သင်္ဘောပေါ်ကို အတက်၊ စိုးစိုးလုပ်တဲ့ ညည်းက အပြေးလိုက်လာပြီး ကိုသိန်းတန်၊ ကိုသိန်းတန် လှမ်းအော်၊ ဒီမှာ ကိုသိန်းတန်က သင်္ဘောပေါ်ကနေ စိုးစိုး၊ စိုးစိုး ဘာလာလုပ်တာတုံး မေး၊ ဒီမှာ ညည်းက ကိုသိန်းတန် စိုးလည်း လိုက်မယ်။ ကိုသိန်းတန်နဲ့လိုက်မယ် ပြန်ပြော။ အဲဒီမှာ ကိုသိန်းတန်က စိုးစိုး မတက်ခဲ့နဲ့၊ မတက်နဲ့ လှမ်းအော်ပြော။ ဒီအချိန်မှာပဲ စိုးစိုးက သင်္ဘောကုန်းပေါ်အရောက် မထူးတော့ပါဘူးဆိုပြီး ကိုသိန်းတန်က ကောင်မလေးလက်ကိုဆွဲ၍ လှမ်းအကြို သင်္ဘောက ဘော် . . . ဘူ ဆိုပြီး ထွက်သွားတဲ့ အခန်း၊ မင်းတို့ ညည်းတို့ နားကျေအောင် ကြားဖူးပြီး ဇာတ်လမ်းပါ ရမလား"

"လုပ် လုပ် လုပ်ကြည့်မယ် ဆ . . ဆရာ"

"အေး - လုပ်ကြည့်၊ မှားရင် ပြန်ပြင်မယ်။ မရှက်နဲ့ ရဲရဲလုပ်၊ ဟိုကောင် ငမှိုင်း"

"ခင် ခင်ဗျာ ကိုကြီးပြောင်"

"မင်းက ဘာဖြစ်လို့ ဒူးတွေတုန်နေရတာလဲ"

"ဟို ဟို မီးယပ်ချမ်း ထ ထ အဲ အဲ ဟို ဟို သင်္ဘောပေါ်ရောက်ရင် မင်းသမီးကို အဲလေ ဖွဟဲ့ ဖွဟဲ့ စိုးစိုးကို ဖက် ဖက်ထားရမလားဟင်"

ကျုပ်က 'ဇ'သေးရှိတော့ မေးရတာပေါ့ဗျာနေ့။

"ဖက်စရာ မလိုဘူး၊ ကုန်းဘောင်ပေါ်က ကျမှာစိုးလို့ လက်ကို အလျင်စလို လှမ်းဆွဲလိုက်ပြီး အပေါ်ခေါ်တင်ရုံပဲ။ သရုပ်ဆောင်မတဲ့နဲ့။ ငါ့အကြောင်း မင်းသိတယ်နော် ငမှိုင်း"

ဒီမှာ ကျုပ်က ကိုကြီးပြောင် နားရွက်နားကပ်ပြီး တိုးတိုးစကားပြောလိုက်တယ်။

"ကိုကြီးပြောင် ဒီပြင်အခန်းများ ပြောင်းလို့မရဘူးလားဗျာ ဟင်"

"ဘာဖြစ်လို့လဲကွ"

"ကျုပ် ဒီ ဒီ အကြီးစားပြိတ္တာမကြီးနဲ့ မ မတွဲချင်လို့ပါ ကိုကြီးရာ"

"ဒီလိုမှ မတွဲချင်ရင် မင်း အခုထွက်သွား။ သွားတော့ သွား အိမ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်"

"ဗျာ - ဗျာ အဲ . . . အဲ"

ကျုပ် ဆွံ့အနေတုန်းက ကိုကြီးပြောင်က ကြိတ်ပြီးကျုပ်ကိုပြောလိုက်ပြန်တယ်။

"ဒါ အိမ်ခြေငါးရာကျော်ရှိတဲ့ ရပ်ကွက်ကြီးက ရှားရှားပါးပါး ကုသိုလ်ကံကောင်းလို့ရထားတဲ့ အရန်မင်းသမီးလောင်းကွ။ မင်းအမျိုးတွေထဲက ဘယ်သူထွက်ရဲလို့လဲ သွားတော့"

"ဒါ ဒါ ဆိုရင်လည်းဗျာ . . ."

BURMESE CLASSIC

"လုပ်မှာလား မလုပ်ဘူးလား"

"လုပ် လုပ်ပါ့မယ် ကိုကြီးပြောင်ရာ ဟီး ဟီး ဟီး"

သမ္မာဒေဝနတ်အပေါင်းတို့ခင်ဗျာ၊ ဒိဗ္ဗိတ္တာမကြီးကို သက်ဝိုက်ကြည့်နေကြပါနဲ့ ခင်ဗျာ။ ဇာတ်ခုံပေါ် မရောက်ခင်ကတည်းက အောက်ပိုင်းလေဖြတ်သွားအောင် ကူညီမှိုင်းမတော်မူကြပါ ခင်ဗျာ။

ကျုပ်လေ သို့ကလို တိုင်တည်ဆုတောင်းပြီး ဟင် - ပေါက်တဲ့နဖူး၊ မထူးဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ် ရဲဆေးတင်လို့ ကိုကြီးပြောင် လှမ်းပေးတဲ့ ဆက်ဆွဲအိတ်လေး လှမ်းယူကိုင်အသင့်ပြင်လိုက်တယ်။

"ကိုင်း - ရယ်ဒီ ဝမ်း တူး သရီး ဖိုး စ, ဝင်"

"မမမိုး၊ ကျွန်တော် သွားတော့မယ်နော်"

"အေး အေး၊ မောင်သိန်းတန် ကျန်းမာရေးကို ဂရုစိုက်နော်၊ ဘုရား၊ တရားလည်း မမေ့နဲ့။ မမမိုးတို့ဆီ စာလည်းထည့်"

"ဟုတ်ကဲ့ မမမိုး၊ သွားပြီ မမမိုးရေ"

ကျုပ်က ကြေကွဲဝမ်းနည်းဟန်နဲ့ အိတ်ကလေးဆွဲပြီး ထွက်လာလိုက်တယ်။

"ကတ်"

"အိုကေ - နောက်တစ်ခန်း ဆက်တိုက်ဝင်မယ်၊ သဘော်ဥသြသံက စမယ်၊ ဝမ်း တူး သရီး ဖိုး စ. . ."

"ဒူ"

"ဒူ ဟူ ဟူ ဒူ ဟူ . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ဒူဒူနဲ့ မောင်းသံကြီး တီးဝိုင်းဆီက ပေါ်လာပါရော။ ကျုပ်တို့ရော ကြည့်နေတဲ့ ပရိသတ်ရော မောင်းသံကြားရာအရပ်ကို တစ်ပြိုင်နက် မျက်လုံးတွေ ရောက်သွားကြတယ်။ ဒီမှာ ဝိဇ္ဇာစိုးကြီးက အဖိတ်နေ့ကျ ဘုရားလှည့်ရင် ထုလေ့ရှိတဲ့ စကောထက်ကြီးတဲ့ မောင်းကြီးကို လေးငါးချက် ထုနေတယ်။

"ကိုကြီးပြောင် အဲဒါ ဘာလဲဗျ"

"ဟာ- ငတုံးရ၊ အဲဒါ မင်းလိုက်သွားရမယ့် သင်္ဘောက ဥသြမှုတ်သံကွ"

"ဗျာ- သင်္ဘောဥသြမှုတ်သံ၊ ဟား ဟား ဟား မြတ်စွာဘုရား၊ တိတ်ခွေဇာတ်လမ်းမှာ 'ဘော်. . . ဘူ. . .' လို့ မြည်တာဗျ။ ဘယ့်နှယ် ခုဟာက ဒူဟူဟူ ဖြစ်နေတာလဲ"

"ဟော့ကောင် လျှာမရှည်နဲ့၊ ဆိုက်ဆိုဖုန်းမရှိသေးလို့ မောင်းထုရတာ ထွက်"

တကယ့်ကို စိတ်ဆင်းရဲစရာပါဗျာ။ ဒေါ်ဂျစ်ပုတို့ မိန်းမတစ်သိုက်ကလည်း ကိုသိန်းတန်စီးမယ့် သင်္ဘောရဲ့ ဥသြမြည်သံကို ကြားရတော့-

"အမလေး ဥသြသံတဲ့တော်၊ သိန်းတန်တို့ရွာမားပြဝင်လို့ သူကြီးမောင်းထု၊ လူစုနေတယ် မှတ်တာတဲ့၊ ဝင်းပြောင်တို့လက်ထက်ရောက်မှ ဥသြသံက 'ဒူ' တဲ့ ဟီး ဟီး"

"ဒူ ဟူ ဟူ ဒူ ဟူ ဟူ ဒူ ဟူ ဟူ"

မောင်းထုသံ အဲလေ သင်္ဘောဥသြသံလည်းကြားရော အိတ်ဆွဲပြီး သင်္ဘောပေါ် တက်သွားဟန်လုပ်လိုက်တယ်။

"ဒူ ဟူ ဟူ၊ ဒူ ဟူ ဟူ"

(သိပ္ပံမောင်ဝ၏ အင်းလေလံဆွဲနေသည့် မြင်ကွင်းလို့ မမှတ်ကြပါနှင့်။ ဘုရားစူး သင်္ဘောဥသြသံဟု မှတ်ယူ ယုံကြည်ကြပါကုန်။)

ဒီအချိန်မှာပဲ စိုးစိုး (ဝါဝါဝင်းငွေ) က ဦးဇင်းအောင်စိန် လှမ်းထားတဲ့ ဧကသီကြီးကို လေးခေါက်ခေါက်ပိုက်ပြီး အမောတကောဟန်နဲ့ ပြေးအထွက်မှာ မင်္ဂလာသောင်း ခြေသလုံးတက်နင်းမိလို့ မင်္ဂလာသောင်းနှယ် ငယ်သံပါအောင် အော်ရင်း လူးလိမ့်နေပါလေရော။ ဝါဝါဝင်းငွေက 'ကန်



www.burmeseclassic.com

www.burmeseclassic.com



တော့ဆရာ၊ ကန်တော့' လို့ ပြောပြီး -

"ကို တိန်းတန်၊ ကို. . . တိန်း. . . တန်"

"ဝါး ဟား ဟား ဟား ဟီ ဟီး . . ."

"ဝေး ဟေး ဟေး ဟေး ကိုတိန်းတန်တဲ့ဟေ့"

"မင်းသမီး ဂျကား မပီဘူးဟေ့ ဟီ ဟိ"

"အားလုံး စတော့"

"ဟဲ့ ဟဲ့ - ဝါဝါဝင်းငွေ ကိုသိန်းတန်လို့ ပြောလေဟာ"

"အင်းလေ - မီးပြောနေတာပဲ ဉစ္စာ၊ ကိုတိန်းတန် ကိုတိန်းတန်"

"ဟင် - နင် နင် စကားမပီဘူးလား"

"မီးက 'သ'ကို ပီအောင် ပြောလို့မရဘူး။ ဗိုလ်ချုပ်ကျေးရွာ တောင်ပိုင်းမှာ မွေးခဲ့လို့"

(မှတ်ချက်။ ။ ကျွန်ုပ်တို့ ဗိုလ်ချုပ်ရွာတောင်ပိုင်း၊ မြောက်ပိုင်း၊ အလယ်ပိုင်း၊ အရှေ့ပိုင်းသားတို့သည် 'သ' နှင့် 'တ' မကွဲ။ 'သူ' ဆိုလျှင် 'ထူ' ဟုပြောပြီး 'သွား' ဆိုလျှင် 'တွား' ဟု အသံထွက်လေ့ရှိ၏။)

"ဒုက္ခမှ တကယ့်ဒုက္ခပါပဲကွာ၊ မထူးပါဘူးဟာ။ ကိုပိန်းကန်မဖြစ်ရင် ပြီးရော၊ ဆက်လုပ်"

ဒါရိုက်တာ နဖူးမှ ချွေးသီးများကို လက်ညှိုးနှင့်သပ်ရင်း အမိန့်ပေး တိုက်တယ်။

"ကိုတိန်းတန် ကိုတိန်းဟန်"

"ငွေ ငွေ အဲ အဲ စိုးစိုး၊ ဘာလို့ လိုက်လာတာလဲ ရေထဲခုန်ချပြီး သေလိုက်လေ"

"အင် ဟင် ဟင်"

ကျုပ်အပြောကြောင့် ပရိသတ်က ရယ်ကြရော သောက်မြင်ကပ် ပ်နဲ့ အဲဒီလိုပြောချလိုက်တော့ စိုးစိုး (ဝါဝါဝင်းငွေ) သာ ဆက်ပြောလို့ ပြောရမှန်းမသိဘူး ဖြစ်နေတယ်။

"ဟော့ကောင် ငမှိုင်း။ နာမယ်နော် မင်းကြပ်ကြပ်သတိထား၊ ပြန်ပြော"

"စိုးစိုး မတက်နဲ့ မတက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ကုန်းဘောင်ပေါ်မှာ မြွေပွေးခွေနေလို့"

"ဟင်"

"ဝါး ဟား ဟား ငမှိုင်းတို့ကတော့ ဖောက်ချည်ဝင်တာချည်းပဲဟေ့"

"မြွေပွေး မဟုတ်ဘူး ငမှိုင်းရေ၊ ဂေါ်ဇီလာ အီးထိုင်ပါနေတာဟ ဟား ဟား ဟား"

ကောင်းရောပေါ့ဗျာ၊ တွံတေးသိန်းတန်သာကြားရင် အခွေတွေ ခါတ်ပြားတွေ ပြန်သိမ်းမလား မသိဘူး။

ဒီမှာ ဒါရိုက်တာက လက်သီးကြီးဆုပ်ပြီး ကျုပ်နားကို ဒေါသတကြီး ရောက်ချလာတယ်။

"ဇာတ်က အရှိန်ရနေရင် မင်းက ဖောက်ချည်ဝင်တယ်။ ဒီတစ်ခါ ဖောက်ရင် မင်းဂျောင်းတော့ ငမှိုင်း၊ ဒါ နောက်ဆုံး ဝမ်နိမ်ပဲ ပြန်လုပ်"

"စိုး မတက်နဲ့ မတက်နဲ့၊ ဟာ - ဒုက္ခပါပဲ"

အဲဒီမှာပဲ စိုးစိုး (ဝါဝါဝင်းငွေ)က ကုန်းဘောင်ပေါ်ကို ပြေးတက်လာတဲ့ဟန်အလုပ် ကျုပ်က သင်္ဘောပေါ်ကနေ သူမရဲ့လက်ကို လှမ်းအဆွဲ ကုသိုလ်ကံများ ဆိုးချင်လာတော့ ကျုပ်ဆွဲရာမှာ သူ့ဆင်ခန္ဓာကိုယ်ကြီးက ပါမလာဘဲ သူဆွဲရာ ကျုပ်က ပါသွားပြီး နှစ်ယောက်စလုံး ချော်လဲကြပါရော။ လဲသမှ ကျုပ်က အောက်က၊ သူမကအပေါ်က မှောက်လျက်ကြီး။ ဒီအချိန်မှာပဲ မောင်းကြီးက ထလိုက်သေးတယ်။

"ဒူ ဟူ ဟူ၊ ဒူ ဟူ ဟူ"

"ဝါး ဟား ဟား ဟား ဟေး ဟေး ဟေး"

"ကောင်းတယ်ဟေ့ ပီပြင်တယ်ကွ"

"ဇရထဲပြုတ်ကျသွားတာနဲ့ တူတယ်တော့"

"ပေါက်ခေါ်တော့ ပက်ကြားအပ်ထဲကျပြီး မြေပြိုသွားပြီဟေ့"

"အင်း - ပိုက်ဆံရှားရတဲ့အထဲ ကူငွေတော့ပေးရဦးမှာပေါ့ကွာ"

ပရိသတ်ရဲ့ တဝေါဝေါရယ်သံ၊ တစ်ယောက်တစ်ပေါက် ဝေဖန် ထင် ကြေးပေးသံ၊ ကျုပ်မွေးသမိခင်ကြီးရဲ့ 'ငါ့သားလေးတော့ သေပါပြီ၊ လုပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါဦး' အလန့်တကြားအော်သံနဲ့အတူ ဒါရိုက်တာနှင့်အဖွဲ့က ကျုပ် ကျုပ်ပေါ် ဖိပြီး ပြန်မထနိုင်ဖြစ်နေတဲ့ ပြိတ္တာမကြီးရဲ့ ကိုယ်လုံးကို မနည်းဝိုင်းထူမကြရတယ်။ ဒီအချိန်မှာပဲ ကျုပ်ရဲ့ဒွာရ (စအို)ထဲမှာ အပေါ် ဝန်အလေးချိန်ကြောင့် ငယ်ချေးတွေ တဗျစ်ဗျစ်နဲ့ ထွက်ကုန်ပါရော။ ဒါနဲ့အတူ ပုဆိုးတစ်ထည်လုံးလည်း သေးတွေရွှဲနစ်လို့။ ချေးစော်နံတော့ ရှေ့နားကပ်ကြည့်နေတဲ့ ကလေးအုပ်ကရော၊ လူကြီးအုပ်ကပါ ချေးတွေ ထွက်ကုန်ပြီးတော့လို့ အော်ပြီး ထပြေးကြရော။ ဦးဇင်းအောင်စိန်ကလည်း ကျုပ်ကို မမှာရုံထဲချေးပါသေးပေါက်လုပ်ရပ့ါမလားဆိုပြီး ထားဝယ်ကြိမ်နဲ့ ရိုက်မယ်တကဲကဲ။

အဲဒီလိုနဲ့ ပထမနေ့ မင်းသား၊ မင်းသမီးရွေးချယ်ပွဲကြီးဟာ ဂဏျိုးဂကျောင် အပျက်ပျက်နဲ့ ပြီးသွားခဲ့ရတယ်။

ကျုပ်လည်း ချေးပေ၊ သေးစိုနေတဲ့ ပုဆိုးကို မဝတ်ဘဲ ဖြန့်ကိုင်ပြီး ဘယ်သူမှ နှုတ်မဆက်ဘဲ အိမ်တန်းပြန်ခဲ့လိုက်တယ်။

ကျုပ်အကြိမ်ကြိမ်ဆုတောင်းပါတယ်ဗျာ။

"တောက် - ဖြစ်လေရာဘဝတိုင်း ဒီလို ဆင်ပြိတ္တာအကြီးစားမျိုးနဲ့ ဇာတ်ခုံပေါ်မှာ အတူယှဉ်တွဲ မကပါစေနဲ့ ဘုရား ဖွ"

နောင်အခါ သီချင်းရေးဆရာ ဝိဇ္ဇာစိုးကြီးကို သဘောကုန်းဘောင်ပေါ်က နှစ်ဦးသား ပြုတ်ကျသည့်အခန်းမှာ ဘာကြောင့် မောင်းကို ဒူဒူထုရတာလဲလို့မေးတော့ မင်းသားနဲ့ မင်းသမီး ရေထဲကျ အစိမ်းသေသည့်အတွက် သဘောဥဩ အဆက်မပြတ်ဆွဲပြီး ဝမ်းမြောက်ဝမ်းသာထွက်သွားသည့်သဘောပါတဲ့ ခင်ဗျာ။

❑

စာရင်းချုပ်လိုက်ရင် ဒီနှစ် မဟာသင်္ကြန်အကပွဲအတွက် ပြဇာတ်မင်းသား လူရွေးပွဲမှာ ကျွန်ုပ် မောင်မှိုင်း ရှာမှရှားကလေးကို ခေါင်းဆောင်မင်းသားအဖြစ် တညီတညွတ်တည်း ရွေးချယ်လိုက်ကြောင်း ဒါရိုက်တာအကဲဖြတ်အဖွဲ့က ကြေညာလိုက်တယ်။

ကျုပ်ဆိုတာဗျာ ဝမ်းသာလွန်းလို့ ထကငိုက်တာ အိမ်ကြမ်းပြင်နှစ်ချောင်းကျိုးရော။ ဟိုကောင် စိန်အေးကြူက လက်ထောက်မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ်။ မင်းကြည်လှိုင်တို့၊ အရှည်ကြီး လံဘားမျိုးလင်းတို့၊ ဝင်း ကြောင်တို့က ဇာတ်ပို့ဇာတ်ရံပေါ့။

ကျုပ်ပြဇာတ်မင်းသား ဖြစ်သွားတဲ့အကြောင်း အမေက ကြားသိရ တော့ မျိုးရိုးအနုပညာဂုဏ်ကို အရှည်ထိန်းသိမ်းတဲ့ အမွေခံသားကောင်း ရတနာဆိုပြီး မုန့်ဟင်းခါးချက်လို့ တစ်လမ်းလုံးကို ကျွေးတယ်။ တစ်လမ်း လုံးသာမက ဇာတ်ထဲ ပါဝင်မည့်သူများ (ငတ်ကြီးကျ) များပါလာပြီး ဝင်း လိုက်ကြတာ မုန့်ဖတ်မလောက်လို့ နောက်ထပ် ငါးပိဿာ ပြေးဝယ်ရ တယ်။ ဟင်းရည်အိုးလည်း ရေနွေးရောရရော။

"ဟဲ့- ဇထွေးရီ၊ နင့်မောင် သရုပ်ဆောင်တာ ကောင်းရဲ့လားဟဲ့"

"ကောင်း ကောင်းတယ် အဒေါ် မမြရီ၊ အရမ်းကောင်းတာပဲ။ မုန့် ထပ်ထည့်ပေးပါဦး အဟွတ် ဟွတ်"

ကောင်းတယ်တဲ့။ ကျုပ် ကောင်းတာ မဟုတ်ဘူး။ မုန့်ဟင်းခါးစား လို့ကောင်းနေတာ။ ဟွန့်- ထပ်ထည့်ပါဦးတဲ့။ မျိုနေလိုက်တာ နှာရည် တောင် အတန်းလိုက် ပန်းကန်ထဲပြုတ်ကျတာ မသိဘူး။ အဲဒါကို စကား ပြောရင်း ပြန်ခပ်စားနေသေးတယ်။

ခေါင်းရင်းခန်းမှာလည်း ဒါရိုက်တာကိုကြီးပြောင်တို့၊ ဝိဇ္ဇာစိုးတို့ မင်္ဂလာသောင်းတို့၊ ရသေ့စံသိန်းနဲ့ ခေါင်းဖြူကိုကြည်းတို့ အဖွဲ့ကလည်း လိုက်ပွဲ၊ လိုက်ပွဲနဲ့ ထပ်တလဲလဲ အော်နေကြတယ်။ ပြီးတော့ လေကြီးမိုးကြီး ရွာချလိုက်သေးရဲ့ ခင်ဗျ။ မြို့တော်သိန်းအောင်ဇာတ်က ဒါရိုက်တာ မောင် ယဉ်အောင်တို့၊ ဝင်းစည်သူတို့ ငိုသွားအောင် လုပ်ပြလိုက်မယ်တဲ့ အဟွန်း။

မုန့်ဟင်းခါးလာမစားဘဲ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ဒေါပွနေကြတဲ့ စိန်အေးကြူ၊ အရှည်ကြီးမျိုးလင်းနဲ့ ကြည်လှိုင်တို့အုပ်စုက-

"ဒီသွားခေါ်များ မင်းသားခန့်ရတယ်လို့ကွာ ထွီ"

"အေးလကွာ။ ငါတို့မှ မကြိုက်လည်း ဒီလိုကောင် အရူးအနှမ်းကို တင်ရမလားကွ။ ဟို အမူးသမားအုန်းမောင်ကြီး မိတ်ကပ်လူးပြီး တင်ပေးလိုက်ရင် သူ့ထက်တော့ ချောတာပဲ"

ဒီမှာ မင်းကြည်လှိုင်က ဘာပြောမှတ်လို့လဲ။

"ငမှိုင်းဆိုတဲ့ကောင် ရယ်တဲ့အခန်းကျရင် ငါတပည့်တွေကို ခေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သွားကျိုးသွားအောင် လောက်လေးခွနဲ့ ပစ်ခိုင်းမယ် မပူနဲ့ စိန်အေးကြူ" တဲ့။

မျိုးလင်းကလည်း နောက်နေ့ရောက်တော့ ဝါဝါဝင်းငွေကို သွားပြောသေးသတဲ့ခင်ဗျ။

"မိငွေရာ အဲဒီညက နင် ဒီကောင့်လည်မျိုကို နင်းလိုက်ရင် ပွဲကပြတ်တယ်ဟ" တဲ့။

ဒီမှာ မိငွေ (ဝါဝါဝင်းငွေ) က -

"နင်းတော့ နင်းတာပဲ အစ်ကို မြင်းသိုး အဲ အဲ မျိုးလင်းရဲ့၊ နဂိုကတည်းက သူ့မျက်နှာကြောကိုကြည့်လို့ မရတာနဲ့ ဟိုဒင်းကိုနင်းတာပဲ ဟန်ချက်နည်းနည်းလွဲသွားလို့"

ဘုရား၊ ဘုရား ပြန်ကြားရသည့် စကားများကြောင့် ကျွန်တော် ကြက်သီးတဖြန်းဖြန်းထသွားခဲ့တယ်။ သို့သော် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များက ကျွန်ုပ်ကို အမှုမဲ့ကြည့်မနေကြ။

ဘယ်ကြည့်နေမှာလဲ။

ပြဇာတ်မင်းသား မရွှေးရွှေးအောင် ကျုပ်မှာ ကြံထားရတာ နည်းတဲ့အရင်းမှတ်လို့ ဥစ္စာ။

ဒီလို အရပ်ကတို့ရဲ့။

ပြဇာတ်မင်းသားမရွှေးခင် သုံးရက်အလိုကတည်းက ဒါရိုက်တာ တိုဝင်းပြောင်တို့၊ မင်္ဂလာသောင်းတို့အုပ်စုကို မသန်းကစ်အရက်ဆိုင်မှာ အရက်တဝတိုက်လိုက်တဲ့အပြင် သူတို့ အရင်ကသောက်ထားတဲ့ အရက်ကြွေးတွေကိုလည်း ကျုပ်က ထိုးဆပ်ပေးလိုက်တာကိုး။ အကြွေးချည်း သုံးရာကျော်ဗျ။

"အစ်ကိုတို့ ဆရာတို့ရယ်၊ ဒီ ညီတပည့်လေးကို ပြဇာတ်မင်းသားဖြစ်အောင်ကူညီကြပါ။ အစ်ကိုတို့ ပြဇာတ်မပြီးမချင်း ကြိုက်သလောက်အရက်သောက်၊ ညီဘွား တာဝန်ယူပါတယ်"

လို့ ညိုးငယ်သော မျက်နှာနှင့် ချဉ်းကပ်ပြောလိုက်တော့ ဆရာတို ဝင်းပြောင်က အလွန် စိတ်မကောင်းတဲ့မျက်နှာနဲ့ ကျုပ်ကို ကြည့်ပြီး-

"တပည့်တွေထဲမှာ မင်းတစ်ယောက်ပဲ ကိုယ့်ဆရာများအကြိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



သိပေတယ်။ မောင်မှိုင်း မင်းရဲ့ ရင်တွင်းစေတနာတွေကို ဆရာတို့ ဥပေက္ခာမပြုပါဘူး။ ဒါနဲ့အတူ အချည်းအနှီးလည်း မဖြစ်စေရပါဘူး”

ဆိုပြီး အမဲခြောက်ကြော်၊ ပဲကြမ်းသုပ်၊ လက်ဖက်သုပ်ထပ်မှာပြီး အန်ဖတ်ဆို့အောင်ကြိတ်ကြပါရော။

“စိတ်ချ - ငါကောင် ဘာမှမပူနဲ့ အေ့ . .”

မင်္ဂလာသောင်းကလည်း အရက်ကို ဂေါ်ရင်ဂျီသောက်ရင်း အာမ ဘန္တေခံရှာတယ်။ ပြန်ခါနီးကျတော့ မိုးလင်းရင် ခေါင်းမကိုက်ရအောင် သောက်ဖို့ဆိုပြီး အရက်တစ်လုံး ထပ်ယူသွားသေးရဲ့။

ဒါကြောင့် သည်ပွဲမှာ ကျုပ်လို အလှူ့ရှင်မှ ပြဇာတ်မင်းသား မဖြစ်ရင် ဘယ်လှည်းသမား ပြဇာတ်မင်းသား ဖြစ်ရမှာလဲဗျနော အဟော အဟော ပြော။

မောင်မှိုင်းတို့တူသိုလ်က စန်းထချင်လို့လား မသိဘူး။ ဦးဘစုတို့ ဦးကျော်သောင်းတို့ လူကြီးပိုင်းကလည်း လုပ်မယ့်လုပ်ရင် နာမည်ကျန် အောင်၊ ကောင်းအောင်လုပ်ဆိုတာနဲ့ မသန်းချစ်တို့၊ ဝါဝါဝင်းငွေတို့ကို ဒီနှစ်အရံထားပြီး ရန်ကုန် ကြည့်မြင်တိုင်က ပြဇာတ်မင်းသမီးတစ်လက် ကို ငွေကုန်ကြေးကျခံပြီး ငှားလိုက်ကြတယ်။

အိုဗျာ - ကျုပ်လေ ဝမ်းသာလွန်းလို့ ကိုကြီးပြောင်တို့အုပ်စုကို အ ရက်တိုက်ရင်း ထိုင်ထိုင်ဦးချလိုက်ရတာ ဒူးကို အရေလန်နေတာပဲ။ ဇာတ် ဝင်ပစ္စည်းတွေကလည်း လှည်းတန်းပြည်ထောင်စုထွန်းကြည်ဇာတ်ဘ ဇာတ်ပစ္စည်း မီးကာ၊ ကားလိုက်ကာ၊ စပေါ့လိုက် အကျယ်အကျဉ်းစုံလို့ဗျ။

မင်းသမီးလေးမျက်နှာလည်း မြင်လိုက်ရရော ကျုပ်ဘဝသေပျော်ပါ ပြီဗျာ ဖျားစူးရစေရဲ့။ လှလိုက်တဲ့မိန်းကလေးနှယ်၊ မျက်နှာကလည်း သွယ် သွယ်နုနုလေး။ မျက်ဝန်းများကလည်း စိုလို့၊ ပြုံးလိုက်လို့ သွားတက်တ လေးပေါ် သွားရင် ကျုပ်အူတွေ၊ ကလီစာတွေ ကျွမ်းပြန်လူးလိမ့်နေတော့

နာမည်က မရွှေကြည်မွှေးတဲ့။

အများက သူမကို ‘မွှေး’ လို့ ခေါ်ကြသလို သူ့ကိုယ်သူလည်း စကား ပြောရင် ‘မွှေးကလေ၊ မွှေးကလေ’ ဆိုတဲ့ အမည်အဖျားလုံးလေး ထည့်



www.burmeseclassic.com

www.burmeseclassic.com


ထည့်ပြောလေ့ရှိတယ် သိလား။

ပြဇာတ်တိုက်တဲ့ညက ကျုပ်ကို အဖွဲ့သားအားလုံးနဲ့ သူမကို ဒါရိုက်တာကိုကြီးပြောင်က မိတ်ဆက်ပေးတယ်။

"မွေး"

"ရှင် - ဆရာ"

"ဒါက ဆရာတို့ပြဇာတ်က ပြဇာတ်မင်းသား မှိုင်းကိုကိုချစ်ဟဲ့"

"မှိုင်းကိုကိုချစ်တဲ့လား၊ ခစ် ခစ် ခစ် အဟာစ် ဟာစ် တွေ့ရတာ ဝမ်းသာပါတယ် ကိုမှိုင်းကိုကိုချစ်ရှင့်၊ ကျွန်မနာမည်က ရွှေကြည်မွေးပါ။ ခမွေးလို့ပဲ ခေါ်ပေါ့နော် ကိုမှိုင်းကိုကိုချစ် ခစ် ခစ် ဟာစ် ခစ် အဟင်း အဟွတ် အဟွတ်"

ကျုပ်နာမည်ခေါ်ရတာနဲ့ လည်ချောင်းနင်တာလား၊ လည်ချောင်းခြောက်သွားတာလား မသိဘူး၊ သီးနေရှာလေရဲ့။

"ဝုတ် ဝုတ် အဲ အဲ ဟုတ်ကဲ့ ခမွေး ဟေး ဟေး၊ အဲ အဲ မွေးခင်ဗျား။ ကျွန်တော့်ကိုလည်း ကိုမှိုင်းလို့ပဲ ခေါ် ခေါ်နိုင်ပါတယ် ခင်ဗျ အဟီး အဟီး အဟီး"

ကျုပ်က ပါးစပ်က မြင်းသိုးကြီး ဟီသလိုဟီလိုက်ပြီး မင်းသမီးကမ်းပေးနေတဲ့ လက်ကို ညာလက်နဲ့ ဖွဖွလေးကိုင်ပြီး လက်ဆွဲနှုတ်ဆက်လိုက်တယ်။ မင်းသမီးအမေ ဝဝတုတ်တုတ်ကြီးကလည်း (သမက်လောင်းအကြောင်း) မသိသေးတော့ ပြုံးလို့။ ကျုပ်က မင်းသမီးချောလေးရဲ့ လက်ကို အကြာကြီး ကိုင်ထားချင်ပါရဲ့ဗျာ။ ဒါကို ကိုဝင်းပြောင်က သိတော့ မင်းသမီးမမြင်အောင် အံကြိတ်ပြီး လွှတ်လိုက်လို့ အထာပြနေတယ်။ ဒါနဲ့ မလွှတ်ချင်ဘဲ လွှတ်လိုက်ရတာပေါ့။

ဒီနေရာမှာ အလျဉ်းလေးသင့်တုန်း ကျုပ်အမည်ရဲ့ အနွတ္တသညာကို ရှင်းရပေဦးမဗျ။ အမည်အရင်းစစ်စစ်က မောင်မှိုင်းပါ။ ဒါ ဆေးလုံးကြီးရွာက ဘဘုန်းကြီး တွက်ချက်ပေးတဲ့ နာမည်ပါ။ ဒါကို ဆရာဝင်းပြောင်က အရက်တစ်ပုလင်း လက်ဆောင်ရတာနဲ့ ကိုကိုထပ်တိုးပြီး မှိုင်းကိုကိုချစ်လို့ အမည်သစ်နဲ့ လုပ်ချလိုက်တာ။ မှိုင်းကိုကိုချစ်လို့ အမည်သစ်ပေးတဲ့နေ့က နွေခေါင်ခေါင်ကြီး မိုးကြိုးပစ်လို့ မသန်းကာစ် အရက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲအောက်မှာ အားလုံး လေးဖက်ထောက် ပုဝင်ပုန်းနေရတယ်။

ဒီမှာ တစ်ယောက်က ကြားတကြားပြောသွားသေးတယ်။ မြောက်လေးမနေနဲ့၊ ဘဝင်မြင့်လို့ မိလ္လာကားသည်း လည်မျိုတက်ကြိတ်သွားဦးမ ... အထိုးထိုး နှာသည်တ အပုံစားမိနော် နော်လို့။

"မွေး"

"ရှင် - ဆရာ"

"တောဒီလူက စိန်အေးကြူတဲ့"

"ဟုတ်ကဲ့ရှင့်၊ ခုလို ရင်းနှီးရတာ မွေးကလည်း ဝမ်းသာပါတယ် နော်။ ကျွန်မက မွေးပါရှင်"

ဒီနေရာမှာ စိန်အေးကြူတို့က လက်မြန်တယ်။ ကျုပ်ထက်လည်း လျှင်တယ်။ မင်းသမီး လက်မကမ်းခင်မှာဘဲ ကပျာကယာ သူ့ဆင်ခြေ ထောက်နီးပါး လက်ကြီးကို ဆန့်ပြီး အတင်းနှုတ်ဆက်ပါလေရော။ နှုတ်ဆက်ရင်းက ရေချိုးမှား အဖေအးပတ် တုပ်ကွေးဖြစ်နေလို့ နှာခေါင်းက နှာရည်တွေက စီးကျလို့။ အဲဒါကို ခရှူးခရှူးနဲ့ ရှုံ့ရှုံ့သွင်းပြီး -

"ဟို ဟို ကိုစိန်လို့ ခေါ်နိုင်ပါတယ် မွေး ဟေး ဟေး၊ မွေး မွေးက အရမ်းကို လှ လှတာပဲ နော် အဟီး ခရှူး"

"အဟင်း ဟင်းဟင်း အစ်ကိုတို့က မြှောက်နေပြန်ပါပြီ၊ မွေးမိုးပေါ် ပျံသွားရင် ဘယ်လိုလုပ်မလဲနော်လို့"

"အဲဒီ . . . ဒီကျရင် အစ်ကိုစိန်က အောက်ကနေ လိုက်ဆွဲ အဲအဲ မြှောက်တာ မဟုတ်ပါဘူး မွေးရယ်၊ ဘုရားစူး မိုးကြိုးပစ် ဟိုကောင် ငမိုင်း ပွဲချင်းပြီး သေရစေရဲ့၊ တကယ် လှလွန်းလို့ လှတယ်ကြော ကြော အဲ အဲ ပြောတာပါ အဟင်း ဟစ် ရှစ်"

"ဝါး ဟား ဟား"

"ဟီး ဟီး ဟီး ဟီး"

ခုချိန်ထိ အာလူးအလုံးပုပ်တွေပေးပြီး ကောင်မလေးလက်ကို မလွှတ် သေးဘူး။ အံမယ် မလွှတ်တဲ့အပြင် ဘယ်လက်နဲ့ ထပ်အုပ်ကိုင်ပြီး နှစ်ပါး ခွင်မှာ ရည်းစားစကားပြောသလိုမျိုး လုပ်နေသေးတယ်ဖြစ်ဖို့။ ဒီမှာ ကောင်မလေးက အသာရုန်းတယ်၊ သူက မသိချင်ယောင်ဆောင်ပြီး ဆက်



www.burmeseclassic.com

www.burmeseclassic.com



နိုးနေတယ်။

"စားရေးသောက်ရေး ဘာမှ မ . . . မပူနဲ့နော် မွေး"

"ဟုတ် ဟုတ်ကဲ့ရှင်"

"ဒါက မွေးရဲ့ မေမေလား"

"ဟုတ်ပါတယ်ရှင်၊ ဒေါ်ဗလသောင်းတဲ့။ ဇာတ်မင်းသမီးပေါ့"

"အမေ သားတို့ဆီရောက်နေပြီ ဘာမှမပူနဲ့ သိ . . သိလား၊ ဟီး ဟီး အမေစားချင်တာပြော။ သွားချင်တဲ့နေရာကြော အဲ ပြော။ ဒီမှာ ကျိုက်ခေါက်ဘုရားရှိတယ်။ ရှင်မွေ့နွန်းကုန်း ရှိတယ်။ ဗူး ဘုရား၊ နဂါးဘုရား၊ ကျားဘုရားအစုံရှိတယ်။ သွားချင်ရင် သားကြီး ကိုယ်တိုင် လိုက် . . . လိုက်ပို့ပေးမယ် သိလား၊ နော် နော်"

"အေးပါ လူလေးရယ်၊ ကျေးဇူးတင်ပါတယ်။ အချိန်ရရင် အမေက လည်း ဘုရားများ ဖူးချင်ပါတယ်ကွယ်"

"အို - သားကြီး ဝမ်း ဝမ်း . . . "

"စိန်အေးကြူ . . . "

ကိုဝင်းပြောင်တို့၊ ဝိဇ္ဇာစိုးတို့က သင်းကို ကြည့်မရတော့ဘူး။ ဒါ ကြောင့် အော်ဟစ်လိုက်တယ်။

"ဂျာ- အဲ အဲ ခင်ဗျာ ကိုကြီးပြောင်"

"သွား၊ ဇာတ်တိုက်တဲ့နေရာကို အမြိုက်သွားလှည်းချေ သွားလေ"

"ခင် ခင်ဗျာ ကို ကိုကြီး အဲ အဲဒါက . . . "

"သွားဆို မင်းမကြားဘူးလား တယ် . . . "

ဒီကောင်က ဘာသိက္ခာမှ မထိန်းဘူး၊ အရှက်ကလည်း နည်းလိုက် သမျှ ကမ်းကုန်။ ငမ်းကြောများထရရင် အိမ်က အမေ အသည်းအသန် ဖြစ်နေတာတောင် လှည့်ကြည့်တာ မဟုတ်ဘူး။ ကိုယ့်ဆရာသမားတွေရယ် လို့ အရက်တစ်ဝက်၊ ကွမ်းတစ်ယာ တိုက်ရကျွေးရကောင်းမှန်း နားမလည် ဘူး။ ဖြစ်ချင်တော့ ပြဇာတ်မင်းသား ခေါင်းက။ ရုပ်ရည်ပြန်ကြည့်တော့ သဝင်အိုး အမြှာပူးထားသလို ကိုယ်လုံးမျိုး။ သင်းလိုကောင်က ဆင်ခနွာ ထိပ်ခါးနဲ့ ဝါဝါဝင်းငွေလို ကပ္ပလီပြိတ္တာမကြီးမျိုးနဲ့မှ နှစ်ပါးသွားသင့်တာ။

ကိုဝင်းပြောင်က သူ့ကို လုံးဝ ကြည့်လို့မရဘူး၊ ခုလည်း မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



တို့ ရှွေနေရုံမကဘူး၊ မင်းသမီးအမေကိုပါ ရှွေနေလို့ အမြင်ကပ်နေတာ ကလား။ သူ့ဦးလေး ဦးဘစုက ငါ့တူကို တစ်နေရာတည်းသုံးပါကွာလို့ တိုးတိုးတိတ်တိတ်ပြောထားလို့ အားနာပြီး ထည့်သုံးထားရတာ။ ဒီကောင် က ပြဿနာပေါင်းစုံနဲ့ အချွန်အတွန်းရယ်။

ဒီကောင်ကြောင့် ကျုပ်တို့ပြဇာတ်အဖွဲ့ကြီး ဒုက္ခအကြီးအကျယ် ရောက်ရတာကို နောက်ပိုင်းမှာ ပြောပြမယ်။ ဒီမှာ ကြုံတုန်း၊ အလျဉ်းသင့် တုန်း သင်းတို့ မကောင်းပုံများ ရင်ဖွင့်ချင်ပဗျာ ဖို့။

ဟောဒီ ရပ်ကွက်ထဲမှာ ကျုပ် မြတ်နိုးစွာ ပိုးပန်းနေတဲ့ မိန်းကလေး တစ်ယောက် ရှိတယ်။ နာမည်က ချစ်ကံပွင့်တဲ့။ ဖြူဖြူဖွေးဖွေး ရေဆေးငါး လေးလိုပဲ။ ခါးကျဉ်းကျဉ်း၊ တင်ပဆုံကားကား၊ အိအိတုန်တုန်ကြီး၊ ရှွေရင် ဖြိုးဖြိုးကြီးများကလည်း မို့မို့မောက်မောက် စွင့်စွင့်ငွားငွားဖူးပွင့်လို့။ သူ့မရဲ့ အမေနာမည်က ဒေါ်ဂျစ်ပုတဲ့ခင်ဗျ။ ဟိုဘက်တစ်လမ်းကျော် လမ်းထိပ် မှာ ထမင်းဆိုင်ဖွင့်ထားတယ်။ ကျုပ်က အဲဒီအချိန်မှာ ချစ်ကံပွင့်ကလေး ကို နောက်ပိုးပိုးပြီး ညနေတိုင်း ငွေကုန်ခံလို့ ထမင်းသွားသွားစားနေတာ ရယ်၊ လေးငါးရက် ဆက်စားလိုက်တော့ ပွင့်နဲ့ ကျုပ်နဲ့ ရင်းနှီးသွားကြပါ ရော။ ကျုပ် ဝင်လာတာ မြင်တာနဲ့ ပျာပျာသလဲပဲ။

"အစ်ကို ဒီနေ့ တနင်္လာ ဝက်သားဟင်းနော်"

"ဒါပေါ့ ပွင့်ရဲ့ အဟီး"

အဲဒီလို ကျုပ် ဘယ်နေ့ဘာစားတယ် ဆိုတာ သူ့မက အလွတ်ရနေ တာ။ အင်္ဂါနေ့ သွားစားခဲ့ရင် -

"အစ်ကို ဒီနေ့ အင်္ဂါ၊ ပုစွန်နဲ့ မျှစ်ချဉ်ချက်နော်"

"ဒါပေါ့ ဒါပေါ့၊ အဟဲ ဟဲ ဟဲ ဟူး ဖူး . . ."

ပြောရရင်ဗျာ၊ တစ်ပတ်မှာ (၇) ရက်။ ဘယ်နေ့ ကျုပ်ဘာဟင်းနဲ့ စားတယ်ဆိုတာ ပွင့်ကလေး အလွတ်ရနေခြင်းသည် စဉ်းစားကြည့်ပေါ့။ သူ့မ ကျုပ်အပေါ် အာရုံစိုက်မှု ဘယ်လောက်ရှိတယ်ဆိုတာ ထင်းလို့ မှတ်ဉာဏ်ကလည်း ကောင်းလိုက်ပါဘိသနဲ့။ ကျုပ်များ ထမင်းစားနေရင် အနားမှာရပ်ပြီး ယပ်တောင်လေးနဲ့ တယပ်ယပ် တခပ်ခပ်သိလား။ ဒါကို ဟို အမျိုးကောင်းသား စိန်အေးကြူက တစ်နေ့ တွေ့သွားပြီး ချစ်ကံပွင့်



www.burmeseclassic.com

www.burmeseclassic.com



နဲ့အမေ ဒေါ်ဂျစ်ပုကြီးကို သွားအတို့အထောင်လုပ်ပါလေရော။

"ဒေါ်ကြီးပု"

"ဘာတုံး မောင်ကြူ"

"ဒေါ်ကြီးပုကို ပြောစရာရှိလို့ဗျာ"

"ပြောစရာရှိရင် နောက်လကုန်ခါနီးမှ လာပြောပေါ့၊ အခု ဟင်းချက်စရာရှိနေလို့"

"ဟာဗျာ၊ ဒေါ်ကြီးပုကလည်း ကျုပ်ကိစ္စမဟုတ်ဘူး ဒေါ်ကြီးပုသမီးကိစ္စ ချစ်ကံပွင့်ကိစ္စဗျ၊ သိလား ဟွန်း"

"ဟဲ့ - မောင်ကြူရဲ့၊ ငါ့သမီးကံပွင့်က ဘာဖြစ်နေလို့ဟဲ့ ငနာကောင်ရဲ့"

"ရှူး - ဟိုမှာတွေ့လား၊ ဟိုငနာကောင်သွားခေါ်နဲ့ ကံပွင့်နဲ့ ကြည်နေတယ်။ ကြည့်စမ်း တဟီးဟီးနဲ့ဖြစ်နေလိုက်ကြတာဗျာ"

"နင့်ပါးစပ်လပေးငှားပြီး ဟီးတာမှတ်လို့၊ သူတို့ ပါးစပ်နဲ့သူတို့ ထမင်းစားပြီး ရယ်နေတာ။ နင့်အပူဘယ်နှပြားသားပါလို့လဲ သွား သွား လာမရှုပ်နဲ့ သွား"

"ဟုတ်ဘူးလေ၊ နားထောင်ပါဦး ဒီသွားခေါ်က ဟိုတစ်နေ့က မိကံပွင့်လက်ကိုဆွဲပြီး ရည်းစားစကား အတင်းပြောနေတာဗျ"

"ဟင် - ဒီသောက်ခေါ်က၊ ကျက်သမရေမရှိတဲ့ကောင့်က ငါ့သမီးကို လက်ဆွဲပြီး ရည်းစားစကားပြောတယ် ဟုတ်လား"

"အဲဒါ ပြောချင်လို့ လာခဲ့တာ ဥစ္စာ။ ဒေါ်ကြီးပုက ကျုပ်ကို အရမ်းနှင်လွှတ်နေတယ်။ ဒီကောင်က သစ္စာရှိတာ မဟုတ်ဘူး။ ရှူး- ဟိုတစ်ခါလည်း ထဘီခိုးလို့ လူကြီးအိမ်ရောက်တာ ဒီသွားခေါ်ပေါ့ဗျာ"

"ပြောစမ်း - ဒါ ဒါဆို ဒီကောင်က သူခိုးပေါ့"

"အစစ်ပေါ့ဗျာ၊ တစ်လောက ဘေးအိမ်က ထဘီသွားရုပ်ပြီး အရက်နဲ့ပေါင်သောက်သတဲ့၊ ပေါ်ရော။ သူ့အဖေနဲ့အမေက မနည်းဖုံးဖိထားလို့ အရုပ်မသိတာ။ တစ်ခါကလည်း ဈေးအိမ်သာထဲ သွားချောင်းကြည့်လို့ ဈေးခေါင်းတွေလိုက်တာနဲ့ပြေးရတာ ဒီကောင်သွားခေါ်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် - ယုတ်မာလှချည်လားဟင်"

"အဲဒါကြောင့် ကံပွင့်ကို ဒီကောင်နဲ့ သိပ်အရောမဝင်စေနဲ့လို့ ဒေါ်ကြီးပုကို ကြိုတင် လာသတိပေးတာ။ ကျုပ်က ကိုယ့်နှမလေး လူကောင်းသူကောင်းနဲ့ငြိရင် ပြောမလားဗျ။ ခုဟာက ထဘီသူခိုး၊ နှာဘူးဗျ၊ နှာဘူး၊ တော်ကြာ ပါသွားမှ ဒေါ်ကြီးပု မျက်ရည်နဲ့မျက်ခွက် ဖြစ်နေမယ်။ ဒီကိစ္စ ကျုပ်ပြောတယ်လို့ လုံးဝ မပြောပါနဲ့နော်။ ကိုယ့်နှမလို အမေလို ကိုယ်ချင်းစာပြီး မေတ္တာနဲ့ လာပြောရတာ သွားမယ်"

"အေး၊ အေး"

"ဩော် - ကြီးပု"

"ဘာတုံး မောင်ကြူ"

"ဆေးလိပ်လေးရှိရင် တစ်လိပ်လောက်ဗျာ"

အဲဒီလိုကောင်၊ တစ်ခုခု ပြောပြီးရင် စရိတ်ကြေးလေးက တောင်းလိုက်ရမှ။ ဒါနဲ့ ဒေါ်ဂျစ်ပုက ဆေးပေါ့လိပ်တစ်လိပ်ပေးလိုက်ရော မီးဖိုက မီးခဲနဲ့ မီးညှိဖွာပြီး ဆိုင်ထဲကလစ်သွားတယ်။ ဘာကြာလဲဗျာ၊ ဒေါ်ဂျစ်ပုကြီး ယောက်မကိုကိုင်လို့ ကျုပ်တို့အနား ရောက်လာပါရော။ (ဒီကိစ္စတွေ နောက်ပိုင်းမှ သိရလို့ ရေးပြတာနော်။)

"ဟေ - မိကံပွင့်"

"ရှင် - အမေ ဘာလုပ်မလို့လဲ ဟင်"

"လာ- ညည်း အဲဒီနားမှာ ဘာမှ ရွှေနားတော်သွင်းစရာ၊ ယပ်တော်သွင်းစရာမလိုဘူး။ ဟိုဘက်ဝိုင်းတွေမှာ ဘာလိုသလဲသွားကြည့်။ သွားလေ ငါ ယောက်မနဲ့ ကောက်ပစ်လိုက်ရရင် သွားတွေပါ မြောင်းထဲရောက်ကုန်မယ်"

သူ့သမီး ယောက်မနဲ့ ကောက်ပစ်တာ ကိစ္စမရှိဘူး၊ သွားတွေပါ မြောင်းထဲရောက်ကုန်မယ်ဆိုလို့ ကျုပ် ခေါ်နေတဲ့ ကိုယ့်သွားတွေကို အချိန်မီ လက်ဝါးနဲ့ အုပ်ထားလိုက်ရတယ်။ ကျုပ် အံ့ဩနေတယ်။ အသို့နှယ် အဘွားကြီးအချိုးက ဖြုန်းစားကြီး ပြောင်းလဲသွားရတာလဲ။ သူ့အမေ ဒေါ်ဂျစ်ပုရဲ့ အာကြမ်းလျှာကြမ်းပုံအကြောင်းသိနေတဲ့ ချစ်ကံပွင့်လေးက ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို အားနာမျက်ဝန်းနဲ့ လှမ်းကြည့်ပြီး အနားမှ သုတ်ခနဲ ထွက်သွားလိုက်တယ်။ ကျုပ်ကိုလည်း ပြောလိုက်သေးရဲ့ -

"စားပြီးရင် မြန်မြန်ပြန်၊ နောက်လူလာရင် နေရာမရှိဘူး" တဲ့။

ပြောပြီး တဆောင့်ဆောင့်နဲ့ ထွက်သွားတယ်။ ကြည့်နေတုန်းမှာပဲ ဒေါ်ဂျစ်ပုကြီးက ချစ်ကဲပွင့်လေးရဲ့ ဗိုက်ခေါက်ကို ဆွဲလိမ်ပြီး ဘာတွေလဲ မသိဘူး၊ နှုတ်ခမ်းတလန်ပန်းတလန်နဲ့ ပြောနေတယ်။ အဲဒီလို တွတ်ထိုးရင်းက နဂါးမျက်စောင်း၊ ဘီလူးမျက်လုံး၊ တစ္ဆေမျက်နှာကြီးနဲ့ ရန်လုပ်သလို၊ ရန်ထောင်သလိုလုပ်ရင်း ကျုပ်ကို ယောက်မ အသားလွတ်ထောင်ပြနေတယ်။ စားရင်း ကျုပ်လန့်သွားတယ်ဗျာ။

အဲဒီနေ့ အဲဒီအချိန်ကစပြီး ကျုပ် စားသောက်ပြန်သွားသည့်အချိန်အထိ ပွင့်ကလေး ကျုပ်အနားကို ယောင်လို့တောင် လှည့်မလာတော့ဘူး။ ဒါကို စိန်အေးကြူဆိုတဲ့အကောင်က ထမင်းဆိုင်ရှေ့ ကွမ်းယာဆိုင်ကနေ လှမ်းကြည့်ပြီး သဘောကျနေသတဲ့။ နောက်နေ့တွေ ကျုပ် ထမင်းလာစားရင်း 'အစ်ကို ဒီနေ့ ဗုဒ္ဓဟူး အမဲအူချက်နော်' ဆိုတဲ့ ပျားရည်မြစ်စီးသံကို ကျုပ်မကြားရတော့ဘူး။ ခုတော့ ဥဒေါင်းပျိုမလေးရဲ့ နားဝင်ချိုဂီတတွန်သံဟာ ကျုပ်နှလုံးသားမြိုင်တောညီမှာ သံစဉ်ပျောက်ခဲ့ပြီပေါ့ဗျာ။

စားရင်လည်း တောက်တိုမည်ရ ခိုင်းနေတဲ့ ကုလားမ မခါတွန်ကပဲ ဟင်းပွဲ၊ ထမင်းပွဲ လာချပေးတယ်။ ပွင့်ရဲ့ မျက်နှာတော် ငွေလမင်းကတော့ တိမ်ဖုံးလို့ လမသာတော့ဘူး။ ကျုပ်က ချစ်ကဲပွင့်ကို လှမ်းလှမ်းကြည့်တာကို ဒေါ်ဂျစ်ပုကြီးက မြင်သွားတော့ ရေတက်ကျည်ပွေ့ကို ဒေါသတကြီးထောင်ပြရောဗျ။ စောင်းမြောင်း ဆဲပါလေရော။

အခြေအနေအပြောင်းအလဲများရှိလေနိုးဆိုပြီး နောက်နှစ်ရက်ဆက်တိုက်မှာ ထမင်းစားခဲ့ပေမယ့် ကျုပ်မြတ်နိုးသံယောဇဉ်ဖြစ်ခဲ့ရတဲ့ ပွင့်ကလေးက စိမ်းကားသလို ဖြစ်သွားခဲ့ပြီလေ။ ဒီမှာ ကုလားမ မခါတွန်ရဲ့ 'ဘာချားမလဲ အကိုး' ဆိုတဲ့ လင်းတအော်သံကိုပဲ ကြားရတယ်။ ကျုပ်ဗျာ စားပွဲမှာ ဝင်ထိုင်လိုက်တာမြင်ရင် ဒေါ်ဂျစ်ပုကြီးက -

"ဂွန်း ဂလွမ်း ဗုန်း . . ."

အိုးတွေခွက်တွေကို ဆောင့်တယ်။ ထိုထွမ် လုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ - ခွေး ကျက်သရေမရှိဘူး၊ သွား ထွက်သွား"

"အမ်မာ - ခွေးနာကျ ငါ့များ မျက်လုံးပြူးကြည့်လို့ သေဟ"

ကျုပ်ကိုစောင်းပြီး အနားမှာအိပ်နေတဲ့ ခွေးကို အသားလွတ် ထင်းချောင်းနဲ့ရိုက်လို့ ခွေးနက်မကြီးလည်း နောင်မလာရဲတော့ဘူး။ စောင်းမြှောင်းရိုတာကတော့ ကမ်းကုန်ရောဗျ။

ချစ်ကံပွင့်ကလေးကတော့ ညိုးနွမ်းသောမျက်နှာလေးနဲ့ ကျုပ်ကို အလစ်မှာ ခိုးခိုးကြည့်ရှာတယ်။ တတိယမြောက်နေ့မှာတော့ ပွဲက ပိုကြမ်းသွားတယ်။ ကျုပ် ထမင်းစားမလို့ ဆိုင်ထဲလည်း ဝင်လိုက်ရော အမှန်က ကံပွင့်အမေ မဂျစ်စုဆိုင်မှာ မစားချင်တော့ပါဘူး၊ စိတ်နာလွန်းလို့ပါ။ ဒါပေမင့် သံယောဇဉ်နွယ်ငင်ရစ်နေတဲ့ နှလုံးသားက ချစ်ကံပွင့်လေးရဲ့ မျက်နှာကို နေ့စဉ် ဖူးမြော်ခစားချင်လို့ ရောက်ခဲ့ရတာပါ။ ဒီမှာ ကျုပ်လည်း မြင်ရော ဒေါ်ဂျစ်ပုရယ် -

"ဟဲ့ - အကောင်"

ကျုပ်က ကျုပ်ကိုပြောနေမှန်းမသိလို့ တန်းဝင်လာလိုက်တာပေါ့။

"ဟဲ့ - သွားခေါ်"

"ဗျာ - အဲ အဲ ဗျာ ဗျာ"

"ဒီမှာ ပေါက်ခေါ်ရဲ့၊ ဒီနေ့ကစပြီး နင် ငါ့ထမင်းဆိုင်မှာ လုံးဝ ထမင်းလာစားစရာမလိုဘူး၊ နားလည်လား။ သွား ခုချက်ချင်း ငါ့ဆိုင်ထဲက ထွက်သွား။ သွားလေ ဘာအူကြောင်ကြောင်လုပ်နေတာလဲ"

"ဘာ၊ ဘာဖြစ်လို့လဲ အကြီးဒေါ်ဂျစ်ပုရယ်၊ ကျုပ် ဘာလုပ် လုပ်မိလို့လဲဗျ"

ကျုပ်က ပိန်ညှော်ညှော်အသံနဲ့ သနားချင်လာအောင် လွမ်းပြမလို့ အလုပ် -

"နင် နင် လုပ်တာ နင် မသိဘူးလား ဟုတ်လား"

"မ. . . မ. . . သိလို့ မေးတာပါ ခင်ဗျာ"

"ကိုယ်လုပ်ခဲ့တဲ့အလုပ်ကို ကိုယ်မှမသိရင် ခုချက်ချင်းပြောမယ် ဟေ့။ ဂျစ်ပုတဲ့ တစ်ပုတည်း ရှိတယ် သေပေရော့"

ဒေါ်ဂျစ်ပုဟာ ဘာမပြောညာမပြောနဲ့ အနီးရှိ ရေထမ်းတံပိုးနဲ့ ဝေ


www.burmeseclassic.com

www.burmeseclassic.com



တုတ်တုတ်လက်ကြီးနဲ့ ဖြုန်းခနဲ ကောက်ယူလိုက်ပြီး ကျုပ်ကို ပြေးရိုက်မလို့လည်းလုပ်ရော ကံပွင့်ရဲ့ အလန့်တကြားအော်သံ၊ ဆိုင်ထဲ ထမင်းစားနေကြသူများရဲ့ သတိပေးအော်သံများ စီခနဲ ပေါ်လာပါရော။

"သေပေရော့"

"ဖြောင်း"

"အမေ မ. . မလုပ်ပါနဲ့"

"ဟ ဟ ဒေါ်ဂျစ်ပု လွန်မယ် လွန်မယ်"

"ဒီကောင့်သွားတွေကို ရိုက်ချိုးမယ် ဂျစ်ပုတဲ့ဟေ့"

"ဟော - ငမှိုင်း ပြေး ပြေး"

"ကိုင်းဟာ"

"ဖောင်း"

"အမလေးဂျ"

အသံမျိုးစုံ သတိပေးချက်ကြောင့် လှည့်အပြေးမှာ ဒေါ်ဂျစ်ပုရဲ့ ပတ်ရိုက်လိုက်တဲ့ ရိုက်ချက်ကြောင့် ညို့သကျည်းထိပြီး လဲအကျ ထမင်းစားနေသူများ ပြေးဝင်ဆွဲလို့၊ နို့မို့ လူပြိတ္တာမကြီးရဲ့ လက်ချက်နဲ့ ကျုပ်မာလကီးယားပြီး နတ်စိမ်းဘဝ ရောက်သွားနိုင်တယ်။ (၃၇) မင်းအုပ်စု တစ်ယောက်တိုးနိုင်ပေရဲ့။ တစ်ချိုးတည်း ပြေးလိုက်ရတာနွယ် ပုဆိုးကွင်းသိုင်းနဲ့။ ဒီမှာ ခွေးတွေကဟောင်၊ မဂျစ်ပုက နောက်လိုက်၊ လူတွေ လမ်းသွားလမ်းလာတွေက ဝိုင်းကြည့်၊ ကလေးတွေက လက်ခုပ်တီးပြီး အော်ဟစ်ရယ်မော၊ ဒေါ်ဂျစ်ပုက အသံမျိုးစုံနဲ့ ဂုဏ်ပြု။

အရေးထဲ ကျုပ် ထမင်းဆိုင်ထဲက ပုဆိုးကွင်းသိုင်းနဲ့ လျှာထွက်ပြီးပြေးလာတာ မြင်တော့ ကွမ်းယာဆိုင်တစ်ဆိုင်ကနေ စိန်အေးကြူဆိုတဲ့အကောင်က -

"ဟော့ငမှိုင်း၊ နွေရာသီမွန်းတည့်ကြီး တစ်ယောက်တည်း ပြေးနေရတယ်လို့။ ဘာလဲဟေ့ အိုလံပစ်ပြိုင်ပွဲဝင်မလို့ ဟုတ်လား၊ ကောင်းတယ် ကောင်းတယ်၊ နိုင်ငံ့ဂုဏ်ဆောင်မယ့် သားကောင်းရတနာအစစ်ပဲကွ။ ဒေါ်ဂျစ်ပုကတောင် ပထမဆုများရခဲ့ရင် သူ့အမ်းနဲ့မင်းကို ပေးစားမလို့တဲ့။ ကြိုးစား ကြိုးစား သူငယ်ချင်းပြေး ပြေး



www.burmeseclassic.com

www.burmeseclassic.com



နောက်ကလိုက်လာပြီ ပြေးဟ”

ကျုပ် ဒီကောင့်ကို စကားပြန်မပြောနိုင်ဘူး။ ပြေးရလွန်းလို့ အူတွေကလီစာတွေ ပြုတ်ထွက်မတတ်ဖြစ်နေတယ်။ ဟူး - မောလိုက်ပါဘိဗျာ။ ဘယ့်နှယ်ဘယ့်နှယ် နေ့ရင်းထိုင်ရင်း ထမ်းပိုးနဲ့ အရိုက်ခံရပါလိမ့်။ အင်း- အကြောင်းက ထူးနေပြီ။ ဘာကြောင့်များ ယခုလို ကံဇာတာတွေ ထိန်းမရ သိမ်းမရ မြင့်တက်နေရပါလိမ့်နော်။

"တစ်နေ့ လမ်းမှာ ချစ်ကံပွင့်လေးနဲ့ မမျှော်လင့်ဘဲ တွေ့ကြပါရော။ သူမက ဈေးကပြန်လာတာ။ ကျုပ်ကလည်း သူ့အမေမပါမှန်းသိရော အနားကို ဗိုင်းနိုဆောပေါက်စခုန်နည်းနဲ့ ဝင်ကပ်လိုက်တယ်။

“ပွင့် ပွင့် . . .”

“ပွင့်လေး ပွင့် . . .”

ချစ်ကံပွင့်က မရပ်ဘူး၊ ခြေဆောင့်ပြီး မျက်နှာကြောတင်းတင်းနဲ့ ဆက်လျှောက်သွားနေတယ်။

“ပွင့် ပွင့် အစ်ကို့ကို ဘာ ဘာလို့ စကား မ. . . ပြောတာလဲ ဟင် ဟင်”

“ပြောဖို့ လိုသေးလို့လား”

“ဟင် - ဘာဖြစ်လို့။ အစ်ကို့ကို ပွင့် စိတ်ဆိုးစရာ ဘာများရှိလို့လဲကွယ် ပွင့်ရယ်။ ကိုယ်လေ ပွင့်တို့ဆိုင်မှာ ထမင်းမစားရတော့ အခု ချစ်တီးထမင်းဆိုင်မှာ ပဲကုလားဟင်းနဲ့ချည်း နေ့တိုင်းအုပ်နေရတာ။ ဗိုက်တွေနာလှပါပြီ ပွင့်ရယ်။ ပွင့်ရဲ့မျက်နှာကို အရင်လို နီးနီးကပ်ကပ် မမြင်ရတော့ ညဘက်အိပ်လို့လည်း မပျော်ဘူး သိလား”

(အမှန်က အိပ်မပျော်တာသည် ကျောကုန်းက ဝဲခြောက်တွေကို ကြမ်းပိုးက စားသောက်လို့ တစ်ညလုံးနီးပါး ထိုင်ကုတ်နေရတာက တစ်ပိုင်း၊ နောက်တစ်ချက် အမေ နေ့စဉ် ချက်ကျွေးနေတာကို ဥပေက္ခာပြုပြီး သူမရဲ့ မျက်နှာမြင်ရနိုး၊ တွေ့ရနိုးနဲ့ ချစ်တီးထမင်းဆိုင်က ပဲကုလားချဉ်ရည် ဟင်း မနက်ရော၊ ညပါ လွေးနေရတော့ ဝမ်းဖောဝမ်းရောင်ပြီး ဗိုက်နာပြီး ဂွီခနဲမြည်တိုင်း အိမ်သာချည်းပြေးနေတာလည်းပါပေသဗျာ။ ဒီကိစ္စ အမှန်တိုင်းပြောလိုက်ရင် အချစ်ပျေါ်သွားမှာစိုးလို့။)



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မပျော်ရင်လည်း သေလိုက်ပေါ့"

"ဟင်"

"ရှင် ရှင် လုပ်ပုံကောင်းသလားဟင်"

"အလို အစ်ကို ဘာများလုပ်မိလို့ပါလဲ ပွင့်ရယ် ပြော ပြောစမ်းပါ"

"ဩ- အမေပြောသလိုပဲ၊ ခုမှ ကိုယ်လုပ်တာ ကိုယ်မသိချင်ယောင်ဆောင်နေတယ်ပေါ့။ တကယ် ကြောင်သူတော် ယောကျ်ားကောင်းကြီးပေကိုး ဟင်း ဟင်း ဟင်း၊ တကယ်ဆို အမေ့ကို မကျေနပ်ရင်တောင် ကျွန်မ မျက်နှာကိုငဲ့ဖို့ကောင်းပါတယ် ကိုမှိုင်းရယ်။ အို တော်ပြီ တော်ပြီ ရှင့်လိုလူစားမျိုးကို ဘာမျှော်လင့်ချက်မှ မပေးဘူး သွား သွား"

"ပွင့် ပွင့်လေး"

"သွားနော်၊ မသွားရင် ကျွန်မ အော်လိုက်မယ်"

"ကဲ ပွင့် ပွင့် ပွင့် ဟင့် ဟင့်"

"ဂွီ ဂွီ ဂွီ ဂွီ"

"အာ- ဒုက္ခပဲ အမလေး"

"ဂွီ ဂွပ် ဂွပ် ဂွပ် ဂွီ အီး အီး"

ကျုပ်ဗျာ စကားလုံးစိမ်းတွေနဲ့ ရင်ကိုပစ်ပေါက်ပြီး ခပ်သုတ်သုတ် ပြေးထွက်သွားနေတဲ့သူမရဲ့ လျှင်နောက်ကျောကို တံတွေးမြိုချပြီး အလွမ်းနဲ့ ငေးကြည့်မလို့လုပ်တုန်း ဗိုက်ထဲက ဖားခုံညင်းသံ၊ စားဖားသံ၊ ကျော်စံကေးအော်သံတွေ သံစုံမြည်လာပြီး ဗိုက်နာလာပါရော။ ဝမ်းခေါင်းနဲ့ အစာအိမ်ဝန်းကျင်က ကမ္ဘာ့သံစုံတီးဝိုင်းဟာ အင်ထရိုဝင်နေပြီ။ ဒီမှာ ဆက်မလွမ်းနိုင်တော့ဘဲ ထွက်တော့မယ့်တန်းလန်းကို အသက်အောင့်ပြီး အိမ်သာကို မာရသွန်ပြေးခဲ့ရပါရော။ အိမ်သာရောက်တော့ အိမ်သာ သက်စေ့ လူပြည့်နေလို့ ဘယ့်လိုလုပ်ရမှန်း မသိဘူး။ အပြင် (၃၇) မင်း ကယ်ပါ၊ အတွင်း (၃၇) မင်း ကူညီမှိုင်းမပါနဲ့ ဆုတောင်းနေတုန်း အိမ်သာ တံခါး တစ်ချက်ပွင့်ပြီး ကုလားအဘိုးကြီးတစ်ဦး ထွက်မလို့လုပ်နေတာကို သည်းမခံနိုင်ဘဲ ကုလားအဘိုးကြီးကိုဆွဲချပြီး ဖြင်းရတော့တာပဲ။

အို - ကုလားပဲချဉ်ရည်ဟင်း အရည်ကျဲတွေဆိုတာ ပြုန်းပြုန်း

www.burmeseclassic.com



တဂွမ်းဂွမ်း အော်ဟစ်ကြိမ်းဝါးပြီး ထွက်သွားသလို မျက်စိနှစ်လုံးကလည်း ကြေကွဲမျက်ရည်များ စီးကျလာတယ်။ အပေါ်နဲ့အောက် အားပြိုင်ပေါ့ဗျာ။

ဩော် - ကံပွင့်၊ ကံပွင့်။ ပုသိမ်မောင်သောင်းယဉ်သာ အနီးမှာရှိရင် မယ်ဒလင်တီးခိုင်းပြီး အလွမ်းသီချင်းတစ်ပုဒ်လောက် အသားကုန်ဟစ် လိုက်ချင်ပါဘိ။

❑

ဒါနဲ့ ညနေစောင်းလည်းရောက်လို့ အရပ်ထဲ စနည်းနာလိုက်တော့ ဟိုလူ့တိရစ္ဆာန်ကောင် စိန်အေးကြူတို့ လက်ချက်မှန်း သိုးသိုးသန့်သန့်ကြား ခဲ့ရရော။ ဖွိ- ဒီလိုပဲဗျာ ထောက်၊ ရက်စက်လိုက်တဲ့ကောင်တွေနှယ် လုပ် ရက်ကြပါပေ့ဗျာ။

ဒီလို ဒီလို။

ကျုပ်နဲ့ ဒေါ်ဂျစ်ပုသမီးချောလေး ချစ်ကံပွင့်နဲ့ အလွမ်းသင့် အ ဆင်ပြေနေမှန်း ကြားသိကြရာ ဒီကောင်တွေအုပ်စုက သိတော်မူကြတဲ့ အတိုင်းပဲလေဗျာ။ သူများ သားသမီးကောင်းစားရင် လုံးဝ နာလိုတာ မ ဟုတ်ဘူး။ ဒီမှာ သင်းက ကျုပ်တို့ အချစ်မေတ္တာရေစီးကြောင်း လမ်း ပြောင်း ခန်းခြောက်သွားအောင် မောင်မှိုင်တွေး (ဥပမိ) (မှတ်ချက် - မောင်လှိုင်ထွေး (ဥပဒေ) မဟုတ်။) ဆိုတဲ့ ဆယ်ပြားမျက်နှာနဲ့လူ။ အ ပွဲစားလိုလို၊ လူကွဲနွား အာမခံအငှားလိုက်သူလိုလို ယောင်ခြောက်ဆ ဖွတ်အကြီးစားကြီးနဲ့ ရန်ကုန်သကြီန်ရောက်ရင် သံချပ်ပြိုင်ပွဲအတွက် သီ ချင်းတွေဖျက်ပြီး စာသားသွင်းရောင်းစားတဲ့ ချစ်ဖြိုးဝေ (ဥရုဂွေး)ဆိုတဲ့ လူနှစ်ဦးဆီ အကူအညီသွားတောင်းကြသတဲ့။

ချစ်ဖြိုးဝေ (ဥရုဂွေး) ဆိုတာကလည်း ဥရုဂွေးနိုင်ငံက ပြန်လာဖူးသလို လို၊ နွားတွေကျွဲတွေ လက်ခစားလိုက် သင်းကွပ်ပေးသလိုလို မော်ကြော ကြီး။

ဒါနဲ့ စိန်အေးကြူက အဲဒီမော်ကြောင်နဲ့ အူကြောင်နှစ်ယောက်ထံ မချစ်စုသီချင်း စာသားသွင်းပေးဖို့ သွားအပ်တော့ နဂိုကတည်းက လက်က မြင်းတဲ့ လူကြီးနှစ်ယောက်ဥစ္စာ။ လက်ဖက်ရည်နဲ့မုန့်လည်း စားရရော



www.burmeseclassic.com

www.burmeseclassic.com



ညာကုန်စာသားသွင်းပေးလိုက်တာပေါ့။

အဲဒီသီချင်းအပြောင်ကို ထမင်းရောင်းတဲ့ ကံပွင့်အမေ ဒေါ်ဂျစ်ပု ကြီးဆိုင်သိမ်း၊ တံခါးပိတ်ပြီး အိပ်ရာထဲဝင်မလို့လုပ်နေချိန်မှာ စိန်အေးကြူ ရယ်၊ အရှည်ကြီးမျိုးလင်းရယ်၊ မင်းကြောင် (သူ့အား ကဒပ္ပနမြစ်ကမ်းပါး အလွမ်းသမားလေး မင်းကြောင်ဟု ခေါ်ကြပါသည်။) ရယ် ပုဆိုးခေါင်း ခြုံပြီး မဂျစ်ပုအိမ်ရှေ့လမ်းမမှာရပ်လို့ အသံဖျက်ပြီး အဲဒီသီချင်းအော် ဆိုကြတာတဲ့။

"ဘုဂလန့်နိုင်တာ (မဂျစ်ပု)"

"ပွေးသချိုးထူတာ (မဂျစ်ပု)"

"အို - ချောလှသူ အနံ့ရတယ် ဆင်ကတောင် ငေးရအောင်၊ ဗိုက် ခေါက်အလွန်ပွ မျက်လုံးက ပုစွန်တုပ်"

"ခွေးသားကိုပြုတ်၊ အမဲသားလို့လုပ်တဲ့ မဂျစ်ပုကြီးကိုကွယ်"

အဲဒီ သီချင်းအဆန်းလည်း ကြားရရော လမ်းထဲက အိမ်တွေလန့် နိုးပြီး အိပ်ခါနီးမှ တံခါးထဖွင့်ကြည့်ကြရော။ မှောင်နေတော့ ဘယ်သူ မှန်း မသိဘူး။ ပုဆိုးခြုံတွေနဲ့တဲ့။ တစ်ယောက်ကတိုင်ပေးပြီး ကျန်နှစ် ယောက်က မဂျစ်ပုလို့ သံပြိုင်အော်ကြသတဲ့။ အချို့အိမ်တွေဆို သီချင်း အဆန်းမို့ အိမ်ထဲက နားစွင့်နေကြတယ်ဆိုပဲ။ မအိပ်သေးတဲ့ ကလေးတွေ ကလည်း သဘောကျပြီး ရယ်ကြသတဲ့။

ဒေါ်ဂျစ်ပုအကြောင်း သိသူတွေက ပီပြင်တယ်ဆိုပြီး စည်းဝါးတောင် လိုက်ကြဆိုပဲခင်ဗျ။ နောက် သူတို့ ဆက်ဆိုကြသေးတယ်။

"ခွေးသားကိုပြုတ်၊ အမဲသားလို့လုပ်တဲ့ မဂျစ်ပုကြီးကိုကွယ်"

"ထမင်းအိုးမဆံ့ဟင်းအိုးမဆံ့ နာမည်လေးတစ်ခု ပေးချင်တယ်"

"ဒီနှစ်အကုန် တန်ဆောင်မုန်းလမှာ ဒယ်အိုးထဲမှာပြုတ်လို့ ဆင် သားပြုတ်လို့ခေါ် . . ."

ဒီအချိန်မှာ ဒေါ်ဂျစ်ပုကြီးဟာ အိပ်ရာပေါ်ရောက်နေပြီ။ ကံပွင့်က လည်း ဘုရားရှိခိုးနေတဲ့အချိန်။ ဒေါ်ဂျစ်ပုကြီးဟာ သူ့မတို လှောင်ပြောင် ပြီး မဟုတ်မဟတ်ဖွဲ့ထားတဲ့ သီချင်းလည်းကြားရော အိပ်ရာထဲကနေ ခေါင် ကိုယ်လုံးကြီးကို မ,ထပြီး သားရေခွနဲ့ လောက်စာလုံးကို လိုက်ရှာပါရော



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ဟို ဝေးသံရှင်များကလည်း အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် ဟစ်နေတာ။

"သူ့ဟင်းတွေ့မြင်ရင်ကွယ် အန်ချင်တယ်၊ သရက်သီးသနပ်ဟာ အပုပ်တွေ၊ ချဉ်ပေါင်ရွက်ကြော် ငါးပိများတယ်။ သူ့ထမင်းကို မျိုရင်ကွယ် သေချင်တယ်၊ ထမင်းအစေ့ဟာ ကျောက်စရစ်၊ မျိုလိုက်ရင် လိပ်ခေါင်းပြူ . . ."

(အကယ်လို့ဗျာ မဂျစ်ပု) ရင်ထိုးလေးသာဖြစ်ရင် နှစ်ကျပ်ခွဲနဲ့ပေါင်သောက်မယ်"

"ပဲပြားကိုပြုတ် အမဲသားကိုလုပ်"

"ခွေးသားကိုပြုတ် ကျွဲသားလို့လုပ်"

"ဝဲများကုတ် ပဲကုလားလိုရှုပ် . . ."

"ဂျစ်ပုအကြောင်း သိရမယ်ဟေ့"

သို့ကလို ကြိမ်းဝါးရင်း လောက်လေးခွကိုကိုင်လို့ တံခါးဖွင့်ထွက်လိုက်တယ် ဆိုရင်ပဲ ပုဆိုးခေါင်းမြီးခြုံထားတဲ့ ငနဲသုံးကောင်ရယ် အသံမြှင့်ပြီး အော်ဆိုလိုက်ပြန်တယ်။

"ဘုဂလန့်နိုင်တာ မဂျစ်ပု"

"မြင်းသိုးစော်နံ မဂျစ်ပု"

"ဝှ . . ."

"ဝှိုး. . . ."

"ဝတ် ဝုတ် ဝုတ် ဝုတ်"

"အူ . . . အူ ဝူ. . . ဝူး ဝူး. . ."

မဂျစ်ပုပစ်လိုက်တဲ့ သားရေခွက လောက်စာလုံးဟာ မှောင်မည်းနေလို့ သကောင့်သားများကို တစ်ချက်မှ မထိသေးဘူး။

"အို - ချောလှသူ အန်နီလောက်သူ ဆင်ကတောင် ငေးရအောင် ဗိုက်က အလွန်ပူ၊ မျက်လုံးက ပုစွန်တုပ်"

"ဝှိုး"

"တိန်"

"အမလေးဗျ"



www.burmeseclassic.com

www.burmeseclassic.com


"ဟော့ - ဘယ်သူလဲကွ၊ နောက်ကနေ ထိန်ဆိုပြီး စီးလိုက်နေတာ"

"ဝိုး ဝိုး . . ."

"ဖောက်"

"ဘုတ် ဝိုး . . ."

"ဟ ဟ စီးလိုက်တာ မဟုတ်ဘူးဟ၊ ခွနဲ့ပစ်နေတာ။ ဂိုး ဂိုး မာရသွန် ဂိုး . ."

"ရှိုး ရှိုး ရှိုး . . ."

"ဝုတ် ဝုတ် ဝုတ် . . ."

မဂျစ်ပုဟာ ပြေးနေတဲ့ငနဲသုံးကောင်ကိုမှန်းပြီး လေးခွနဲ့ ရမ်းပစ်လိုက်တယ်။ မိကံပွင့်လည်း ဘုရားမရှိခိုးနိုင်ဘဲ ရှက်လွန်းလို့ ငိုလည်းငို၊ မိခင်လုပ်သူကိုလည်း လိုက်ဆွဲမရဘူး။ ဒေါ်ဂျစ်ပုဟာ ထဘီစွန်တောင်ဆွဲပြီး ကလော်တုတ်ပါရော။

ဒီမှာ အချိန်မတော် ဆဲသံဆိုသံများကြောင့် အရပ်လူကြီးဦးစံရရယ် လက်နှိပ်မီးနဲ့ ရောက်လာတယ်။

"ဟဲ့ - ဂျစ်ပု ဘာဖြစ်နေတာလဲ"

"တော်မကြားဘူးလား၊ နားကန်းနေတာလား"

"ငါလည်း ဘုရားသွားပုတီးစိပ်နေလို့ဟ၊ ဘာဖြစ်နေတာလဲဟ နင့်အသံချည်းပဲ"

"ဘာဖြစ်ရမှာလဲ ကိုစံရရီ၊ ဘယ်က ရေမျောကမ်းတင်၊ မိမစစ်ဖမစစ်က မွေးတဲ့ဟာတွေလည်း မသိဘူး၊ ကျုပ်အကြောင်း မဟုတ်ကဟုတ်က သီချင်းလုပ်ပြီး အိမ်ရှေ့ကနေ ဟစ်နေတယ်"

"ဘယ်လို သီချင်းများမို့လဲ ဂျစ်ပုရာ"

"ကောင်းရောလား ကိုစံရရယ်၊ ဘုဂလန့်နိုင်တာ မဂျစ်ပုတဲ့"

"ဟုတ်တာပြောတာပဲ ဥစ္စာ"

"ဘာတော့"

"အဲ အဲ မဟုတ်ကဟုတ်ကပြောတဲ့ကောင်တွေလို့ ပြောတာပါ။ ပြီးတော့ရော"

"မြင်းသိုးစော်နံ မဂျစ်ပုတဲ့"


www.burmeseclassic.com

www.burmeseclassic.com



"ဟယ်- ဖြစ်မှဖြစ်ရပလေ"

"ဒါတင်မကဘူး၊ ခွေးသားကိုပြုတ် အမဲသားလိုလုပ်တဲ့ ဟီး ဟီး၊ ဒါ ဒါ ကျုပ် ထမင်းဆိုင်ကို သက်သက် နာမည်ဖျက်တာ ကိုစံရရဲ့။ ကျန်သေးတယ်တော်ရဲ့ ဟီး ဟီး"

"ကျန်သေးတယ်"

"ဟုတ်တယ်၊ ကျုပ်ကို ဒီနှစ်အကုန် တန်ဆောင်မုန်းလမှာ ဒယ်အိုးထဲကို ထည့်ပြုတ်ပြီး ဆင်သားပြုတ်လို့ အမည်ပြောင်းမတဲ့ ဟီး ဟီး ကိုစံရရေ ကိုစံရရဲ့ဟီး . . ."

"တိုးတိုးလုပ်ပါ ဂျစ်ပုရာ၊ နင့်ငိုနေပုံက မသိရင် ငါပဲ မြွေကိုက်သေလို့ နင်က ငိုနေသလို ဖြစ်နေတယ်ဟ လခွီးတဲ့မှပဲ"

"ရင်ထဲမှာ ခံစားရလွန်းပါတယ်တော်၊ ရှင်တို့ ဒီကိစ္စကို အရေးယူမပေးရင် အထက်ကို တက်တိုင်မယ်"

"အထက်ဆိုတာ ဘယ်ကိုပြောတာတုံးဟ"

"ရှင်ဒုံးဝေးမနေနဲ့၊ ဒီကိစ္စ ရှင်ပါ တစ်ကျိတ်တည်းတစ်ဉာဏ်တည်းနေမှာ။ ကျုပ် မကျေနပ်ဘူး ခုချက်ချင်း ဥက္ကဋ္ဌအိမ်ကို သွားတိုင်မယ်။ တော်တို့ နောက်နေ့ အလျှုခံလာကြည့်၊ သိမယ်"

"ဟဲ့ - ဂျစ်ပု၊ ဂျစ်ပု။ နေ နေပါဦး ဥက္ကဋ္ဌအိမ် မသွားနဲ့၊ မသွားနဲ့"

"ဘာဖြစ်လို့ မသွားရမှာလဲ။ တော် မတားနဲ့ ဖယ် . . . ."

"ဥက္ကဋ္ဌမောင်ပုလည်း သူ့မိန်းမနဲ့ စကားများပြီး သူ့မိန်းမဟာ ငရုတ်ကျည်ပွေ့နဲ့ထုလို့ ဆေးခန်းသွားကြပြီဟ"

"ဒုက္ခပါပဲတော်၊ ဒါဖြင့် ကျုပ် အခု ဘာလုပ်ရမှာလဲ ပြော . . ."

"ဒီကိစ္စ မနက်မိုးလင်းရင် ငါရှုံ့စမ်းပြီး လိုအပ်သလို ဆုံးမ အရေးယူပေးပါ့မယ်ဟာ၊ ကဲကဲ - အထဲပြန်ဝင်၊ ကံပွင့် အထဲကိုခေါ်သွား။ ဪ- ဒါနဲ့ ဂျစ်ပု"

"ဘာတုံး ကိုစံရ"

"အားတော့နာတယ်ဟာ၊ ဆေးလိပ်ဆိုင်ပိတ်သွားလို့ ဆေးပေါ့လိပ် အပိုလေးများရှိရင် တစ်လိပ်လောက် မျှလိုက်စမ်းပါ ဂျစ်ပုရာ အဟဲ အဟဲ အဟီး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုစံရ ရှင်နေ့ ရှင် ခုထက်ထိ ဒီ အချိုးချိုးနေတုန်းဟင်း . . ."

"မနက်ကျရင် ဒီကောင်သုံးကောင်ကို ရှာဖမ်းပြီး ထိတ်တုံးခတ်ပစ်မယ် သိလား"

"လုပ်ပါတော်၊ တစ်လိပ်ဆို တော်ပြီလား"

"သုံးလိပ်လောက်ဆိုရင် မိုးလင်းအောင် သောက်လို့ရတာပေါ့ ဂျစ်ပုရာ အဟီး"

". . . ကြီး၊ ဒင်းက ပိုဆိုး . . ."

ဒေါ်ဂျစ်ပုဟာ ဦးစံရကို မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး အိမ်ထဲကို ဝင်သွားတယ်။ ခဏနေတော့ ဆေးပေါ့လိပ်သုံးလိပ် ယူလာပြီး ပေးလိုက်တယ်။

"ကိုင်း ကိုင်း - ဂျစ်ပု၊ အိပ်ပျော်အောင်သာ အိပ်တော့"

"အိပ်ပျော်မှာလည်း ဟုတ်ပါဘူးတော်၊ ကျုပ် အရမ်းဒေါသဖြစ်နေတယ်"

"ဒါဆိုလည်း ငါလာဝိုင်းကူအိပ်ပေးရမှာလား"

"အနာကျကြီး မြန်မြန်ယူ၊ မြန်မြန်ပြန်။ တော်ပါ ဒီည ထိတ်တုံးစာမိသွားမယ်"

သို့ကလို အော်လိုက်မှ ဦးစံရကြီး ဟီးဟီးဆိုပြီး ပြန်သွားတယ်။ ဦးစံရကြီးကလည်း လူပျိုကြီးကိုး ခင်ဗျ။ သူကလည်း ပိုက်ဆံရှိတဲ့ မုဆိုးမ ဒေါ်ဂျစ်ပုကြီးကို သမာဓိပိုးလေးနဲ့ ပိုးနေတာ ကြာပြီလေ။ အားအားရှိ မဂျစ်ပုဆိုင်မှာချည်းပဲ ဟွန်း။

ဒီကိစ္စ ဒီမျှနဲ့ရပ်သွားရင် ကိစ္စမရှိဘူး။ ဒုတိယပိုင်းက ဆက်လိုက်သေးသကိုး။

မိုးလည်းလင်းရော မဂျစ်ပုဆိုင်ရှေ့မှာ ကြော်ငြာသင်ပုန်းတပ်သကဲ့သို့ စက္ကူကြော်ငြာတစ်ရွက် လာကပ်ထားသွားကြတယ်။ ကြော်ငြာမှာ ဘယ်လိုရေးထားမှတ်လို့လဲ။

*ဒေါ်ဂျစ်ပု ထမင်းဆိုင်*

*အောက်ပါ ဟင်းလျာများ နေ့စဉ်ရမည်။*

*၁။ အနူဒူးခေါင်းစွပ်ပြုတ် တစ်ပွဲ တစ်ရာကျပ်* .



www.burmeseclassic.com

www.burmeseclassic.com



၂။ နှပ်ချေးနှင့် ဆင်နှာမောင်းချဉ်ရည်ဟင်း တစ်ပွဲ ငါးဆယ်ကျပ်
၃။ လင်းတဆီဘူးဆီပြန်ကြော်တစ်ပွဲ တစ်ရာကျပ်
၄။ မဂျစ်ပု ခြေသလုံးသား အကြွပ်ကြော် တစ်ပွဲ နှစ်ရာကျပ်
မှတ်ချက်။ ။ ညလုံးပေါက် ရောင်းသည်။ အိပ်ပျော်နေလျှင် အိမ်ကို ခဲနှင့်ထု၍နှိုးပါ။

ပုံ
မဂျစ်ပု
အင်္ဂလန်ပြန် စားဖိုမှူး ဒီပလိုမာလက်မှတ်ရ

လမ်းသွားလမ်းလာတွေဆိုတာ အဲဒီကြော်ငြာကိုကြည့်ပြီး ခွက်ထိုးခွက်လန် ရယ်သူကလည်းရယ်ကြ၊ အော့အန်သူကလည်း အော့အန်ကြဖြစ်ကုန်ရော။ ကိုရင်ကြီးတစ်ပါးကလည်း အဲဒါဖတ်ပြီး နောက်နေ့ကစ မဂျစ်ပုဆိုင် ဆွမ်းခံမရပ်တော့ဘူးတဲ့။ ကလေးအချို့ကတော့ အသံကုန်ဟစ်ပြီး ဖတ်နေကြရဲ့။

ဒီမှာပဲ မဂျစ်ပုကြီး အိပ်ရာမှ နိုးလာပါလေရော။ ညကကိစ္စကြောင့် အိပ်ရာထ နောက်ကျရတာကိုး။

အဲဒီမှာပဲ သူ့ဆိုင်ရှေ့က ဖာခါးအကာရှေ့မှာ လူတွေ စုရုံးစုရုံးဖြစ်နေပြီး တဝါးဝါး ပွဲကျနေတာလည်းမြင်ရော မျက်နှာမသစ်နိုင်ဘဲ ဝင်ကြည့်လိုက်ပါလေရော။ ပေသီးဆိုတဲ့ကောင် အသံကျယ်ကျယ်နဲ့ အော်ဖတ်နေတဲ့အသံကို နားနဲ့ဆတ်ဆတ်ကြားလိုက်တာပေါ့ဗျာ။

"မဂျစ်ပု ခြေသလုံးသားအကြွပ်ကြော် တစ်ပွဲတစ်ရာ၊ မှတ်ချက် ညလုံးပေါက် ရောင်းသည်။ အိပ်ပျော်နေလျှင် အိမ်ကိုခဲနှင့်ထု၍နှိုးပါ၊ ပုံ မဂျစ်ပု အင်္ဂလန်ပြန်စားဖိုမှူး ဒီပလိုမာဘွဲ့ရ ဟား ဟား ဟား၊ မဂျစ်ပု အင်္ဂလန်ပြန် . . . ပြန် . . ."

"ဟေ - အဲဒါ အဲဒါ ဘယ်သူတွေ လက်ကမြင်းတာလဲ ပြောကြစမ်း ပြောကြစမ်း။ အမလေးတော် နာမည်ကတော့ ပျက်ပါပြီတော့ ဟဲ့ ကံပွင့် ကံ . . . ပွင့်" -

"ရှင် - အမေ"



www.burmeseclassic.com

www.burmeseclassic.com



"လာစမ်း မြန်မြန်လာစမ်း၊ ဥက္ကဋ္ဌမောင်ပုကို ခုချက်ချင်း လာခဲ့ပါလို့ သွားခေါ်"

"ဘာဖြစ်လို့လဲ အမေ၊ လူတွေများလှချည်လား"

"ဘာဖြစ်ရမလဲအေ့ ဒါ ဒါ ညကကိစ္စ အဆက်. . . ဆက်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဂျစ်ပု ကြိုးစင်တက်ရင် တက်ရပါစေ၊ ကုန်ချင်သလောက် ကုန်ပါစေ။ ဂျစ်ပုအကြောင်း သိရမယ်ဟေ့၊ သွား မြန်မြန် သွားခေါ်"

မကြာပါဘူး၊ ရပ်ကွက်လူကြီးဦးပု ကံပွင့်နဲ့ရောက်လာရော။ အိပ်ရေး မဝလို့ လမ်းတစ်လျှောက် အိပ်ငိုက်ပြီး ခလုတ်ခဏခဏတိုက်လို့ ကံပွင့်က လှမ်းလှမ်းဆွဲရသတဲ့။

"ဟေ့ဂျစ်ပု၊ မိုးမှမလင်းချင်သေးဘူး ဘာပြဿနာဖြစ်ပြန်ပြီလဲ"

"ဘာဖြစ်ရမှာလဲ အစ်ကိုမောင်ပုရဲ့ ဟင်၊ ညကလည်း ကျုပ်အကြောင်းကို သီချင်းစပ်ပြီး နာမည်ဖျက်ကြတယ်။ အိမ်ရှေ့ကနေ လှောင်ပြောင် စော်ကားတယ်။ အခု မိုးလည်းလင်းရော ဟောဟိုမှာ ဖတ်ကြည့်စမ်းပါတော်။ တော် အဲ အဲ အစ်ကိုမောင်ပု၊ ဖတ်ကြည့်စမ်းပါတော့ ဟီး ဟီး"

"ဘာမို့တုံး ဂျစ်ပုရယ်၊ နာရေးကြော်ငြာလား၊ ဆိုင်ဖျက်ဖို့ နို့တစ်လား"

"ရမ်းသန်းပြောမနေပါနဲ့တော့၊ ဖတ်ကြည့် ဖတ်ကြည့်။ ဟီးဟီး အမျိုးယုတ်နဲ့ စဏ္ဍာလစပ်ကျတဲ့ မျိုးမစစ်မျိုးမသန့်တွေရဲ့။ အောင်မယ်လေး ကိုဘိုကလေးရဲ့ ရှင်သာရှိရင် ကျုပ် ဒီလို အစော်ကားခံရမှာ မဟုတ်ဘူးတော့ ဟီး ဟီး ရွှတ် ရွှတ် ဟီး"

မဂျစ်ပုဟာ ဆင်ကိုယ်လုံးကို သိမ့်သိမ့်တုန်နေအောင်လုပ်ရင်း သွားလေသူ သူမရဲ့ယောက်ျား ကိုဘိုကလေးကိုတပြီး ရင်ထုလို့ ငိုရှာသတဲ့။

ဒီမှာပဲ အရပ်လူကြီးဦးပုက ထရံမှာကပ်ထားတဲ့စာကို အနီးကပ်ကြည့်ပြီး တစ်လုံးချင်းနိုးပါး စာလုံးပေါင်းဖတ်နေတယ်။

"အနူဒူးခေါင်း ဘာတဲ့ ဆလိန်ဝဆွဲပသတ်စွပ် ဟုတ်လား"

"ဆွပ်ပါ ဦးလေးကိုပုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် - အေး အေး၊ အနူဒူးခေါင်းစွပ်ပြုတ်တစ်ပွဲ တစ်ရာကျပ် အမလေး၊ ဝေါ့ ဝေါ့ လင်းတဆီဗူးဆီပြန်ကြော်၊ ဟိုဘက်က ဘာတဲ့ အဲ အဲ ခဒွေးရှပ်ခင်းကသတ်ချတ်"

"ချက်ဒု ချက် ချက်၊ ဦးလေးပုကလည်းဗျာ တလွဲချည်းပဲ"

"ချတ်စီက သိပ်မကောင်းလို့ပါ ရွှေတင်ရာ၊ နားလည်းပါတယ်ကွ။ ခင်းတလည်း"

အမှန်က မျက်စိမကောင်းတာ မဟုတ်ဘူး၊ သုံးတန်းကျနဲ့ ကျောင်းထွက် မိန်းမခိုးပြေးလို့။

"လင်းတဆီဗူးဆီပြန်ချက် တစ်ပွဲ တစ်ရာကျပ်၊ နှပ်ချေးနဲ့ ဆင်နှာမောင်းချဉ်ရည်ချက် အဝေ့ဝေ့ ဝေါ့ အော့ ထို့ ကြံကြီးစီရာ ဂျစ်ပုရာ ဂျစ်ပု"

"ဟီး ဟီး ဘာတုံးတော့ ဟီး ဟီး"

"ခင်ဗျား ဒါတွေ တကယ် ချက် ချက် ရောင်းမှာလား ဟင်"

"ကိုပု၊ ရှင် ရှင် စကားကို ကြည့်ပြောတော်၊ ကျုပ် ဒါမျိုး ရောင်းဖို့ နေနေသာသာ စဉ်းတောင် မစဉ်းစားဘူး။ ဒါ ဒါ ဒီရပ်ကွက်ထဲက ကျုပ်စီးပွားဖြစ်နေတာကို မနာလိုမရှုဆိမ့်လို့ ကျုပ်ဆိုင် နာမည်ပျက် အောင် တစ်ယောက်ယောက်က လုပ်သွားတာ။ ကျုပ် လုံးဝ မကျေနပ်ဘူး၊ ရှင်တို့ တရားခံကို ဖော်ထုတ်ပေး။ မဖော်နိုင်ရင် ကျုပ် အထက်ကို တက်မယ်"

မဂျစ်ပုကလည်း စာသာမတတ်တာ၊ အရေးအကြောင်းရှိလို့ မကျေနပ်ရင် အထက်ကိုတက်မယ်ချည်းပဲ လုပ်ရော။ အဲဒီမှာ တစ်ယောက်က အထက်ဆိုတာ ဘယ်နေရာလဲလို့ လှမ်းမေးလိုက်တယ်။ ဒီမှာ တစ်ယောက်က အခမဲ့ဝင်ပြောလိုက်တယ်။ 'နတ်ပြည်ခြောက်ထပ် ပဉ္စမထပ်' တဲ့။ ဒေါ်ဂျစ်ပုရဲ့ ကလော်တုတ်လိုက်တဲ့အသံက နံနက်ချိန်ခါ တေးသံသာ အဖြစ် ပျစ်ပျစ်နှစ်နှစ်ပေါ်လာခဲ့လို့ အားလုံးက ဝိုင်းရယ်ကြရော။

"ဒီကိစ္စ ရှင်တို့ ဘယ်လိုလုပ်မှာလဲ ပြော"

"နေပါဦးဟ၊ စာကို ဆုံးအောင်ဖတ်ပြီးမှ စဉ်းစားလုပ်ကိုင်ရမှာပေါ့။ ဘာတဲ့ နောက်ကစာက မှတ်ချက် - ညလုံးပေါက်ရောင်းမည်။ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်နေလျှင် အိမ်ကို ခဲနှင့်ထုရှိန်းပါ။ ပုံ - အင်္ဂလန်မြန်. . ."

"အင်္ဂလန်မြန်ပါဗျာ ဘကြီးပုရာ ဟား ဟား ဟား"

စတုတ္ထတန်းကျောင်းသားလေးတစ်ယောက်က လှမ်းထောက်ပေးလိုက်မှ ရှက်ပြုံးပြုံးပြီး -

"သိပါတယ်ကွာ ကြွက်ပုရာ၊ မင်းကလည်း ဝင်ဝင်ပြီး ဆရာတယ်လုပ်ချင်တာကိုးကွ ချီးမှုပဲ"

"ကဲ - သိရင် အင်္ဂလန်ဆိုတာ ဘယ်နားလဲ ပြောဗျာ ပြော"

"ဟ - အင်္ဂလန်ဆိုတာ သုံးခွမြို့နဲ့ ခရမ်းမြို့အကြားက အပျိုကြီး မတုတ်ရွာနားက ဥစ္စာ"

"ဝါးဟားဟား လုပ်ပြီဟေ့"

"လက်လန်၊ ခြေထောက်လန်ပါပဲ ဦးပုရာ"

"နောင်နှစ်လည်း အခုလိုပဲ စောင့်ရှောက်ပါနော် ဦးပု ဟား ဟား ဟား"

"ဟေ့ကောင်တွေ တိတ်ကြစမ်း၊ ထိတ်တုံးစာမိချင်လို့လား ဟင်။ ကဲ- မဂျစ်ပု၊ ဒီကိစ္စ ကျုပ် ကာလသားတွေကို ခေါ်ယူမေးမြန်းပြီး စစ်ဆေးပေးမယ်။ လိုအပ်သလိုလည်း အရေးယူ ဆောင်ရွက်ပေးမယ်"

"ထောင်ကျအောင် လုပ်ပေးပါ အစ်ကိုမောင်ပုရယ်၊ ကျွန်မ ကျေးဇူးမမေ့ပါဘူး၊ ဟီး"

"အမ်မာ- ငါ့မျှား ဘာကောင်မှတ်နေလဲ မသိဘူး၊ ကျေးဇူးမမေ့ပါဘူးတဲ့။ ဖွီ - ထောင်ကျဖို့မကျဖို့က အမှုသွားအမှုလာကိုကြည့်ပြီး လုပ်ရမှာဟ။ ကိုင်း - အားလုံးပြန်ကြ။ ဟေ့ ငပိန် အဲဒီစာရွက်ကို ဖြုတ်ခဲ့။ ဒါ သက်သေခံပဲ။ ကိုင်း - မဂျစ်ပု ကျုပ် ပြန်မယ်"

"အစ်ကိုမောင်ပု"

"ဘာတုံး"

"အိမ်ထဲဝင်၊ ဟို ဟို လက်ဖက်ရည်လေး သောက်သွားပါဦးလား ဟင် ဟင်"

"ဟီးဟီး နေ. . . နေပါစေဟာ၊ အား. . . အား နာစရာကြီး အဟီး"



www.burmeseclassic.com

www.burmeseclassic.com



"လာပါ အစ်ကိုပုရယ်၊ ကြုံကြိုက်တုန်း တစ်ခါတလေ ဒါနလေးပြု ချင်လို့ပါ လာပါ"

"အား. . . အားနာစရာကြီးဟာ ဟာ ဟာ၊ မောင်ပိန်"

"ခံဗျာ ဦးလေးပု"

"ဘာကွ"

"ခင် ခင်ဗျာ အ အမိန့်ရှိပါ. . . ရှိပါ ခင်ဗျာ"

"မင်းသွားနှင့်၊ ငါ အမှုကိစ္စ အသေးစိတ် မေးမြန်းစရာရှိလို့ ခဏဝင် လိုက်ဦးမယ်"

သို့ကလိုလည်း ပြောလိုက်ရော တပည့်မောင်ပိန်က သူ့ပါမခေါ်လို့ ပွစိပွစိလုပ်ရင်း ထရံက စာရွက်ကို ဖြုတ်ယူကာ ဆောင့်ကြီးအောင့်ကြီးနဲ့ ထွက်သွားတယ်။ ဦးပုကလည်း မဂျစ်ပုရဲ့ တိရစ္ဆာန်ရုံက ဇီးနဲ့ဆင်မကြီး လမ်းလျှောက်သလိုပုံမျိုးကို မကြည့်ချင်ကြည့်ချင်ကြည့်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရေရွတ်ကာ ကျလာသည့် ကွမ်းတံတွေးများကို လက်ခုံနှင့်သိမ်း လိုက်လေသတည်း။

❑

နောက်ဆုံး စစ်မေးလိုက်တော့ စိန်အေးကြူတို့အုပ်စုက ထွက်ဆိုသ တဲ့။ ဒီလို သီချင်းအပျက်တွေကို ပြောင်လှောင်ဆိုလေ့ရှိတာ ငမှိုင်းပဲရှိတာ ဥစ္စာ။ သူပဲနေမှာပေါ့လို့ ချွန်ကြသတဲ့။ ပြောလိုက်သေးတယ်။ ဒီကောင် က ဟို ပုသိမ်မောင်သောင်းယဉ်ဆိုတဲ့ အူကြောင်ကြားနဲ့ပေါင်းပြီး စာရေး ဆရာယောင်ယောင်၊ ကဗျာဆရာယောင်ယောင်လုပ်နေတာ ဥက္ကဋ္ဌကြီးတဲ့။ မဟုတ်ကဟုတ်က ဟင်းလျာလက်သည်ကိုမေးတော့ အရှည်ကြီးမျိုးလင်း က -

"ဒါလည်း သင်းလက်ချက်ပဲနေမှာ ဥက္ကဋ္ဌကြီး ခင်ဗျ၊ ဘာလို့လဲဆို တော့ ဒီကောင်က စာရေးဆရာရှူး ရှူးနေတာ ကြာပြီ ခင်ဗျ။ သူ့ယ် မဂ္ဂဇင်းမှ မပါဘူးတော့ ဒေါ်ဂျစ်ပုကြီးဆိုင်ကို မဂ္ဂဇင်းအမှတ်နဲ့ရေး ပြီး လမ်းသွားလမ်းလာများ ဖတ်ရအောင် စတန့်ထွင်တာနေမှာပဲ"

"မင်းတို့ မြင်လား၊ သေသေချာချာ မြင်လား"

www.burmeseclassic.com

www.burmeseclassic.com



"မြင်မှတော့ လက်ပိုက်ကြည့်နေမလား ခင်ဗျာ၊ ကိုယ့်ကြီးတော်ကြီးကို ဒီလို စော်ကားမှတော့ ဒါမျိုး တစ်စစီ ဆွဲဆုတ်ပစ်လိုက်မှာပေါ့ ခင်ဗျ"

"အမိက်ာ အကြောင်းရင်းက ဘာကြောင့်လို့ မင်းတို့ထင်သလဲ ပြောကြစမ်း"

ဒီမှာ မင်းကြောင်ဆိုတဲ့ အူကြောင်ကြောင်ကောင်က –

"ကျွန်တော် ကဒ္ဒပ္ပနချောင်းနံဘေးက အလွမ်းသမားလေး မင်းကြောင်ပါ ခင်ဗျ"

ထိုင်ကြည့်နေကြသည့် လူကြီးများဟာ အူကြောင်ကြောင်ကောင်တွေရဲ့ ထွက်ဆိုချက်များကို မယုံကြည်ပါသော်လည်း သဲလွန်စရလိုရငြား သည်းခံပြီး နားထောင်နေကြရတယ်။ ဒီမှာ မင်းကြောင်ဆိုတဲ့ ငနဲရဲ့ အပြောကြောင့် လူကြီးတစ်ဦးက ကွမ်းညှပ်ကို ကောက်ကိုင်လိုက်သလို အချို့က ဒီကောင့်ကို ဘယ်လို နားရင်းအုပ်ရင်ကောင်းမလဲလို့ စဉ်းစားနေကြတယ်။

ခုလည်းကြည့်လေ၊ မင်းကြောင်ဆို မင်းကြောင်ပေါ့။ မဟုတ်ဘူး၊ ဧရာဝတီ အဲ အဲ ကဒ္ဒပ္ပနချောင်းနံဘေးက အလွမ်းသမားလေး မင်းကြောင်ပါတဲ့။ ရင်ဝကို ဖနောင့်နဲ့ လှမ်းပေါက်ချင်စရာ။

"ဒီလိုပါ ဥက္ကဋ္ဌကြီး ခင်ဗျာ၊ ဒီကိစ္စမှာ ရှေ့ခံသမိုင်း နည်းနည်းရှိနေပါသဗျ"

"နောက်ခံသမိုင်းလုပ်ပါ မင်းကြောင်ရာ၊ ငါလုပ်ရရင် သေတော့မှာပဲ"

"အဲ အဲ ဟုတ်ကဲ့ခင်ဗျ။ နောက်ခံသမိုင်းက ဒီဇာတ်ရှုံသွားခေါင်မှိုင်းက ဒေါ်ဂျစ်ပုကြီးသမီး ကံပွင့်ဆိုတဲ့ ကောင်မလေးကို နောက်ပိုးလို့ ရည်းစားစကားလိုက်ပြောတာ အကြိမ်မနည်းဘူး ခင်ဗျ။ ဒါကို သူ့အမေ ဒေါ်ဂျစ်ပု သိသွားမြင်သွားပြီး တစ်နေ့ ဒီကောင့်ကို ရေထမ်းပိုးနဲ့ လိုက်ရိုက်လို့ ပြေးရဖူးတယ် ခင်ဗျ။ အဲဒါ ဒေါ်ဂျစ်ပုကြီးကို စိတ်နာပြီး ဒီကောင် အပြွတ်ခဲ့တာလို့ ဒီလို သုံးသပ် တွေးတော ဆင်ခြင် စဉ်းစား ယူဆ ဝေဖန် အဲ အဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ကွာ၊ လျှာကိုရှည်တယ်။ ဒီကိစ္စ မင်းတို့ပြောတဲ့အတိုင်း ဟုတ်မဟုတ် ငါတို့စုံစမ်းမယ် မင်းတို့ပြန်တော့။ မင်းတို့သုံးယောက်လည်း ကြပ်ကြပ်သတိထားနေကြ ကြားလား"

"စိတ်ချပါ ခင်ဗျ၊ ကျွန်တော်တို့ကတော့ ရပ်အကျိုးရွာအကျိုး . . ."

"မပြောနဲ့တော့၊ ပြန်တော့ မြန်မြန်ပြန်တော့ ဖွို . . ."

ဥက္ကဌကြီးက လက်ခါပြီးနှင်လိုက်မှ စိန်အေးကြူရယ်၊ မျိုးလင်းရယ်၊ မင်းကြောင်ရယ် တကယ့်လူရိုးလေးများ စတိုင်လ်နဲ့ လက်နှစ်ဖက်ယှက်၊ ခါးလေးကိုင်း၊ ဦးခေါင်းလေးငုံ့ပြီး ထွက်သွားကြတယ်။

"ဥက္ကဌ ဒီကောင်သုံးကောင်ပြောတိုင်းလည်း မယုံနဲ့ဦးနော်"

ဦးချစ်တီးက ဝင်ပြောလိုက်တယ်။

"ဟို စိန်အေးကြူဆိုတဲ့ကောင်ကလည်း လူရှုပ်မျက်နှာရှူး။ ရှုပ်သမျှ သပွတ်အူကတောင် အဖေခေါ်ရတဲ့ကောင်"

ဦးဘတုတ်ကလည်း ဝင်ထောက်ခံတယ်။

"သိပါတယ်ဗျာ၊ ဒီကောင်သုံးကောင် ပေါင်းမိရင် ရွာပျက်မလိုဖြစ်တာ အကြိမ်ကြိမ်ပါ။ မောင်မှိုင်းကိုခေါ်ပြီး မေးမြန်းကြည့်ပါဦးမယ်"

ဒီလိုနဲ့ ကျုပ် ရပ်ကွက်ကောင်စီရုံး (လူကြီးများရှေ့မှောက်) ကို ရောက်ခဲ့ရရော။ ဒီမှာ ဥက္ကဌက မေးတာပေါ့။ တဲ့တိုးကြီးဗျာ၊ ကျုပ်ဖြင့် ရှက်ပါဘိသနဲ့။

"မင်းနဲ့ မဂျစ်ပုသမီး ကံပွင့်တို့ ချစ်ကြိုက်နေတယ်ဆိုတာ ဟုတ်သလား မောင်မှိုင်း"

"ကျွန်တော့်ဘက်က ဖိတ်စာတောင် ရိုက်ပြီးပါပြီ ခင်ဗျ"

"ဟေ - တယ်ဟုတ်ပါကလားဟ၊ ကောင်မလေးက ဘာပြောတုံး မောင်မှိုင်းရ"

"သူ့အမေက ဂါတ်တဲတိုင်မလို့ခင်ဗျ"

"ကောင်းပေါ့ကွာ ဖွို"

ဥက္ကဌဦးလေးပု စိတ်ညစ်သွားတယ်။ သည့်နောက် ညဘက် သီချင်းအပြောင်ဆိုကြတဲ့ကိစ္စနဲ့ ကြော်ငြာစာကပ်တဲ့ကိစ္စမေးတယ်။

"ဘုရားစူး၊ မိုးကြိုးပစ်၊ ရေနစ်၊ မြွေကိုက်၊ မိန်းမသက်စေ့ရ သေရစေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဦးလေးပုရယ်။ ကျွန်တော် လုံးဝ မဟုတ်ပါဘူး ခင်ဗျာ။ ကံပွင့်နဲ့ ကျွန်တော် အဆင်ပြေနေတာကို တစ်ယောက်ယောက်က မနာလိုလို့ သွားချွန်ရာက ဖြစ်လာပုံရပါတယ်။ ဒေါ်ဂျစ်ပု ကျွန်တော့်ကို နှင်လွှတ်တာ ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော် ဒီလိုမျိုး လုပ်ရက်မှ မလား ဦးလေးရယ်။ လုပ်မယ်ဆိုရင်တောင် ကံပွင့်မျက်နှာကို ကျွန်တော် ကြည့်ရင့်ရမှာပါ။ ကျွန်တော် ဒီလောက် မရိုင်းပါဘူး ခင်ဗျာ။ ယုံကြပါ”

ဉက္ကဋ္ဌ ကျူပ် ရှင်းပြချက်ကြောင့် ခေါင်းစားပြီး အကျပ်ရိုက်သွားတယ်။ ဒီနောက် ဒီကိစ္စကို ဆက်လက် စုံစမ်းရန်လို့ပြောပြီး မဟာသကြန် ပွဲလည်း နီးလာခဲ့ပြီမို့ အရပ်ထဲမှာ ကောင်းကောင်းမွန်မွန် နေကြပါလို့ ဆုံးမြွက်ဩဝါဒပေးတယ်။ ဒီလိုမှမဟုတ်ဘဲ အရပ်ထဲမှာ မဟုတ်တရုတ် လျှောက်လုပ်ရင် ဇာတ်စင်ပေါ်မတက်ရဘဲ အချုပ်ထဲ ရောက်သွားရမယ် လို့ သတိပေးဆုံးမစကားပြောပြီး ပြန်လွှတ်လိုက်တယ်။ ဟူး - တော်ပါသေး ရဲ့။

ဆိုလိုတာက -

စိန်အေးကြူတို့အုပ်စုဟာ ကျူပ်ကို ချောက်ကျအောင် အဲဒီလိုမျိုး လုပ်ပေးတာဗျ။ သူများရဲ့ ချစ်ခြင်းကို လုံးဝ ဝန်တိုကြတာ။ သင်းတို့စနက် ကြောင့် ကျူပ်နဲ့ ချစ်ကံပွင့်လေး ချစ်ပင်ချစ်မိုး ချစ်လက်စမပျိုးလိုက်ရဘူး။ တော့ စွယ်တော်တစ်ရွက် ထက်ခြမ်းကွဲသွားခဲ့ရပြီ။

အေးလေ - တရားကို နှတ်စောင့်ပါတယ်။ ကျူပ်တော့ သူမတို့ အမှန်တရား သိစေဖို့ ဆံဖြူသွားကြွေပါးရေနားရေတွန့်သည့်တိုင် မယိုင် လဲ ခိုင်ကျည်သော သန့်စင်နှလုံးသားနဲ့ ကံပွင့်လေးရဲ့ ‘ကျွန်မ မှားခဲ့ပါ တယ် အစ်ကိုရယ်’ ဆိုတဲ့ နှလုံးသား ဇက်ကျိုးကျသံကို နားစွင့်ရင်း. . .။

ကံပွင့်လေးနဲ့ နှလုံးသားကန်ရေပြင် အနည်ထိုင်မယ့်နေ့ ပြန်ရောက် ပါစေ၊ ပြန်ရောက်ပါစေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# (၅)

## ကိုးပြတ် အရိုးပြိုင်ပွဲ

အခုလည်းကြည့်ဗျာ။

သင်္ကြန်ပြဇာတ်အတွက် ရန်ကုန်မင်းသမီးချောလေး ရွှေကြည်မွှေးနဲ့ သူတို့အမေ ဒေါ်ဗလသောင်းဆိုတဲ့အဘွားကြီး ရောက်တယ်ဆိုရင်ပဲ ကျုပ်ရောသူတို့ပါ ပျာပျာသလဲ ဖြစ်နေကြတာရယ်ခင်ဗျ။ ကျုပ်ကလည်း ရုပ်ရှင်မင်းသမီး မေဝင်းမောင်လို ချောမောလှပတဲ့ ရွှေကြည်မွှေးလေးကို မြင်လိုက်ရတာနဲ့ ရှေးကပန္နက်ဖူးသော မေတ္တာအဟုန်ကြောင့် ချစ်လေးတွေ တုန်ပြီးကြွနေချိန်။

ဟိုကောင် စိန်အေးကြူကလည်း အားမနာပါးမနာ ကောင်မလေး လက်ကိုင်ပြီး ခံစားနေချိန်။

ကိစ္စမရှိပါဘူး။ အခုကမယ့် 'သေမင်းငင်တဲ့ပိတောက်' အချစ်ရှုံ့ဝှက်သည်းဖိုပြဇာတ်ကြီးမှာ သင်းက လူကြမ်းပါ။ ကျုပ်က အမိကမင်းသားပါ။ ကျုပ်မှာ မင်းသမီး ရွှေကြည်မွှေးနဲ့ နီးစပ်နိုင်မယ့် အခွင့်အရေးတွေ အထက်စီးမှာ ရှိနေပါတယ်။

သို့သော် ဒီလူ ကလိန်ကကျစ် စိန်အေးကြူကိုတော့ လျှော့တွက်လို့မရဘူးဗျာ။ ဒီကောင်က ဆိုခဲ့သလိုပဲ၊ လူကို ချောက်ကျသွားအောင် လုပ်ရာမှာ ဉာဏ်နီဉာဏ်နက် အလွန်ကောင်းတယ်။ မစားရတဲ့အသည်း သဲနဲ့ပက်ဖို့လည်း လုံးဝ ဝန်မလေးဘူး။ ချစ်ကဲပွင့်ကလေးနဲ့တုန်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မှာ နှလုံးသားမြို့ပေါင်း တူးဖော်ချက် နောက်ဆုံးအစီရင်ခံစာမှာ မားတောင်းပြီး မိမိလည်ကိုမိမိဖြုတ်ခဲ့ရပြီ။

ဒီလိုနဲ့ ညဘက် ပြဇာတ်တိုက်ချိန်ရောက်လာရောဗျ။

ပြဇာတ်တိုက်လို့ တစ်ခန်းနားလိုက်တာနဲ့ ဒီကောင်က အပါးဗျ။ သူ့အဘွားရဲ့ နံ့သာယပ်တောင်ကြီးခိုးလာပြီး ရွှေကြည်မွှေးကို အသာယပ်တောင်ခပ်ပေးလို့ရယ်။ ရွှေကြည်မွှေးအမေ ဟိုအဘွားကြီးကိုလည်း စီးကရက် မပြတ်တမ်းဝယ်ပေးလို့။ အဘွားကြီးကလည်း ကွမ်းလေးဝါးလိုက်၊ စီးကရက်ခဲလိုက်နဲ့ ပြုံးပြုံးပြုံးပြုံး။

ပြဇာတ်တိုက်ပြီးရင် ကျုပ်တို့ အပါအဝင် ဒါရိုက်တာကိုဝင်းပြောင်တို့အားလုံးက မင်းသမီးသားအမိ တည်းခိုအိပ်ကြမယ့် အပျိုကြီး မထွားပိန်တို့အိမ်ကို လိုက်ပို့ပေးကြတယ်။ အဲဒီအခါမျှားကျရင်လေ ဒီကောင် ဝက်ဒုတ်ကြီးက အဘွားကြီးလက်ကိုကိုင်ပြီး 'အမေ ဖြည်းဖြည်းသွား လဲမယ်နော်' တဲ့ ဟွန်း။

နံနက်ပိုင်း ထမင်းစားချိန်ရောက်ရင် ကျုပ်တို့ပြဇာတ်အဖွဲ့သူအဖွဲ့သား (၁၅) ယောက်က တစ်အိမ် ဟင်းတစ်ခွက်ကျ ပို့ပေးရတယ်။ အဲဒီလိုနေ့စဉ် ပို့ပေးရတဲ့ ဟင်းခွက်များအနက်မှ စိန်အေးကြူရဲ့ ဟင်းခွက်များက ရှယ်ပဲဗျာ။ ရှယ်မှ ဂွတ်ရှယ် သိလား။

နေ့စဉ် ကြက်သား၊ ဝက်သား၊ ဆိတ်တလီစာ၊ အမဲနှပ်၊ ဟင်းမထပ်စေရဘူးဗျို့။ ကျုပ်မှာတော့ဗျာ ကန်စွန်းရွက်ချဉ်ရည်ဟင်း၊ ပုစွန်ခြောက်ငါးလေးအိုးကပ်၊ ချဉ်ပေါင်ကြော် စသည် အမေချက်တဲ့ဟင်းထဲမှ ဆောနာကြီးစွာနဲ့ ဖဲ့ပို့ရတာကိုး။ ဟင်းမျက်နှာတော့ငယ်တာပေါ့။

ဒီမှာ အပျိုကြီး မထွားပိန်က -

"စိန်အေးကြူတို့က တယ်ချမ်းသာပါကလားတဲ့ဆော"

"ချမ်းသာလို့ မဟုတ်ပါဘူး အစ်မထွားရယ်၊ အိမ်မှာ သိတဲ့အတိုင်းပဲ အမေတို့က ကောင်းကောင်းမှ စားတာ။ ကိုယ့်ညီမလေး တစ်နယ်တစ်ကျေးက လာကူညီတော့ စားရေးသောက်ရေး လိုအပ်မှု မရှိရအောင် ပို့ရတာလေ။ အားမနာနဲ့နော် မွှေး၊ ဟင်း တင်း ဖင်းစား စား ဒါ အမဲနှပ် အမေ့ရဲ့လက်ရာလေ၊ ငချွတ်သီးတာ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



စိန်ထောင်းပေးတာပေါ့ အဟီး၊ စားလို့ကောင်းလား ဟင်း ဟင်း ဟင်း"

"ကောင်းပါတယ် အစ်ကိုစိန် အဟင်း ဟင်းဟင်း"

"ဟီး ဟီး ဟီး ဝမ်းသာတယ်ကွာ၊ အမေသောင်းရော မြိန်ရဲ့လား ခင်ဗျ"

"မြိန်ပါ့ လူကလေးရေ၊ အမဲနှပ်ဆို အမေက သိပ်ကြိုက်တာကွယ့်"

အဘွားကြီးက အဲလိုလည်းပြောလိုက်ရော နောက်ပိုင်း အမဲနှပ်က အဘွားကြီးအတွက် သီးသန့် အဓိကဟင်းပွဲဖြစ်ခဲ့သဗျ။ ပြီးတော့ ဘယ်လိုကြွားလိုက်သေးမှတ်လို့လဲ။

"စား အမေ၊ အားရပါးရသာစား။ ဒါ သားတို့အိမ်ချက်တာ။ အိမ်မှာက အမေတစ်ခုသားတစ်ခုရယ်။ စား စား နောက်နေ့လည်း ပို့ပေးဦးမယ် စား" တဲ့။

အမှန်က သူ့အမေ ချက်တာ မဟုတ်ဘူး။ ဒါ ဟိုဘက်ရပ်ကွက်လမ်းထိပ်က မဆားနှစ်တို့ထမင်းဆိုင် ပုဆိုးပေါင်ပြီး ဝယ်လာတာ။ ပေါင်စရာမရှိရင် လပေးအကြွေးဝယ်တယ်။ ဟွန်း- လုပ်လိုက်သေးတယ်။ သားတို့က အမေတစ်ခုသားတစ်ခုတဲ့။ သင်းအိမ်မှာ အိမ်သားချည်း (၁၃)ယောက်ရှိတယ်။ ကန်စွန်းရွက်တောင် လူများလို့ ရေလုံပြုတ်ချက်စားနေရတဲ့ကောင်က ကျုပ်တို့ရှေ့မှာ ခပ်တည်တည်ကြွားလို့။

"မွေး စားနော် ညီမလေး ငှဲ ငှဲ ငှဲ အဟဲ ဟဲ၊ ဒါထက် ဝက်သားရော စားလားဟင်"

"စားပါတယ် အစ်ကိုစိန်ရဲ့ ဘာဖြစ်လို့လဲ",

"နက်ဖြန် ဝက်သားပို့မလို့လေ၊ မနေ့က တောကလာတာနဲ့ ပိဿာလုံး ဆွဲထားလိုက်တယ်။ မေးရတာက ညီမလေးတို့က မင်းကြီးမင်းလေးများ ကိုးကွယ်လားလို့ အ ဟို အဟိုဲ့ ဟိုး . . ."

"အမေတို့က ခုတင်ဂုလွဲပြီး ခြေလေးချောင်းသား အကုန်စားသကွယ့် သားရဲ့ အဟဲ"

"ကြိုက်ပြီ အမေရေ၊ ဒီအရပ်က တောမရှိလို့ အမေရဲ့။ အမေတို့သားအမိကို ဆင်ပစ်ပြီး ကောင်လုံးကြော်ကျွေးလိုက်ချင်သဗျာ ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား"

သူ့ရဲ့ အရှိုးကြောင့် အဘွားကြီးရယ်ရင်းက ထမင်းသီးသွားလို့ ကျော ကို မနည်း နှိပ်ပေးရတယ်။ ရွှေကြည်မွှေးက တော်ပါတော့ အစ်ကိုရယ်လို့ ပြောယူရတယ်၊ ရှိုးကလည်း ကောင်းမှကောင်း။ မျက်နှာပြောင်တိုက်ရာ မှာလည်း ရှက်ကြောကို အပိုင်းပိုင်းပြတ် ခင်ဗျ။ ဒီလို မျက်နှာပြောင်တိုက် နိုင်လွန်း၊ ဟင်းကောင်းလေးများ နေ့စဉ်ပို့ပေးနိုင်လွန်းလို့ အဘွားကြီးက သင်းကို သား၊ လူလေး၊ မောင်စိန် မောင်စိန်နဲ့ ပါးစပ်ဖျားက မချဘူး။ (ခွေးမသား ဇာတ်လည်းပြီးရော ဟင်းဖိုးအကြွေးသုံးထောင်ကျော် မပေးနိုင် လို့ အချုပ်ထဲ လိမ်လည်မှုနဲ့ (၇) ရက်အိပ်ခဲ့ရပါရောလား။ ဝမ်းသာလိုက် တာဗျာ။ ပလို့ဂျို၊ ပေတို့ဂျို. . . )

ဟိုကောင်ကလည်း မင်းသမီးအမေကိုယ်နှိုက်က အရေးပေးလွန်းနေ တော့ နွားပြာကြီးလိုပဲ တဟဲဟဲတဟီးဟီးနဲ့ အောက်သွားလွတ်ပြီး အာပုပ် ရည်တွေ စီးကျလို့။

မောင်စိန်တို့က စိတ်ရင်းကောင်း၊ ပျော်ပျော်နေသေခဲ့လို့လည်း ပြော လိုက်ရော ဝုန်းခနဲ အိမ်ပေါ်က ဆင်းပြေးသွားပြီး ဘာလုပ်မှတ်လို့လဲ။ စီးကရက်တစ်လိပ်နဲ့ လက်ဖက်ရည်ချိုပေါ့နှစ်ခွက် ပါဆယ်ဝယ်ပြီး ချက် ချင်းကြီး လာပို့တာ ခင်ဗျ။

"အားနာလိုက်တာ လူလေးရယ်"

"အားနာနဲ့ အားနာနဲ့၊ တား အဲ အဲ သားတာ အမေသာ ကြိုက်တယ် ဆိုရင် ကျွေးချင်နေတာ ရင်ထဲမှာ ဒလဟော" တဲ့။

ဖွီ - ရွံစရာမျက်ခွက်။

ကျုပ်မှာ ဒီထက်မက လျှို့လျှို့ဝှက်ဝှက် ကုန်နေရတာ ရှိသေးတယ်၊ ဒါကြောင့် နံနက်တစ်ခါ၊ ညနေတစ်ခါ မင်းသမီးသားအမိ ချိုချို ချိုချရုပ် ထည့်ပေးရတယ်။ အမေ့အတွက် ဆင်ခြေတုံးဆပ်ပြာတစ်တုံး ဝယ်မပေး ဘူးတဲ့ကျုပ်ဟာ သူမအတွက် မွှေးဆပ်ပြာကို ပလတ်စတစ်ဘူးလေး ထည့်ဝယ်ပေးခဲ့တယ်။

ဈေးထဲကနေ နှင်းဆီပွင့်အနီရဲရဲ အပွင့်လှလှကြီး တစ်ပွင့်စီနေ့တိုင်း ဝယ်ပြီး ပန်းတော်ဆက်ခဲ့တယ်။ အဲဒီကုသိုလ်က စေတနာအကျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



မသေးဘူး သိလား။

ထဘီရင်ရှားလေးနဲ့ ရေစည်ပိုင်းတစ်ဝက်လောက်များ ကုန်အောင် ချိုးနေရင် ကျုပ်မှာ အူထဲအသည်းထဲက လှိမ့်ယားပြီး ပျော်လွန်းလို့။ လထ မောင်းပေါ်က ဆပ်ပြာမြှုပ်တွေ၊ ရင်ညွန့်ထက်က ဆပ်ပြာမြှုပ်တွေဟာ ကျုပ်ပေများလားဆိုပြီး စိတ်ကူးတွေယဉ်လို့။ ရေစိုနေပြီး အသားကပ်နေတဲ့ ကိုယ်လုံးအလှကိုကြည့်ပြီး သေပျော်ပါပြီလို့။

ဒါပေမင့် သူမရဲ့ အမေ ဒေါ်ဗလသောင်းကြီး ရေချိုးရင်တော့ သေ ချင်စိတ်ပေါ်လာရော။ အဘွားကြီးက စကားတပြောပြောနဲ့ တဝုန်းဝုန်း လောင်းပြီးချိုးလိုက်တာ ရေတစ်စည် ခဏလေးနဲ့ ကုန်ရော။ ထပ်ခပ်ပါဦး သားလေးရဲ့၊ မောင်မှိုင်းရဲ့။ ရေအကျိုးဆယ်ပါး မတောင်းဘဲ ရသတဲ့ အမ်မယ်လေး- နောက်တစ်စည် လက်မောင်းပြုတ်မတတ် ခပ်ပေးရပြန်တ ရော။

ဩော် - ယောက္ခမလောင်း အချစ်အယ်စတုံကြီး။ သမက်နေ ခွေးသေမှထုံး နှလုံးမူနေတယ်ထင်ပါရဲ့။ ဒါကြောင့် ရေဆွဲရင်းက ကြိတ ပြီး ဆုတောင်းလိုက်ပါရဲ့။ ကျုပ်နဲ့ ရွှေကြည်မွှေးများ မတော်တဆ ညားခဲ့ ရင် ဒီအယ်စတုံကြီး သီလရှင်ဝတ်သွားပါစေလို့။

ပြောရဦးမယ်သိလား။ နှင်းဆီပန်းရဲရဲလေးများ မွှေးပန်ဖို့ ကမ်းပေ လိုက်ရင် -

"ဟယ် - နှင်းဆီပန်းလေးက ရဲနေတာပဲ လှလိုက်တာ အစ်ကိုမှိုင်း ရယ်။ မွှေးကလေ နှင်းဆီပန်းဆို အဲလိုအရောင်မှ ကြိုက်တာ သိလာ အစ်ကိုမှိုင်း"

"ဟင်း ဟင်း ဟင်း ရင်ထဲကလည်း ကြိုသိနေတယ်လေ မွှေးရယ်။ ဒါကြောင့် ဝယ်လာခဲ့တာပေါ့။ မွှေးကသာ လိုချင်ရင် သန်လျင်တစ် ဈေးလုံးက ရှိသမျှနှင်းဆီပန်းတွေ အကုန်ကန်ထရိုက်ဆွဲပြီး ဝယ်ပေ လိုက်ချင်ရဲ့ မွှေးရယ် အဟဲ ဟဲ ဟဲ"

(မှတ်ချက်။ ။ တကယ်တမ်းသာ ဝယ်ခိုင်းရင် ကိုယ်ကျိုးနည်းရော ဗျာ။ ဘုရား၊ ဘုရား တော်ပါသေးရဲ့ နောက်ထပ် မဝယ်နိုင်ပေလို့။)

"အံမယ်- အစ်ကိုမှိုင်းက ပြဇာတ်မင်းသားပီပီ ဒိုင်ယာလော့ခ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပစ်တာပေါ့လေ။ ဟတ်လား အဟင်း အဟင်း"

"အဟတ် အဟတ် အဟတ် ဒီလို စိတ်ကူးမျိုး လုံးဝပါ မွေးရယ်။ ဘယ်ဘက်ရင်အုံ အတွင်းထောင့်ထဲက ဖြစ်ပေါ်လာတဲ့ မေတ္တာ စေတနာပါ"

"မိုက်တယ်ဟေ့၊ စကားလုံးကတော့ ကိုကြည်ခိုင် ငိုသွားနိုင်ရဲ့"

"အဟတ် အဟတ် အဟတ် ဟား ဟား ဟား"

"ဟေ့ကောင် ငမိုင်း"

"အောင်မယ်လေး သောက်ပလုတ်တုတ်၊ လန့်လိုက်တာ စိန်အေး ကြူရာ၊ ဘာလဲ ဘာလဲ ဘာလာလုပ်တာလဲ"

အရေးကောင်း ဒိန်းဒေါင်းဖျက်ဗျာ။ ဒီမှာ ခုမှ နှစ်ပါးသွားလေး အစ ပျိုးနေတုန်း ရှိသေးတယ်။ မာရ်နတ်ဆိုးက ဝင်လာပါရော။ ဟိုကောင် ပြဿနာကောင် စိန်အေးကြူလေ။ ဝဝဖိုင့်ဖိုင့် ကိုယ်လုံးကြီးပေါ်မှာ သူ့ တူကလေးဝတ်တဲ့ စပို့ရှပ်ကျပ်ကျပ်ကိုဝတ်လို့ အောက်ခါးက တိုနေတော့ ချက်က ပေါ်နေတယ်။ အဲဒါကို ဆွဲခုနင်းကနေ -

"ဟိုမှာ မသန်းကစ်က မင်းကို တွေ့ချင်လို့တဲ့၊ မင်းအရက်အကြွေး သောက်ပြီး မဆပ်တော့ ဟိုက လိုက်ရှာနေတယ်၊ ဒီနေ့မှ မရရင် ဦးစံရနဲ့သွားတိုင်မယ်တဲ့။ သွား မြန်မြန်သွား"

"ဟင် - ငါ ငါ တစ်ခါမှ အကြွေးမယူရဘူး"

"လုပ်မနေပါနဲ့ အဲဒါ ငါမသိဘူး။ အပြင်မှာ စောင့်နေတယ် သွား ရှင်း။ အရက်များကွာ ကောင်းကောင်း[illegible] ဘုရားမ ကြိုက်တဲ့အလုပ်တွေ သွား သွားလေ၊ [illegible] ရင် ပိုဆိုးကုန်မယ်"

ကြည့်စမ်းဗျာ၊ ဒါ ကောင်မလေးရှေ့မှာ [illegible] တာ သိလား။ ကျုပ် အရက်သောက်ခဲ့ပါတယ်၊ [illegible] ကိုဝင်းပြောင်တို့အုပ်စုကို လာဘ်ထိုးတဲ့အနေနဲ့ [illegible] မပြောပလောက်ပါဘူး။ သောက်တာက အနည်း[illegible] ကသင်း။ ပုဆိုးကျွတ်အောင်သောက်တာ သင်း၊ ခု [illegible] ရှေ့မှာ ကောင်းကောင်းကန်းကန်းလုပ်လို့ကွာ ဘုရားမကြိုက်တဲ့ အလုပ်

www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့။ အမှတ်တွေ ဖွတ်ယူလို့။

"ဟော့ကောင် ရှူး ရှူး . . ."

"ရှူးတွေရှဲတွေ လုပ်မနေနဲ့။ ဒါ မွတ်တား ရှူးရဲ့အသုပ်ဆိုင်မဟုတ် ဘူး။ မင်းမသွားရင် ငါလှမ်းခေါ် လိုက်ရမလား၊ ဒီ ဒီမှာဗျို့ မသန် . . ."

"ဟော့ကောင် ဟော့ကောင် မငအော်ပါနဲ့၊ သွားပါ့မယ်။ ဩော် - ရှေ ကိုကိုမှိုင်း ဆရာဝင်းပြောင်ကို စာကူးပေးစရာရှိလို့ သွား သွားလို ဦးမယ်နော် နော်"

"ဟုတ်ကဲ့ အစ်ကို၊ ဩော် - အစ်ကိုရေ၊ နက်ဖြန် အဝါရောင်ယူလာ ခဲ့နော်"

စိတ်ချ စိတ်ချ"

ကျုပ်မှာ မခွာချင်ခွာချင် မလှမ်းချင်လှမ်းချင်နဲ့ မွေးအပါးမှ ခွာခဲ့ တယ်။ မန်ကျည်းပင်အကွယ်ရောက်တော့ ဟိုအကောင် ဘာလုပ် တာလဲဆိုတာ သိချင်တာနဲ့ ချောင်းလည်းကြည့်လိုက်ရော လားလား ဒီကောင်က ဆပ်ပြာတိုက်ရေချိုးနေတဲ့ ရွှေကြည်မွှေးလေးရဲ့ တစ်ကိုယ် လုံးကို ခန္ဓာဗေဒကသိုက်ကျိုးရှုပြီး လေပန်းနေတာကိုးဗျ။ တဟားဟား တဟဲဟဲနဲ့ ရယ်သံများ ဒီကတောင် ကြားရရဲ့ဗျာ။

ဒီလိုနဲ့ မသန်းကစ်ကို လှမ်းကြည့်တော့ အနီးမှာ မသန်းကစ်မရှိဘူး ခေါ်ကြည့်တော့လည်း ထူးသံမကြားရဘူး။ ဒါနဲ့ မသန်းကစ်အိမ်ရောက် သွားတယ်။

"မသန်းကစ်၊ ခင်ဗျား ကျုပ်ကို တွေ့ချင်လို့ လိုက်ရှာနေတယ်ဆို"

"ဘယ်သူက ပြောတာတုံး"

"ဟိုကောင် စိန်အေးကြူ ခုလေးပဲ လာပြောသွားတာဗျ"

"ဟဲ့-ငမှိုင်းရဲ့၊ ဒီမြွေပွေးကိုက် အနာစာချကောင်ရေ တစ်သက်လုံး မဟုတ်ကဟုတ်က ရွာစဉ်လှည့်ပြောနေတာ ကြာပြီ။ နင် ယုံနေသေး လို့လား"

"ဟင် - သွားပါပြီ၊ ပါပါပြီ၊ ကုန်ပါပြီဗျာ။ ခံ ခံ၊ ငမှိုင်းမင်းလောင်း အစဉ်နေတဲ့ထုံတဲ့ကောင် ခံဟ။ ဒီတစ်သက်တော့ မိန်းမကို အမေရေး



www.burmeseclassic.com

www.burmeseclassic.com



စားမှရမယ့်ကောင်ဟဲ့ သေ သေ သေ"

ဒီလို ကိုယ့်ကိုယ်မေတ္တာပို့နေတုန်း မသန်းကစ်က သဘောပေါက်သွားပြီး စေတနာနဲ့ ပြောချလိုက်တယ်။

"နင် သေသင့်တာကြာပြီ၊ မိုးနတ်မင်း အမြန်ကူညီလိုက်ပါ" တဲ့။

❑

ပြဇာတ်တိုက်တဲ့ညများဟာ ကျုပ်ဘဝမှာ အပျော်ဆုံးပဲဗျ သိလား။ လူ့ဘဝ လူဖြစ်လာတာ ဒီတစ်ခါလောက် လွတ်ပျော်ရတာမျိုး မရှိပေါင်ဗျာ။ မြန်မာပြည်သူပြည်သား သန်း(၅၀)နီးပါးထဲမှာ ကျုပ်လောက်ပျော်တဲ့လူ ရှိပါ့မလား မသိဘူး ဘုရားစူးရစေရဲ့။

ဘာလို့လဲ သိလား။

ဒီ သေမင်းငင်တဲ့ ပိတောက် ပြဇာတ်အကောင်းစား ထူးရှယ်ကြီးမှာ မင်းသမီးကိုဖက်တဲ့အခန်း ငါးခန်းပါလို့ပေါ့ဗျာ အဟုတ် အဟုတ် အဟုတ် ဂွတ် ဘဲရီးဂွတ်။

မူလတုန်းက စာရေးဆရာ မင်္ဂလာသောင်းရေးတဲ့ ဇာတ်ညွှန်းမှာ ဖက်ခန်းတွဲခန်းက သုံးခန်းတည်း ခင်ဗျ။ ကျုပ်က အားမရလွန်းတာနဲ့ ထပ်တိုးပေးပါဦး ဆရာတို့ရယ်ဆိုပြီး ဒါရိုက်တာ ကိုဝင်းပြောင်နဲ့ စာရေးဆရာ မင်္ဂလာသောင်းကို အရက်တစ်လုံး၊ ဘဲကင်တစ်ခြမ်းတိုက်ကျွေးပြီး ကချင်ပုဆိုးတစ်ထည်စီ ကန်တော့လိုက်တယ်။ ဒီမှာ ကျေးဇူးရှင် ဆရာများက နှစ်ခန်းထပ်ဖြည့်ပေးတယ်။

မင်္ဂလာသောင်းက ပုဆိုးအသား ကောင်းမကောင်း၊ ဆေးခိုင်မခိုင် စမ်းသပ်ပြီး ပြောလိုက်သေးတယ်။

"မင်းကို ညီလိုတူလို သနားလို့နော်။ ငါက ဘယ်သူ့အလိုမှ လိုက်ချင်တဲ့ မဟုတ်ဘူး။ နာမည်ပျက်မှာစိုးလို့၊ အဟွတ် အဟွတ်,အေ့. ."

"ကျေးဇူးကြီးပါပေတယ် ဆရာတို့ရယ်၊ ပြဇာတ်ကပြီးသွားရင် ဆရာတို့ကို ဝမ်းတေဘယ်(လ်)ပေးဦးမှာပါ ခင်ဗျာ။ ဒါ ဒါက စရန်သဘော ခင်ဗျ အဟီး အဟီး"

ဒီလိုနဲ့ နာမည်ကျော် သေမင်းငင်တဲ့ပိတောက် အချစ်လှိုင်းဝှက်သည်း



www.burmeseclassic.com

www.burmeseclassic.com



ဖိုပြဇာတ်မှာ ပိတောက်ပန်းပေးရင်း မင်းသမီးက ချစ်သူ့လက်ဆောင် ပိတောက်ပန်းကို ဝမ်းသာအားရ မွှေးကြူခန်းနှင့်အတူ ချစ်သူပခုံးကိုဖက်ပြီး ပန်းပိတောက်ကိုချစ်တယ် သီချင်းအသွားမျိုး နှစ်ပါးသွားသီချင်းကို လက်ကလေးကိုင်လိုက်၊ ရင်ချင်းအပ်လိုက်၊ ကျောချင်းကပ်လိုက်၊ နဖူးချင်းဆိုင်လိုက်နဲ့ သရုပ်ဖော်ဝင်ရတယ်။

နောက်တစ်ခန်းက မင်းသမီးနဲ့ ကျုပ်နဲ့ ကျောချင်းကပ်ပြီး ကောင်းကင်က လမင်းကိုမော့ကြည့်လို့ အချစ်သစ္စာများ တိုင်တည်ပြောပြီး မင်းသမီးကိုဆွဲလှည့်ပြီး နမ်းမလို့အလုပ် စလိုက်မီးများ စိုင်းကျဉ်းသေးပြီး မှိန်ကျသွားတဲ့အခန်း။ အဲဟီး ဟီး ပြော့ရမှာတောင် ရှက်လှပါရဲ့ အစ်ကိုတို့ရယ်။

အဲဒီအခန်းတွေများ ဇာတ်တိုက်နေချိန်ဆိုရင်လေ ဟိုကောင် စိန်အေးကြူဆိုတာ မရှူနိုင်မကယ်နိုင်ဖြစ်လို့ မျောက်မီးခဲနင်းမိသလိုလို၊ ရှင်မောဂ္ဂလာန် ငရဲမီးဝိုင်းခံရသလိုလိုဖြစ်နေတဲ့ပုံစံကိုကြည့်ပြီး ကျုပ်တစ်ကိုယ်လုံး ဖရဏာပီတိဂွမ်းဆီထိသလိုဖြစ်လို့။ ကျုပ်ကလည်း လက်(ဖ်)ဆင်း(န်)အချစ်ခန်းများတိုက်ရရင် ကိုယ်ခန္ဓာတစ်ခုလုံးကို အကြွေးနဲ့ဝယ်ထားတဲ့ ရေမွှေးပုလင်းဖွင့်ပြီး တအား ဆွတ်ထားလိုက်တာပဲ။ မင်းသမီးရဲ့လက်ကိုဆုပ်ကိုင်ညှစ်၊ ပခုံးလေးကို ဖက်လို့ ရင်ခွင်ထဲမှာ ဖက်ထားလိုက်တယ်။ အရသာ၊ အရသာ အမွှေးသား ကောင်းစားနေပြီ အမေရဲ့ အဟီး။

"မကြိုက်သေးဘူး"

"ဟင် - ဘာ ဘာဖြစ်လို့လဲ ဆ. . . ဆရာ"

"မင်းသမီးက ပြီတယ်။ မင်းသားလုပ်တဲ့လူက ပြုံးတာ အသက်မပါဘူး။ ကြောက်နေသလိုမျိုး ဖြစ်နေတယ် ပြန်လုပ်"

တောက် - စိတ်ညစ်တယ်ဗျာ၊ ဘုရားစူး (အမှန်က ကျုပ်မှာလေ အဲဒီလို ပြန်လုပ်ဆိုတဲ့ စကားသံများ ကြားလိုက်ရရင် ယောက္ခမကြီးသေပြီး အမွေရတာထက် ပျော်နေတယ် သိလား။)

အကြောင်းက ဒီလိုဗျ။

ကျုပ်က ဆရာပြောင်ကြီးရယ်၊ မင်းသမီး ရွှေကြည်မေကို ဖက်ချင်ကိုင်ချင်လို့ပါ ဆရာရယ်။ သူကလေးကိုလည်း သံယောဇဉ်ဖြစ်နေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ လက်(ဖ်)ဆင်း(န်)အခန်းကျရင် မကြိုက်ဘူး ပြန်လုပ်ဆိုတာမျိုး လေးငါးခါလောက် လုပ်ပေးပါဆရာရယ်လို့ ညှိုးငယ်သောမျက်နှာနှင့် အပူကပ်တယ်။

"ကျားသားမိုးကြိုး မလွန်လွန်းဘူးလား ငမိုင်းရာ ဟင်"

"မ. . . မလွန်ပါဘူး ဆ . . . ဆရာရယ်၊ မတော်လို့ ညားသွားရင်လည်း နောင်နှစ် မင်းသမီး ငှားစရာမလိုတော့ဘူးပေါ့။ အပိုင်ရတာပေါ့နော်၊ ဆရာနော်"

"ငါ မင်္ဂလာသောင်းနဲ့ တိုင်ပင်ပါရစေဦးကွာ"

ဒါနဲ့ တိုင်ပင်ကြသတဲ့။

"ဒီကိစ္စ လုံးဝမဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ ကျေးဇူးရှင် ဆရာတို့ရယ်၊ ဆရာတို့က ဒါရိုက်တာဥစ္စာ။ မကြိုက်လို့ ပြန်လုပ်ခိုင်းတာပေါ့နော့"

"မဖြစ်ဘူးကွ၊ သူ့အမေ ရိပ်မိသွားရင် ငါတို့လည်း နာမည်ပျက်မယ်။ အခန့်မသင့်လို့ ထွက်သွားရင် တိုးလိုးတန်းလန်းနဲ့ သောက်ရှက်ကွဲမှာ နားလည်ရဲ့လား"

"လုပ်ပါ ဆရာတို့ရယ်၊ ကျွန်တော့်ကို သနားကြပါခင်ဗျာ"

"ဟေ့ကောင် ဝင်းပြောင်ကွ၊ တစ်ခွန်းပဲ ပြောတယ်၊ နှစ်ခွန်းမပြောဘူး"

"ညီဘွား ကျေးဇူး မမေ့ပါဘူး ဆရာတို့ရယ် နော်နော်လို့"

"ဘယ်လို မမေ့မှာလဲ ပြောစမ်းပါဦး"

"ဟို ဟိုလေ၊ ပြဇာတ်တိုက်ပြီးတိုင်း အပြန်မှာ အရက်တစ်လုံး၊ ဘဲကင်တစ်ခြမ်း ညတိုင်း တာဝန်ယူ. . . ယူပါတယ် ဆရာတို့ရယ်၊ ဘုရားစူး မြွေကိုက်ပါခင်ဗျာ"

သို့ကလို ပြောလိုက်တော့ သူတို့နှစ်ဦး ခေါင်းချင်းဆိုင်ပြီး ပြုံးပြုံးနဲ့ စဉ်းစားကြတယ်။

"ဟေ့ကောင် ငမိုင်း၊ မင်္ဂလာသောင်းက မေးနေတယ်၊ တကယ်ပြောတာလား တဲ့"

"မဟုတ်ရင် ဆရာတို့သောက်တဲ့ပုလင်းနဲ့ ရိုက်ပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုကြည့်ပြီး သနားလွန်းလို့သာ အလိုလိုက်ရတာ။ ငါက လုပ်ချင်တာ မဟုတ်ဘူး။ မင်း ကတိတည်စေနော်၊ မတည်လို့ကတော့ လက်ရှိအခန်းတွေပါ လျှော့ပစ်ပြောင်းပစ်မယ် သိလား"

"ဟုတ် ဟုတ်ကဲ့ပါ ဆရာတို့ရယ်၊ ကျေး. . . ကျေးဇူးကြီးလှပါပေရဲ့ ခင်ဗျာ။ ဆရာတို့ ကျန်းမာချမ်းသာ အရှည်ရှည်ပြီး သောက်နိုင်တဲ့ ကိုယ်ဖြစ်ကြပါစေခင်ဗျာ"

"သွား၊ လောလောဆယ် ဒူးယားတစ်ဘူး သွားဝယ်"

ကြည့်စမ်း၊ ချက်ချင်း စရန်တောင်းတာပဲ။ မျက်ခွက်ကို ဖြတ်ရိုက်ချင်စရာတွေ။ သို့ပေမင့် ဘယ်ပြောကောင်းမှာလဲလေ၊ ဒေါ်ဒေါင်းတို့ ကွမ်းယာဆိုင်ပြေးပြီး ဒူးယားနှစ်ဘူးဝယ်လို့ တစ်ယောက်တစ်ဘူး ပေးလိုက်တယ်။ ငနဲကြီးနှစ်ယောက်ရယ် ပြဇာတ်တိုက်ရာမှာ ပါးစပ်ဖျား လက်ကြားက စီးကရက် လုံးဝမချဘူး။ တကယ့် သူဌေးသားများလား မှတ်ရတယ်။ ဆေးပေါ့လိပ်တောင် မသာအိမ်က အလကားရတဲ့ဆေးလိပ် ဖွာနေတဲ့လူကြီးတွေ။ စီးကရက်မသောက်ဘူးဘဲ ဆေးပေါ့လိပ်ဖွာသလို နင်းကန်ဖွာနေတော့ နှုတ်ခမ်းမွှေးလျှာကွဲ၊ လည်ချောင်းကွဲပြီး ချောင်းကြီးဆိုးနေပါရော။

ဒီလို နတ်တင်ကောင်းသည်မို့ ညစဉ် လက်(ဖ်)ဆင်း(န်)ခန်းရောက်ရင် ဖက်တာ အသက်မပါဘူး၊ လက်ဆွဲတာ မာတောင့်တောင့်ကြီး၊ မင်းသမီးမျက်နှာကို လက်နဲ့ကိုင်မော့တာ အရက်ခွက်မော့သလိုဖြစ်နေတယ်။ မကြိုက်ဘူး၊ ပြန်လုပ်နဲ့ ကျုပ်တို့ဆရာတပည့်သုံးဦး အပေးအယူမျှတသင့်မြတ်နေချိန်မှာပဲ။

တစ်ညမှာပေါ့ဗျာ။ သစ်တုံးပေါ် ချစ်သူနှစ်ဦး ကျောချင်းကပ်ပြီး ထိုင်နေတဲ့အခန်းကို တိုက်ကြတယ်။ စထွက်တာနဲ့ မင်းသမီးက အမျှော်စိုက်သီချင်းတစ်ပုဒ်ဆိုရတယ်။ ဆိုလည်းပြီးရော-

"ဩော် - ကိုကိုမှိုင်း၊ ကိုကိုမှိုင်း ဘယ်ဆီများခြေဦးလှည့်နေပါ ကိုမှိုင်းရယ်၊ ကွန်မမှာတော့ မောင့်ကိုမျှော်လိုက်ရတာ၊ ... ဗျိုင်းမလေး ဖြစ်နေပါပြီ ကိုရယ်။ လမင်းကြီးရယ်၊ ကွန်မ အသည်းနှင့်အောင်ချစ်ရတဲ့ချစ်သူ မှိုင်းကိုကိုချစ်ကိုတွေ့ရင် ၊ သူ့ရဲ့ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ခင်သစ္စာဆိုတဲ့ အလွမ်းသည်မလေး လရောင်အောက်မှာ အလွမ်းမိုးတွေ သဲကြီးမဲကြီးရွာနေတယ်လို့ ပြောပေးပါ ဖိုးရွှေလမင်းကြီးရယ် နော်”

ဒီအချိန်မှာ ကျုပ်က ဝင်ရတယ်။

“ဟော့- ခင်သစ္စာ”

“ဟယ်- ကိုကိုမှိုင်း၊ မျှော်လိုက်ရတာ ကိုကိုရယ်။ ခင်သစ္စာလေ သူသူရောက်မလာလို့ ဖိုးလမင်းကြီးနဲ့တောင် အမှာပါးနေတာ ကိုကိုမှိုင်းရဲ့ သိလား”

“ယုံပါတယ် ခင်သစ္စာရယ်၊ ကိုကိုမှိုင်း အခုစားရောက်ခဲ့ပါပြီ။ လာ- ခင်သစ္စာ၊ ဟိုသစ်တုံးပေါ်မှာထိုင်ပြီး ကိုကိုမှိုင်းက မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာတွေကို ရင်ဖွင့်ပြမယ် လာ”

ဒိုင်ယာလော့ခ်ကလည်း မင်္ဂလာသောင်းရဲ့ ပထမတန်းစား ရင်တွင်းဖြစ် အသီးအပွင့်တွေလေ။ ဝတ္ထုစာအုပ်ပေါင်းများစွာက ခိုးချကူးချထားတာတွေဥစ္စာ။ ညွန့်ပျံ့နေတာပေါ့။ အဲဒါ ဆက်ရှိုးရတော့မယ်။ ဒီအခန်းရောက်ရင် ကျုပ်က သရုပ်ဆောင် သိပ်ကောင်းတယ်လို့ ဦးဘစု အပါအဝင် ဦးစံရ၊ ဦးကျော်သောင်း၊ ကိုခင်လတ်တို့ လူကြီးပိုင်း (သဘာရင့်ပွဲကြိုက်ကြီးများ) ကလည်း ချီးကျူးကြတယ်။ ပရိသတ်ကလည်း ငမှိုင်းရဲ့ အပိုင်ဆုံးအခန်းလို့ ထောပနာပြုတယ်။ ဒီမှာ ပရိသတ်ထဲက ခင်သူသူတစ်ယောက်က ငမှိုင်းက မရယ်ရင်ကြည့်လို့ကောင်းပါတယ်။ ရယ်လိုက်ရင် ရွှေသွားက ခေါင်ဖြန့်ထွက်ပြီး ကဲလားထောက်ထားသလိုဖြစ်နေလို့ အန်ချင်တယ်တဲ့။ သို့ကလို ဝေဖန်ကြတယ်ကိုး။ ဂရုထားရတာပေါ့ဗျာ။

ဒီလိုနဲ့ ချစ်သူ ခင်သစ္စာ (မွှေး) ရဲ့ လက်ကလေးကို ဖွဖွလေးကိုင်ပြီး သစ်တုံးပုံစံ ရိုက်ထားတဲ့ ထင်းရှူးသေတ္တာပုံးပေါ်လည်း ကျောချင်းကပ်ထိုင်လိုက်ရော -

“အား - အမလေးဗျ အား အား အား”

“ဟင် - ကိုကိုမှိုင်း၊ ဘာ ဘာဖြစ်လို့လဲဟင် ဟင်”

“အားလားလား သေပါပြီဗျာ။ အား အမေ အမေရဲ့ အဟီး ဟီး”

ကျုပ်က သစ်တုံးပုံ (ထင်းရှူးပုံး) ပေါ်ကဖင်ကိုလက်နဲ့ပိတ်ပြီး မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



မိုတ်၊ အံကြိတ်လို့ အော်နေရတယ်။ ဇာတ်တိုက်အားကို လာကြည့်နေကြတဲ့ လူတွေကလည်း တစ်ယောက်တစ်မျိုး ထင်ကြေးနဲ့ ဝေဖန်ပြောဆိုနေကြ တယ်။

"ထင်းရှူးပုံးထဲကများ မြွေကိုက်လို့လားဟဲ့၊ ကြည့်ပါဦး မောင်ဝင်း ပြောင်ရဲ့"

"ဟဲ့ကလေးတွေ မင်းသားကို မြွေပွေးကိုက်လို့ဟဲ့။ ထ ထ ဟဲ့မြန် မြန်ထ"

"မြွေမဟုတ်ဘူး၊ ရောဂါဟောင်းပြန်ထတာတဲ့ဗျ"

"ဟဲ့ - အဲဒါဆို ထမင်းရောင်းတဲ့ မဂျစ်ပုကြီးဆီမှာ ဆေးမြစ်ရှိတယ် တဲ့။ မိလွန်း မိလွန်း သွားစမ်း၊ မြန်မြန်ပြေးလိုက်စမ်း၊ ဒီမှာ မင်းသား ရောဂါဟောင်းပြန်ထနေလို့ ဆေးပင်များများနုတ်ပေးလိုက်ပါလို့၊ နောက်နေ့စာပါ လုံလုံလောက်လောက်လို့ပြော သွားသွား"

တစ်ယောက်က ဝေဖန်ကြ၊ အစိုးရိမ်ကြီးကြ၊ ဝိုင်းသနားနေကြပုံရရဲ့။

"ဟော့ငမှိုင်း ဘာ ဘာဖြစ်သွားလို့လဲ"

"ကိုကိုမှိုင်း၊ ကိုကိုမှိုင်း ဆရာ ဆရာ လုပ်ကြပါဦး"

ဒါရိုက်တာရော၊ မင်းသမီးရော၊ စာရေးဆရာပါ အလန့်တကြား ဟန်နှင့် ပြေးဝင်လာပြီး ဝိုင်းမေးကြတယ်။ ကျုပ် ကျုပ် စကားမပြန်နိုင်ဘူး။ ကိုယ်ကိုလည်း မတ်လို့မရဘူး။ လက်ဝါးနှင့်ပိတ်လို့ တဟင်းဟင်းညည်းနေရ တယ်။ ဒီမှာပဲ သူတို့က ကျုပ်လက်ကို ဖယ်ပြီး ကြည့်လိုက်ရော-

"ဟာ - ဘာကြီးလဲဟ"

"မျိုးရိုးလိုက်တဲ့ လိပ်ခေါင်းများလားဟဲ့"

"မဟုတ်ဘူး၊ နေ နေပါဦး သေ သေချာချာ ကြည့်ဦးမယ်"

"အမလေး သေပါပြီဗျာ၊ အမေ အမေ၊ မွှေး မွှေး အား. . ."

"ဘာတုံးဟ စင်းပြောင်ရ"

"တင်ပါးထဲကို သံချောင်းဝင်နေတာဟော့၊ ဆွဲနုတ်ကြပါဟ"

"အား - ဖြည်းဖြည်း လုပ် . . . လုပ်ကြပါဗျာ၊ အမလေး သေပါပြီဗျာ အား အား. . ."

ဒီမှာ လက်ရဲဇာက်ရဲ ဝိဇ္ဇာစိုးက ပြေးလာပြီး ပုဆိုးကိုဖော်လို့ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တင်ပါးထဲ နစ်ဝင်စူးမြုပ်နေတဲ့ ပစ္စည်းတစ်ခုကို ခြေကန်ပြီး ဆွဲနုတ်လိုက်တယ်။

"အား . . ."

"ဘာကြီးလဲဟ ဝိဇ္ဇာစိုးရ"

"ခုံဖိနပ်ရိုက်တဲ့ လေးမြှောင့်သံချောင်းဗျ"

"ဟေ- ဖြစ်မှဖြစ်ရလေ ငမှိုင်းရာ၊ ဘယ်လိုများလုပ်ပြီး မင်းတင်ပါးကို စူးရတာလဲကွာ"

ကျုပ် သူတို့ကို ဒီကိစ္စရှင်းမပြနိုင်ဘူး။ တင်ပါးထဲက တဆစ်ဆစ်ကိုက်နေလို့ ဆေးခန်းကို လူတွဲနဲ့ပွေ့ခေါ်သွားပြီး မေးခိုင်ကာကွယ်ဆေးထိုးရတယ်။ နောက်ညတွေ ပြဇာတ်တိုက်တော့ ပင်နီဆလင်အပါအဝင် အကိုက်အခဲပျောက်ဆေးများသောက်ပြီး ပြဇာတ်တိုက်ရတယ်။ အညော်မမိအောင်လည်း သတိထားနေရတယ်။

အဲဒီ သစ်တုံးပေါ် ထိုင်တဲ့ လဖ်ဆင်းနိ်အခန်းကိုရောက်ရင် ကြက်သီးဖြန်းဖြန်းထတယ်။ မထိုင်ခင်မှာ ဖုန်ခါသလိုလိုဟန်လုပ်ပြီး ထင်းရှူးပုံးကိုလက်ဝါးနဲ့ ပွတ်စမ်းရတယ်။ စိတ်ချရတော့မှ အသာထိုင်ရတယ်။

အဲဒီနေ့စနက်ဟာ ဘယ်သူ့စနက်လဲ သိလား။ နောင် ပြဇာတ်ပြီးလို့ အတန်ကြာမှ ဒီလက်သည်တရားခံ ကျုပ်သိခဲ့ရတယ်။ ဟိုကောင် လူလုတ်မာ စိန်အေးကြူ လက်ချက်တဲ့။ ကျုပ်က မင်းသမီးနဲ့ အချစ်ခန်း ခဏခဏတိုက်နေတာကို မြင်ပြင်းကြောကတ်လို့ ကျုပ်ထိုင်မယ့်အခြမ်းပျဉ်ပေါ်မှာ ခုံဖိနပ်ရိုက်တဲ့လေးမြှောင့်သံချောင်းကို စနစ်တကျ ထောင်ထားခဲ့တာတဲ့ဗျာ။

အရမ်းကို ဒုက္ခပေးတဲ့ကောင်ပါဗျာ၊ ဒါ ကျုပ်ရဲ့ထင်ပေါ်မှု အောင်မြင်မှု၊ စန်းပွင့်မှုကို မနာလိုဝန်တိုဖြစ်ပြီး လုပ်ကြတာဗျ သိလား။ တင်ပါးက သံစူးဒဏ်ရာပျောက်ပြီး နောက်သုံးညကျတော့ တစ်ခါ ကြုံရပြန်ရော။ ဒီအခန်းတိုက်တုန်းပဲ ဖြစ်ရတာ။ ပုံးပေါ်လည်း ကျောချင်းတပ်ထိုင် ဒိုင်ယာလော့ခ်ပြောပြီးရော တင်ပါးတစ်ပြုတ်ဖ်ဆုံလည်း ယားလိုက်တာ ပြောပါနဲ့တော့ဗျာ။ တစ်ညလုံး ကုတ်ရလွန်းလို့ အသားနီကိုလန်လို့

မင်းသမီးက -



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘာဖြစ်နေတာလဲ" တဲ့။

ကျုပ်ပြောရခက်နေတယ်။ ဒီမှာ အေးကြူက နောက်ကနေ လှမ်းပြောတယ်။

'ဝဲနှင်းခူတို့ ကာလသားရောဂါတို့က ချွေးထွက်ရင် တအားယားတာပေါ့' တဲ့။ ဗွီ - နောင်တော့လည်း ဒီကိစ္စပေါ်လာတာပဲ။ သင်းက ကျုပ်ထိုင်မယ့် သစ်တုံးအခြမ်းမှာ ခွေးလှေးယားမှုန့်တွေ ဖြူးထားတာတဲ့။

ဗွီ - ဘဝဆက်တိုင်း လူမဖြစ်မယ့်ကောင်ပါဗျာ။

❑

ဒီလိုနဲ့ ပြဇာတ်တိုက်ရက် (၁၂) ရက်လည်းရရော ကျုပ်နဲ့ ရွှေကြည်မွှေးတို့ရဲ့ မေတ္တာရေးလမ်းကြောင်းဟာ ဖြောင့်ဖြူးစပြုလာတယ်။ ကျုပ်အပေါ် ပိုပြီး ကရုဏာပို၊ သံယောဇဉ်ဖြစ်သွားရတာက တင်ပါးမှာ ခုံဖိနပ်သံစူးတဲ့ညကပဲဗျ။ သူမလေ အရမ်း အစိုးရိမ်ပိုသွားပြီး ဒါ ဒါ တစ်ယောက်ယောက်ရဲ့ လက်ချက်ဆိုတာ ရိပ်မိသဘောပေါက်သွားတယ်။ ကျုပ်အိမ်ကိုလည်း သတင်းလာမေးရှာတယ်။

အိမ်တိုင်ရာရောက် သတင်းလာမေးတော့ ကျုပ်လေ ဝမ်းသာလွန်းလို့ သံထောင်ပြီး ဒုက္ခပေးတဲ့ ကျေးဇူးရှင်ကို လွှတ်ပြီးကျေးဇူးတင်လိုက်ရတာ။ သံချောင်းက တင်ပါးအသားထဲစိုက်သွားလို့ စအိုကနေ အူထဲများဝင်သွားရင် ခမျာကလေ ဘယ်လောက်များ ကရုဏာမိုးတွေ ရွာလိုက်မလဲ မသိဘူး။

အင်း - ကြိုးချင်းထားတော့ ကြိုးချင်းငြိပြီး အိုးချင်းထားတော့ အိုးချင်းထိစကားလိုပဲလေ။

"ကိုကိုမှိုင်း ဒဏ်ရာအတော်များသလားဟင်လို့"

"များတယ် မွှေးရယ်"

သူမသတင်းလာမေးတဲ့အချိန်က ကျုပ်က အိပ်ရာပေါ်မှာ တစောင်းလေးနေရချိန်ကိုး။ သို့ကလိုမေးတော့ ကျုပ်လေ တင်ပါးကိုလှန်ပြီးပြလို့ လုပ်တော့ -

"နေ ဓိန ကိုကိုမှိုင်း၊ နေသာသလိုနေပါ။ မွှေး မကြည့်ပါရစေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမှိုင်းရယ်၊ မွှေး လုံးဝ စိတ်မကောင်းဘူး ဟင်းဟင်း၊ မေမေက လည်း ကိုကိုမှိုင်း သတင်းကြားပြီးကတည်းက စိတ်မကောင်းလို့ ထမင်းတောင် မစားနိုင်ဘူး ကိုကိုမှိုင်းရဲ့"

(ဟွန်း—မစားနိုင်ပေလို့ပေါ့ဗျာ၊ ရောက်လာစက ကိုယ်လုံးနဲ့ အခု ကိုယ်လုံး တခြားစီပဲ။ ဒီရောက်မှ တရုတ်ပြေးမင်းလို ဟင်းခွက်သုံးရာနီး ပါး နေ့စဉ်စားသောက်နေရတော့ အများကြီး ဝဖြိုး၊ ကုပ်ပိုးအဆီတက်လို့ သွေးပေါင်တိုးပြီး လမ်းမလျှောက်နိုင်ဘူး) ကျုပ်က မသိချင်ယောင်ဆောင် ပြီး -

"ဟုတ်လား"

"ခုလည်း လိုက်ပို့မယ် တကဲကဲလုပ်လို့။ ခေါင်းက နည်းနည်းမူးနေ လို့ ကိုစိန်အေးကြူနဲ့ ထိုင်စကားပြောနေကြတယ်။ ဒါ တစ်ယောက် ယောက်စနက်နေမှာပဲ ကိုကိုမှိုင်းရဲ့"

"အခု ရေဘယ်သူခပ်ပေးနေသလဲ မွှေး"

"ကိုစိန်အေးကြူ နေ့ရောညပါ ခပ်ပေးနေရတာပေါ့"

"ဟင်"

"ဘာ ဘာဖြစ်လို့လဲဟင်လို့"

"အဲ အဲ ဘာ ဘာမှမဖြစ်ပါဘူး မွှေးရဲ့၊ အဟဲ အား မွှေး မွှေး"

"ရှင်- ကိုကိုမှိုင်း"

သူမက ကျုပ်ကိုငေးကြည့်နေတယ်။ ဝင်းမွတ်သန့်စင်တဲ့ မျက်နှာ လေးဟာ တိမ်စင်လလိုပါပဲ အေးမြလို့။ ကျုပ်လေ သူမရဲ့ ပြစ်မျိုးမဲ့မထင် မျက်နှာတော်ငွေလမင်းကို တစိမ့်စိမ့်ကြည့်ရင်း -

"မွှေးကို ကိုကိုမှိုင်း အား အား. . ."

"ဘာဖြစ်နေလဲဟင်၊ ကိုကိုမှိုင်းကိုမြင်လိုက်ရရင် ပယောဂတပ်နေ သလိုပဲ။ ဆရာလေးဘာလေးနဲ့ ပြကြည့်ပါဦး အစ်ကိုရယ်"

"အား အ အ"

လူက မနေနိုင်အောင် လွန့်နေရတယ်။ လွန့်မပေါ့ဗျာ ပုရွက်ဆိတ် တာ အစုရှာရင်း ဝင်ကိုက်နေတာကိုး။ ဒုက္ခပါပဲ ဘယ်လိုလုပ်ရမှန်း မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



"မွေး မွေး ဟို ဟိုဘက်ကို ခဏလေး လှည့်နေပါ မွေးရယ် ခဏ
လေး"

"ဘာဖြစ်လို့လဲ ကျွန်မ နှိပ်ပေးရမလားဟင်"

"အမလေး အခုဟာက နှိပ်ပေးလို့မရဘူး၊ နှိုက် နှိုက် အဲ အဲ ဖယ်ဝ
မှရမှာ။ ဟိုဘက်လှည့်နေ"

သူမ ဟိုဘက်ကိုလှည့်နေတုန်း ဒုက္ခပေးနေတဲ့ အေးကြူတို့အမ
ညီတစ်ဝမ်းကွဲ ပုရွက်ဆိတ်ကို လက်နှင့် အမြန်ပွတ်ခြေသတ်ပစ်လိုက်
တယ်။ တောက် - အရေးထဲတောင် အရာက လာပေါ်နေသေးသ
ဟုတ်ပါ့ဗျာ၊ ကျုပ်က သတင်းကြီးနေတဲ့ ပြဇာတ်မင်းသားဖြစ်နေမှုကို
အတိုက်အခိုက်တွေများ ဝင်နေသလား မသိဘူး။ အချိန်ရမှ ရေအော
ဝိဇ္ဇာဥ်ပယောဂဆရာကြီး အာဖျံရှိုး ဦးပွေးဆင့်ဆီ ဘယာကြော် အစိ
ဖိုးဝယ်ပြီး မေးမြန်းကြည့်ရမှာပဲ။

(မှတ်ချက်- ဆရာကြီးအာဖျံရှိုး ဦးပွေးဆင့်သည် ဘယာကြော်ဝေ
မှာ အင်းကွက်ချလို့ သူကိုယ်တိုင် စီရင်ထားသော ဥ ပလုံစွပ် မလွတ်စ
မြုပ်ဆရာမြုပ် နစ်ဆရာနစ် လုံးဝမပေါ်နဲ့ ဟူသော ပယောဂနှင့် သက်
မန်းမှုတ်လိုက်၍ ၎င်းဘယာကြော်ကို ရေတွင်မျှောလျှင် ရေနစ်သောသူ
လုံးဝ အလောင်းပြန်မရပါလေ။ လိုအပ်လျှင် ကျွန်ုပ်မှတစ်ဆင့် ဆ
သွယ်ပါရန်။)

"ပြီးပြီလား ကိုကိုမှိုင်း"

"အဟီးဟီး လှည့် လှည့်တော့ ဟူး . . ."

"ကဲ - ပြော၊ စောစောက ဘာတဲ့"

"ဩ- အဟော ဟော ဒီလိုပါ မွေးရယ်၊ မပြောလည်းမပြီး၊ မ
လည်း မပြည့်မို့လား။ ကိုကိုမှိုင်း မွေးကို သံယောဇဉ်ဖြစ်နေ
ကြာပါပြီ မွေးရယ်။ အဲဒါ မွေး ဘယ်လိုများ သဘောသလဲလို့
ချင်တာလေ"

ရွှေကြည်မွေးက သူမရဲ့ လက်သည်းကြားက ကြေး (ချီး)များ
အခြားလက်သည်းနဲ့ ကလော်ရင်းက -

"စဉ်းစားပါရစေဦး အစ်ကိုရယ်"

www.burmeseclassic.com



"ဘာတွေများ စဉ်းစားရဦးမှာလဲ မွှေးရယ်၊ ကိုကိုမှိုင်းက ကားမရှိလို့လား၊ တိုက်မရှိလို့လား၊ ရွှေဒင်္ဂါးကို ခင်းမကာစားနိုင်လို့လား။ ဘဝဆိုတာ လှေတစ်စင်းပါ မွှေး။ ရေဆန်ကိုတက်ရင်လည်း အတူလှော်၊ ဝဲကတော့တွေ့ရင်လည်း အတူရင်ဆိုင်။ သစ္စာတရားကို သေဖော်သေဖက်လို့မှတ်။ နှလုံးသားရွက်တိုင်ကို စွယ်တော်ရွက်လို နှစ်လွှာပေါင်း တစ်ရွက်လုပ်ကြရင်း . . ."

ကျုပ်လည်း ဖတ်ထားတဲ့ ဝတ္ထုစာအုပ်တွေထဲက စာသားတွေကိုရွတ်ပြီး နှလုံးသားပြတိုက်ဖွင့်ပွဲကြီး လုပ်ချလိုက်ရော မွှေးရယ်လေ တအံ့တသြကြီး ငေးကြည့်နေပါရော။

"ဟိုး ဆရာကြီး ဟိုး၊ ဒါဇာတ်တိုက်နေတာ မဟုတ်ဘူး။ လူနာသတင်းလာမေးတာ။ သိပ်မလှုပ်ပါနဲ့ ကိုကိုမှိုင်းရယ်၊ ကိုကိုမှိုင်းလိုပါပဲ။ ကိုစိန်တလည်း ကျွန်မကို ဟို ဟို . . ."

"ကိုစိန်၊ ဘယ်က ကိုစိန်လဲဟင်၊ ရေစည်တိုက်တဲ့ကိုစိန်လား၊ ပဲနံပြားရောင်းတဲ့ ကိုစိန်လား မွှေး"

"ဘယ်ကိုစိန်ရမှာလဲ ကိုကိုမှိုင်းရဲ့ အစ်ကိုသူငယ်ချင်း ကိုစိန်အေးကြူရယ်"

"အံမယ် - ဒီငကောင်က မွှေးကို ဘာတွေ ချွန်တွန်းလုပ်မြန်ပြီလဲ"

"သူကလည်း မွှေးကို ဟို ဟို ရည်းစားစာပေးတာ (၇)စောင်တောင်ရှိသွားပြီ"

"ဟင် - ဆယ်ရက်ပဲ ဇာတ်တိုက်ရသေးတယ်၊ ရည်းစားစာက ခုနစ်စောင်တောင်ရှိသွားပြီ။ အမလေး မွှေး မွှေး ဒီကောင့်ကို သတိထားနော် အထူးသတိထား"

"ရှင် - ဘာ ဘာဖြစ်လို့လဲဟင် ဟင်"

"အဲဒီကောင်ရဲ့ ပေါင်နှစ်ဖက်နဲ့ တင်ပါးတွေ၊ ခါးတွေမှာ ဝဲနှင်းခူတွေကို ပွလို့ ခင်ဗျ။ မယုံရင် ခါးတောင်းကျိုက်ခိုင်းကြည့်၊ ဒီကောင်လုံးဝ မကျိုက်ရဲဘူး။ သူ့အမေဆိုရင် လက်တွေတိုလို့"

"ဟင် - လက်တွေတိုလို့၊ မနက်ကပဲ သူ့အမေ သုပ်ပေးလိုက်တာဆိုပြီး လက်ဖက်သုပ်တွေ လာပေးလို့ စား၊ စား အာ အာလေး ဝေါ့



www.burmeseclassic.com

www.burmeseclassic.com



ဝေါ့ အေ့ ဝေါ့ အစ်ကို အစ်ကို တကယ် ပြော. . . ပြောတာလားဟင် ဝေါ့"

"တကယ်"

"ဘုရားစူး"

"စူး. . ."

"မိုးကြိုးပစ်"

"ပစ်"

"အို - ဒါဆို ဒုက္ခပါပဲ၊ ကျွန်မတို့က နေ့တိုင်း သူပို့တဲ့ဟင်းတွေကို စားနေတာ၊ ဘုရား ဘုရား ဘယ်လိုလုပ်ရမလဲဟင်"

"နောင်မစားနဲ့ပေါ့ မွှေးရယ်၊ ဖြစ်နိုင်ရင် ပြဇာတ်ပြီးတာနဲ့ သွေးလေး ဘာလေးသွားစစ်၊ ကိုကိုမှိုင်း လိုက်ခဲ့မယ် သိလား။ အစောကြီးက တည်းက ပြောချင်နေတာ"

"ဒုက္ခပါပဲ။ အေ့ ဝေါ့ ဝေါ့ တော်ပြီ နောက်များဆို အဲဒီလူကြီး လာပေးသမျှ လုံးဝပဲ အေ့ အေ့ ဝေါ့ ဝေါ့"

"ရော့ ရော့ သိပ်မအန်အောင် ဒီလျက်ဆားလေးစားလိုက်ရော့"

ကျုပ်ရဲ့ပစ်ချက်က ဒီနေရာမှာတည့်ပဲဗျ။ ရွှေကြည်မွှေး လန့်ရွံ ကြောက်ပြီး အန်လိုက်တာရယ်။ သည်မှာ ကျုပ်လှမ်းပေးတဲ့ လျက်ဆား ကို အလျင်အမြန် လျက်လိုက်တယ်။

"ဒါကြောင့် ကိုကိုမှိုင်းကိုပဲ မွှေးရဲ့ မေတ္တာပန်း ပန် ပန်. . ."

"နေ နေပါဦး ကိုကိုမှိုင်းရယ်၊ ဟို ဟိုလေ ပြဇာတ်ကပြီး မနက်ပိုင်း ကျမှ ကျွန်မ စဉ်းစားပြီး အဖြေပေး. . . ပေးပါရစေနော် နော်လို့"

"တကယ်"

"တကယ်ပေါ့"

"နှစ်ကယ်"

"အို - ဘာမှန်းလဲ မသိဘူး၊ သူများရှက်ပါတယ် ခစ် ခစ် ခစ်"

"ဟား ဟား ဟား ဟီး ဟီး ဟီး အဟတ် အဟတ် ဟက်ဟက် ခစ်"

"ဟင်- ကိုကိုမှိုင်း ဘာဖြစ်လို့လဲ ပါးစပ်ကြီးရွဲ့သွားပါတာလား။ လာ လာကြပါဦးရှင် ဒီမှာ ဝက်ရူးပြန်နေလို့"

www.burmeseclassic.com

www.burmeseclassic.com



"အား ဂစ် ဂစ် ဂစ် အား အား အ"

ဝမ်းသာလွန်းလို့ အားရပါးရ ရယ်ပစ်လိုက်တာ အခန့်မသင့်တော့ မေးလွဲပြီး အံလွန်သွားတယ်။ ပြန်တည့်လို့ မရဘူး။ ခါနေတဲ့သွားက မိုးပေါ်ကို မျှော်သလိုဖြစ်ပြီး ပါးစပ်ကြီးရွဲ့နေတော့ မွေးက ပါးစပ်ရွဲ့မေးရွဲ့ သွားခေါလန်ကြီးကိုကြည့်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေတယ်။ ဒီမှာ ဝက်ရူးပြန်တယ်မှတ်ပြီး အိမ်တံခါးဝကနေ ကုန်းအော်ပါလေရော။ အဖေကလည်း ရွာထဲသွားနေ၊ အမေကလည်း မရှိ။ လူက တဝူးဝူးတအား အားနဲ့ ခွေးရူးလို သွားရည်တွေကျနေပြီ။ ဒီမှာ ကျုပ်က ခြေဟန်လက်ဟန် နဲ့ ပြန်တည့်သွားအောင် ပြောတာကို သဘောမပေါက်ဘူး။

"ဘာလုပ်ပေးရမလဲဟင်၊ အစ်ကိုပြောတဲ့ ဆရာကြီး ဦးပွေးဆင့်ကို ပြေးခေါ်ပေးရမလား၊ ဆရာကြီးဂေါ်မင်းလှိုင်ကို ခေါ်ပေးရမလား ပြော ပြော အစ်ကို"

ကျုပ်က စကားပြောရော ခြေဟန်လက်ဟန်ပါ ပြောပြလို့ မရတဲ့ အဆုံး စာရွက်ပေါ်မှာ ဘောလ်ပင်နဲ့အမြန်ရေးပြီး သူ့မလက်ထဲကို ထည့် ပေးလိုက်တယ်။ ရွှေကြည်မွေးကလည်း စာရွက်ကိုဖတ်ပြီး ချက်ချင်း သဘောပေါက်သွားတယ်။

သည့်နောက် သူမရဲ့ညာလက်ကိုမြှောက်ပြီး ချက်စိမှိတ်လို့ ရွဲ့နေ တဲ့ ပါးချိတ်ကို တအား ရိုက်ချလိုက်တယ်။

"ဖြောင်း"

"ဂွပ်"

"အားလားလား အ အမေရဲ့ ဟင်း. . ."

"ဟင် - ကိုကိုမှိုင်း၊ ကိုကိုမှိုင်း သတိရရဲ့လား"

ရိုက်ချက်ကလည်း မြင့်ပါပေရဲ့ ခင်ဗျာ။ ဆယ်ပေါင်တူနဲ့ လွဲရိုက် လိုက်သလိုပဲ။ လူဆိုတာကလေ မျက်ခွက်တစ်ပတ်လည်သွားပြီး ခေါ်ပြီး မိုးမျှော်နေတဲ့သွားတွေ တာဝတိံသာရောက်သွားသလား မှတ်ရတယ်။ ဖြောင်းခနဲအသံနဲ့အတူ ရွဲ့ပြီးလွဲနေတဲ့ မေးဟာ ဂွပ်ခနဲပြန်တဲ့လို့ နဂို အနေအထားအတိုင်း ပြန်ဖြစ်သွားတယ်။

"သိပ်. . . သိပ် နာ. . . နာသွားသလားဟင် ဟင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အား- ကျွတ် ကျွတ် နာ နာပါဘူး အဟီး ကိစ္စမရှိဘူး ကောင်းကောင်းသွားပြီ၊ အဟီး ကိုကိုမှိုင်း အရမ်း အရမ်း ကျေးဇူးတင်ပါတယ် မွေးရယ် သိလား၊ ဟင်း ဟင်း ဟင်း ခစ် ခစ် ခစ် ဂွပ်"

"ခစ် ခစ် ခစ် အားနာလိုက်တာ ကိုကိုမှိုင်းရယ်၊ ကန်တော့နော် တန်တော့"

"ရတယ်၊ ရတယ်၊ ဒါက အရေးပေါ်ကုထုံးကိုး မွေးရယ်။ အဟစ် အဟစ် အဟစ်"

ကြိတ်မှိတ်ပြီး ဟန်ဆောင်နေရတာဗျ။ သင်းရိုက်ချက်က ဒီညနေစာ ထမင်းစားလို့မရမှာ ကျိန်းသေတယ်။ သင်းနဲ့များ ညားလို့ ရန်ဖြစ်ရင် ဒီရိုက်ချက်မျိုးနဲ့ဆို ကျုပ်သွား (၃၂) ချောင်းဟာ တာဝတိံသာက သစ်ပင်မှာ အမြဲတမ်း ချိတ်နေမှာပဲ။ သို့သော်လည်း မြင်မကောင်းရှုမကောင်း ပါးစပ်ရွဲ့ကြီး နဂိုအတိုင်းပြန်ဖြစ်ပြီး စကားပြောနိုင်သည့်အတွက် ကျုပ်တို့ ကြည့်ပြီး အရမ်းဝမ်းသာနေတယ်။ သူမကိုကြည့်ပြီး ကျုပ်အရေးပေါ်ကုထုံးခေါ် အအုပ်ခံရတာကို တန်ပါတယ်လို့ မှတ်ယူလိုက်ပါတယ်။ သူမက ပြောသေးတယ်ဗျ။

"အစ်ကို ညဏ်သွားပေလို့၊ နို့မို့ ကျွန်မ လန့်ပြီးလဲသေသွားနိုင်တယ်" တဲ့။

ညဏ်မသွားလို့ မဖြစ်ဘူးလေ၊ ဒါက လက်တွေ့နည်းကိုး။ သူမတို့ ကျုပ်က ဘယ်လို စာရေးပြောလိုက်မှတ်လို့ပဲ။

"မွေး၊ ကိုကိုမှိုင်းရဲ့ ရွဲ့နေတဲ့ ညာဘက်ပါးကို မွေးရဲ့ လက်ဝါးနဲ့ အသားကုန် လွှဲရိုက်ချလိုက်ပါ။ ပြန်တည့်သွားပါလိမ့်မယ်"

မှာသတည်း။

(မှတ်ချက် - အကယ်၍များ အရယ်လွန်၍ မေးရိုးလွဲမေး ရွဲ့သွားပါလျှင် ယခု ဖော်ပြပါနည်းအတိုင်း လက်ဝါး (သို့) လက်သီးနဲ့ တစ်ချက်ကောင်းသာ ရိုက်ထိုး၍ ကုပါလေ။ နဂိုအတိုင်း ဂွပ်ခနဲပြန်နေရာကျသွားပါလိမ့်မည်။ ၎င်းနည်းကား ပယောဂဆရာကြီး အာဖုံရှိန်ဦးပွေးဆင့်၏ ဘွားအေအစဉ် မိခင်အဆက်နှင့် သူ့ဇနီးလက်ထက်တိုင် ရိုးရာမပျက်သုံးခဲ့သော ပယောဂကုထုံးကျမ်းမှနည်းတစ်နည်းဖြစ်သည်။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဦးပွေးဆင့်ကတော့ ဒါ သူ့ဘိုးဘွားပိုင်ဟု ပြောပါသည် ခင်ဗျာ)

▮ ▮ ▮



www.burmeseclassic.com

www.burmeseclassic.com

# (၆)

## လွှမ်းတော်မူလို့ စာကိုစီမယ်

သကြံန်အကျနေ့ရောက်ပြီ။

ဖို့မြေလမ်းထိပ်က ကျုပ်တို့က,မည့် ဇာတ်စင်ကြီးကလည်း လှည်းတန်းပြည်ထောင်စု ထွန်းကြည်ဇာတ်မှ ဇာတ်စင်မီးကာ၊ ကန့်လန့်ကာ၊ စပေ့ါလိုက်များနှင့် ဟီးဟီးထ ခန့်ညားထည်ဝါလို့ မသိရင် မြို့တော်သိန်းအောင်များ ကမှာလားလို့ အထင်မှားလောက်ပါပေရဲ့ ခင်ဗျ။

အောက်က မြေကျင်းထဲမှာလည်း ဂန္ထဝင်ငယ်ဆရာကြီး ဦးမြသောင်းရဲ့ သားရတနာများ ဖြစ်ကြတဲ့ ဂီတမှူး ရွှာစားကိုအေးသိန်း၊ ကိုတင်ရွှေတို့ရဲ့ ဝဲဆိုင်းယာဆိုင်းကလည်း နုတ်စ်ဒေါက်စင်များနဲ့ အခန့်သား။

မြို့ထဲမှာလည်း နံရံကပ်ကြော်ငြာတွေနဲ့ ကြိုတင်ကြော်ငြာကပ်ထားတော့ကား ပရိသတ်က ဝက်ဝက်ကွဲကို စည်ကားနေလေရဲ့။ မိုးစုံးစုံးချုပ်ရာတည်းက ကိုအေးသိန်းတို့တီးဝိုင်းက သံစုံတီးမှုတ် ဧည့်ခံနေလိုက်တာ။ ဂီတသံများကလည်း ပွဲခင်းကိုလွှမ်းပြီး အခြားရပ်ကွက်များကပါ အတိုင်းသားကြားနေရရဲ့။

ပွဲဈေးတန်းကြီးဆိုတာများ ဆံတော်ရှင်ကျိုက်ခေါက်ဘုရား ပွဲဈေးတန်းအတိုင်းပဲ တစ်မျှော်တစ်ခေါ်ကြီး။ စားချင်စရာ ဈေးသည်များက စုံနေတာပဲ။ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်များက ပလာတာရိုက်သံ၊ သံဒယ်ပြားကို ဂေါ်ပြားနဲ့ရိုက်သံများကလည်း ညံနေတာပဲ။ ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



များလွန်းလို့ ဘကြီးစံရတို့၊ ဦးဘစုတို့ လူကြီးပိုင်းကလည်း ပွဲခင်းကို ကြပ်ကြပ်မတ်မတ် ထိန်းပေးနေရတယ်။

ကိုယ့်အရပ်ဇာတ်ကြီး သို့ကလို စည်ကားနေတာမြင်ရတာ ဝမ်းလည်းသာ၊ ကြွားလည်းကြွားပေ့ါ။ ဘယ်ရပ်ကွက်မှ ဒီအချိန် သင်္ကြန်မှာ ပြဇာတ် မကကြဘူး။ ကျုပ်တို့ တစ်ရပ်ကွက်ထဲ ချွန်ပြီး ကတာကလား။

ပြဇာတ်အမည်ကလည်း သေမင်းငင်တဲ့ပိတောက်တဲ့။ အချစ်လျှို့ဝှက်သည်းဖို။ ဒါရိုက်တာက ဆရာကြီးစိန်ဝင်းပြောင်။ စာရေးဆရာက အီသီယိုးပီးယားပြန် မင်္ဂလာသောင်း၊ (၎င်း မင်္ဂလာသောင်းကား အီသီယိုးပီးယားနိုင်ငံမှာ သုံးနှစ် အလုပ်လုပ်ခဲ့သူဖြစ်၍ အီသီယိုးပီးယားပြန်ဟု အရပ်က ခေါ်ကြ၏။) ဇာတ်ဝင်တေးဆိုရင်လည်း နာမည်ကျော် ခဲမလောက် ဝိဇ္ဇာစိုးက ပင်တိုင်ရေးတာ။ အားလုံး နာမည်ကြီး မြို့မေတ္တာ ရွှေမေတ္တာ ခံယူကြမည့် သားကောင်းတွေချည်းပဲ။

ဒီဇာတ်မှာ ကျုပ်က ကိုရင်မောင်မှိုင်း ဆင်းရဲသား၊ ဇာတ်လိုက်မင်းသမီးခင်သစ္စာ (ရွှေကြည်မွှေး)တို့ဆန်စက်က အလုပ်သမားလေး။ ခင်သစ္စာက ဆန်စက်ပိုင်ရှင်သူဌေးရဲ့ တစ်ဦးတည်းသောသမီး၊ ပညာတတ်တယ်။ စိန်အေးကြူက လယ်ပိုင်ရှင်သူဌေးရဲ့သား၊ ကလေကချေ အလေလိုက် မိဘပိုက်ဆံကို ဖြုန်းသုံးနေတဲ့ လူရှုပ်လူလည်။

ခင်သစ္စာရဲ့ မိဘများက ကလေကချေ သူဌေးသား ရန်ကြီးငွေ (စိန်အေးကြူ) နဲ့ သမီးလုပ်သူကို သဘောတူ ပေးစားချင်တယ်။ ကျုပ် (ကိုရင်မောင်မှိုင်း)ကို ရိုးဂုဏ်နဲ့ချစ်နေတာ။ ဒါကို ရန်ကြီးငွေ (စိန်အေးကြူ) က လုံးဝ မနာလိုလို့ ကျုပ်ကို သူခိုးဘဝရောက်အောင် ဉာဏ်ကစားခဲ့ပြီး အကွက်ဆင်ခဲ့လို့ ကျုပ်အလုပ်ပြုတ်ခဲ့ရတယ်။ ကျုပ်အရှက်ကြီးစွာနဲ့ ချစ်သူအပါးမှ ထွက်ခဲ့ရ။ သည့်နောက် ဘဝကို ခက်ခဲပင်ပန်းကြီးစွာ ရုန်းကန်ရင်း မကြာခင် ကြီးပွားချမ်းသာလာ။

ဒီအချိန်မှာပဲ ရန်ကြီးငွေနဲ့ ကျုပ်ချစ်သူ ခင်သစ္စာတို့ဟာ မိဘများသဘောတူညီချက်အရ အကြီးအကျယ် မင်္ဂလာဆောင်မယ့်ည။ ကျုပ်က ကျုပ်ချစ်သူကို အရဲစွန့်ပြီး မင်္ဂလာဦးညမှာခိုးပြေး၊ ရန်ကြီးငွေတို့အုပ်စုက သိသွားပြီး လက်နက်မျိုးစုံနဲ့ ဝိုင်းအလိုက် ရန်ကြီးငွေပစ်လိုက်တဲ့ သေ



www.burmeseclassic.com

www.burmeseclassic.com



**နှုတ်ကျည်ဆန်က ကျုပ်ကိုမမှန်ဘဲ ချစ်သူ ခင်သစ္စာကိုမှန်ပြီး ခင်သစ္စာ သေ၏။**

ကျုပ်လည်း ချစ်သူအတွက် ဒီကောင်တွေကို ကလဲ့စားချေရင်း သေနတ်မှန်သွား။ ချစ်သူ ဦးခေါင်းပေါ်က ပိတောက်ပန်းလေးကို ကောက်ယူနမ်းရင်း ချစ်သူအပါးမှာသေသွားတဲ့ ဇာတ်လမ်း။ အချစ်၊ အကြမ်း၊ အလွမ်း၊ ဟာသ အစုံရောသမမွှေထားတာ။

ဒိုင်ယာလော့ခ်စကားပြောခန်းများကလည်း အပျံစားချည်းပဲ။ ပျံမှာပေါ့။ ဆရာ တက္ကသိုလ်ဘုန်းနိုင်ဝတ္ထု၊ တက္ကသိုလ်ဟန်ဖင်းအောင်ဝတ္ထု၊ မြင့်နီတို့၊ မြင့်ကျော်တို့၊ ကရမက်တို့ရဲ့ ဝတ္ထုစာအုပ်တွေထဲက တအားကိုကူးချ၊ ခိုးချပြီး မင်္ဂလာသောင်းက ပေါင်းသမမွှေ၊ ရောသမမွှေထားတာ ဥစ္စာ ကောင်းတာပေါ့။

ဒီပြဇာတ်တစ်ထုပ်လုံးမှာ ကျုပ်အကြိုက်ဆုံးအခန်းက ချစ်သူကို ပိတောက်ပန်းတွေပေးပြီး ရင်ခွင်ထဲဆွဲသွင်း၊ ပန်းပိတောက်ကို ချစ်တယ် အသွားမျိုး ဝိဇ္ဇာစိုး မအိပ်မနေဖွဲ့ထားတဲ့ စုံတွဲသီချင်းကို အပီဟစ်တဲ့အခန်းပဲ။ ဟီးဟီး- တကယ်လည်း ဒီည အပီအပြင်ဟစ်မှာ၊ ချစ်မှာ။ ဒီအခန်းက ဇာတ်တိုက်ကတည်းက ပရိသတ် လက်ခုပ်တီးတဲ့ နှစ်ပါးသွားအခန်း။

ဒီပြကွက်မှာ အခြေအနေမျှားပေးခဲ့ရင်လား လက်ထဲက ပန်းပိတောက်တွေကိုလေ ရွှေမန်းကိုဝင်းဗိုလ်တို့၊ ကိုညွန့်ဝင်းတို့လို ပရိသတ်ထဲ ကြပစ်လိုက်မှာ။ တကယ့်ကို ကြပစ်လိုက်မှာ။ အဲဒီမှာ ချောချောလှလှ ကောင်မလေးတွေက ပြဇာတ်မင်းသားချော ချစ်ကိုကိုမှိုင်း ပစ်ပေးတဲ့ ပန်းဆိုပြီး အလုအယက် ပြေးလုကောက်ကြပြီး ရွှေရောင်ပိတောက်ပန်းတဲ့ အမှတ်တရ သိမ်းရမယ်ဆိုပြီး အိမ်ယူသွား။ ညဘက် ရင်ခွင်ထဲမှာအပ်ပြီး သူတို့လေးတွေ ကျုပ်အပေါ် စိတ်ကူးတွေယဉ်။ ဟီးဟီး- သေပျော်ပြီဗျာ၊ တကယ့်ကို သေပျော်ပါပြီ၊ ဟီး ဟီး ဟိ ဂွိ ဂွိ ဂွဲ အဟဲ အဟဲ။

ဒီနှစ်ကျမှ သင်္ကြန်အကြိုမိုးကလည်း မရွာပါဘူးဗျာ။ မိုးမရွာတော့ ပိတောက်မပွင့်ဘူး။ ပိတောက်အစစ်မရတော့ ပိတောက်စက္ကူပန်း ဈေးရာ ဖိုးဝယ်ပြီး ကြိုသိမ်းထားခဲ့ရတယ်။ အခု အဲဒီပန်းစည်းကို အဝတ်အစားထည့်တဲ့ သေတ္တာပေါ်မှာ ပန်းအိုးနဲ့ အကျအနထိုးထားတယ်လေ။ ရယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဖြစ်အောင်ပေါ့။

ရှေ့ပိုင်း ဧည့်ခံဖျော်ဖြေရေးအစီအစဉ်အဖြစ် ဦးဘစုသမီး မူလကျီ ဘစုတို့၊ ဦးပေါ်သောင်းသမီး အီဗရာပေါ်သောင်းတို့၊ မင်္ဂလာသောင်းရဲ့ ဇနီး မဒမ်မင်္ဂလာသောင်းတို့၊ ကာလသားခေါင်း ကိုလှရွှီမိန်းမ မယ်သီလ ရှင်ထွက် မအိန္ဒြာကျော့်ဝှင်တို့က တစ်ယောက် သီချင်းတစ်ပုဒ်စီဟစ်သွား ကြတယ်။

အရေးထဲ ကာလသားခေါင်း ကိုလှရွှီမိန်းမ မအိန္ဒြာကျော့်ဝှင် သီ ချင်းဆိုနေတုန်း ဆံပင်အတုကြီး ပြုတ်ကျသွားလို့ ခေါင်းတုံးကြီးနဲ့ဖြစ်သွား တော့ ပရိသတ်က ခေါင်းတုံးမ၊ ခေါင်းတုံးမနဲ့ အော်ဟစ် အားပေးကြပြန် ရော။

အဲဒီလိုနဲ့ ဟာသတစ်ခန်းရပ်လည်းပြီးရော ပြဇာတ်ရှည်ကြီးထွက်ပါ လေရော။

တစ်ခန်းပြီးတစ်ခန်း ကိုယ့်ဇာတ်ရုပ်နဲ့ကိုယ် အပီအပြင် သရုပ် ဆောင်သွားကြတာ။ အားလုံးကွက်တိပဲ။ မင်္ဂလာသောင်းကလည်း ပြုံးလို့၊ ဦးဘစုကလည်း မြူးလို့။ ဒါရိုက်တာ ကိုဝင်းပြောင်ကလည်း တစ်ခန်းပြီး သွားတိုင်း လက်မတထောင်ထောင်နဲ့။ အိုကေအိုကေ ဆိုတာ ပါးစပ်က မချဘူး။ ဝိဇ္ဇာစိုးကြီးကလည်း အလကားရတဲ့ လက်ဖက်တွေ နင်းကန် စားပြီး ဗိုက်နာလို့ အိမ်သာပြေးလိုက်၊ တီးဝိုင်းကို ဆရာလုပ်လိုက်နဲ့ လူလုံး ဟန်ရေးပြကောင်းလို့။

ဇာတ်ဝင်ခန်းတစ်ခန်းမှာ ကျူပ်က မင်းသမီး ခင်သစ္စာကို ရယ်ပြ လိုက်တော့ ဇာတ်စင်ထောင့်က အရက်သမားသုံးယောက်က -

“သိပ်မပြုံးနဲ့၊ သွားတွေ အအေးပတ်မယ်”

လို့ အော်လိုက်တာ လူကို တွန့်သွားတယ်။ ဒီလိုနဲ့ ကျူပ်အပိုင်ဆုံး အကြိုက်ဆုံး မင်္ဂလာအယူရဆုံး၊ ပရိသတ် လက်ခုပ်သံအစည်ဆုံး နှစ်ပါး သွားအခန်းကို ရောက်လာပါရော။ ခင်သစ္စာ (ရွှေကြည်မွှေး) ကလည်း ဝိဇ္ဇာစိုးကြီး ရေးဖွဲ့ထားတဲ့ အမျှော်စိုက်သီချင်းကို မိုက်ခွက်ရှေ့မှာ သီဆို နေတယ်။

“မျှော်ရသူ ရင်မှာလွမ်းလို့၊ ပန်းပိတောက်တွေလည်း ဖူးပွင့်ခဲ့ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



**မောင်ရေ မောင်ရေ ဘယ်ဆီရောက်ရမ်း လွမ်းသူ့ရင်မောသလေ။**
**ချစ်သူရေ မယုံ့ထံပါး အလွမ်းတော်ဖြေဖို့နေ။**
**ညြှာ- အစ်ကို၊** အစ်ကို ဒီနေ့ဒီနေရာမှာ ခင်သစ္စာစောင့်နေနော်
**ဆိုလို့** ခင်သစ္စာ မျှော်နေတာ အချိန်တွေ ရင့်မာစပြုခဲ့ပေါ့ အစ်ကို
**ရယ်။** အစ်ကို ဘယ်များခရီးလွန်နေလို့ပါလိမ့်။ ကျွန်မကတော့လေ
အစ်ကိုကို ချစ်လွန်းလို့ အရဲစွန့်ပြီး ဒီနေရာမှာ စောင့်နေရတာပါ
အစ်ကိုရယ်"

ဒီအချိန်မှာ ကျုပ်ကလည်း ပိတောက်ပန်းစည်းကြီးကိုင်ပြီး ထွက်ချင်လွန်းလို့ လူက မုန့်လေပွေလိုရှူနေပြီဗျ။ အရေးထဲ သီချင်းက နောက်တစ်ခေါက် ပြန်ကြော့နေရသေးတယ်။ ဒီနေရာမှာ ကျုပ်က ဝိဇ္ဇာစိုးကို လွှတ်ကျိန်ဆဲမိတယ်။ ဒါနဲ့ သည်းညည်းခံပြီး အမေ့ပေါင်ဒါဘူးကို ကပျာကယာထုတ်လို့ မျက်နှာကိုပွတ်လိုက်တယ်။ လက်များသွားပြီး ပေါင်ဒါတွေ ပါးစပ်ထဲဝင်သွားလို့ လက်ညှိုးနဲ့ အလျှင်အမြန် ကတော်ထုတ်နေတုန်း -

ပြန်ကျော့သီချင်းဆုံးတာနဲ့ ပန်းစည်းကြီးကိုင်ပြီး အိုင်တင်အပြည့်လေးနဲ့ လှမ်းဝင်လိုက်ရော စပေါ့လိုက်မီးနှစ်လုံးက ကျုပ်တို့နှစ်ဦး ကိုယ်ပေါ်ကို စက်ဝိုင်းပုံသဏ္ဍာန် ကျလာပါရော။ ခင်သစ္စာကလည်း ဒီညမှာလှလိုက်တာဗျာ။ ဘီအေဆံထုံးမြင့်မြင့်နဲ့၊ အဝါနုရောင်ဝမ်းဆက်နဲ့၊ ခါးကျဉ်ကျဉ်၊ ရင်ဖွင့်ဖွင့်ကိုယ်လေးဟာ ထင်ပေါ်ပြီး မို့လွင့်နေတာပဲ။ ကိုက်စားပစ်ချင်စရာကောင်းအောင်ကို လှနေတာ သိလား။

ဒီည ပွဲသိမ်းည အပီကိုင်ရမှာပဲ။ ကျုပ်မျက်နှာမှာလည်း မှန်ကြည့်ချိန်မရလို့ ပေါင်ဒါတွေက ဟိုတစ်ကွက်ဒီတစ်ကွက် ညှင်းစွဲသလိုလို၊ ခရုသင်းစွဲသလိုလိုဖြစ်နေဆိုပဲ။ ဒီမှာ အောက်က မော့ကြည့်နေတဲ့ အုပ်စုကရော် ဇာတ်စင်ထောင့်က ကာလသားအချို့ကပါ ချီးမွမ်းနေကြတယ်။

"ကလေးမသာမျက်ခွက်ကို ပေါင်ဒါရိုက်ထားသလိုပဲဟေ့"

"မဟုတ်ဘူးအေ့၊ ဆေးစားမှားပြီးသေတဲ့ မျက်ခွက်မျိုး၊ အကွက်တွေချည်းပဲ"

"ရယ်ရဲရင် ရယ်ကြည့်ဟေ့၊ ဒီမှာ လေးခွ၊ လေးခွ"

ကျုပ်က ချီးမွမ်းထောပနာပြုသံများကို လန့်ပါသော်လည်း ရဲစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုးပြီး ဥပေက္ခာပြုလိုက်တယ်။ ဒီမှာ ခင်သစ္စာက ကျုပ်ကိုလည်း မြင်သွားရော ဝမ်းသာအံ့သြဟန်နဲ့ -

"ဟယ် - အစ်ကို"

"ခင်သစ္စာ၊ စောင့်နေတာ ကြာပြီလားဟင် အဟင်းဟင်းဟင်း"

အဟင်းဟင်းကို ပါးစပ်ဖွင့်ပြီး မဟင်းရဲဘူး။ ဘာလို့လဲဆိုတော့ ဒီစကားက သွားဖုံးပေါ်အောင် ပြောရတဲ့စကားကိုး။ သွားခေါါနေတာကို ပရိသတ် ပိုထင်ထင်ရှားရှားသိပြီး လန့်သွားနိုင်သလို လောက်လေးခွစာလည်း ဂရုစိုက်ရသေးသကိုး ခင်ဗျ။

"နောက်ကျလိုက်တာ အစ်ကိုရယ်၊ အမေ့တို့များ လိုက်ရှာရင် ဒုက္ခရောက်ကုန်မှာ သိလား။ ကျွန်မကတော့ အစ်ကိုကစောင့်ဆိုရင် ဒီဘဝ ကျောက်ရုပ်ဖြစ်သွားတဲ့အထိ ဒီနားက စောင့်နေမှာ သိလား"

"ယုံပါတယ် ခင်သစ္စာရယ်၊ အစ်ကို့ရဲ့နှလုံးသားမြေပြင်မှာ ခင်သစ္စာဆိုတဲ့ မေတ္တာပန်းတစ်ပွင့်ကို ရေလောင်းပေါင်းသင်စိုက်ပြီးကတည်းက နေပြောက်မထိုး၊ ပိုးလည်းမဝင်၊ အပင်မနွမ်းရအောင် သစ္စာနဲ့ရင်ငွေ့ပေးနေလျက်ပါ ခင်သစ္စာ"

"ဖြောင်း ဖြောင်း စကားလုံးတွေက မိုက်တယ်ဟေ့"

"ရှိ ရှိ မှိုင်းကိုကိုချစ်ကွ၊ မင်းသမီးပခုံးကို ဖက်ပါတော့ဗျို့"

လက်ခုပ်သံတွေက ဒိုင်ယာလော့ခ်အဆုံးမှာ ပွဲခင်းသိမ့်သိမ့်တုန်ခမန်း ပေါ်လာပါရောလား ဟဲဟဲဟဲ။

"သူသိပ်ပိုတာပဲ၊ ကဲပြော - ဒီပိတောက်ပန်းတွေက ဘယ်ရည်းစားဖို့လဲ ပြောလေ"

"ဆောရီး၊ အချစ်ဖူးလေး အသည်းကြော်လေး အချစ်ဘူးလေး ခင်သစ္စာဆိုတဲ့ အလှနတ်သမီးအတွက်ပေါ့ ခင်သစ္စာရဲ့ အဟင်းဟင်းဟင်း"

"ဟေ့ကောင် လျှာမရှည်နဲ့၊ မင်းအတွက်ဆိုပြီရောပေါ့ကွာ လခွီး"

အော်ရေးထဲဗျာ၊ စင်အောက်က ငမူးကြီးတစ်ယောက်က လှမ်းအော်လိုက်လို့ အောက်က ပရိသတ် ဝေါခနဲ ရယ်ကြပြန်ပါရော။ သင်းအော်ဒါရိုက်တာက စင်ပေါ်ကနေ လေးခွနဲ့ပစ်မလို ခြောက်လှန့်လိုက်မှ သင်းငြိမ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"လှလိုက်တဲ့ ရွှေပိတောက်တွေ အစ်ကိုရယ်၊ မွှေးလိုက်တာလည်း တအားပဲနော်။ ဘုရားတင်ဖို့မဟုတ်ရင် ခင်သစ္စာနမ်းချင်လိုက်တာ အစ်ကိုရယ်"

"နမ်း နမ်း အပွင့်တွေပါ ကြွေအောင်နမ်း၊ ဒါ အချစ်ကလေးပန်ဖို့ ကိုကို အပင်ပေါ်တက်၊ ခါချဉ်အကိုက်ခံပြီး ခူးလာတာ နမ်းစမ်း ရော့"

သို့ကလိုပြောပြီး လက်ထဲက ပိတောက်ပန်းစည်းကို ခင်သစ္စာလက်ထဲလည်း ထည့်ပေးလိုက်ရော ခင်သစ္စာက အားရဝမ်းသာနဲ့ နှာခေါင်းနား ကပ်ပြီး တအားရှိုက်နမ်းလိုက်ပါတယ်။

အဲဒီမှာပဲ အကုသိုလ် အတုံးလိုက်အတစ်လိုက် ဝင်ပါလေရော ခင်ဗျာ။

"အ . . . အ. . . . အဟပ်ချိုး၊ ဟပ်ချိုး ဟပ်ချိုး ဘုရား ကို ကို မှိုင်း ကို ကို မှိုင်း အဟပ် အဟပ် ဟပ်ချိုး ဟပ်ချိုး"

မြတ်စွာဘုရား ပလုတ်တုတ် ဗုဒ္ဓေါ ဘယ့်နှယ်ဖြစ်ကုန်ပါလိမ့်။ ခများ ပိတောက်ပန်းတွေကိုကိုင်နမ်းရင်း အသားကုန်ချေလို့ပါကလား။ ဘုရား ဘုရား ရှောင်တခင် တုပ်ကွေးများဝင်လေရောသလား၊ နွေခေါင်ခေါင် တုပ်ကွေးမဖြစ်နိုင်။

ရွှေကြည်မွှေး (ခင်သစ္စာ)ခများ ပန်းစည်းကြီးကိုင်ပြီး ဟပ်ချိုးဟပ်ချိုး လိုက်သည်မှာ နှာခေါင်းမှ အရည်ကြည်၊ နှာရည်တွေ ရေပန်းသလိုထွက် ရော။ လက်ကိုင်ပဝါမပါတော့ နှပ်များကို ညှစ်လိုက်တာ နှပ်က တစ်ပတ် ကျွမ်းပစ်ပြီး ပါးစပ်ဖွင့် အံ့ဩနေတဲ့ ကျုပ်ခံတွင်းထဲကို တန်းဝင်ပါရော။

ဒီမှာ သူမဟာ အဆက်မပြတ်ချေရင်း မျက်ရည်ရော နှာရည်ပါ ပေကျံကုန်ရုံသာမက ခေါင်းပေါ်က ရှယ်ထုံးထားတဲ့ ဘီအေဆံထုံးကြီးပါ မျက်နှာပေါ်ပြုတ်ကျပြီး မယ်ကုဝဏ်ဘီလူးမ လင်လွမ်းခန်းလိုလို ပုံဝေါ သလို ပဥ္စာစာရီလွမ်းခန်းမှာ အရှုံးမဘာဝနဲ့ ဆံပင်ဖားလျားချပြီး မြို့ထဲ လျှောက်ပြေးနေတဲ့ပုံ ဖြစ်သွားတော့တာပဲ။

"ဟပ်ချိုးဘုရား အမလေး ဟပ်ချိုး ရှင်ဟာ. . . ဟပ်ချိုး အဟပ်"



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာကလည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘူး။ ဖြစ်စဉ်ကို ကြည့်ပြီး အရမ်းကို အံ့ဩနေတာ။ ကျုပ်ကလည်း ဇာတ်ဝင်ခန်းမှာ လုံးဝ မပါတဲ့ ဒီဟပ်ချိုးအခန်းအတွက် ဘယ်ဒိုင်ယာလောခ်နဲ့ ဝင်ထိန်းရမှန်း နားမလည်တော့ဘူး။ ပရိသတ်ကလည်း ဘယ့်နှယ်ဇာတ်ပါလိမ့်ဆိုပြီး တအံ့ တဩနဲ့ အာရုံစိုက်နေကြ။

ဒီမှာပဲ မင်းသမီးရွှေကြည်မွှေးဟာ နှာချေရင်းတန်းလန်းက သူမရဲ့ လက်ထဲက ပန်းစည်းကြီး ကျုပ် (ကိုရင်မောင်မှိုင်း) ရဲ့ မျက်နှာတည့်တည့် ကို ထိုးထည့်လိုက်ပါရော။

မြတ်စွာဘုရား အဲဒီ ပန်းစည်းကြီးအတွင်းက ထူးဆန်းသော အမှုန် အမွှားများ ပလူပျံပြီး ကျုပ်နှာခေါင်းထဲ အရှိန်နဲ့ ထိုးဆောင့်ပါလေရော။

"ဟင် ဟင် အဲ အဲ အ ဟပ်ချိုး ဟပ်ချိုး ဟပ်ချိုးဘုရား ခင် . . . ခင် သစ် . . . ဟပ်ချိုးဘုရား အမလေး ကယ် . . . တော် . . . မူကြ . . . ဟပ်ချိုး"

"ဟေ့ကောင် ငမှိုင်း၊ မင်းတို့ ဘယ်လိုဖြစ်နေတာလဲ"

ဒါရိုက်တာ ကိုဝင်းပြောင်က မျက်ကလူးဆန်ပြာနဲ့ အော်၊ ကျုပ်နဲ့ မင်းသမီးရွှေကြည်မွှေးမှာလည်း မီးရောင်အောက် ပရိသတ် ထောင်ပေါင်း များစွာရှေ့မှာ စစ်တကောင်းကြက်ဖကြီးနဲ့ မန်ဒါလီဘဲမကြီး ရန်ဖြစ်ခွပ် ကြသလို ခေါင်းချင်းဆိုင်ပြီး ဟပ်ချိုးခွပ်လို့ မဝနိုင်တော့ဘူး။

ဒီကြားထဲ နှပ်တွေကို ပုဆိုးဖြန့်ပြီး သုတ်လို့လည်းမနိုင်။ ဒီမှာပဲ သူမက ဒေါသထွက်ပြီး မီးရဲရဲတောက်သလို မျက်လုံးအစုံနဲ့ အစိမ်းလိုက် ဝါးစားသလိုကြည့်ရာကနေ ကျုပ်ပါးကို အသားကုန် လက်ဝါးနဲ့ ဖြဲင်းလိုက် ပါရော။

"ဖြောင်း. . ."

"အာ မေ ရေ. . . သေပါပြီခင်ဗျ"

"မှတ်ထား၊ ဟပ် ချိုး ဟပ်ချိုး"

"ဖြောင်း"

"မြတ်စွာဘုရား ကြည့်မနေပါနဲ့ ဘုရား၊ အ. . . အ ဟပ်ချိုး"

"ဟဲ့ဟဲ့ မင်းသမီး၊ အခန်းက လပ်ဖ်ဆင်းန်လေ။ အချစ်ရှစ်ပါးသွား



www.burmeseclassic.com

www.burmeseclassic.com



လေ။ သီချင်းဆိုရမှာဟ၊ ပါး. . . ပါးရိုက်ခန်းမပါဘူး၊ ဟဲ့ ဟဲ့ ကောင်မလေး မလုပ်နဲ့။ ရိုက်. . . ရိုက် အဲလေ မရိုက်နဲ့"

"ရိုက်မယ် ရိုက်မယ်၊ သွားထွက်အောင် ရိုက်မယ်"

"ဖြန်း"

ဒီမှာပဲ အောက်က ကာလသားအချို့က ဝိုင်းအော်ကြပါရော။

"ပိပြင်တယ်ဗျို့၊ ချပါ ချပါ ဆင့်ရိုက်ပါ မင်းသမီး"

"နောက်ထပ် လေးငါးဆယ်ချက်လောက် ကျွေးပါဦးဗျ။ ခမျာ မဝသေးဘူး"

"ရှီ ရှီ ရှီ . . ."

"ဖြောင်း ဖြောင်း ဖြောင်း"

"ဒီလို ဇာတ်ကြမ်းမျိုးမှ ကျုပ်တို့ရွာသားတွေက ကြိုက်တာ"

"ရွှေဘနဲ့ သင်းသင်းလဲ့ကွ"

"ညိုအေးကြီးနဲ့ ကြည်ကြည်ဌေးကွ ရှီ ရှီ"

အားပေးချီးမြှင့်ကြတဲ့ အသံတကာ့အသံတွေထဲမှာ ထမင်းရောင်းတဲ့ ကျုပ်ကျေးဇူးရှင် ဒေါ်ဂျစ်ပုရဲ့အသံက အကျယ်ဆုံးပဲ။ အော်ရတာ အားမရလို့ ပွဲခင်းထဲက ထရပ်ပြီး လက်ခုပ်တီးအားပေးရှာတယ်။

"ဒေါ်ဂျစ်ပု၊ နောက်က မမြင်ရဘူး ထိုင်ပါဗျ"

"ခွေးသားကိုပြုတ် အမဲသားလုပ်တဲ့ ဒေါ်ဂျစ်ပု ထိုင်ပါဗျို့"

"ဟဲ့- မြွေပွေး အကောင်တစ်ရာကိုက်တွေရဲ့၊ ဒီအခန်းအတွက် ငါက မင်းသမီးကို ဆုတော်ငွေချမလို့ မထိုင်နိုင်ဘူး"

မင်းသမီးရဲ့ ရိုက်ချက်ကို ဟိုတစ်ခါ ရယ်ရင်း ပါးစပ်မေးရွဲ့သွားတာရည်းက ကျုပ်က အကြောင်းသိပြီးသား။ အခု ဇာတ်ခုံပေါ်မှာ ဒေါသအရှိန်ပါနေတော့ လက်သံက ပတ်မကြီးတီးသလိုလို၊ ဦးပန်းငွေ ပန်းပဲဖိုက ပေါင်တူထုသံလိုလို မြည်လိုက်တာ အသံကို ဟိန်းနေတာပဲ။

"အသက်ပါတယ်ဟေ့။ မရပ်ပါနဲ့ဦး ဆက်ချပါ"

"ဘယ်ရောညာရော ရိုက်ပါ မင်းသမီးရဲ့၊ အဆစ်ပါ ထည့်ရိုက်ပါ ချ ချ. . ."

"ကားလိပ်ချ ကားလိပ်ချ၊ ဟေ့ကောင်သူကြီး မြန်မြန်ကားလိပ်ချပါ



www.burmeseclassic.com

www.burmeseclassic.com



ဟာ နွားရ"

"ဝုန်း"

"အမလေးဗျ"

ဟိုကောင် ကားလိပ်ဆွဲသူကြီးကလည်း ကားလိပ်ကြိုးကို စုံလွှတ်ချလိုက်တယ်။ ကားလိပ်ဝါးက ကျုပ်ကုပ်ပိုးပေါ် တည့်တည့်ကျလို့ လူကရှေ့က မီးချောင်းပေါ် မှောက်ရက်လဲသွားတာ လေးပေမီးချောင်းကျိုးသွားပါရော။ ဒါနဲ့ မီးဆရာက ချက်ချင်း မီးမှိတ်လိုက်ရတယ်၊ မီးပြန်လင်းတော့ ကိုဝင်းပြောင်က ကျုပ်ကို ဆွဲထူပြီး အထဲကိုခေါ်သွားတယ်။ ပွဲကိုလည်း ချက်ချင်း ခေတ္တ အားလပ်ချိန်ပေးလိုက်ရတယ်။ အဲဒီအချိန်အထိကျုပ်လည်း ဟာပ်ချီးလို့ကောင်းနေသလို မင်းသမီးလည်း ချေရင်းကရှိုက်ငိုလို့။

❑

မင်းသမီး ရှေ့ကြည့်မှန်ကြည့်ပြီး ကျုပ်မျက်နှာကိုကြည့်ပြီး အရမ်းကိုဒေါသထွက်နေတယ်ဗျာ။ ကျုပ်ပါးကို နောက်ထပ်ရိုက်ပါဦးမယ် တကဲကဲလုပ်နေလို့ ဒါရိုက်တာရော၊ စာရေးဆရာ မင်းလာသောင်းကရော၊ ဦးဘစုတို့ကပါ မနည်းဆွဲထားရသလို မင်းသမီးအမေ ဝတုတ်ကြီးကလည်း သူ့သမီးအရှက်ကိုခွဲရမလားဆိုပြီး ဇာတ်ဝင်သစ်သားခြားကြီးကိုကိုင်လို့ ရိုက်မယ်နှက်မယ်လုပ်တာနဲ့ အဘွားကြီးကို ထိန်းရချော့ရပြန်ပါရော။ ဇာတ်အဖွဲ့ဝင်တွေလည်း ဘယ်လိုကဘယ်လိုဖြစ်မှန်းမသိလို့ ဝိုင်းမေးကြတာပေါ့။

"ဘယ်လိုဖြစ်ကြတာလဲ မင်းသမီးရယ်၊ ပြောပါဦး ပြောကြပါဦး"

"ဒါ. . . ဒါ ကောင်း. . . ကောင်းသလား ဒါရိုက်တာ၊ ကောင်းသလား။ အ ဟင့် ဟင့် ဟီး ဟီး ဟီး ဒါ ကျွန်မတို့ ဇရိုသတ်ရွှေမှာသက်သက်မဲ့ အရှက်ခွဲ. . . ခွဲ ဟပ်. . . ချီး ဘုရား အမလေး"

"ဖြစ်ပုံကို ရှင်းရှင်းပြောပါ မင်းသမီးရယ်၊ ကျုပ်တို့လည်း ဘာမှနားမလည်တော့ဘူး။ ဟေ့ကောင် ငမိုင်း၊ မင်းသမီးကို စင်ပေါ်မှာဘာလုပ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးပြောင်ဟာ ကျုပ်(ဇ)ကို သိထားတော့ ဒေါသနဲ့ အနားတိုးကပ်ပြီး မေးရော -

"သွားဆိတ်လို့နေမှာပေါ့"

"ဆိတ်ရင် ဒီလိုချေမလားဟဲ့ ဟိုဒင်း ဟိုဒင်းများ. . ."

တစ်ယောက်တစ်ပေါက် ထင်ကြေးတွေပေးနေကြတယ်။ ဒီမှာ စိန်အေးကြူကလည်း ဝင်ပြောလိုက်တယ်။

"ဒီကောင်က နဂိုကတည်းက လက်ကမြင်းကြောခပ်ထထ ဦးလေးဘစုရဲ့"

"ဟေ့ကောင် ငမှိုင်း၊ ငါ မေးနေတယ် မင်းဘာလုပ်လိုက်သလဲ"

"ဘာ. . . ဘာမှ. . . မလုပ် အဟပ်. . . အ အ ပါဘူး ကိုကြီးပြောင် ဟပ်ချိုး. . . ဘုရား"

ဒီမှာတင်ပဲ မင်းသမီး ရွှေကြည်မွှေးဟာ ဇာတ်ခုံပေါ်မှာကျနေတဲ့ ပိတောက်ပန်းစည်းကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး ဒါရိုက်တာကိုဝင်းပြောင်ရဲ့လက်ထဲကို ဆောင့်အောင့်လှမ်းပေးလိုက်တယ်။ ကိုဝင်းပြောင်ကလည်း စုံထောက်ဦးစံရှားလိုလို၊ ဦးထင်ပေါ်လိုလို၊ စုံထောက်တင်မောင်ဆွေလိုလို၊ ရဲစိုးလိုလိုဂိုက်နဲ့ စူးစမ်းသလိုကြည့်နေတုန်း -

"နမ်းကြည့်လိုက်ပါ ဒါရိုက်တာ"

မင်းသမီး တိုက်တွန်းချက်အရ ပန်းပွင့်များကို သူ့မိန်းမပါးသူ့ပြန်နမ်းသကဲ့သို့ နမ်းလိုက်ရာ -

"ဟ ဟ ဒါ ဒါ ဟပ်ချိုး၊ ဟပ်ချိုး ဟပ်ချိုး။ ဒါ ဟပ်ချိုးဘုရား အဒေါ် တို့ ကြီးကြီး မယ့်တို့ ကယ် ကယ် ဟပ်ချိုးဘုရား။ ဒါ နှာရှုတဲ့ အမှုန့်တွေ။ ဟပ်ချိုး ဟေ့ ဒါ ဘယ်သူ့လက်. . . ဟပ်ချိုးဘုရား ပြော ပြော. . . ဟပ်ချိုး။ ဧကန္တ - မင်း. . . မင်းပဲ နေမှာ ဟပ်ချိုး"

"မဟုတ်ရပါဘူး ကိုကြီးပြောင်ရာ ဘုရားစူး"

"ခွေးတိရစ္ဆာန်ကောင်၊ ဟပ်ချိုး ဘုရား သွားပေရော့ ကိုင်း ဟပ်ချိုး"

"ဖောင်း"

"ဝုန်း"

"အမလေး အမေ မမြရီ ကယ်တော်မူ အား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ငွမ်း ဂလောင်း"

"သေမှကောင်းတယ် အမျိုးယုတ်"

ကိုကြီးပြောင်ရဲ့ ဖနောင့်ချက်က ကျုပ်ရဲ့ ရင်ဘတ်ပေါ် ကို အရှိန်နဲ့ ကျလာတယ်။ ကျုပ်နှယ် စင်ပေါ် နောက်ကျွမ်းပစ်ပြီး မျက်လုံးထဲမှာ ကြယ်တွေလလတွေ အင်္ဂါဂြိုဟ်ဗုဒ္ဓဟူးဂြိုဟ် စသည်ဂြိုဟ်များ ညီလာခံသဘင်များ ကျင်းပနေသလို ခံစားလိုက်ရတယ်။

ဒီလိုနဲ့ မင်းသမီးကို မနည်းတောင်းပန်ပြီး ပြဇာတ်ကို ဆက်ကခဲ့ရတယ်။ ဒါတောင် မင်းသမီးက ရှက်တယ် မကတော့ဘူး၊ ညကြေးသုံးဆပြန်လျော်မယ်လုပ်သလို၊ ကျုပ်ကို ရဲစခန်းတိုင်ပါမယ်လုပ်လို့ ဦးစံရတို့၊ ဦးဘစုတို့ခမျာ မနည်းချော့ပြောခဲ့ရတယ်။ မင်းသမီးအမေကလည်း ကျုပ်ကို ဆယ်ပြားစေ့ဖြူဖွေးအောင်ကြိတ်သလို ဖနောင့်နဲ့ ကြိတ်ခြေပစ်မယ်လို့ ကြိမ်းဝါးနေတယ်။ လန့်လိုက်တာများ မင်းသားတစ်ခါလုပ်ပါတယ် အကုသိုလ်က အမျှင်တန်းတွေနဲ့။

မိုးလင်းလို့ ပြည်ဖုံးကားချ၊ ဗြောလည်းခေါက်ရော ကျုပ်က ရွှေကြည်မွေးတို့သားအမိကို အမျိုးမျိုး တောင်းပန်တယ်။ ဒီကိစ္စ ကျုပ်လုပ်တာ မဟုတ်ပါဘူးပေါ့။ တစ်ယောက်ယောက် နှောက်သွားလုပ်ကြံသွားတာ ဖြစ်မှာပေါ့။ ဒါပေမင့် သူတို့က လုံးဝ မယုံဘူး ကြားလူများက စေ့စပ်ဖျန်ဖြေပေးကြပေမင့် သူမဟာ ကျုပ်ကို နာကြည်းလှစွာသော စကားလုံးများနဲ့ စိမ်းစိမ်းကားကားတွေ ပြောသွားခဲ့တယ်။

ခုတော့ဗျာ ပွဲကပြီး မနက်ကျရင် ကျွန်မ ဖြေပေးပါ့မယ် ဆိုတဲ့ သစ္စာစကားလုံးတွေဟာ မြောင်းထဲကျောင်းသွားပြီပေါ့ဗျာ ဟီးဟီး ရှုတ် ရှုတ်ဟီး။

ပြန်ခါနီးလည်းကျရော မင်းသမီးအမေ ဒေါ်ဗလသောင်းက -

"ဒီမှာကွယ် ဒါရိုက်တာမောင်ဝင်းပြောင်ရယ်၊ နောင်အခါများ မင်းတို့ပြဇာတ်ကမယ်ဆိုရင် ငါတို့ကို လုံးဝ လာမခေါ်ကြပါနဲ့ကွယ်၊ ငါလည်း ဇာတ်ကလာတာ အနှစ်သုံးဆယ်ကျော်ပါပြီကွယ့်။ ဒီလို အယုတ်တမာကောင်မျိုး တစ်ခါမှ မတွေ့ဘူးပေါင်ကွယ်၊ တို့လာ သမီး သွားစို့"

www.burmeseclassic.com

www.burmeseclassic.com



"အဒေါ် ကျွန်တော်တို့ ကားဂိတ်အထိ လိုက်ပို့ပါစေ ခင်ဗျာ"

"နေပါစေ ရတယ်၊ ရေစက်မဆုံချင်တော့ဘူးဟေ့။ တောင်- ငါ့လက်နဲ့ တွေ့ချင်သအေ၊ ဟဲ့ကောင် ငမိုင်းရဲ့ ဗလသောင်းတဲ့ နင့်အရိုးတို ဖို့ရေမြောင်းထဲမှာ အမှုန့်ခြေပြီးဖြူးခဲ့မဟဲ့ ထို့"

သိုကလို ကြိမ်းဝါးအော်ဟစ်ရင်း သူ့သမီးလက်ကိုဆွဲလို့ အယ်စတုံတင်ပါးကြီးကို မြောက်ချည်နိမ့်ချည်လုပ်ပြီး ဒေါသနဲ့ထွက်သွားပါလေရော။ ဒီမှာ စိန်အေးကြူဆိုတဲ့ကောင်က နောက်နေ အပြေးလိုက်ပြီး မင်းသမီးရွှေကြည်မွှေးရဲ့ အဝတ်သေတ္တာနဲ့ အဘွားကြီးသေတ္တာကို အတင်းဝင်လုဆွဲပြီး ဘယ်ညာကိုင်ဆွဲလို့ ကားဂိတ်ရှိရာကို လိုက်ပို့တယ်။ သွားရင်းကဖျစ်တောက်ဖျစ်တောက်နဲ့ အဘွားကြီးက စိန်အေးကြူကို ပြောပြနေတာပဲ။ စိန်အေးကြူကလည်း သေတ္တာနှစ်လုံးကို မနိုင်မနင်းမ,ရင်းက နောက်ပြန်လှည့်ကြည့်ပြီး ထွီလို့လုပ်ပြလိုက်ရဲ့ ခင်ဗျာ။

ကျုပ်လေ ရွှေကြည်မွှေးရဲ့ နောက်ပိုင်းလေးကိုကြည့်ပြီး ပါးပြင်ပေါ်မှာ မျက်ရည်ဥတွေ တလိမ့်လိမ့်စီးကျလာခဲ့ရတယ်။ ရက်ပိုင်းလေးမျှသာတွေ့ကြုံရင်းနှီးခဲ့ကြပေမင့် အသည်းနင့်အောင်ချစ်ခဲ့ရတဲ့ ချစ်သူပါ။ ဘယ်ဘက်ရင်အုံရဲ့အောက်က နှလုံးသားအတွင်းထောင့်မှာ ကျုပ်တို့နှစ်ဦးရဲ့သမုဒယချစ်ခြင်းကို ကမ္ဗည်းတင်မြှုပ်နှံဖို့ သစ္စာဆိုခဲ့ပြီးသားပါ။

ခုတော့ ဘဝဇာတ်ဆရာရဲ့အလိုကျ ကျုပ်ကခဲ့ရပြီ။ မျက်ရည်ကျခဲ့ရပြီ။ ဩော် - စဉ်းစားပြီး မရှင်နိုင်တော့တဲ့ဘဝ။ ဟောဒီ လူ့ဘဝသဘင်ဇာတ်ခုံပေါ်မှာ အတူကျဉ်တွဲကစရာ နှမကညာ အလှကလေးက လုံးဝဥပေက္ခာပြုသွားခဲ့ပြီ။ ခုတော့ သူမက နှလုံးသားမြို့သစ်ရှိရာသို့ အမုန်းနဲ့ပြန်သွားခဲ့ပါပြီ။

"တောက် - ရက်စက်ကြပါပေ့၊ လုပ်ရက်ကြပါပေ့ကွာ ဟူး"

ကျုပ် ဒီကိစ္စအတွက် ရင်ထဲမှာ ဗလောင်ဆူနေတယ်။ ပါးရိုက်ခံရလို့ ပါးနှစ်ဖက် ရောင်ကိုင်းနေပါသော်လည်း ဒါလည်း အသက်တစ်မျှ ချစ်ရသူရဲ့ နောက်ဆုံးအနမ်းလို့ မှတ်ယူပွေ့ပိုက်လိုက်ပါတယ်။

ကျုပ် ဒီလုပ်ကြံမှုစနက်ကို ချော့ချည်တစ်ခါ၊ မြှောက်ချည်တစ်လှည့်နဲ့ စုံစမ်းခဲ့ပေမင့် ဘယ်သူမှ ဖြစ်ရပ်မှန်ကို မပြောပြကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်မကြာဘူး၊ စိန်အေးကြူ ကျုပ်တို့မြို့က ပျောက်ခြင်းမလှ ပျောက်သွားရော။ အဲဒီကျတော့မှ သူ့တပည့် အရှည်ကြီးမျိုးလင်းကို အရက်အဝတိုက်ပြီး ချော့မြှောက်မေးလိုက်မှ ဇာတ်လမ်းက အကုန်ပေါ်တော့တာပဲ။

ဒီလိုဗျာ တရားခံအစစ်က ဟိုလူ့တိရစ္ဆာန် စိန်အေးကြူတဲ့။ လူကြမ်းအဖြစ် သရုပ်ဆောင်ရတဲ့ စိန်အေးကြူ ကျုပ်နဲ့ ရွှေကြည်မွှေး အဆင်ပြေနေမှန်းကို သိသွားခဲ့တယ်တဲ့။ ဒီမှာ ရွှေကြည်မွှေးကလည်း စိန်အေးကြူ ပေးတဲ့ ရည်းစားစာ ခုနစ်စောင်ကို အကြောင်းမပြန်ဘဲ ဥပေက္ခာပြုသလို လုပ်နေတော့ ပိုသဘောပေါက်သွားတာပေါ့။ ဒီမှာ သင်းက မစားရတဲ့အမဲ သဲနဲ့ပက်တယ်။

ကျုပ် ရှေ့ခန်းမှာ သရုပ်ဆောင်နေတုန်း ကျုပ် အဝတ်သေတ္တာပေါ်က ပိတောက်ပန်းပွင့်တွေအထဲကို သူက အောင်ဇေယျတုကတိုးမှုန့် (၇) ပုလင်းဖွင့်ပြီး လောင်းချဖျန်းချပြီး သိမ်းထားခဲ့တယ်။ ဒါကို ကျုပ်က မသိဘူးလေ။ လပ်ဖ်ဆင်းန်အခန်းမှာ ပိတောက်ပန်းတွေကို ချစ်သူလက်ထဲ ထည့်ပြီး ဇာတ်ဝင်ခန်းအရ နမ်းလည်းခိုင်းရော အောင်ဇေယျတု ကတိုးနံ့အမှုန့်များက ရွှေကြည်မွှေးရဲ့ နှာခေါင်းထဲကို လေဆင်နှာမောင်းဝင်သလို တန်းဝင်သွားတော့ (လပ်ဖ်ဆင်းန်) ဟာ ပျော်ရွှင်ကြည်နူးစရာကောင်းအောင်၊ လက်ခုပ်သံလျှံအောင် ဖြစ်မလာတော့ဘဲ နှပ်တွေ ဒလဟော၊ ဟပ်ချိုးတွေ အကြိမ်တစ်ရာကျော်ချေပြီး သူ့ရောကျုပ်ပါ ကြက်ဖတိန်ညင်တောကိုဝင်ဖြစ်ကုန်ပါရော။ ဒါနဲ့အတူ အရှုက်တွဲ၊ ဒီမှာ ကျုပ်လုပ်တယ် မှတ်ပြီး ညာဘက်ပါးပေါ်ကို အောင်လံတော်အမှတ်တံဆိပ်ခတ်နှိပ်ပြီး လက်ဝါးနဲ့ပါး ဂဟေဆက် နှစ်ပါးသွားခဲ့ရတဲ့ဘဝ။

စိန်အေးကြူရေ၊ ငါ ကမ္ဘာမကျေဘူးဟေ့။

ခုတော့ ကျုပ်ဘဝက ဗိုလ်ချုပ်ရွာက မယ်ဒလင် ကိုချစ်လှ ဆိုတဲ့ သီချင်းလိုပဲ-

လုပ်ရင်းကွဲ၊ ဖုတ်ရင်းကွဲ၊ လုပ်ကွဲဖုတ်ကွဲ ကျုပ်လည်းပဲ ဖိုးတုတ်လို့ပဲ

ကျုပ်မလည်း အဲဒီသီချင်းလို ဖြစ်နေလေရဲ့။ ချစ်ကံပွင့်တုန်းက ဒီကောင့်ကြောင့် အတွင်းကြေကျေခဲ့ရ၊ ပိုခံစားရတာက အိမ်နီးနားချင်းက



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေနဲ့ ကာလသားအချို့ စပ်ဆိုတဲ့ သီချင်းအသစ်ပဲ။ ဒီသီချင်းကို သူတို့က မနေဝင်ပြီဆိုတာနဲ့ ကျုပ် အိမ်ရှေ့နေ အော်ဆိုကြပါရော။

"ပိတောက်မိုက် တစ်ယောက်ကြိုက်ရာမှ ပိတောက်နဲ့ ကတိုးနှာရှူသော၊ ဒီဇာတ်လမ်းမှာကွယ်။ ကုန်သမျှ သေတ္တာပေါင်ရောင်းမယ်၊ ရန်ကုန်က အချစ်ဟာ လက်ဝါးရာ၊ အရပ်ကတစ်ဆင့် နတ်က တစ်ဆင့်ဆိုပြောပေးပါ။ မောင်တော့ရှက်လို့ သေချင်တယ်။ စစ်ပွဲတစ်ရာ နွဲလိုက်ချင်ရဲ့ ကိုမှိုင်းတစ်ယောက် သွားတွေယိုင်သွားတယ်" တဲ့။

အဲဒီ သီချင်းကိုကြားရတိုင်း ကျုပ်လေ တမူးစောင်ထူကြီးကို ခေါင်းမြီးခြုံ၊ နားနှစ်ဖက်ကိုပိတ်ပြီး အံကြိတ်တောက်ခတ်ခဲ့ရတာ ရက်ပေါင်း ဘယ်နည်းမှာလဲလို့ဗျာ။

နောက် ဘာကြားလဲဗျာ၊ ဝါမခင်မှာ မကြားချင်တဲ့ သတင်းတစ်ပုဒ် ကျုပ်ကြားရပါရော။ ကျုပ်ရဲ့ အသည်းအမြစ်ကလေး ရွှေကြည်မွှေးနဲ့ စိန်အေးကြူတို့ ခိုးရာလိုက်ပြေးသတဲ့။

ဟင်း- သမ္မာဒေဝါနတ်မင်းတို့ ဥပေက္ခာပြုနေရက်လေခြင်းဗျာ။ အဲဒီ သတင်းလည်းကြားရော ကျုပ်ဆီးချုပ်ဝမ်းချုပ်ဖြစ်ပြီး အိပ်ရာထဲလဲပါရော။ အမလေးအဘလေးနဲ့ကို အော်နေရတာ။ ပါးစပ်ကလည်း မွှေးရေ မွှေးရေနဲ့ ကယောင်ကတမ်းအော်နေလို့ အမေက လူပြုစားတယ်မှတ်လို့မှတ်။

ဝိဇ္ဇာစိုးကြီးနဲ့ ဆရာပြောင်တို့ကလည်း သတင်းလာမေးကြတယ်။ ကျုပ် လူးလိမ့်ခံစားနေရတာ မြင်ကြတော့ ကျုပ်ဆရာ ဝိဇ္ဇာစိုးက အနားထိုင်ပြီး ဘုန်းကြီးငါးပါးကြိုပင့်ဖို့ပြောနေတယ်။ မင်္ဂလာကန်ဦးကျောင်းဆရာတော်က ရေစက်ချတရားကောင်းတယ်လို့ ဆိုကြလေရဲ့။

မင်္ဂလာရွှေသောင်းကလည်း သေရင် ဆွမ်းသွတ်တဲ့နေ့ မုန့်ဟင်းခါးကျွေးမတဲ့။ မုန့်ဟင်းခါးကိုလည်း ဗိုလ်ချုပ်ရွာသား ကိုမောင်ဝင်း (ဦးဝင်း) ကို ကြက်သွန်နီခိုင်းချင်းနဲ့ ချက်ခိုင်းမတဲ့။ ကိုဝင်းက လက်ရာကောင်းမှ ကောင်းဆိုပဲ။ ဖိတ်စာကို ဘုန်းကြီးလူထွက် ဦးကျော်သောင်းကို ပေးခိုင်းဦးမတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အားမနာတမ်း လူမမာအနားမှာ ပြောနေကြပုံနှယ်ဗျာ။ မသာချတဲ့နေ့ကျရင် မင်းသားကြီး ဦးစိန်အောင်ကြည်တို့၊ သန်လျင် မလှလှရီတို့ ဝတ်အဖွဲ့ကို အသဲချဲ့စက်နဲ့ ရွှေ့ပြေး အသုဘမေ့လက်ာများ သံမြိုင်ရွှတ်ခိုင်းမတဲ့။

ဝိဇ္ဇာကလည်း ပို့လိုက်သေးတယ်။ မသာချတဲ့နေ့ကျရင် ကိုအေးသိန်းတို့၊ ရသေ့စံသိန်းတို့တီးဝိုင်းသုံးဝိုင်းလောက်ငှားမတဲ့။ ဖြစ်နိုင်ရင် အိုးစည်ဝိုင်းကို အလယ်မှာညှပ်ထည့်ပြီး တရုတ်မသာချသလို မြိုင်မြိုင်ဆိုင်ဆိုင်ချမယ်တဲ့။

ဘုရား ဘုရား၊ ကြည့်မနေကြပါနဲ့ အရှင်ဘုရား၊

တော်ပါသေးရဲ့ဗျာ။

အမေက နွားမတမ်းလေးတစ်ကောင်ရောင်းပြီး ဆရာကြီးအာဖျံရှိုး ဦးပွေးဆင့်နဲ့ ခေါ်ကုလိုက်မှ ဆီးရောဝမ်းပါ ပြန်ထွက်လာပြီး အသက်ရှင်ခဲ့ရာက ယနေ့တိုင် ဇာတ်ခုံပေါ်မှာ ပေါကောင်းတုန်းဘဝရောက်ခဲ့ရတယ်။

ဒီမှာ ဆရာကြီးဦးပွေးဆင့်က နှာခေါင်းကို လက်ဝါးနဲ့ပိတ်ပြီး မှတ်ချက်ချသွားခဲ့တယ်။

အတော့်ကို နံတဲ့ကောင်တဲ့။ ဒီကောင် အသက်ပြန်ရှင်တာ မြို့ရွာတိမ်ကောမယ့်နိမိတ်ပဲတဲ့။

ဟွန်း- တားတားကို ကျောရက်လိုက်ကြတာကျာ နော် နော်လို့။

❑

ကျုပ်တို့အုပ်စုလောက် ဇာတ်ရှုးတဲ့လူ ဟောဒီမြို့မှာ မရှိသလောက်ရှားပဲ။ ကျောက်တန်း၊ ခရမ်း၊ သုံးခွမှာလည်း ရှိမယ်တောင် မထင်ပေါင်ဗျာ၊

အဲဒီလို အကွဲကွဲအပြဲပြဲ အလွဲလွဲအချော်ချော်နဲ့ပဲ သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ မီးကင်းသိမ်းပွဲ စသည့် အခါကြီးပွဲလမ်းသဘင်များမှာ ကျုပ်တို့အဖွဲ့ နှစ်စဉ် ကလာလိုက်တာ သုံးလေးငါးနှစ် အချိန်တလေးရလာခဲ့တယ်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းနီးရင် ပဒေသာကပွဲတစ်ခုခုတော့ စီစဉ်လိုက်ရမှ။ နို့မဟုတ်ရင် အသွေးထဲအသားထဲအရိုးထဲမှာ အနုပညာပိုးများက နေမထိထိုင်မသာ ကျွမ်းပစ်နေရော။ စားမဝင်အိပ်မပျော်နဲ့ ရည်း

www.burmeseclassic.com



စားလင်နောက်လိုက်တယ်ဆိုသေး။

ကျုပ်တို့ပွဲကတိုင်း အဖေကလည်း စိတ်ညစ်ပြီး ရွာရှောင်နေရ၊ ဘုန်းကြီးဝတ်နေရလွန်းလို့ ကျုပ်အဖေလည်း မြို့ရှောင်သက်ရော ဘုန်းကြီးဝတ်သက်ပါ မနည်းတော့ဘူး။

အဖေ ပဉ္စင်းဝတ်သွားရင် အမေကလည်း တစ်မျိုးပဲ။ ဘာဖြစ်နေမှန်းကို မသိဘူး။ အိပ်ရာပေါ်မှာ တောင်လူးမြောက်လူးနဲ့။ သက်ပြင်းတဟင်းဟင်းနဲ့။ ဒါနဲ့ ကျုပ်ကို တစ်နေ့ အမေက ပြောရှာတယ်။

"မောင်မှိုင်း၊ မင်း မိန်းမမယူတော့ဘူးလား။ အသက်လည်း မငယ်တော့ဘူး။ ဒီလိုပဲ ဇာတ်ခုံပေါ်မှာ အရှက်မရှိ နေမှာလား ပြော"

"ဘာဖြစ်လို့လဲ အမေရ၊ ဒါ အနုပညာလုပ်တာဥစ္စာ"

"ငါရှက်တယ်၊ ရှက်တယ်၊ ဟိုတစ်ယောက်ဆိုရင် နင်တို့ ဇာတ်ကမယ်ဆိုတိုင်း မြို့ထဲရပ်ထဲ မျက်နှာမပြရဲလို့ ရွာပြန်ပဉ္စင်းဝတ်နေတာဘယ်နှနှစ်ရှိပလဲ။ ဒီတော့ နင့်ကို အမြန် မိန်းမပေးစားမှ ခြေငြိမ်မှာ။ နင့်မှာ ရည်းစားလေးဘာလေးရှိသလား။ ရှိရင် ငါ သူတို့မိဘများဆီ နားသွားဖောက်ပေးမယ်။ ပြောလေ"

"ရှိတယ်"

"အမယ် ရှိတယ်၊ ဟား ဟား ဟား ဘယ်သူလဲ၊ ဘယ်မှာနေတုံး"

"အခု အေးကြူနဲ့ ညားသွားပြီ"

"ဖွီ - အသုံးမကျတဲ့လူညံ့၊ ဒီနေရာမှာ နင့်အဖေ ခြေရာကို လုံးဝမမီဘူး။ နင် မိန်းမရရင် ခြေငြိမ်ငြိမ်နေမှာလား ရှင်းရှင်းပြော"

"အဟီး"

"ဘာအဟီးလဲ၊ ရရင်ယူမှာလား ဆက်ပေါ်နေမှာလား"

"ယူမှာပေါ့ အမေရ၊ အဟီး ဟီး ရှက်စရာကြီး အဟင့်"

"အကြောကတော့ နင့်အဖေ ငယ်စဉ်ကအကြောအတိုင်းပဲ။ ဟိုကလက်ကျမြန်တယ်၊ နင်က လက်ကျနှေးတယ် ဒါပဲကွာတယ်။ ငါဒီရက်ပိုင်းအတွင်း နင်နဲ့ သင့်တော်မယ့် မိန်းကလေး လိုက်ရှာမြန်းတီးခေါက်ကြည့်ဦးမယ်။ ဣန္ဒြေရရနေ၊ သမီးရှင်တွေ အမြင်ကပ်မျက်စိနောက်အောင် ကိုဝင်းပြောင်တို့၊ သောင်းညွန့်တို့ မြင့်ကြည်



www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ ပွဲတွဲပူးတွဲမလုပ်နဲ့ ကြားလား"

"ဟုတ်ကဲ့ ခင်ဗျ အဟီးဟီး"

သို့ကလိုပြောပြီး အမေ အိမ်ပေါ်က ချက်ချင်း ဆင်းသွားလေရဲ့။ အင်း- အမေ့ခမျာ ဟိုသီချင်းထဲကလို ဖြစ်နေပြီလား။

'သမီးမလှ လင်မရတာကြောင့် အဖမှာ လင်ဝယ်၊ လင်ဝယ် သွားရှာရမယ်၊ ဟို စားဖို့ထောင့်မှာ ဟိုစားဖို့ထောင့်မှာ ယောက်မကိုကိုင်လို့ မှိုင်မိတယ်လေး'

ခုတော့ သားမလှ မယားမရတာကြောင့် အမေ့မှာ ချွေးမဝယ်သွားရရှာတယ် ဖြစ်နေပြီ။

ဪ - အမေ၊ အမေ ကျုပ်အသက် (၃၅) နှစ်ကျော် (၃၆) နှစ်အဝင်အထိ ပေါချင်တိုင်းပေါ၊ သွပ်ချင်တိုင်းသွပ်နေတာကို မရှုရက်မမြင်ရက်ရှာဘူးနဲ့ တူပါရဲ့။ ခေါင်းပေါ် အဝတ်ကလေးတင်ပြီး ချွေးမ အရှာထွက်လေရဲ့။ တစ်နေ့တစ်နေ့ အိမ်မှာကပ်တယ်လို့ကို မရှိရှာဘူး။ အမေ့ကို ကြည့်လိုက်ရင် ပြန်ရောက်လာ၊ စဉ်းစား၊ ခေါင်းကုတ်၊ ပက်လက်လှန်တဟူးဟူး တဟင်းဟင်းနဲ့ သူ့စိတ်ကြိုက်ကျုပ်စိတ်ကြိုက် မတွေ့လို့ ထင်ပါရဲ့။

တစ်နေ့လည်းကျရော အရပ်ထဲက မြန်အလာမှာ ခွေးနက်ကလေးတစ်ကောင် ပါလာခဲ့တယ်။

"အမေ ဒီခွေးနက်မ ဘာလုပ်ဖို့တုံး"

"နင့်ဖို့၊ နင့်ဖို့"

"ဗျာ - ကျုပ်ဖို့ ကျုပ်က ဒီခွေးမကို ဘာလုပ်ရမှာတုံး"

"နင်နဲ့ ပေးစားမလို့"

"အောင်မလေး၊ ဗုဒ္ဓေါ မြတ်စွာဘုရား ကယ်တော်မူကြပါကုန်"

ဘယ့်နှယ်ဗျာ၊ လူကို လူနဲ့ မပေးစားဘဲ သားအရင်းခေါက်ခေါက်ရှားရှားပါးပါးလေးကို ခွေးမနဲ့ ပေးစားမလို့တဲ့။ လုပ်ရက်လိုက်လေ အမေရယ်။ အရပ်အရပ်အပြည်ပြည် ကြားလို့ကောင်းမှာလား။ ဒါနဲ့ ကျုပ်က ငိုကြီးချက်မနဲ့ မေးတော့ -

"နင် ထန်းပင်ကုန်း (----) လမ်းက ကိုကျားကြီးသမီး မခင်ရှိန်ကို



www.burmeseclassic.com

www.burmeseclassic.com



သိလား"

"အသားညိုညို၊ မျက်တောင်ကော့ကော့လေးနဲ့ မဟုတ်လား"

"ဟွန်း - ဒါမျိုးကျ တန်းနေတာပဲ"

"သူက ဘာပြောလဲ အမေ၊ ကျုပ်ကို ချစ် ချစ် . . အစ် . . ."

"နင့်ကိုယူမယ့်အစား ကြွက်သတ်ဆေးသောက်ပြီး သေပါရစေလို့ သူ့အမေကို ပြောသတဲ့"

"ဘုရားဘုရား"

"အဲဒါနဲ့ ခင်ရှိန့်ကို မရခဲ့ဘူး။ ဒါနဲ့ မြို့မတောင်ရပ်ကွက်က ဒေါ်ဂွရင်မြေး ခင်စန်းရှင့်ကို သိတယ်မဟုတ်လား"

"သိပ်သိတာပေါ့ အမေရာ။ ပိန်ပိန်သွယ်သွယ်၊ အသားဖြူဖြူ၊ ဆံပင်အရှည်ကြီးနဲ့ မျက်လုံးက သမင်မျက်လုံးလေ၊ မေးစေ့မှာ မှဲ့နီလေးနဲ့လေ"

"နင်မသိတာ မရှိပါလားဟင် ငမှိုင်း"

"အဟီး အနှစ်နှစ်အလလက ပြုစုခဲ့တဲ့ မှတ်ပုံတင် အပျိုစာရင်းလေး ရှိနေလို့ပါ အမေရာ။ ဒါနဲ့ သူကလေးကော ဟန်ကျခဲ့တယ်ပေါ့"

"ငါ ကလေးမလေးရဲ့ မိဘနဲ့ရော ဘွားအေကြီးနဲ့ပါ တိုင်ပင်ကြည့်တာပေါ့။ ကျွန်မသားလေး မောင်မှိုင်းနဲ့ ခင်စန်းရှင့်လေးကို နေရာချပေးချင်တယ်။ ရှိသမျှပစ္စည်းအကုန်တင်ပါ့မယ်ပေါ့"

"အမေက အဲဒီလို ပြောတော့ ခင်စန်းရှင့်ကလေးက ရှက် . . . ရှက်နေမှာပဲနော် အားနာစရာကြီး။ ဟီး ဟီး နောက်မှတောင်းပန်ရဦးမယ်"

"အဲဒီလို ပြောလိုက်တော့ ခင်စန်းရှင့်ကလေးက ငေါက်ခနဲ ထသွားပါလေရော။ ဘာလို့လဲသမီးလို့ ဝိုင်းမေးမြန်းကြတော့ ဘီလူးနဲ့ လက်ထပ်တာက အရောင်ထွက်ဦးမယ်၊ မင်းရဲ့ခေါ်နေတဲ့သွားကိုကြည့်ပြီး တစ်သက်လုံး ထမင်းစားလို့ရမှာ မဟုတ်ဘူးတဲ့။ အမေတို့ ပေးစားချင်လွန်းရင်လည်း မင့်သွားတွေအားလုံးကို ရိုက်ချိုးပြီးမှ ပေးစားပါတဲ့။

"အမလေး ကြားရတာနဲ့တင် ကြက်သီးထလိုက်တာ အမေရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား။ ကျုပ်ဘဝ ကံ ကံဆိုးလှချည်လား အမေရာ။ ဘာလို့ အမေတို့ ကျုပ်ကို သွားခေါ်အောင် မွေးထားရတာလဲဗျာ ဟင် ဟင်လို့"

"မင်းအဖေကြောင့်ပေါ့ကွယ်"

"ဗျာ - အဖေ့ကြောင့်၊ အဖေ ဘယ်လိုလုပ်လိုက်တာလဲဟင်"

"မမေးပါနဲ့ သားရယ်၊ ဒီအကြောင်းတွေပြန်တွေးရင် နင့်အဖေကို အစိမ်းလိုက် ဝါးစားပစ်ချင်တယ် သိလား။ ဒါနဲ့ ကိုကြွက်ပုသမီး အဂျန်လေး သိလား"

"သိတာပေါ့ အမေရ၊ ကပြားမလေးလေ။ သရီးစတက်ဆံပင်လေးနဲ့"

"အပျိုမှန်သမျှ နင်အကုန်သိနေပါလားဟင် ငမှိုင်း"

"နှလုံးသားမှတ်ပုံတင်သန်းခေါင်စာရင်းအရပါ အမေရာ။ အဲဒီ ကပြားမလေး မဆိုးဘူး အမေ၊ သူ့ကိုများရရင် ကျွန်တော် လုံးဝ ဇာတ်မကတော့ဘူး။ စိတ်ချလက်ချသာနေ။ ဒါနဲ့ သူကရော ကျွန် တော့်ကို ရီးမြေကျ လင်မှတ်မှတ်ပေါင်းနိုင်မယ်တဲ့လားဟင်"

"အစကနဦးတော့ အခြေအနေမဆိုးဘူးကွယ့်"

"အခြေအနေမဆိုးဘူး ဟုတ်လား၊ ဟား ဟား သင်းကလေးနဲ့က စွံ သွားနိုင်တဲ့အခြေအနေရှိတယ် အမေရ။ သူ့ကို ကျုပ် ရည်းစားစာ (၉) ခါ လိုက်ပေးဖူးတယ်။ ပေးလိုက်တိုင်း ကျုပ်ကို ရယ်ရယ်ပြသွား တယ် သိလား"

"ဒါနဲ့ အမေက မေးတယ်၊ ကြီးကြီးသား မောင်မှိုင်းကို သိလားလို့"

"သိတယ် ပြောမှာပေါ့။ ကိုယ်က နာမည်ကျော် ပြဇာတ်မင်းသား ဥစ္စာနော"

"ဒါနဲ့ပဲ အမေက အကျိုးအကြောင်း ပြောပြတယ်။ သမီးလေးကို ကြီးကြီးသားက သဘောကျ မေတ္တာရှိနေတယ်ပေါ့"

"အို - အမေကလည်း ကျုပ်. . . ကျုပ် ရှက်. . . ရှက်ပါဘိဗျာ၊ အားနာစရာ၊ တဲ့တိုးကြီး။ ဒါနဲ့ သူကလေးက ဘာ. . ."

"သမီးသာလက်ခံရင် မြတ်သာရုပ်ရှင်ရုံမှာ မြန်မာ့အသံ အဆို တော် တင်တင်မြတို့၊ ကိုမင်းနောင်တို့ တီးဝိုင်းကိုငှားပြီး ဒံပေါက်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးလို့ မင်္ဂလာဆောင်ပေးမယ်။ အတွင်းပစ္စည်းအားလုံးလည်း တစ်ခါတည်း စာချုပ်နဲ့ အပြီးအမွေလွှဲပေးမယ်လို့ ပြောတော့. . ."

"အမေက အဲလို ကြော အဲ အဲ ပြောတော့ သူ. . . သူ ရှက်ပြီး မျက်နှာကြီး ငုံ့. . . ငုံ့နေမှာပဲနော် အမေ"

"ကျွန်မ စဉ်းစားပြီး အကြောင်းပြန်ပါ့မယ်တဲ့။ နက်ဖြန် သိချင်တယ် သမီးရယ်လို့ ပြောတော့ ဟုတ်ကဲ့ ကြီးကြီးတဲ့။ လိမ္မာရေးခြားရှိလိုက်ဘိသနဲ့။ ပြုံးလိုက်ရင် ချစ်စရာလေး"

"အမေက ဓာတ်ပုံလေးဘာလေး မတောင်းခဲ့ဘူးဗျာ၊ နောက်နေ့ကျတော့၊ မြန်မြန်ပြောပါဗျ။ အမေ့ဟာက လောရင့်အောဖ်ရေဗီးယားရုပ်ရှင်ကားလိုပဲ ပေရှည်လိုက်တာ"

"နင်ပြောတဲ့ကား ငါမသိဘူး။ နောက်နေ့သွားမေးတော့ သူ့အမေက ဝမ်းသာအားရ ဆီးပြောတာပဲဟဲ့"

"ဘာလဲ ဘယ်လို ပြော. . . ပြောလဲ ဟင် ဟင်"

"ကျွန်မတို့ကတော့ လုံးဝ ငြင်းစရာမရှိပါဘူးတဲ့။ ဒါပေမင့် ညကပဲ သမီး လင်နောက်လိုက်သွားပါပြီတဲ့"

"ဟာ - သေလိုက်ပါတော့ဗျာ၊ နှစ်ပါးသွားခါနီးကျမှ။ လွမ်းခန်းဝင်ရမယ်လို့ဗျာ။ တောက် - ကျုပ် ကျုပ် အရမ်းရင်နာတယ် အမေ။ ကျုပ်ဘဝဟာ မိုးခေါင်ရေရှားရပ်ဝန်းဖြစ်နေတယ်။ ဟောဒီ နှလုံးသားဟာ မြေဩဇာကောင်းတဲ့ မြေနုကျွန်းစစ်စစ် ဖြစ်ပါလျက်ကယ်နဲ့ ဘယ်အချစ်သစ်ပင်မှ စိုက်လို့ပျိုးလို့ မရဘူး ဖြစ်နေတယ်။ ဒါဟာ ကျုပ် မြေနုကျွန်းရဲ့အပြစ်လား၊ အချစ်မျိုးစေ့တွေ ပိုးဝင်နေသလားဆိုတာ အမေ နှလုံးသားအချစ်ပင်လယ်ပြင်ကို ဖြတ်ကျော်လာခဲ့သူပါ။ အမေ အသိဆုံးပါ။ ကျုပ် ကျုပ် မေတ္တာတရား ခေါင်းပါးရာ အရပ်မှာ ဆက်လက် အသက်မရှင်လိုတော့ဘူး။ ဒီနေ့ကစပြီး ကျုပ် ဘယ်ရင်အုံ့ရဲ့ နှလုံးသားမျက်လုံးအစုံကို ဓားနဲ့ ဖောက်. . ."

"ဂွမ်း"

"အမေလေး"

"ဒေါင် ဂွပ် ဂုတ်"



www.burmeseclassic.com

www.burmeseclassic.com



"သေဟ၊ သေဟ ငါ့မျိုး ပြဇာတ်ထဲက စကားလုံးတွေနဲ့ လာရှိုးလို့။ မှတ်ထား ကိုင်း ကိုင်း"

"ဂုံး ဂွမ်း ဂုတ် ဂုတ် ဂုတ်"

အမလေး ကျုပ်ရဲ့ ဒိုင်ယာလော့ခ် မဆုံးခင်မှာ အနီးရှိတဲ့ ကြေးလင်ပန်းနဲ့ရော ထွေးခံနဲ့ပါ ကျုပ်ခေါင်းကို ထုလိုက်နှက်လိုက်တာ ရှာစားကြီး စံတော်ချိန် စိန်ဘမောင်တီးလုံးထက်မြိုင်တဲ့ အသံတွေ ခံပင်ပေါ်မှာ အချိန်အတော်ကြာကြာ မြည်သွားခဲ့တယ်။

"နင် သေလို့မရသေးဘူး၊ မိန်းမမရရင်တောင် ဂြိုဟ်ပြေန်မပြေ ခွေးမရရင် မဆိုးဘူးလို့ စဉ်းစားပြီး အုန်းမောင်တို့အိမ်က ခွေးနက်မလေး ခေါ်လာတာ။ ကြည့်စမ်း မချောဘူးလားဟင်"

ကျုပ်က ရင်နာစွာဖြင့် ခွေးနက်မလေးကို ကြည့်လိုက်တော့ ခွေးနက်မလေးက အမြီးလေးနန့်ပြီး ကျုပ်ညာလက်ကို လျှာနဲ့လာလျက်နေလေရဲ့။ ဒုက္ခပါပဲနော်။

"မင်းလည်း သွားလေရာ အဖော်ရတာပေါ့"

"ကျုပ် ကျုပ် ညဘက် သူနဲ့ အိပ် အိပ်ရမှာလားဗျာဟင် အမေ"

"ဖွီ ဘယ်ကဟုတ်ရမှာလဲ၊ ဒါပယောဂဆရာကြီးအာဖဲ့ရှိုးဦးပွေးဆင့်ရဲ့ ယာယီယတြာတဲ့။ မောင်မှိုင်းဆိုတာက ကြာသပတေး၊ ခွေးက တနင်္လာ၊ အန္တော၊ ဂဗ္ဗော၊ စရေ၊ ဝံသေတဲ့။ ကြာသပတေးနဲ့ တနင်္လာက ဂဗ္ဗောဓာတ်။ အဲဒါ တွဲဖက်ဆောင်ရင် အောင်မြင်ရောဆိုလို့ ဒီခွေးမကို မရအရတောင်းလာရတာ။ သွားလေရာကို ခေါ်သွားရမယ်လို့ ဆရာကြီးဦးပွေးဆင့်က ပြောလိုက်တယ်။ မကြာခင် လပိုင်းအတွင်း ချစ်သူနဲ့ တွေ့ဆုံညားရမတဲ့။ ကိုင်း - ဒီခွေးမကို မင့်လက်အပ်ပြီး လိမ္မာသလို အသုံးပြုပေရော့"

ဒါနဲ့ ဆရာကြီးဦးပွေးဆင့် အစီအရင်အတိုင်း သွားလေရာ ခွေးမလေးကို ကြိုးနဲ့ချည်ပြီး ခေါ်သွားရတယ်။ ပြီးတော့ ဆရာကြီးက ခေါ်စာပစ်ရမယ်၊ ရှာသူအတိုက်အခိုက်ရှိတယ် ပြောတာပါပဲဗျာ။ ရှာသူတော်အသက်ကြီးကြီးတဲ့ဗျ။ ဘယ်လို ခေါ်စာပစ်ရမှာလဲ ဆရာကြီးရယ်လို့မေးတော့ -



www.burmeseclassic.com

www.burmeseclassic.com



"ညကိုးနာရီမှာ အမဲသား အသားချည်း သုံးပိဿာချက်ပြီးသားနဲ့ လက်ဖက်တစ်ပွဲပါထည့်၊ ငါ့အိမ်ရှေ့မှာ ငှက်ပျောရွက်နဲ့ လာပစ်ရမယ်ကွယ့် အဟမ်း ဟမ်း"

ဆရာကြီးပြောတဲ့အတိုင်း အမဲသားပေါင်သား သုံးပိဿာကို မဆလာ၊ ချင်း၊ ငရုတ်သီး၊ ကြက်သွန်ဖြူနိုင်းချင်းချက်ပြီး ဆရာကြီးဦးပွေးဆင့် အိမ်ရှေ့မှာ ခေါ်စာကျွေးခဲ့ပါတယ်။ လက်ဖက်ပွဲလည်း ပေးခဲ့ပါတယ်။

(မှတ်ချက်။ ။ ဖော်ပြပါ အမဲသားသုံးပိဿာချက်နှင့် လက်ဖက်တစ်ပွဲကို ကျွန်ုပ်တို့ ပြန်သောအခါ ဆရာကြီးဦးပွေးဆင့်ကိုယ်တိုင် တောင်ကြည့်မြောက်ကြည့်လုပ်ပြီး အကုန်မ,၍ အိမ်ထဲဝင်သွားသည်ဟု ကြားသိခဲ့ရသည်။)

ဆရာကြီးရဲ့ ယတြာခတ်ဆင် ဘယ်လောက်ကောင်းသလဲ မသိဘူး၊ သုံးလကြာသည့်တိုင် ရည်းစားဝေးလို့ ဇီးပြားတောင်မရ။ ချစ်သူဝေးလို့ မျှစ်အဖြူလေးတောင် မတွေ့ရ။

မကြာပါဘူးဗျာ၊ ကျုပ်ခွေးမလေးမှာ သူ့ ခွေးချစ်သူနဲ့တွေ့ပြီး ဇီးရှိနေပါလေရော။ သွားလေရာ ခွေးမလေးက တကောက်ကောက် ပါပါနေတော့ သူငယ်ချင်းတွေက မိန်းမရနေပြီလားတဲ့။ ငါတို့ကို ဖိတ်စာ မကမ်းဘူးကွာတဲ့။ ကောင်းကြသေးရဲ့လားဗျာဟင်။

အဲဒီခွေးနက်မလေးဟာ ခွေးဂျလေဘီချစ်သူနဲ့ နှစ်ပါးသွားပြီး ခွေးလေး ခြောက်ကောင် ပေါက်ပါလေရော။ အဲဒီမှာ ခွေးပေါက်စလေးတွေက နို့လည်းခွဲရော ကျုပ်သွားလေရာ တကောက်ကောက်လိုက်ကြတာပေါ့။ အဲဒါကို မဂျစ်ပုကြီးမြင်လည်းမြင်သွားရော သူ့ထမင်းဆိုင်ရှေ့ကနေ စောင်းမြောင်းအော်ပါလေရော။

"အခုမှပဲ သားနဲ့မယားနဲ့ သိုက်သိုက်ဝန်းဝန်းရှိသွားတော့တယ်ဟေ့"

တဲ့။ ဒီနှစ်ဝါကျွတ်ရင် ကျေးဇူးရှင် ယတြာခတ်ဆင်ဆရာကြီး အဖွဲ့ရှိုးဦးပွေးဆင့်ကို သားခွဲခွေးသုံးကောင်နဲ့ သွားကန်တော့ကျေးဇူးဆပ်မယ်လို့ ဆုံးဖြတ်ထားတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ အလွမ်းတွေ ပွေ့ပိုက်ရင်း ဝါသနာမဖျက်နိုင်တဲ့ ဇာတ်ခုံပေါ်မှာ မုဆိုးစိုင်သင်ရင်း ရဲရဲတောက်မယ့် သဘင်အလောင်းအလျာဘဝကို မျက်စိနောက်နောက်နဲ့ ရောက်လာခဲ့တာပေါ့ ခင်ဗျာ။

ဘဝဆိုတာ တိုက်ပွဲပဲ။

အမြတ်တနိုး မျှော်လင့်ချက်ရဖို့ ရုန်းကန်ရတဲ့ဘဝ၊ ရင်းနှီးပေးဆပ်ရမယ့်ဘဝဟာ ကိုယ်ဝန်ဆောင်ဗိုက်ခွဲမီးဖွားရသလိုပဲ စွန့်စားပြီးမှ ရတဲ့အရသာ။

ဟော- ကြည့်စမ်း။ ယခုနှစ် ကိုးမုခ်ရှင်ဘုရားပွဲမှာ ကျုပ်ကိုယ်တိုင် ဦးစီးပြီး ဇာတ်ကမယ်လို့ အစည်းအဝေးမှာ ကြေညာလိုက်ရော ဂေါပကလူကြီးတွေ မျက်လုံးကျယ်သွားကြတယ်။ သို့သော်လည်း ကျုပ်ရဲ့တတ်ရည်လက်ရည် အစွမ်းအစကို သိကြလို့ နောက်ဆုံး.လုပ်ချင်ရာလုပ် အရှုံးအမြတ် တာဝန်မယူဘူးနော်တဲ့။ မင်္ဂလာသောင်းတို့၊ ကိုဝင်းပြောင်တို့ကလည်း ဝိုင်းစဉ်းစားပေးမယ်ဆိုပဲ။

ကျုပ်တို့ဆရာ ကိုဝင်းပြောင်ကြီးက မိန်းမရသွားတော့ ခြေငြိမ်သွားပြီလေ။ သူ့မိန်းမ ခရမ်းမြို့သူ မထွားထွားအယ်စတုံက (အယ်စတုံမှာဘိုနာမည်ရောမှည့်ထားခြင်း ဖြစ်သည်။) ဇာတ်ခုံပေါ်တက်ကမြင်းကြောထတဲ့နေ့ ကျွန်မနဲ့ ပြတ်စဲပြီးသားပဲနော် အစ်ကိုလို့ ကြိုတချုပ်ချုပ်ထားတာနဲ့ စင်ပေါ် မတက်ရဲတော့ဘူး။ မင်္ဂလာသောင်းနဲ့ ဝိဇ္ဇာစိုးတို့ကတော့ သူတို့မယားများက ကွာချင်သပဆို တရားရုံးထမ်းပို့ပေးဖို့တောင် စေတနာကကောင်းလွန်းတော့ တရုတ်မ မခင်နဲ့ မခင်ညောင်ပန်းတို့ခင်ဗျာ သေသည်အထိ ကြိတ်မှိတ်ပေါင်းသွားဖို့ ဘုရားမှာ ဆုပန်လိုက်ရတယ်။

အထက်မှာ စကားပလ္လင်ခံခဲ့သလိုပေါ့ခင်ဗျာ။ အနုပညာတစ်ခုခုကို မလုပ်ရရင် အသွေးထဲအသားထဲအရိုးထဲကနေ ပိုးတ နေမထိထိုင်မသာနဲ့ ဒုက္ခပေးကြတာကလား။ ဒါကြောင့် ပိုးသေအောင် ဇာတ်ခုံပေါ် တက်ရတယ်။ တစ်သောင်းလောက် သွပ်ခွာ၊ နားကပ်ပေါင်၊ အိတ်စိုက်လုပ်ပြီးရင်နှလုံးစိတ်ဝမ်းကို ချမ်းမြေ့သွားတာပဲ။

သို့ကလို ကျုပ်တို့ရဲ့ အစွမ်းအစကို ဦးလေးကျော်သောင်းက -

"မနှစ်ကလိုတော့ မဖြစ်ကြပါစေနဲ့ကွာ။ က,ရင်လည်း ဇာတ်ကို ပြီး



www.burmeseclassic.com

www.burmeseclassic.com



အောင် ကကြပါ"တဲ့။ ကြိုသတိပေးစကားပြောလာရှာတယ်။

ဦးလေးကျော်သောင်းကလည်း ပြောရရင် ဇာတ်ကန်ထရိုက်တစ်ပိုင်း၊ ဂေါပကလူကြီးတစ်ပိုင်း ခင်ဗျ။ ကျုပ်တို့ ရပ်ကွက်ထဲမှာ ကိုးမုခ်ရှင်ဒီပါအေးစေတီဆိုတာ ရှိတယ်။ ဟိုးလွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်လောက်ကစပြီး ဒီစေတီ ထီးတော်တင်ပွဲကို နာမည်ကျော် ရွှေဟင်္သာအငြိမ့်အဖွဲ့ကြီးနဲ့ စဖွင့်ခဲ့တာ။ ဘုရားစေတီကလည်း တန်ခိုးကြီးရှေးဟောင်းစေတီခင်ဗျ။

အဲဒီတုန်းက သူဌေးမကြီး နဂါးဒေါ်ဦးကိုယ်တိုင် ထီးတော်တင်လှူပွဲမှာ ငွေအား၊ လူအား၊ ရတနာပစ္စည်းအား အလုံးအရင်းနဲ့ ပံ့ပိုးကူညီခဲ့တဲ့ စေတီဘုရားရယ်ကိုး။

နောက်ကျတော့ ဦးလေးကျော်သောင်းက စိန်မာဒင်ဇာတ်ကို ရပ်ကွက်တောင်ဘက်က လယ်ကွင်းရှင်းပြီး ရုံသွင်း စ,ကစေခဲ့တာ။ အဲဒီအချိန်က စိန်မာဒင်ဆိုတာကို သန်လျင်မြို့က လုံးဝ မသိမကြည့်ဘူးကြသေးဘူး။ ဦးကျော်သောင်းက ဇာတ်ပွဲဝါသနာကြီးတော့ စိန်မာဒင်နဲ့ မင်းသမီးရဲတပ်ကြည် ကတာကို ကြိုက်လွန်းလို့ဆိုပြီး သန်လျင်ကိုးမုဒ်ရှင်ဘုရားပွဲမှာ စကစေခဲ့တာ။ အရမ်းအောင်မြင်သွားတယ်။ တစ်မြို့လုံး ကြိုက်ကြတာကိုး။ စိန်မာဒင်က ချောလည်းချော၊ အကကလည်းကောင်း။ အဲဒီအချိန်က ရွှေကျီးနိုင်လွန် ခေတ်စားနေချိန်။ ပြည်ဖုံးကားကို ရွှေကျီးနိုင်လွန်က ဇာတ်နှိုလုပ်ထားတာ။ မင်းသမီး ရဲတပ်ကြည်ကလည်း အသံကောင်း၊ အလွမ်းကောင်း။

❋

ဘယ်ကလောက် အောင်မြင်သွားသလဲဆို နောင်နှစ် ကိုးမုခ်ရှင်ဘုရားပွဲချိန်ရောက်တိုင်း စိန်မာဒင်နဲ့ ရဲတပ်ကြည်ပဲ။ အဲဒီကနေမှ နာမည်ကျော် သမိုင်းဝင် ကျိုက်ခေါက်ဆံတော်ရှင်ဘုရားပွဲမှာ ဝင်က,ရင်း ဟိုးလေးတကျော်သွားလိုက်တာ အခုဆို နှစ်ပေါင်းလေးဆယ်ခန့်ရှိသွားပြီ။ စိန်မာဒင်ရော သူ့ရဲ့ရင်သွေး မျိုးဆက်သစ် ကိုမိုးဝင်း၊ ကိုမိုးမင်းပါ နှစ်စဉ် ဆက်တိုက် ကလာတာ မြို့ပရိသတ်ကလည်း ကြိုက်လို့ မဝနိုင်သေးဘူး။

ကျုပ်တို့မြို့က ပွဲကြိုက်သမှ အဲဒီလိုမျိုးကြိုက်တာ၊ စွဲလမ်းတာ။ မြို့ကြိုက်ဆိုရင် အဲဒီဇာတ်၊ အငြိမ့် နှစ်တိုင်းဝင်ပဲ။ ဒါကြောင့် သန်လျင်ရွှေ



www.burmeseclassic.com

www.burmeseclassic.com



မြို့တော်ကြီးမှာ အလင်္ကာကျော်စွာရွှေမန်း (ဦး)တင်မောင်၊ ဝဏ္ဏကျော် ထင်(ဦး)စိန်အောင်မင်း၊ စိန်မဟာသဘင် စိန်မာဒင်၊ ပန်တျာကြည်လှင်၊ မြို့တော်သိန်းအောင် စသည့် ဇာတ်ကြီးများသည် အနှစ်နှစ်ဆယ်၊ သုံးဆယ်၊ လေးဆယ် နှစ်စဉ်ဆက်တိုက်ဝင်နေတာ တပို့တွဲလရောက်တိုင်ပါပဲ ခင်ဗျ။

တိုတိုပြောရရင်ဗျာ။ နောင်နှစ် နောင်နှစ်တွေရောက်တော့ ဇာတ်ကြေးတွေက ကြီးလာတယ်။ ဒါကြောင့် အရပ်ဘုရားပွဲမှာ ထိပ်တန်းဇာတ်ကြီးများကို မငှားနိုင်တော့ဘူး။ ရုပ်ရှင်ပဒေသာတို့၊ ဂီတပဒေသာတို့ ငှားသွင်းလာတယ်။

သည့်နောက်ပိုင်း ကျုပ်တို့အရပ်ပဒေသာဇာတ်နဲ့ ချော်တာရေးလုပ်ပြီး ဘုရားပွဲသုံးရက်ကို ကိုယ့်ဘာသာစီစဉ်ပြီး ဖြစ်အောင်လုပ်ခဲ့ကြတယ်။ ဒီအချိန်မှာ ကျုပ်မှာလည်း စာရေးဆရာ မင်္ဂလာသောင်းနဲ့ပေါင်းမိပြီး စာရေးဆရာရူးရောဂါထနေချိန်၊ ဇာတ်ပိုးကလည်း ဦးနှောက်ထဲမှာ ဆွေနဲ့မျိုးနဲ့ အုံကျင်းဖွဲ့ ရှာတည်နေတဲ့အချိန်။ ကျုပ်မိတ်ဆွေ မင်္ဂလာသောင်း (သန်လျင်ညွန့်ဦး) ကလည်း အများသိတော်မူကြသည့်အတိုင်း ဇာတ်ရူးမှ ရေတစ်စက်မရောဘူး။ ပွဲများကနေရရင်၊ ဇာတ်စင်ပေါ် သီချင်းသွားဟစ်နေရရင် အိမ်ပေါင်ရတာတောင် သိပ်ဂရုစိုက်တာ မဟုတ်ဘူး။ တယ်ကချင်ဆိုချင် သူရယ်ကိုး။

ဒီမှာ ပန်းချီဆရာ ကိုမြင့်ကြည်ရယ်၊ သီချင်းရေးတဲ့ ဝိဇ္ဇာစိုးရဲ့ညီ သန်လျင်စိုးသိန်းရယ်ကလည်း အနီးမှာ အသင့်ရှိနေတော့ သူတော်ချင်းချင်း သတင်းလွှလွှ ပေါင်းဖက်တွေ့ပြီး နှစ်စဉ် ဇာတ်ကကြတယ်ကိုး ခင်ဗျ။

ကျုပ်ကိုယ်နှိုက်ကလည်း ပွဲကြိုက်သမားပေကိုး။ ကျုပ် မကြည့်ဘူးတဲ့ ဇာတ်ကလည်း ခပ်ရှားရှားပဲ။ အလင်္ကာကျော်စွာရွှေမန်းတင်မောင်၊ ဝဏ္ဏကျော်ထင်စိန်အောင်မင်း၊ စိန်မဟာသဘင်၊ စိန်မာဒင်၊ ပန်တျာကြည်လှင်၊ မြို့တော်သိန်းအောင်၊ ဘီအီးဒီအောင်သိုက်၊ ရွှေဘိုသန်းစိန်၊ တိုင်းချစ်သန်းစိန်၊ ပန်တာမြဖင်း၊ ရွှေမန်းကျော်အောင်၊ ကိုးမြူအငြိမ့်၊ စိန်အောင်ကြည်၊ အောင်ကျော်မြိုင်၊ မိချောင်းစိန်၊ မန်းရာပြည့်သန်းစိန်၊ နန်းဝင်းတို့



www.burmeseclassic.com

www.burmeseclassic.com



**အခွဲ၊ လူငယ်ကြည်ခိုင်**၊ နေပြည်တော်တင်ဝင်း၊ မြို့တော်ချစ်ဖွယ်၊ ပုလင်း**စိန်၊ ဖန်ခွက်စိန်**၊ ဦးတင်ဌေး၊ ဆန်းညွန့်စီအငြိမ့်၊ ရွှေနှင်းဆီအငြိမ့်၊ စိန်ပိုးတီအငြိမ့်၊ ကျွန်တော့်သဘင်မှသည် မန္တလေးသိန်းဇော်၊ မန်းမြို့သားလေးဖိုးချစ်အထိ အကုန်ကြည့်ဖူးတယ်။ သာမန်ကြည့်တာ မဟုတ်ဘူး။ ပညာယူတဲ့မျက်စိ၊ အနုပညာခံစားချက်၊ နှလုံးသားနဲ့ အလေးအနက်ကြည့်တာ။

ရွှေမန်း နောက်ပိုင်း ဘာကောင်းတာလဲ၊ စိန်အောင်မင်း ဘယ်လိုဟဲ့တာလဲ၊ အော်ပရာဆိုတာ ဘာလဲ၊ ပြဇာတ်ကို ဘယ်ဆိုဆင်ကြသလဲ၊ **နောက်ပိုင်း** ဘယ်လိုလွှမ်းသလဲ၊ နှစ်ပါးခွင်မှာ လူရွှင်တော်ပြက်လုံး ဘယ်လိုထုတ်ကြသလဲ၊ ချိတ်ဆက်သလဲ။ တီးဝိုင်းမီးစပေါ့လိုက် စသည် ဘယ်လိုဆင်သလဲ၊ ကစားသလဲ၊ ဘယ်လိုပို့သလဲ စသည်ဖြင့် အငြိမ့်ပိုင်းဆိုင်ရာဇာတ်ဆိုင်ရာများကို သေသေချာချာကို လေ့လာတာ။ နည်းနာယူတာ (ကိုယ်တိုင်လုပ်ရင်သာ တလွဲနဲ့ ချောက်ပေါက်ကျရတာချည်းပဲ။)

ဘယ်လောက်များ ရှုးသလဲဆို လူငယ်ကြည်ခိုင်အပြောလည်း ကျုပ်က ပြောနိုင်တယ်။ **ဘီအီးဒီအောင်သိုက်လေနဲ့** အိုက်တင်လည်း လုပ်ပြနိုင်တယ်။ **ဦးတင်ဌေးရဲ့** ဒိုင်ယာလော့ခ်လည်း လာမစမ်းနဲ့ ရှိုးနိုင်တယ်။ ပြဇာတ်**မင်းသား** အာကာတို့၊ စိတ်ဓာတ်ဝင်းမြင့်တို့လေလည်း အတုခိုးထားတော့ ကျုပ်လောက် ဇာတ်ရှူးရှူးတဲ့လူ ဒီမြို့မှာ ရှိပါတော့မလားဗျာ။

အလင်္ကာကျော်စွာရွှေမန်းတင်မောင်ရဲ့ မဲဇာတောင်ခြေလည်း လေ့ကျင့်ပြီးသား။ တစ်ခါမှာ ဘကြီးဘအောင်မြေးအလှူမှာ မဲဇာတောင်ခြေကို ဒိုးပတ်ဝိုင်းနဲ့ ဟစ်ပစ်လိုက်တာ -

"မဲဇာတောင်ခြေ စီးတွေတွေတည်း ဟီး ဟီး ဟီး မြစ်ရေဝန်းလည်
မြိုင်တောဆီက ရွှေပြည်ကိုသာ ဟာ ဟာ ဟာ"

သို့ကလို သွားကိုမီးပေါ်လန်သွားအောင်၊ လည်ချောင်းကြောများ မုန့်ကြိုးလိမ်လို ဖြစ်သွားအောင်ဟစ်ပြီး ဘကြာလဲ အလှူမဏ္ဍပ်အမိုးပေါ် အုတ်ပိုင်းကျိုးတွေ ကျလာပါရော။ အဲဒီမှာ ဘကြီးဘအောင်က ရပ်ကွက်လူကြီးဦးအောင်ငြိမ်း ပြေးခေါ်ပြီး အကူအညီတောင်းရပါရော။ ဒီမှာ ဦးအောင်ငြိမ်း၊ ဦးလှထွန်းတို့က အခြေခံကျတဲ့ကျုပ်ကို ကုပ်ဆွဲခေါ် သွားပြီး အလှူမပြီးမချင်း ပါးစပ်ကို ပလတ်စတာကပ်ပေးခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအသံကလည်း နဂိုအခံလေးကောင်းပြီးသားရယ်ကိုး။ ပြီးတော့ ဝဏ္ဏကျော်ထင်စိန်အောင်မင်းရဲ့ 'ဟိုတောင်ဆီက ညိုတိုတိုရယ်၊ ညိုတိုတိုရယ်' အဟဲ။ မင်းသားကြီး ကျိုက်ခေါက်ဘုရားမှာ ရွှေလဝန်းဇာတ်ခုံကြီးနဲ့ လာကတုန်းက အဲဒီသီချင်းစာအုပ်ကို ရောင်းလို့ ဝယ်ထားခဲ့တာ၊ ကြိုက်လွန်းလို့လေ။ ဝိဇယတုမ္ဗာရုပ်ရှင်မှာလည်း ဒီသီချင်းဆိုသေးမဟုတ်လား။

တစ်ည အချိန်က ကိုးနာရီတောင်ရှိပြီ။ မှောင်ကလည်း မှောင်လှချည်ရဲ့၊ အဲဒီမှာ အဘဦးစိန်အောင်မင်းရဲ့အဟဲကို အားလုံး မဇမျှော်လင့်ဘဲ ကြားပြီး အံ့သြကြပါစေရောဆိုတဲ့ စေတနာနဲ့ ပုဆိုးကို ခါးတောင်းကျိုက်ထားပြီး လမ်းထဲအဝင်မှာ အသားကုန်ဟစ်လိုက်တယ်။ စဆိုမလို့ အသံစမ်းနေတုန်း ရွာတော်ရှင်နတ်ကွန်းထဲက တောက်ခတ်သံကြားလိုက်ရရော၊ ဒါနဲ့အတူ အော်မြည်နေတဲ့တောက်တဲ့အသံလည်း ချက်ချင်းရပ်သွားတယ်။ သို့သော် ညောင်ကိုင်းတစ်ကိုင်းက တဝုန်းဝုန်းလှုပ်လို့ သရဲများခြောက်လေရောလား။ ဒါနဲ့ အရဲကိုးပြီး အသံကိုမြှင့်အော်ဆိုလိုက်တယ်။

"ဟိုးတောင်ဆီက ညိုတိုတိုရယ်၊ ညိုတိုတိုရယ်၊ မိုးစို့ထင့်စိုထင့် အဟင့်အဟင့်၊ ရွာ ရွာဟာ ဟာ ရွာတော့မယ် ခင်ဗျ၊ မိုး ဟိုး ဟိုး ရွာရင်နေ့ဘ်ဗျာ၊ ခင့်ကို ဘာနဲ့တွေ့ရပါမယ် ဟယ် ဟယ် ဟယ်၊ သိုင်းခြုံလို့ကွေး ဖေး ဖေး ဖေး"

"ဂျိမ်း"

"ဂျိမ်း"

"အမလေး"

"ဂျိမ်း"

"ဘုရား၊ ဘုရား"

"ဂျိမ်း ဂျိမ်း ဒလိန့် ဒလိန့် ဂျိမ်း"

မြတ်စွာဘုရား ကယ်တော်မူပါဘုရား။ သီချင်းမှမဆုံးသေးဘူး။ ကောင်းကင်မှာ ဝင်းခနဲလက်ပြီး မိုးကြိုးလေးငါးလုံး ဆက်တိုက်ပစ်ချလိုက်လို့ မြေကြီးမှာ ပုဆိုးခေါင်းမြီးခြုံဝပ်နေရတယ်။ ထမယ်လို့ကြံလိုက် ဂျိမ်းခနဲပစ်လိုက်နဲ့၊ ကျုပ်သီချင်းဆက်မဆိုရဲတော့ဘူး၊ မိုးကြိုးပစ်သံငြိမ်လို့ တျန်တဲ့အဆက်ကလေး ဆိုမယ်ကြံရင် ဝင်းခနဲဖြစ်ပြီး ဂျိမ်း. . ဒိုင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတွဲလိုက်ပစ်ကရော။ အဲဒါနဲ့ ဆက်မဆိုဘဲ သမ္ဗုဒ္ဓေရွတ်ပြီး အိမ်အရောက် ခြေကုန်သုတ်ခဲ့ရတယ်။

ဒီလိုကို ကျုပ်က အသံနဲ့ ပတ်သက်လို့ တဝင်းဝင်းတလက်လက် ရွှေတံဆိပ်၊ ငွေတံဆိပ်ရပြီးသားလေ။ မနက်မိုးလင်းရော ရွာတော်ရှင်နတ်စင်နားမှာနေတဲ့ ဦးချိန်နဲ့ ဒေါ်ဖွန်းတို့ လင်မယား လက်ဖက်ပန်းကန်လေးကိုင်ပြီး အိမ်ရောက်လာတယ်။ ရောက်ရောက်ချင်း ချီးကျူးကြတယ်။

"ငမှိုင်းရယ်၊ ငါညီရယ်၊ နောင်ကို မိုးတွေညို့နေရင် အစ်ကိုတို့အိမ်နားမှာ ငါ့ညီ သီချင်းမဆိုပါနဲ့ကွာနော်၊ အစ်ကိုတို့ လက်ဖက်ပွဲနဲ့ တောင်းပန်ပါတယ်ကွာ နော် နော်"

"ဗျာ - ဘာဖြစ်လို့လဲ ဦးချိန်၊ ဒါ စိန်အောင်မင်းရဲ့သီချင်းဗျ"

"စိန်အောင်မင်းက စိန်အောင်မင်းပါ ငါညီရာ။ မင်းက ငမှိုင်းပါ။ မင်းဆိုလိုက်တိုင်း မိုးကြိုးပစ်တော့ မတော် ငါ့အိမ်ပါ စက်ကွင်းမလွတ်မှာ စိုးလို့ပါကွာနော်။ ဆိုချင်သပဆိုရင်လည်း ရပ်ကွက်ဥက္ကဋ္ဌဦးအောင်ငြိမ်းအိမ်ရှေ့မှာ ဆိုပါကွာ။ အစ်ကိုတို့ ပြန်မယ်နော်" လို့ တောင်းပန်သွားတယ်။

အဲဒီနှယ် အမှတ်တွေ ဝိုင်းပေးလာကြတော့ မြို့မေတ္တာ၊ ရွှေမေတ္တာ ခံယူမယ့် သားလေးက ဘဝင်တွေလွတ်မြှင့်ပြီး မိုးညို့တာနဲ့ အဲဒီသီချင်း ဟစ်တော့တာပဲ။ ဟစ်လိုက်တာနဲ့လည်း အနားမှာရှိတဲ့ ခွေးရော၊ ကလေးရော၊ ခရီးသွားပါ မှုန်နေအောင်ပြေးကြရော။ မိုးကြိုးမှန်မှာစိုးလို့တဲ့။

တစ်ခါဗျာ။

"ဟိုတောင်တန်းမှာနော်ကွယ်၊ မောင်ထမ်းလို့ခေါ်ပါ့မယ် ဟယ် ဟယ် ဟယ်"

လို့ အသံကုန်ဟစ်လိုက်တာ ကန်စွန်းရွက်ဖန်းကြီးရွက်လာတဲ့ အဒေါ်ကြီး လန့်သွားလို့ သူရော ဈေးဗန်းပါ မှောက်လျက်လဲပြီး မေ့မြောသွားပါရောလား။ ဒါနဲ့ ကလော်တုတ်လိုက်တာ တစ်နာရီနဲ့ သုံးဆယ့်ငါးမိနစ်ကြာမှ အဆဲရပ်သွားခဲ့တယ်။ ဒီလိုမျိုး လူချစ်လူခင်ပေါများကြွယ်ဝတဲ့ ဂန္ဓဝင်မောင်မှိုင်းပါ ခင်ဗျာ။

တွဲတေးသိန်းတန်ရဲ့ ထွေးညိုပြဇာတ်၊ စိုးစိုးမိုးပြဇာတ်ကတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်ဇာတ်လုံးသုံးလို့မရအောင် ကျုပ်တို့ပျက်ခဲ့တာ ပရိသတ်များအသိပါပဲ။

ဒါကြောင့် မင်္ဂလာဆောင်းကြီးက မောင်မှိုင်းနဲ့တွဲလုပ်ရင် ဝက်ဝက်ကွဲပဲတဲ့။ ထွက်သည့်အတိုင်း တွဲကြတယ်။ ဒီလိုနဲ့ စင်တင်ပြဇာတ်၊ အော်ပရာ၊ ဟာသပြဇာတ်တိုများကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင်သရုပ်ဆောင်၊ ကိုယ်တိုင် ဒါရိုက်တာလုပ်လာခဲ့တာ နဖူးတောင်ပြောင်နေပါပြီ ခင်ဗျာ။

ခုလည်း မကခင်ကတည်းက ဒါရိုက်တာ၊ စာရေးဆရာ၊ သရုပ်ဆောင် မောင်မှိုင်းရဲ့ မိုးကြိုး ထိပ်ပေါ် ပစ်စမ်းပါ ပြဇာတ်အခန်းကြီးကို ဒီလို ကြော်ငြာလိုက်တယ်။

ဦးတိုးကြီး ဝါးခနီဆိုင်က ဝါးထရံကြီးနှစ်ချပ်ကို ဆက်ပြီး ဘိလပ်မြေစက္ကူနဲ့ ကားကြက်တယ်၊ ပြီးတော့ ပန်းချီဆရာကိုမြင့်ကြည်၊ ကိုအေးသိန်းနဲ့ ကျုပ်တူ ကြည်လွင်ဖိုင်တို့က သရုပ်ဖော်ပန်းချီရေးပြီး မြို့လယ် အချက်အချာမှာ ဆိုင်းဘုတ်ကြော်ငြာတင်တယ်။

အဟီး အဟီး ဟီး တကယ့်ဇာတ်ကြီးများဂိတ်ရှိုးအတိုင်းပဲ။

ကျုပ်ပုံတူပန်းချီကားက သေနတ်နှစ်လက်ကို ခါးမှာချိတ်ပြီး ခါးထောက်၊ ဦးထုပ်ဆောင်း၊ စီးကရက်ခဲနေပုံရယ်။

(မှတ်ချက်။ ။ နဂိုကလည်း ခံ့ခံ့ချောချောကြီးဆိုတော့ ပန်းချီမှာ တယ်ဟိတ်ထွက်သကိုး ခင်ဗျ။ အဟတ် အဟတ် ဂွ)

အဲဒီလို ပန်းချီကြော်ငြာရှိုးကြီးလည်း မြင်ကြရော မြို့ထဲက လူတွေက -

"ငမှိုင်းတို့ကတော့ ဦးတင်ဌေးတို့၊ လူငယ်ကြည်ခိုင်တို့ထက်များသာမလားမသိဘူး" တဲ့။

"ကြော်ငြာရှိုးကတော့ မြို့တော်သိန်းအောင်မြင့်ရင် ကြက်သီးဖြန်းဖြန်းထလောက်ပါပေရဲ့" တဲ့။

အမြှောက်ကြိုက်တဲ့ကျုပ်မှာလေ အောက်ခြေလွတ်ပြီး ဖိနပ်လူခိုးခံရပါရောလား။ လူကလည်း နေမြင့်လေ အရှုးရင့်လေ၊ ဂန္ထဝင်မောင်မှိုင်းရဲ့ ရွှေမဟာသဘင်ဆိုတဲ့ စာလုံးကို ခန့်ခန့်ကြီး နဖူးစီးတင်ထားတာ။ အဲဒီ ဆိုင်းဘုတ်တင်တဲ့နေ့မှာ ဥရုတိုင်ကို အောင်သပြေပန်းနဲ့ ရေမွှေး၊

www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘိုင်နဲ့ နတ်ဒိုးနဲ့ ပြောက်တာလေ။ ဒီမှာ အောင်ရွှေကြီးက ကိုကြီး ဆော့ဝင်နေလို့ မနည်းချော့ရသေးရဲ့။

တံချားဆိုးချင်တော့ နောက်နေ့လည်းရောက်ရော ကြော်ငြာဆိုင်း ဘုတ်ကြီးအောက်မှာ လူအုပ်ကြီးရယ် စာဖတ်ပြီး တဝါးဝါးနဲ့ ဘယ့်နှာများ သဘောကျနေပါလိမ့်လို့ သွားကြည့်လိုက်တော့ လားလား၊ မူလက ကျုပ် တို့ရေးထားတာက ဂန္ဓဝင်မောင်မှိုင်း ရွှေမဟာသဘင်လို့ ရေးထားတာ၊ ခု မြင်လိုက်ရတာက ဂံ့ဝင်မောင်ဖျိုင်း သွပ်မဟာသဘင်တဲ့ဖွီး။

ကြည့်စမ်းဗျာ၊ ဘယ်ကောင် လက်တမြန်းကြောထသွားလဲ မသိ ဘူး။ ဂန္ဓဝင်စာလုံးပေါ်မှာ (ဂံ့ဝင်) တဲ့၊ မောင်မှိုင်းနေရာမှာ (မောင်ဖျိုင်း) တဲ့။ ရွှေနေရာမှာ (သွပ်)တဲ့။ စက္ကူပေါ်ရေးပြီး ကော်နဲ့ကို အကျအနကပ် သွားကြတာ။ အဲဒီကစပြီး သင်းတို့ကြောင့် ကျုပ်ခမျာ ဂံ့ဝင်မောင်ဖျိုင်း ဖြစ်လိုဖြစ်၊ ဂံ့ဝင်ကြီးခေါ်လို့ခေါ်နဲ့ လူတောင် ကြာလေ သွပ်တွတ်တွတ် ဖြစ်လာရချေရဲ့ ဖွီး။ အတော် ဒုက္ခပေးတဲ့ကောင်တွေ။

❑

သို့ကလို ချီးကျူးခံရပြီးသကာလ အသံဝင်ခမန်း ကြိုးစားလိုက် ကြတာပေါ့။

အင်း- မင်းသမီးလုပ်တဲ့ သရုပ်ဆောင် မသန်းချစ်ကလည်း သရုပ် ဆောင်ကောင်းမှကောင်းဗျာ။ ညစဉ်ညတိုင်း သန်းခေါင်ကျော်အထိ ဇမ္မာရုံ ထဲမှာ ဇာတ်တိုက်ရလွန်းလို့ မုန့်ဟင်းခါးသည်လည်းဖြစ်တဲ့ မသန်းချစ် ခမျာ မုန့်ဟင်းခါးရောင်းရင်း အိပ်ငိုက်ပြီး ပန်းကန်သုံးချပ် လွတ်ကျကွဲသွား တာနဲ့ သူမရဲ့ယောကျ်ား တင်မောင်ဦးက -

"နင့်လင်တွေနဲ့ ညဥ့်သန်းခေါင် ပလူးပလဲလုပ်လို့ ငါရင်းနှီးထားရတဲ့ ပန်းကန်တွေ ကွဲရတာဟ"

ဆိုပြီး မသန်းချစ်ကို နားရင်းအုပ်သတဲ့။

"နောင်ညတွေ ငမှိုင်းတို့အုပ်စုနဲ့ ဇာတ်တိုက်ရတိုက်ကြည့်၊ ခေါင်းတုံး တုံးပစ်မယ်" လို့ ကြိမ်းဆိုပဲ။

သို့သော်လည်းတဲ့ အဲ . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com


လူပုသလောက် ဒေါသကြီးတဲ့ အဲဒီတင်မောင်ဦးဆိုတဲ့ငနဲကို ကျုပ်က အရက်တစ်ပိုင်းလည်း တိုက်လိုက်ရော၊ ဘာပြောမှတ်လို့လဲ။

"ရပ်ရေးရွာရေး ကိုယ့်ဘုရားပွဲအရေးဥစ္စာ။ မင်းတို့နဲ့ ဇာတ်တိုက်လို့ ငါ့မိန်းမ သေနိုင်ပါဘူးကွာ" တဲ့။

"တကယ်လို့ သေရင်လည်း ခြေသလုံးရိုးလောက်ပဲဖြစ်ဖြစ် ပြန်ရရင် တော်ပါပြီတဲ့။ ဒီအရိုးကိုပဲ မသန်းချစ်အမှတ်နဲ့ အလွမ်းပြေကြည့်ပြီး ဖြေနိုင်ပါတယ်" တဲ့။

ကြည့်စမ်းဗျာ၊ အရည်လေး နည်းနည်းဝင်တော့ ဒီကောင်က သို့က လို လူမှုရေးနားလည်ပြီး စိတ်ကောင်းလေးဝင်ရှာတယ်။ (ဟွန်း အခု သင်းက နောက်မိန်းမနဲ့)။

ကျုပ်ရဲ့ 'မိုးကြိုးထိပ်ပေါ် ပစ်စမ်းပါ' ပြဇာတ်မှာ လူကြမ်းက အောင်ရွှေကြီးဗျ။ ဒီကောင်ကလည်း အချဉ်မဟုတ်ဘူးနော်။ ဇာတ်တွေထဲတောင် လိုက်ဖူးတယ်။ သူဖြစ်ချင်တာက ပြဇာတ်မင်းသား။ သို့သော် လူက အသားမည်းလိုက်သမှ မီးသွေးအိတ်နံဘေး သူထိုင်နေရင် အချို့က မီးသွေးအိတ်ကို အောင်ရွှေကြီးမှတ်ပြီး သွားသွားနှုတ်ဆက်ကြသေးရဲ့။ အဲဒီလောက်ကို ဒီကောင့်အသားက သပိတ်အနှစ်၊ မီးသွေးအနှစ်ထနေတာ။

သူက အာဇာနည်လှကြည့်ရဲ့ '. . . မြို့ကြီးသူ မမတွေ့ရယ်၊ လှကြည်ကို လှည့်စား အား. . . ဟား. . . ဟား. . . ဟ' ဆိုတဲ့ အဟဲကို အာကုန်ဟစ်ပြီး လက်ထောက်မင်းသား လက်ချိုးခြေချိုး နှစ်ကွက်လောက် တတတ်တယ်။ အဲဒီထက်လည်း ပိုမကတတ်ဘူး။ ပညာကုန်လည်း မရခဲ့ဘူး။ အကြောင်းက ဖဲရှုံးတာနဲ့ ဇာတ်စင်ပေါ်က စကောလောက်ရှိတဲ့ လူခေါ်၊ ဇာတ်ခေါ် ကြေးမောင်းကြီး သူပေါင်သုံးလို့ ဇာတ်ပိုင်ရှင်က မောင်းထုတ်လိုက်တဲ့ကောင်။

ကျုပ်ပြဇာတ်မှာ ဒီကောင်က လူကြမ်း။ ပြဇာတ်ကလည်း ကျုပ်နဲ့ လူကြမ်း အောင်ရွှေကြီးတို့ အပြိုင်ကြဲတဲ့ ဇာတ်လမ်း။ ဒိုင်ယာလော့ခ်ကလည်း သိတော်မူကြသည့်အတိုင်း ကျုပ်က ဇာတ်နားရေဝ အမြင်ကျယ်လေတော့ ကိုယ်တိုင်ရေးတာရော၊ ဝတ္ထုစာအုပ်တွေထဲက ခိုးချချချ တာပါရောပေါင်းပြီး အာဇ္ဇဝန်းရှင်ရှင်နဲ့ ပရိသတ် ပွဲကျအောင်ရှိုးခဲ့တယ်။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီတာတော်ဝင်ခန်းက လူကြမ်းအောင်ရွှေကြီးရဲ့ ရင်ဝကို ကျုပ်က သေနတ်နဲ့ပစ်တဲ့အခန်းပဲ။ အဲဒီမှာ ကျုပ်က ပေတုံးပေါ် ခြောက်အိုးတင် ရိုက်ဖို့ ပြောတာကို၊ မဟုတ်ဘူး ဒီကောင်က လျှပ်စစ်မီးနဲ့ ခြောက်အိုးထည့် ရှော့ရိုက်မယ်တဲ့။ မလုပ်နဲ့ ဓာတ်လိုက်သေနေဦးမယ်။ မင်းသေရင် ငါပါ အချုပ်ထဲရောက်မှာလို့ ပြောတာမရဘူး ဗွတ်။

"ကျွန်တော် ဇာတ်ကြီးတွေနဲ့ နယ်တကာလှည့်ကနေတဲ့လူပါ ကိုကြီးမှိုင်းရာ၊ မစိုးရိမ်ပါနဲ့" တဲ့။

"ဒါလောက်ဖြစ်မှတော့ လုပ်ကွာ၊ ပိုပြီး သဘာဝကျ ပီပြင်တာပေါ့" လို့ ပြောလိုက်တယ်။

ဒီကောင်က သူ့ရင်ဘတ် သေနတ်ကျည်မှန်တဲ့အခန်းမှာ ရင်ဘတ်ကနေ မီးပွင့်ပြီး အိုက်တင်သဘာဝကျကျနဲ့ ရှယ်သေချင်တာကိုးဗျ။ သေတဲ့ အခန်းမှာတောင် ဟာခနဲဟင်ခနဲဖြစ်ပြီး လက်ခုပ်အတီးခံချင်တဲ့ကောင်။

ပြဇာတ်အစိန်ကပါပြီဗျား။

ကျုပ်ကလည်း ကျူဝ်ချစ်သူရည်းစားကို အဓမ္မဖျက်ဆီးသွားတဲ့ လူဆိုးကြီး အာဋ္ဌာဝကချက်ကြီး (အောင်ရွှေကြီး)ရဲ့ ရင်ဝကို တစ်ပတ်ကျွမ်းပစ်ပြီး ခြောက်လုံးပြူးသေနတ်နဲ့ ဒူးထောက်လျက်ကနေ တန်းထိုးပစ်လိုက်တယ်။

"အုန်း"

"ဟာ"

"အမလေး"

မြည်လိုက်တဲ့အသံကြီးဗျာ၊ ပီလိုက်တာလည်း မပြောပါနဲ့။ ပွဲခင်းပါ တုန်ပြီး ပရိသတ်တွေ နားပိတ်လန့်အော် ဘုရားတ,ယူရတယ်။ ခြောက်အိုးရှော့ခ်ရိုက်ခလုတ်နှိပ်တဲ့ မီးသမားကလည်းပြူးပြီး တိုင်ဖုံးကြားကနေ ကျုပ်ကို လက်မထောင်ပြတယ်။ သေနတ်သံဟာ ဒိုင်းခနဲ မမြည်ဘဲ အုန်းခနဲ အမြောက်သံကဲ့သို့ မြည်ဟည်းလိုက်သလို အာဋ္ဌာဝကချက်ကြီး (အောင်ရွှေကြီး) လည်း နောက်ပြန်ကျွမ်းပစ်ပြီး ဇာတ်စင်ပေါ်ကနေ အောက်တီးဝိုင်းအကြားကို ခွေးကျပြုတ်ကျသွားတယ်။ လက်ခုပ်သံတွေ လည်း စီစီကိုလျှံလို့။ ကျုပ်ကို အားပေးတာလား၊ သူ့ကို အားပေးတာလား။ မဝေခွဲတတ်ဘူး၊ လက်ခေါက်မှုတ်သံတွေလည်း တရှီးရှီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နိဂုံးချုပ်လိုက်လျှင် အဲဒီည အောင်ရွှေကြီး လုံးဝကို သတိလစ်မေ့မြောနေတယ်။ ခေါ်လို့ လှုပ်လို့ မရဘူး။ တချို့က ကျုပ် တကယ်ခြောက်လုံးပြူးသေနတ်နဲ့ ပစ်လိုက်လို့ ရင်ပွင့် လွင့်စဉ်သေသွားတာလို့ ဝေဖန်ကြတယ်။ အမှန်က သူ့ရင်ဘတ်ထဲ လျှပ်စစ်ဝါယာကြိုးနဲ့ရှိုင်းပြီး ထည့်ကပ်ထားတဲ့ ခြောက်အိုးက ယမ်းစပ်တာများသွားပြီး ဒိုင်းခနဲ မမြည်ဘဲ ဟောင်ဝဏ်ဏအမြောက်လို အုန်းခနဲမြည်လို့ ရင်ဘတ်အတွင်း ခံထားတဲ့ စွဲသားရေပြားပါ ပွင့်သွားတာ။

ကြည့်လိုက်တော့ ရင်ဘတ်မှာ တစ်ထွာလောက် ယမ်းမီးလောင်ပြီး သွေးသံရဲရဲ အဆီတဝင်းဝင်းဖြစ်သွားတာနဲ့ ချက်ချင်းပဲ ဆေးရုံတန်းပို့လိုက်ရတယ်။

ဒါကြောင့် ဒီကောဝ် ဇာတ်ခုံပေါ်မှာ အိုက်တင်နဲ့ လဲမကျမသွားဘဲ ဇာတ်စင်အောက်တီးဝိုင်းကြားအထိ ခွေးကျကျ လွင့်စဉ်သွားခဲ့တာကိုး။ သောက်ကျိုးနည်းဗျာ အဲဒီအချိန်ကစပြီး သင်းကို အောင်ရွှေကြီးမခေါ်တော့ဘူး။ အာဃာတကချက်ကြီးလို့ မြို့ကခေါ်ကြတော့တာပဲ။

ဒါကြောင့် ဦးကျော်သောင်းက မနှစ်ကလို မဖြစ်ပါစေနဲ့လို့ ကြိုသတိပေးနေရတာ။

❏

ဒီနှစ်ဘုရားပွဲမှာ ကျုပ်က အော်ပရာတစ်ခု စီစဉ်တယ်ဗျ။ နာမည်က 'ဒေဝဒတ်၏ နောက်ဆုံးနေ့များ' ဆိုတဲ့ အော်ပရာပဲ။ သိတော်မူကြတဲ့အတိုင်းပဲဗျာ။ ဘုရားရှင်ကို ဒေဝဒတ်က သွေးစိမ်းရှင်ရှင်ကျအောင် ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ ကျောက်တုံးနဲ့လှိမ့်ချကြတဲ့ဇာတ်။ ပြီးတော့ သံဃာကို သင်းခွဲတဲ့ကိစ္စကြောင့် နောက်ဆုံး မြေကြီး ဟက်တက်ကွဲပြီး ဒေဝဒတ် မြေမြိုသေတဲ့ဇာတ်လမ်း အော်ပရာ။

အဲဒီမှာလည်း အောင်ရွှေကြီးက ဒေဝဒတ် လုပ်ရတယ်။ သူကအလွမ်းလေးအဟဲလေး ရတာကိုး။ မဆိုးပါဘူး လူကြမ်းဇာတ်ဥစ္စာ ဒီကောင် သရုပ်ဆောင်ပိုင်တယ်။ နိုင်တယ်။ နောက်ဆုံး မြေမြိုခါနီး ဘုရားရှင်ကို လက်အုပ်ချီလို့ မျက်ရည်နဲ့ ကန်တော့တဲ့အခန်းဗျာ။ ဇာတ်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်တိုင်း ကြည့်နေတဲ့သူတွေ မျက်ရည်ဝိုင်းကြရတယ်။

ကျုပ် စီစဉ်ညွှန်ကြားတာဥစ္စာ၊ တော်ရကောင်းရမှာပေါ့ မာတ်ဖူးလား ဟီး ဟီး။

ဇာတ်မန်နေဂျာကိုသောင်းညွန့်ဦးကလည်း ဒီနှစ်တော့ အာဋ္ဌာဝကချက်ကြီး 'ဒေဝဒတ်' ဆိုပြီး နာမည်ကျော်ဦးမှာတဲ့။ ဦးကျော်သောင်းနဲ့ ဦးဘစုတို့ကလည်း ငမှိုင်းတို့ကတော့ ဇာတ်ကြီးတွေ ငတ်ယေါက်တိုးအောင် လုပ်ပြန်ပြီတဲ့။ သို့ကလို ချီးကျူးကြတော့ ကျုပ်တို့ခမျာ နွားပြာကြီး အောက်သွားလွတ်သလို တဟဲဟဲနဲ့။ ပါးစပ်ပိအ်လို့မရဖြစ်နေကြရဲ့ အဟော့အဟော့။

ဒီမှာပဲ ချစ်တပည့်ကောင်း အာဋ္ဌာဝကချက်ကြီး (အောင်ရွှေကြီး) က အဆိုတစ်ခု တင်လာရောဗျာ။

"ဆရာကိုမှိုင်း"

"ဘာတုံးကွ အာဋ္ဌာဝကကြီးရ"

"ကျုပ် တစ်ခုလောက် အကြံပြုချင်လို့ဗျ။ အော်ပရာလေး ပိုကောင်းပြီး ခံ့ညားသွားအောင်လို့ပါ"

"ပြောပါဦး၊ မင်းက ဘယ်လိုမျိုး အကြံပြုချင်တာလဲ။ မနှစ်ကလို ယမ်းများများစပ်ပြီး ဒေဝဒတ်မြေမြိုတဲ့အခန်းမှာ တော်လည်းတဲ့ အခန်း ဖြည့်မလို့လား"

"အဟီး- ဆရာကလည်း လုပ်တော့မယ်၊ ကိုယ့်တပည့်အကြောင်း လည်း သိသားနဲ့။ ဒီလိုပါဗျ၊ ဆရာ ဒေဝဒတ် မြေမျိုတဲ့အခန်းမှာ ဘယ်လို အပူမီးဟပ်တဲ့ပြကွက်ကို စီမံထားသလဲ ခင်ဗျ"

"ဆိုင်းနဲ့ပဲ သွားမယ်ကွာ၊ ဒေဝဒတ်ကို လာကယ်တဲ့ ရဟန်းတွေ အနားမကပ်နိုင်။ အောင်မလေး ပူလှချေရဲ့၊ ကပ်လို့မရဘူး အရှင်ဒေဝဒတ်ရဲ့ဆိုတဲ့ အပြောနဲ့ ဆိုင်းပို့ချက်နဲ့တင် ပွဲကြည့်ပရိသတ် သဘောပေါက်ပါတယ်ကွာ"

"ဒီထက်ပိုကောင်းအောင် ကျုပ် ဒီလို လုပ်ချင်တယ် ဆရာမှိုင်းရဲ့"

"မင်းက ဘယ်လိုလုပ်ချင်လို့လဲ"

"ဒီလို ဆရာရယ်၊ သဘာဝလည်း ပိုကျသွားအောင် ဇာတ်ကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းလည်းဖြစ်အောင် မြေမျိုတဲ့အခန်းမှာ မီးလုံးကြီးတွေမှုတ်ချင်တယ်"

အမယ်လေး သောက်ကျိုးနည်း၊ လုပ်ပြန်ပါပြီ မီးလုံးတွေ မှုတ်မတဲ့။ သင်း အကြံပေးကောင်းလို့ ရင်ဘတ်မှာ သေရာပါ ဒဏ်ရာကြီးနဲ့ ဆေးရုံ (၁၅) ရက် တက်ခဲ့ပြီးပြီ။

"ကြည့်လုပ် အာဠာဝက၊ ဒီတစ်ခါဆို မင်း ပောင်ကောင်ဘဲကင်လို ဖြစ်ရုံမကဘူး၊ ဌားထားတဲ့ ဇာတ်ဝင်ကန့်လန့်ကာတွေပါ မီးလောင်ပြီး ထောင်ကျကုန်မယ် သိရဲ့လား"

"ရပါတယ် ဆရာမှိုင်းရာ၊ ကျုပ်တို့ စမ်းကြည့်ပြီးပြီဗျ"

"စမ်းကြည့်ပြီးပြီ။ နေပါဦး ဘယ်သူနဲ့စမ်းတာလဲ"

"ကျုပ်တပည့် ပီတာကျိုးကြီးနဲ့ စမ်းပြီးပြီခင်ဗျ"

"ထယ်ဟုတ်ပါလား ချက်ကြီးရ၊ နေဦးဟ ဘယ်လိုများ စမ်းသပ်တာတုံး"

ကိုသောင်းညွန့်ဦး၊ ကိုဝင်းမောင်တို့၊ မသန်းချစ်တို့၊ ကိုတရုတ်ကြီးတို့ကလည်း စိတ်ဝင်စားပြီး အာဠာဝကကို အထင်တကြီး ဝိုင်းမေးကြပါရောဗျာ။

"ဒီလိုဗျ၊ နည်းနည်း.တော့ စွန့်စားရတာပေါ့ဗျာ။ ပါးစပ်ထဲ ဓာတ်ဆီငုံပြီး မျက်နှာရှေ့က ဖယောင်းတိုင်မီးရှိရာကို မှုတ်ပန်းလိုက်ရင် မီးလုံးမီးခိုးလုံးက ဝုန်းခနဲ အလုံးလိုက်တက်သွားပြီး လေထဲတင် ချက်ချင်း ပျောက်သွားရော ဆရာမှိုင်းရဲ့။ ဆရာ မယုံရင် ညဇာတ်တိုက်တော့ နမူနာလုပ်ပြပါ့မယ် ဆရာတို့ကြိုက်မှ လက်ခံပါ"

သူ့ရှင်းလင်းပြောပြချက်ကို အားလုံးက မမြင်ရသေးဘူး လွတ်သဘောကျနေကြတယ်။ ဒီလို သရုပ်ပါပုံမျိုးနဲ့ အန္တရာယ်မရှိဘူးဆို လုပ်သင့်တယ်တဲ့။ ဒါနဲ့ ညဘက် ဓမ္မာရုံထဲမှာ ဇာတ်လည်း တိုက်ရော အာဠာဝကချက်ကြီး အောင်ရှေ့က သူ့လက်ရင်းတပည့် ပီတာကျိုးကြီး ဆိုတဲ့ ပိန်ခြောင်းခြောင်း၊ ခေါင်းကြီးကြီး၊ နားရွက်ကားကား၊ မျက်လုံးပြူးပြူး၊ လင်ပြင်ကုန်းကုန်း၊ ဆံပင်ရှည်ရှည်နှင့် သရဲရုပ်ပေါက်နေတဲ့ ဘိန်းစားရုပ်လို၊ အရက်နာကျသူလိုလို ငနဲတစ်ကောင်ကို ခေါ်လာတယ်။ လက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပုလင်းပြားလေးတစ်လုံးနဲ့။

ဒေဝဒတ်မြေမျိုတဲ့အခန်းမတိုက်ခင်မှာဘဲ သူတပည့် ပီတာဂျိုးကြီးက ဇာတ်အဖွဲ့သားများရှေ့မှာပဲ နမူနာလုပ်ပြတယ်။ အားလုံးက ရင်တထိတ်ထိတ်နဲ့ အာရုံစိုက်ကြလို့။ ဦးစွာ ဂျိုးကြီးက ပုလင်းပြားထဲက ဓာတ်ဆီကို ပါးစပ်နဲ့ တစ်ငုံငုံလိုက်ပြီး မျက်နှာရှေ့ တစ်တောင်အကွာမှာ ထွန်းထားတဲ့ ဖယောင်းတိုင်မီးရှူးရာကို ဖူးခနဲ ဓာတ်ဆီတွေ မှုတ်လွှတ်လိုက်ရော။ ဝုန်းခနဲ ရွှေဝါရောင် နီညိုရဲရဲလိုလို စကောဒလောက်ရှိတဲ့ မီးလုံးကြီး အပေါ်လေထဲကို လွင့်တက်သွားပြီး ချက်ချင်း ငြိမ်းသွားပါရောဗျာ။

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

"ပီတာဂျိုးကြီးကွ ရှီးရှီး . . ."

"ကြိုက်တယ်ဗျို့၊ အရမ်းကြိုက်ပဲ။ ထပ်လုပ်ပါဦး မစ္စတာဂျိုးရ"

"ပီတယ်ကွာ ရှီးရှီး"

သည်မှာပဲ ဇာတ်တိုက်တိုင်း အမြဲလာကြည့်နေကျ ဖောက်သည်များဖြစ်တဲ့ ခွေးပု၊ စံကုလား၊ နက်ကျော်၊ အီကွေတာ၊ ဂျမ်းဘုံ၊ နီလာမြင့်၊ အေးစိန်၊ ထွေးမိန်တို့ ကလေးလူရွယ်အပျိုကြီးအုပ်စုကပါ ဝိုင်းဝန်း ဩဘာပေးကြပါလေရော။ ပီတာဂျိုးကြီးရော သူ့ဆရာအာဇာဝကကြီးပါ လက်မတထောင်ထောင်နဲ့ပြုံးလို့။ ပရိသတ်ရဲ့ တောင်းဆိုမှုအရ ပီတာဂျိုးကြီးက အဲဒီလို ဓာတ်ဆီမီးလုံးမျိုး သုံးကြိမ်လုပ်ပြတယ်။ လျှင်လည်းလျှင်၊ ကျွမ်းလည်းကျွမ်းပါလေရဲ့ဗျာ။ သူ့ပါးစပ်ကို မီးက မြေးမဟပ်ဘူး။ မီးလုံးက လှပစွာတက်သွားပြီး လေထဲတင်ငြိမ်းသွားရော။

"ကြိုက်တယ်ကွာ ငမှိုင်း၊ ဒါတော့ မင်း လက်ခံသင့်တယ်ကွ"

ကိုသောင်းညွန့်ဦးကလည်း ချက်ချင်းပဲ ထောက်ခံတယ်။

"သဘာဝပိုကျသွားတာပေါ့ကွာ၊ စင်ပေါ်မှာ က,ရင်လည်း လုပ်ကွာ"

ကိုဝင်းမောင်နဲ့ ကိုမြင့်ကြည် (ပန်းချီ) ကလည်း ချွန်တယ်။ ကိုစိုးသိန်းက လူအလစ်မှာ လက်ဖက်သုပ်ပန်းကန်ကို လှမ်းယူပြီး သုံးနှန်း ခပ်စားရင်းက ကောင်းတယ်၊ ကောင်းတယ်လို့ ပျစ်ပျစ်နှစ်နှစ် ခီးပါ့ချီးရှာတယ်။ (အမှန်က လက်ဖက်သုပ်ကို ပြောနေတာ ဟွန်း)

ဒါနဲ့ ဇာတ်တိုက်တဲ့အခါမှာလည်း ဒေဝဒတ်မြေမျိုပွဲဇာတ်ဝင်ခန်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒေဝဒတ် (အောင်ရွှေကြီး)က လာပါ၊ ကယ်ပါအော်၊ သူ့တာပည့် ပီတာ ဂျိုးကြီးကလည်း ကျောက်တုံးပုံ ပန်းချီစက္ကူချပ်ကြီးနောက်ကွယ်ကနေ ဓာတ်ဆီငုံပြီး မီးလုံးတွေမှုတ်၊ မီးလုံးတွေက အပေါ်ကိုတက်ပျောက်သွား၊ ဒေဝဒတ် (အောင်ရွှေကြီး)က ရင်ထုပြီး လွမ်း။ အိုး - ဘယ်ပြောကောင်း မလဲဗျာ။ လက်ခုပ်သံကို တဖြောင်းဖြောင်းနဲ့ စဲကိုမစဲနိုင်ဘူး။

ဒီနှစ်လည်း အာဠာဝက အောင်ရွှေကြီးပွဲပဲဟေ့ဆိုတဲ့ ချီးကျူးသံတွေ နားကိုလျှံလို့။ ပြောရရင်တော့ဗျာ ကျုပ်တို့ရဲ့ ဒေဝဒတ်၏ နောက်ဆုံး နေ့များ အော်ပရာဟာ ဇာတ်ခုံပေါ် မတက်ခင်ကတည်းက မြို့ထဲမှာ နာ မည်ကျော်နေတယ်။

ဒီလိုနှင့် ပွဲအစိန်ကတဲ့ည။ မြို့ပရိသတ်ကလည်း နာမည်ကျော် အော်ပရာကို ကြည့်ချင်လွန်းလို့ ဖိုမြေလမ်းကွင်းထဲမှာ ပြည့်လျှံနေတာပဲ။ ပွဲဈေးတန်းကလည်း ဟီးလို့ဗျ။ ဂေါပကမဏ္ဍပ်က ဇာတ်အငြိမ်းစား မင်း သားကြီး ဦးစိန်အောင်ကြည်ရဲ့ အလှူခံ စကားပြောသံကလည်း လွမ်းလို့။

ပွဲစပါပြီ။ သံဃာကို သင်းခွဲတဲ့အခန်းပြီးပြီ။ ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ ဘုရားရှင် စကြံလျှောက်နေတုန်း ကျောက်တုံးနဲ့ လိမ့်ချတဲ့အခန်း ပြီးပြီ။ ကျွန်ုပ်ရေးပေးထားတဲ့ နဘေလင်္ကာဆိုင်းဆင်းများကို အာဠာဝကချက်ကြီး ဒေဝဒတ်အောင်ရွှေကြီးက ဟန်၊ မာန်၊ ဌာန်နဲ့ ရွတ်ပြီး သရုပ်ဆောင်သွား တာ စင်ပေါ်တောင် ခဲရော၊ ပြောင်းဖူးရိုးရော၊ သားရေကွင်းပါ ရောက် လေရဲ့။

လာပြီ၊ နောက်ဆုံး ဒေဝဒတ် မြေမျိုတဲ့အခန်း။

ဆိုင်းဝိုင်းကလည်း တော်လည်းတီးလုံးကို ချောက်ချားစရာကောင်း လောက်အောင် တီး။ ဒေဝဒတ် (အောင်ရွှေကြီး) လည်း မြေမျိုစပြုပြီး ခြေထောက် ဆွဲနုတ်မရဖြစ်။ ဒီအချိန်မှာပဲ ဒေဝဒတ်ရဲ့ တပည့်ရဟန်း နှစ်ပါးက စိုးရိမ်ကြီးစွာဟန်ဖြင့် ဆရာဒေဝဒတ်ကို ကူညီဆွဲထုတ်ဖို့ အသင့်ပြင်နေပြီ။

စက္ကူကျောက်တုံးကြီးနောက်ကွယ်မှာ ဖယောင်းတိုင်မီးနဲ့ ဓာတ်ဆီ ပုလင်းပြားကိုင်ပြီး အသင့်ပြင်နေတဲ့ ပီတာဂျိုးကြီးကို ကျုပ်က လက်မြှောက် အချက်ပြလိုက်ရော ဓာတ်ဆီပုလင်းကို မော့ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ခွီး အဟွတ် အဟွတ် အဟပ်"

"တောက်- အရေးထဲကွာ"

ပိတာကျိုးကြီးလည်း အရက်မူးနေလို့ ခါတ်ဆီ အဝင်များပြီး သီးနေတယ်။

"မြန်မြန်မှုတ်လေကွာ"

ကျုပ်က အချိန်မီ တိုင်ဖုံးကြားကနေ လှမ်းအော်လိုက်ရတယ်။ လိုရမည်ရ ဗာလီပုံးတွေနဲ့ ရေတွေထည့်ပြီး တပည့်နှစ်ယောက်ကို အသင့်လုပ်ထားရတယ်။ ဒီမှာပဲ ဒေဝဒတ် (အောင်ရွှေကြီး) က ကြောက်လန့်တကြား အော်ဟစ် အကူအညီတောင်းသံ -

"အမယ်လေး ပူလှချည်ရဲ့၊ ကမ္ဘာမီးလောင်သံလို ပြာမီးတွေ စောင်လိုခြုံရချေရဲ့။ ငါ့ခြေထောက်တွေ နုတ်လို့မရတော့ပါလား။ တရားမမဲ့ကြပါနဲ့။ သားတပည့်တို့ရေ မင်းတို့ဆရာကို ကယ် . . . ကြပါ . . . ဦး ဟုန်း . . . ဟုန်း . . . ။ ကယ်ကြပါဦး ဟုန်း . . . ဟုန်း . . . ဦး . . ."

ဒီအချိန်မှာ ရဟန်းငယ်နှစ်ပါးက သူတို့ဆရာ ဒေဝဒတ်ကို ကူညီဖို့ ပြေးဝင်အလာ ပိတာကျိုးကြီးကလည်း ခါတ်ဆီကိုငုံပြီး မျက်နှာရှေ့က ဖယောင်းတိုင်မီးရှိရာကို ဖူးခနဲ မှုတ်ပန်းလိုက်တာနဲ့ စကောနှစ်ချပ်ခန့်ကြီးသော မီးလုံးကြီးပမာ ဝုန်းခနဲ ရှေ့ကို ပန်းထွက်သွားခဲ့တယ်။

သို့သော် ကုသိုလ်ကံများ ဆိုးချင်ရှာတော့ လေက မငြိမ်ဘူး။ ဇာတ်စင် လဟာပြင်ရှေ့က နတ်တော်ပြာသို ဆောင်းလေက ဖြန်းခနဲ အတွင်းကိုဝင်ပက်လိုက်ရော မီးလုံးက ဒေဝဒတ် ဝန်းကျင်ကို အလုံးလိုက် တက်မသွားဘဲ ပိတာကျိုးကြီးရှိရာ မျက်ခွက်တည့်တည့်ကို မီးလုံးက ပြန်ပြေးလာပြီး ကျိုးကြီးရဲ့ စုတ်ဖွာဖွာ ဦးခေါင်း၊ ဆံပင်တွေကို ဝင်ဟပ် မီးစွဲသွားပါလေရောဗျာ။

"အောင် မယ် . . . လေး ကယ် . . . တော် . . . မူ . . . ကြ . . . ပါ . . . ဗျာ"

ဒေဝဒတ် လွှမ်းကောင်းနေချိန်မှာပဲ ဘောင်းဘီတိုနဲ့ ပိတာကျိုးကြီးဟာ ဦးခေါင်း မီးစွဲရင်းတန်းလန်းနဲ့ သူ့ငယ်ဆရာ အာဠာဝကဘီလူးကြီး (အောင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြီး) ဒေဝဒတ်ရှိရာ ဇာတ်ခွင်ထဲ အလန့်တကြား ပြေးပါလေရော။

"ဟူး. . . ဟူး. . . ဟူး . . . ကို . . . ကို ဒေဝဒတ် . . . အဲ . . . . အဲ ဆ. . . ရာ ရွှေ လုပ်. . . လုပ်ပါဦးဗျ အား . . . မယ် . . . လေး ဖူး. . . ဟူး. . . ပူ ပူလှချေရဲ့။ ကိုဒတ်ကြီး သတ် . . . သတ်ပါဗျာ"

"ဝါး ဟား ဟား"

"မိုက်တယ်ကွာ"

"ဟ . . . ဟ ဘယ်လိုဖြစ်ကုန်ကြတာလဲဟ။ ဒေဝဒတ် မီးမဟပ်ဘဲ ဟိုဘောင်းဘီတိုနဲ့ မူးကြောင်ရှူးကြောင်ကောင်ကို မီးစွဲနေရတာတုံး"

ပီတာဂျိုးကြီးဟာ သူ့ဆရာ အရင်းခေါက်ခေါက် မူလ ပထမ ခွေးတံ ဆိပ်လက်ဟောင်း ဒေဝဒတ်အောင်ရွှေကြီးရှိရာကို အားကိုးတကြီး ပြေး သွားပြီး ဝင်ဖက်လိုက်တယ်။ ဒေဝဒတ် (အောင်ရွှေကြီး) လည်း ခေါင်းမီးစွဲ ကြီးနဲ့ ပြေးဝင်လာတဲ့ သူ့တပည့် ပီတာဂျိုးကြီးကို ကြည့်ပြီး လန့်ဖျပ်လို့ ငယ်သံပါအောင်အော်။ ဒီမှာ ကျူပ်ကလည်း ကားဆွဲလုပ်သူကို -

"ဟေ့ကောင် သူကြီး၊ ကားချ ကားချ မြန်မြန်ချပါဟ"

ကားဆွဲလုပ်တဲ့ ကျူပ်တပည့်သူကြီးဆိုသူကလည်း ကျူပ်အော်သံ ကြောင့် လန့်ဖျပ်ပြီး ကားလိပ်ကြိုးကို စုံလွှတ်ချလိုက်တယ်။

"ဝုန်း"

"ဖောင်း"

"အမလေး မြတ်စွာဘုရား"

"ဝါး ဟား ဟား"

"ရှီ . . . ရှီ ရယ်ရတယ်ဟေ့"

"ဒါမှ လွမ်းခန်းအစစ်ကွ ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

ပရိသတ်က အော်ဟစ် အားပေးလိုက်ကြသမှ ဝက်ဝက်ကွဲ။

ဖြစ်ပုံများနှယ်ဗျာ၊ သူကြီးက ကားလိုက်ကာကြိုးကို စုံလွှတ်ချလိုက် တော့ ကန့်လန့်ကာအောက်တန်းဝါးက ခေါင်းတုံးပြောင်အောင် တုံးထား တဲ့ ဒေဝဒတ်တစ်ဖြစ်လဲ (အာဋ္ဌာဝကအောင်ရွှေကြီး)ရဲ့ ဦးခေါင်းပေါ် တည့်တည့်ကျသွားပါလေရော။ ဖောင်းခနဲ မြည်သံကြီး ဟိန်းထွက်လာပြီး

www.burmeseclassic.com



နောက် ဒေဝဒတ်အောင်ရွှေကြီး စင်ပေါ်မှာ လေးဖက်ကျသွားရောဗျို့။

ကျန်လူတွေကလည်း ဗာလီပုံးထဲက ရေတွေနဲ့ ဦးခေါင်းမီးစွဲနေတဲ့ ပီတာကျိုးကြီးကို ဝိုင်းလောင်းလိုက်ကြပါရော။

ဘာကြာလဲဗျာ၊ ဦးကျော်သောင်းနဲ့ ဦးဘစုတို့ ဇာတ်ခုံနောက် ပြေးဝင်လာပြီး ကျုပ်တို့ကို ကလော်တုတ်ပါရော။ သူတို့ကို အရှက်ခွဲလို့ တဲ့။

ပြောရရင်တော့ဗျာ။

အဲ့ဒီညက အောင်ရွှေကြီးတပည့် ပီတာကျိုးကြီးလည်း မျက်နှာကြီး ကျပ်ခိုးစွဲမည်းကျတ်သွားသလို ဆံပင်တွေလည်း မရှိတော့ဘဲ လူတစ်ကိုယ်လုံး ကြက်မွေးမီးလောင်နံ့နံလို့။ ဒေဝဒတ် (အောင်ရွှေကြီး)လည်း ဒေဝဒတ် မြေမျိုတဲ့အခန်း ပြန်ကရော ခေါင်းတုံးပေါ်မှာ လိမ္မော်သီးလောက် ရောင် ကိုင်းနေတဲ့အဖုကြီးနဲ့ ယိုင်တိုင်ယိုင်တိုင်ဖြစ်လို့။

အဲဒီမှာ သူက တကယ့် မျက်ရည်စိုစိုရွှဲရွှဲနဲ့ ငိုချင်းချတယ်။

ဘယ်လို ငိုချင်းချတယ်မှတ်လို့လဲ။

ဘုရားရှင်ရှိရာကို လက်အုပ်ချီပြီး သူ့ခေါင်းပေါ်က ဘုကြီးကို ညာ လက်နဲ့စမ်းရင်း -

"တပည့်တော် မှားပါပြီဘုရား၊ သေသေချာချာကို မှားခဲ့ပါပြီဘုရား။ ဟောဒီ ခေါင်းပေါ်က လမုသီးလို အဖုကြီးကို စမ်းနေမိသမျှ ဝမ်းရေ မချိပါ၍ နောင်ဘယ်သောအခါမှ ဇာတ်စင်ပေါ်မှာ လျှပ် . . . လွင် . . . ပျော် . . . စွာ . . . မကတော့ပါ ဘုရား။ ဟား . . . ဟာ . . . ငှ . . . ငှ . . . အောင် . . . မယ်လေး . . . ဘယ်တော့မှ . မက တော့ပါ . . . ခင် . . . ဗျာ" တဲ့ ခင်ဗျား။

မောင်ညီမှိုင်း (သန်လျင်)

ရည်ညွှန်းချက် -

*ဇာတ်စင်ပေါ်မှ ကဖော်ကဖက် ငယ်သူငယ်ချင်း ဇာတ်သမားများ အားလုံးသို့ အမှတ်တရ။*



www.burmeseclassic.com